
တက္ကသိုလ်
ငွေလမင်းအောင်
ရေနန်းမဟာသိုင်းကမ္ဘာ

# တက္ကသိုလ်နေလင်းအောင်

---

## ရေနန်းမဟာသိုင်းကမ္ဘာ

ဒုတိယတွဲ (ဇာတ်သိမ်း)

## ဒို့တာဝန်အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☐ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☐ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☐ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☐ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☐ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်အောင် တည်ဆောက်ရေး။
- ☐ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☐ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး ဇာတိသွေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☐ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## အခန်း [၃၀]

## လျှို့ဝှက်အဆောက်အအုံ

ဆံဖြူဘွားဘွားသည် တာ့ချန်မြို့ပြင်သို့ ထွက်လာခဲ့၏။ မြို့ပြင်တစ်မိုင်ခန့်ကွာဝေးသော နေရာသို့ အရောက်တွင် ညို့မှိုင်းသော အိမ်အိုအိမ်ပျက်ကြီးတစ်လုံးကို တွေ့ရသည်။ နှစ်ပေါင်းများစွာ စွန့်ပစ်ခံထားရသော အိမ်အိုအိမ်ပျက်ကြီးကို ရန်သူများသည် စိတ်ကူးကောင်းကောင်းဖြင့် အသုံးပြုခဲ့ကြပေသည်။

ရန်သူများ၏ ခြေရာလက်ရာမှာ မသေးလှပေ။ အရာရာကို ပေါ့ပေါ့တန်တန်မလုပ်ခြင်းက သူတို့၏လက်ရာခြေရာကို သက်သေပြနေ၏။

ဆံဖြူဘွားဘွားသည် အိမ်အိုအိမ်ပျက်ကြီးဆီသို့ သတိဖြင့် ချဉ်းကပ်လာသည်။ သို့သော် မည်သည့်အနှောင့်အယှက်မျှ

မတွေ့ရပေ။ ထို့ကြောင့် သူ စိတ်ရှုပ်စနောင့် ဖြစ်သွား၏။ အတားအဆီးမရှိလျှင် ရန်သူမရှိနိုင်ပေ။ မည်သည့် ရန်သူမျှ သူတို့ပိုင်နက်ကို လွယ်လွယ်ကူကူ ဝင်ခွင့်မပေးပေ။

ဆံဖြူဘွားဘွားသည် မျောက်ကလေး သတင်းပေးသည့် အိမ်အိုပျက်ကြီးသို့ရောက်ခဲ့ပြီ။ အနှံ့အပြားလည်း ရှာဖွေပြီးပြီ။ ဘာမျှမတွေ့ရဘဲ ရှိသည်။ သို့သော် ဆံဖြူဘွားဘွား စိတ်မလျှော့ချေ။ သူ၏ တပည့်မ ဒေါင်းပျံလီရှုန်ရှုန်သည် အကျပ်အတည်း အခက်အခဲနှင့်ကြုံတိုင်း သတင်းအစအန၊ သဲလွန်စများကို ထား ခဲ့တတ်သောကြောင့် ဖြစ်ပေသည်။

တပည့်မလေး၏ အလေ့အကျင့် စရိုက်သဘာဝကို သိထား ခြင်းကြောင့် ဆံဖြူဘွားဘွားသည် ဒုတိယအကြိမ် ထပ်ကျော့ ရှာဖွေပြန်လေ၏။

ဆံဖြူဘွားဘွား ကွေ့မိန်၏ အတွေးမမှားပါ။ သူတွေး သည့်အတိုင်း ဖြစ်ပါသည်။ ထိုအိမ်ပျက်ထဲ၌ အသုံးလုံးရန် ဂရုတစိုက် ပြုလုပ်ထားသည့် အခန်းတစ်ခန်းကို တွေ့ရသည်။

ထို့ကြောင့် ထိုအခန်းကိုဖျက်၍ ရှာဖွေသည်။ တစ်ခန်းလုံး အသေးစိတ် ရှာဖွေသည်။ သို့သော် သဲလွန်စ ပစ္စည်းဟူ၍ တစ်ခုတစ်လေမျှ မတွေ့ရပေ။တစ်ခုတော့ရှိသည်။

နံရံထောင့်တစ်နေရာတွင် လူရုပ်ပုံကလေးတစ်ခုကို ဂဏန်းတစ်သောင်းဖြင့် မြှောက်ပြထားသည်ကိုတော့ တွေ့ရသည်။ ဆံဖြူဘွားဘွား ကွေ့မိန်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ထိုအိမ်ထဲမှ ထွက်လာခဲ့လေတော့၏။



တဲရှင်းမြို့. . .

တဲရှင်းမြို့သည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်၏။

တောင်ဘက်တွင် မြစ်ရှိပြီး မြောက်ဘက်တွင် ပိုက်ရိတောင် ကြောရှိ၏။ တဲရှင်းမြို့သို့ မရောက်မီ တစ်မိုင်ခန့်အလိုတွင် ကျယ် ဝန်းသော ခြံကြီးတစ်ခြံရှိနေသည်။ ပိုင်လီချောင် မောင်းနှင် လာသည့် မြင်းလှည်းသည် ထိုခြံကြီးရှေ့သို့ ရောက်လာ၏။ ထိုက် ချင်ကမူ ရိုးရိုးသားသားပင် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု လာသည်။

ပိုင်လီချောင်က သူ့မြင်းလှည်းကို ခြံထဲသို့ ချိုးကွေ့မောင်း နှင်လိုက်လေ၏။

"ညီလေး . . . ခြံကြီးက မကျယ်ဘူးလား"

"အကျယ်ကြီးပဲ၊ မြင်းမွေးဖို့ ကောင်းတယ်"

"ဟုတ်တယ် . . . ကျယ်တယ်၊ မြင်းတော့ မမွေးပါဘူး"

"ဒါဟာ ရွှေပျံလွှားအာမခံဌာနရဲ့ ဌာနခွဲတစ်ခုလားဟင်"

ပိုင်လီချောင်က တဟားဟား ရယ်လိုက်၏။

"ရွှေပျံလွှားအာမခံဌာနဆိုတာ တကယ်မရှိဘူး"

ပိုင်လီချောင်၏ စကားကြောင့် ထိုက်ချင်၏ မျက်ခုံးများ မြင့်တက်သွား၏။ သူလွန်စွာ အံ့ဩသွားသည်။

"ဒါဖြင့် ခင်ဗျားဟာ . . . ."

ထိုက်ချင်က ပိုင်လီချောင်အား သံသယမျက်လုံးများဖြင့် ကြည့်ရင်း မေးလိုက်သည်။

ပိုင်လီချောင်က ကပျာကယာ လက်ကာပြရင်း. . .

"နောက်တော့မှ အစ်ကို အေးအေးဆေးဆေး ရှင်းပြပါ့မယ် အစ်ကိုကို ဘာမှ သံသယမရှိပါနဲ့"

ပိုင်လီချောင်၏ အမူအရာမှာ ရိုးသားတည်ကြည်ပုံရနေသဖြင့် ထိုက်ချင်သည် ပိုင်လီချောင်၏ စကားကို ယုံလိုက်သည်၊ အကယ်၍ ပိုင်လီချောင်က သူ့စကားကို မငြင်းဆန်ဘဲ "အေး ဟုတ်တယ်၊ ရွှေပျံလွှားအာမခံဌာနခွဲပဲ" ဟု ပြောခဲ့လျှင်လည်း သူ တကယ်ထင်မှတ်မိမည်သာ။ ရိုးရိုးသားသား ဖွင့်ပြောသည့် ပိုင်လီချောင်ကို ထိုက်ချင်အထင်ကြီးရပေသေးသည်။

သူတို့မြင်းလှည်းသည် ခြံဝင်းထဲမှ အဆောက်အအုံတစ်ခု ရှေ့၌ရပ်လိုက်၏။ မြင်းလှည်းသံမှာ ဆူညံလှသဖြင့် ထိုအနီးအပါး၌ ရှိနေသူအားလုံးမှာ ခရီးသည် သို့မဟုတ် သူတို့၏အဆက် အသွယ်ရောက်လာပြီကို မကြေညာဘဲ သိနိုင်ပေသည်။ မြင်းလှည်းသံက သူတို့လာသည်ဟု ကြေညာသလိုရှိကြောင်း ထိုက်ချင် တွေးနေမိသည်။

မြင်းလှည်း ရပ်လိုက်သည်နှင့်အဆောက်အဦးထဲမှ လူအ



ချို့ပြေးထွက်လာကြ၏။ လူများမှာ စုတ်ပြတ် နုံချာလှသဖြင့် အကယ်၍ ပိုင်လီချောင်ကသာ ဤခြံကို ရွှေပျံလွှားအာမခံဌာန ဟု ပြောခဲ့လျှင်လည်း ထိုက်ချင်ယုံမည်မဟုတ်ပေ။

အဆောက်အအုံထဲမှ ထွက်လာသူ အားလုံးအဝတ်အစားများ စုတ်ပြတ်နေ၏။ မြက်ဖိနပ်များလည်း ပေါက်ပြဲနေသည်။ လူတိုင်းလူတိုင်းပင် လူရုပ်မပေါ်ကြပေ။ ပိုင်လီချောင်သည် မြင်းလှည်းခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်ပြီး. . .

"ရက်ဖိုး ဘယ်မှာလဲဟေ့"

တစ်ယောက်က အဆောက်အအုံထဲ ညွှန်ပြ၏။

"အထဲမှာရှိတယ်"

တစ်ယောက်က. . .

"ခင်ဗျားကို သူစောင့်နေတယ်"

ပိုင်လီချောင်က ခေါင်းညိတ်ရင်း

"ကောင်းပြီ၊ စောင့်နေရင် ပြီးတာပဲ၊ မင်းတို့အားလုံး မြင်းလှည်းထဲက သေတ္တာကို ကောင်းကောင်းသယ်ချခဲ့ကြ"

သူသည် ထိုက်ချင်ဘက်သို့ လှည့်ကြည့်ပြီး. .

"လာ ညီလေး၊ အထဲကိုဝင်ကြရအောင်၊ အထဲကျမှ နားပေါ့"

ထိုက်ချင် ခေါင်းညိတ်ပြ၏။ စိတ်ထဲတွင်တော့ ထူးဆန်းသည်ဟု ထင်စပြုလာသည်။ အခြေအနေအရ ပိုင်လီချောင် ရှင်းပြသည်ကိုသာ နားထောင်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

သူတို့အထဲရောက်သောအခါ အရက်ကိုခွက်နှင့်မထည့်ဘဲ အိုးလိုက်မော့သောက်နေသော လူတစ်ယောက်ကို တွေ့ရ၏။

ထိုလူသည် အရက်အိုးကို မော့သောက်နေသော်လည်း မျက်လုံးများက ပိုင်လီချောင်နှင့် ထိုက်ချင်တို့ကို စူးစူးစိုက်စိုက်အကဲခတ်နေလေ၏။

ပိုင်လီချောင်က ပြုံး၍နှုတ်ဆက်လိုက်၏။

"အဆောင်မှူး ရက်ဖိုးက အရက်ကို ဒီလိုပဲ အချိန်ပြည့် သောက်နေတာပဲလား"

"ဘာလဲ. . မင်းက ငါသောက်တာကို မနာလိုဖြစ်နေသလား ရော့. . သောက်ချင်ရင်ယူ"

"ဗိုး. . ."

ရက်ဖိုးထံမှ အရက်အိုးကြီးသည် ပိုင်လီချောင်ထံသို့ လက်နက်ပုန်းတစ်ခုပမာ ဗိုးခနဲ လွင့်ပျံလာ၏။ အလွန်မြန်လှသဖြင့် အလွန်အန္တရာယ်ကြီးသော စမ်းသပ်မှုပင်ဖြစ်သည်။ သို့ရာတွင် ပိုင်လီချောင်က ထိုအရက်အိုးကို ရယ်ရယ်ပြုံးပြုံးဖြင့် အသာကလေးဖမ်းဆီးလိုက်နိုင်သည်။

ရက်ဖိုးက တဟားဟားအော်ရယ်ရင်း. . .

"မင်းနှင့်မတွေ့တာ နှစ်နှစ်လောက်ပဲရှိသေးတယ်၊မင်းရဲ့ ပညာ တယ်ပြီးတိုးတက်နေပါကလား"

ထိုက်ချင်သည် ထိုအဖြစ်အပျက်ကို အသက်မရှူဘဲကြည့်နေမိသည်။ သူသည် ရက်ဖိုးကိုလည်းကောင်း၊ ပိုင်လီချောင်ကိုလည်းကောင်း ချီးကျူးလိုက်မိ၏။ အကယ်၍ ရက်ဖိုးကသာ ထိုအရက်အိုးဖြင့် သူ့ထံပစ်ခဲ့လျှင် သူမည်သို့မျှ ဖမ်းနိုင်မည်မဟုတ်ကြောင်း ထိုက်ချင်သိပေသည်။ ပိုင်လီချောင် ရယ်ရယ်



မောမောဖြင့် ထိုအရက်အိုးထဲမှ အရက်များကို တစ်ငုံမျှမော့သောက်ပြီး ထိုက်ချင်ထံသို့ ကမ်းပေးလေ၏။

"ရော့. . ညီလေး၊ သောက်လိုက်ပါဦး"

ထိုက်ချင် လှမ်းယူပြီး၊ တစ်ငုံမျှ မော့သောက်လိုက်၏။ ထိုအခါကျမှ စောစောက သူ့အတွေးမှန်ကြောင်း ပိုသေချာသွားတော့၏။ အရက်အ[illegible]ည် ဆယ်ပိသာခန့်လေးပေသည်။

ထိုစဉ် ရက်ဖိုးက ပိုင်လီချောင်အား. . .

"မနက်ဖြန်မနက်မှာ လှေအဆင်သင့်ပြင်ထားဖို့ အမိန့်ပေးထားတယ်"

"တဲ့ရှင်း ဆိပ်ကမ်းမှာလား"

"ဒါပေါ့"

"ကျုပ်တို့ကတော့ ဒီညပဲ ခရီးဆက်ချင်တယ်"

ရက်ဖိုးက ပြုံး၍ပြောသည်။

"ငါလဲ ဒီညပဲ ခရီးထွက်ဖို့ ပြောတာပဲ၊ ဒါပေမယ့် လှေသူကြီးက ရာသီဥတုအခြေအနေအရ မနက်ကျမှ ထွက်ပါလို့ပြောတော့ ငါဘာတတ်နိုင်တော့မှာလဲ၊ ရေထဲမှာတော့ သူဟာဖျဲပဲ၊ သူ့စကားကို နားထောင်ရမယ်"

ပိုင်လီချောင်သည် မငြင်းနိုင်တော့ပေ။ ရာသီဥတုမကောင်းဘဲ ခရီးထွက်ခြင်းအားဖြင့် အမှားအယွင်းဖြစ်သွားလျှင် သူ့တာဝန်ဖြစ်မည်ကို တွေးလိုက်မိသည်။ ထို့ကြောင့် ခေါင်းတစ်ချက်ညိတ်ကာ. .

"ဒီလိုဆိုလဲ ခရီးတစ်ထောက်နားကြတာပေါ့၊ ကောင်းပါတယ်၊

ကျုပ်လဲ တစ်ခါမှ မနားရသေးဘူး"

ထိုစဉ် သူတောင်းစားပမာ စုတ်ပြတ်နေသောလူများသည် ပိုင်လီချောင်၏ သေတ္တာကြီးကို သယ်မပြီး အတွင်းသို့ ယူဆောင်လာလေ၏။ ထို့နောက် သေတ္တာကြီးကို အခန်း၏အလယ်၌ချထားလိုက်၏။ သေတ္တာကြီးမှာသိပ်လေးပုံမရပေ။ ရက်ဖိုးက သေတ္တာကြီးကိုကြည့်လျက် ပိုင်လီချောင်အား လှမ်းမေးသည်။

"ဘယ်လိုလဲ ညီလေး၊ သေတ္တာထဲက ပစ္စည်းတွေကို စစ်ဦးမလို့လား"

ပိုင်လီချောင်က ထိုက်ချင်မမြင်အောင် ရက်ဖိုးကို မျက်စိမှိတ်ပြလိုက်သည်။

"မလိုပါဘူးဗျာ၊ ပစ္စည်းတွေက ပြည့်စုံပါတယ်၊ ထည့်ပေးလိုက်တဲ့လူတွေက သေချာလေတော့ ထပ်စစ်လဲ အပိုလုပ်သလိုဖြစ်နေမှာပဲ၊ ကျုပ်တို့အနားယူဖို့သာ စီစဉ်ပေးပါ"

ရက်ဖိုးက ခေါင်းညိတ်ပြီး သူ့တပည့်များအား အမိန့်ပေးသည်။

"ဟေ့. . ဒီကလူတွေအတွက် အိပ်ခန်းလိုက်ပြလိုက်စမ်း၊ သူတို့ လိုတာတွေကို ရှာဖွေပေး၊ ဘာမှ စိတ်အနှောင့်အယှက်မဖြစ်စေနဲ့"

စုတ်ပြတ်နေသူများက ဦးဆောင်သည့် နောက်သို့ ပိုင်လီချောင်နှင့် ထိုက်ချင်တို့ လိုက်ကြရသည်။ ပိုင်လီချောင်နှင့် ထိုက်ချင်တို့၏ ကျောပြင်ကို ကြည့်ပြီး ရက်ဖိုးက ကောက်ကျစ်စွာပြုံးလိုက်၏။ သူသည် သေတ္တာကြီးကို တဒေါက်ဒေါက် ခေါက်ရင်း



အကြံထုတ်နေလေ၏။

ထိုက်ချင်သည် ပိုင်လီချောင်အား ဘာမျှမပြောတော့ဘဲ အိပ်ရာထဲဝင်သည်။ သို့သော် ဘဝင်မကျတော့ပေ။ စုတ်ပြတ်နေသော လူများ၊ အရက်သမား ရက်ဖိုးနှင့် ၎င်း၏ကောက်ကျစ်သော မျက်လုံးများကို ထိုက်ချင် ဘဝင်မကျပေ။

ထိုကြောင့် သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း မရှိပေ။ နောက်တစ်ကြိမ် သူနိုးလာသောအခါ ပိုင်လီချောင်သည် သူ့အိပ်ရာပေါ်၌မရှိကြောင်း တွေ့ရှိရသည်။

ထိုက်ချင်၏ ရင်ထဲ၌ လေးလံနေသည်။ ညဉ့်ဦးယံကတည်းက ဘဝင်မကျမှုများကြောင့် သူ့ရင်ထဲ ဤသို့ခံစားနေရခြင်းလားမသိပေ။ သို့သော် သူ၏ဆဋ္ဌမအာရုံက သူ့အားအန္တရာယ်အငွေ့အသက်များကို ခံစားနေစေခဲ့သည်ကတော့ အမှန်ပင်။ ပိုင်လီချောင်ကို သူ့အိပ်ရာထဲ မတွေ့ရသောအခါ ထိုက်ချင်သည် သံသယစိတ် ပို၍ကြီးထွားလာတော့၏။

သူသည် ထထိုင်ပြီး အသာပင်နားစွင့်လိုက်သည်။ ပထမ၌ အဆောက်အအုံတစ်ခုလုံး ငြိမ်သက်နေသည်ဟု ထင်ရသော်လည်း တကယ်တမ်း နားစွင့်လိုက်သည့်အခါတွင်မူ ညည်းသံလိုလို စကားပြောသံလိုလို အသံများကို ကြားလာရတော့၏။

ထိုက်ချင် ဖြည်းညင်းစွာထရပ်လိုက်သည်။ နားစွင့်လေလေ အသံများကိုကြားရလေလေ ထင်မှတ်လာရသဖြင့် အခန်းထဲမှ အပြင်သို့ စတင်ထွက်တော့သည်။

ထိုက်ချင်တို့၏ အခန်းမှာ အပေါ်ထပ်တွင်ဖြစ်၍ သူ့အနေ

ဖြင့် စုံစမ်းလိုလျှင် အောက်ထပ်သို့ဆင်းသက်ရမည် ဖြစ်သည်။ သူသည် အမှောင်ကိုအကာအကွယ်ပြုပြီး အခန်းပြင်သို့ထွက်လာရာ မည်သည့်အတားအဆီးကိုမျှမတွေ့ရချေ။ အသံများသည်အောက်ထပ်မှ ကြားရခြင်းဖြစ်၍ သူသည် အောက်ထပ်သို့ ချောင်းကြည့်မိသည်။ သူပုန်းကွယ်နေသည့်နေရာ၌ အမှောင်လွှမ်းနေသဖြင့် အောက်မှလူများအနေဖြင့် သူ့ကို ရုတ်တရက် မမြင်နိုင်ချေ။

အောက်ထပ်တွင် ပိုင်လီချောင်နှင့် ရက်ဖိုးတို့ စားပွဲတစ်လုံးတွင် ထိုင်နေသည်။ သူတို့သည်တစ်စုံတစ်ဦးကို စစ်ဆေးနေဟန်ရှိ၏။ သူတို့၏စားပွဲရှေ့တွင် စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားသောလူနှစ်ယောက်က အမျိုးသမီးတစ်ဦးကို ချုပ်ကိုင်ထားကြပြီး ပိုင်လီချောင်နှင့် ရက်ဖိုးတို့ မေးခွန်းထုတ်တိုင်း ထိုအမျိုးသမီးကို ခါယမ်းလှုပ်ကိုင်နေကြပေသည်။

ချုပ်ကိုင်ထားသော လူနှစ်ယောက်မှာ ထိုက်ချင်တို့ရောက်စက သေတ္တာကြီးကိုသယ်ယူပေးသည့် လူများထဲမှနှစ်ယောက်ဖြစ်သည်။

တကယ်တော့ ထိုလူများစုတ်စုတ်ပြတ်ပြတ် ဝတ်စားဆင်ယင်ထားခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ သူတို့သည် တရုတ်ပြည့် အနှံ့အပြား၌ သွားလာလှုပ်ရှားနေကြသော ခြေသလုံးအိမ်တိုင် သိုင်းသမားများသာဖြစ်သည်။ သူတို့တွင် အိမ်ရာမလိုချေ။ ဇရပ်၊ တန်ဆောင်း၊ ဘုရားကျောင်း၊ သင်္ချိုင်း စသည့်နေရာများသည် သူတို့ကွန်းခိုရာ အရပ်များဖြစ်ပေသည်။



ထိုက်ချင်သည် ဆရာတော်စောင်းပိုက်ထံမှ ခြေသလုံးအိမ်တိုင်သိုင်းသမားများအကြောင်း အနည်းငယ်ကြားဖူးရုံသာ ကြားဖူးသဖြင့် ယခုသိုင်းသမားများကို လေးလေးနက်နက် မကြည့်မိဘဲရှိခဲ့ခြင်းပင်။

သူကသာ ပိုင်လီချောင်ကို မေးမြန်းခဲ့လျှင် ပိုင်လီချောင်ကလည်း ထိုသူများကို မလေးမစားမဆက်ဆံရန် သတိပေးကောင်းပေးခဲ့ပေလိမ့်မည်။

ထိုက်ချင် တကယ်စိတ်ဝင်စားနေသူမှာ ထိုခြေသလုံးအိမ်တိုင်သိုင်းသမားများ မဟုတ်ပေ။ ထိုသူများက ချုပ်ကိုင်ထားသည့်အမျိုးသမီးကိုသာ ဖြစ်သည်။ ထို့ပြင် သူအံ့သြနေသည်မှာ သူအိပ်နေချိန်ကျမှ ပိုင်လီချောင်နှင့် ရက်ဖိုးတို့က ထိုအမျိုးသမီးကို အဘယ့်ကြောင့် စစ်ကြောရသနည်း။ သူတို့ဘာကို လျှို့ဝှက်ထားကြသနည်း။ တစ်စုံတစ်ခု ထူးခြားနေပြီကိုမူ ထိုက်ချင်ကောင်းစွာ ရိပ်စားမိလာလေတော့သည်။ သူသည် အသာအယာထိုင်ချသည်။

ထိုမှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ မှောက်ချလိုက်သည်။ ဝရန်တာတိုင်များကြားမှ အောက်ကို ချောင်းကြည့်လိုက်သောအခါ ထိုက်ချင်ကို အောက်မှလူများ လုံးဝ မတွေ့မြင်ကြတော့ပေ။

✻ ✻ ✻ ✻ ✻

## အခန်း [၃၁]

## လွှတ်မြောက်ရန်လမ်းစ

အမျိုးသမီးသည် ခြေသလုံးအိမ်တိုင် သိုင်းသမားနှစ်ယောက်၏ကြား၌ ချည့်နဲ့ယိုင်နဲ့နေသည်။ အလွန်တရာ ပင်ပန်းနွမ်းနယ်နေသဖြင့် ထိန်းချုပ်ထားသူနှစ်ယောက်ကသာ လက်လွှတ်ပေးလိုက်လျှင် အဝတ်စတစ်စကို လွှတ်ချပေးသကဲ့သို့ ဖြစ်သွားမည်မှာ သေချာလှသည်။

ရက်ဖိုးက ခေါင်းခါရင်း ညည်းညည်းညူညူပြောသည်။

"သူ အစာစားမှ ဖြစ်မယ်၊ အစာမစားဘဲ နေရင်တော့ သူ့ရဲ့ နန်းတော်မရောက်ခင် လမ်းခရီးမှာသေမှာပဲ၊ ဒီနေရာမှာ မသေရင်ဘဲ အတော်ကံကောင်းတယ်လို့ ပြောရမယ်၊ ဒီမှာ သေသွားရင် တို့လဲပြဿနာတက်လိမ့်မယ်"



ပိုင်လီချောင်ကမူ အေးအေးဆေးဆေးပင်။ စိတ်ပူပန်ဟန်လုံးဝမပြချေ။ သူက နှုတ်ခမ်းတွန့်ရှုံ့ပြုံးနေသည်။

"သူသေလို့ ဘယ်ဖြစ်မလဲ။ သူအစာစားအောင်လုပ်ရမှာပေါ့။ အစာဝင်နေရင် သူဘယ်သေနိုင်မလဲ"

ပိုင်လီချောင်ကပြောလိုက်ခြင်းဖြစ်သည်။

ရက်ဖိုးကမဲ့မဲ့ရွဲ့ရွဲ့ ပြောလေ၏။

"အဲဒါ မင်းတရားခံပဲ"

"ဘယ်လိုဖြစ်လို့ ကျွန်တော်က တရားခံဖြစ်ရမှာလဲ"

"တရားခံပေါ့၊ မင်းဆေးတိုက်လိုက်တာ များသွားတော့ ဒီကိန်းဆိုက်သွားတာပေါ့၊ သူဘယ်သွားပြီး အစာစားနိုင်တော့မှာလဲ၊ တန်ဆေးလွန်ဘေးပေါ့ကွ"

ပိုင်လီချောင်က ရက်ဖိုးကို မျက်လုံးပြူးပြ၏။

"ခင်ဗျားကသူ့ကို သာမန်လူများ အောက်မေ့နေလို့လား၊ ကျုပ်ကသူ့ကို ပေါ့ပေါ့ဆဆ သဘောမထားရဲဘူးဗျ"

ရက်ဖိုးက ရယ်လိုက်၏။

ဒီလောက်လဲပြူးတူးပြတဲ လုပ်ပြမနေစမ်းပါနဲ့ကွာ၊ သူဘယ်သူဆိုတာငါလဲသိပါတယ်'

"သူဘယ်သူလဲ၊ ခင်ဗျားသိရင် ပြောစမ်းဗျာ"

"ဒေါင်းပျံလီရှုန်ရှုန်ပါကွာ၊ မင်းက ငါတို့တွေကို တုံးများ အောက်မေ့နေသလား"

"အေးလေ. . . အဲဒါခင်ဗျားစဉ်းစားပေါ့၊ ဒီလိုအမျိုးသမီးကို ကျုပ်က ဆေးနည်းနည်းပေးတိုက်ရမှာပဲ၊ တခါချန်က ဒီကိုခေါ်

လာရတဲ့ ခရီးကိုလဲ ကြည့်ပါဦး လမ်းမှာ သူသတိရသွားရင် ဘယ်လိုလုပ်မလဲ၊ အားလုံးဒုက္ခရောက်ကုန်မှာပေါ့"

ရက်ဖိုးက ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ထားပါတော့၊ ဟိုချာတိတ်ကရော ဘာကောင်လဲကွ၊ သူ့ကြည့်ရတာ မအူမလည်နဲ့"

ပိုင်လီချောင် ပြုံးလိုက်သည်။

"အစကတော့ ဘာရယ်မဟုတ်ပါဘူးဗျာ၊ ဒေါင်းပျံလီရှန်ရှန်ရဲ့ တပည့်မလေးနဲ့ တတွဲတွဲလုပ်နေတော့ သူတို့ဘယ်လိုများ ပတ်သက်ဆက်စပ်နေသလဲလို့ အစ်အောက် စုံစမ်းတာပါ၊ ဟား. . . ဟား. . ဟား. . ဖြစ်ချင်တော့ သူကလဲ ကျုပ်တို့နဲ့ လာဆက်စပ်နေပြန်သဗျို့၊ လီရှန်ရှန်ရဲ့တပည့်မနဲ့ကတော့ သိရုံသာသိကြတဲ့ မိတ်ဆွေတွေပါ"

ရက်ဖိုးမျက်နှာ၌ အံ့ဩသည့်အရိပ်အယောင်များ ပေါ်လာသည်။

"ဘယ်လိုဆက်စပ်တာလဲကွ"

"သူက တိမ်ဆက်တောင်က စောင်းပိုက်ဆရာတော်ရဲ့ တပည့်ဖြစ်နေတာကိုးဗျ၊ ဟဲ. . ဟဲ . . ဟဲ"

ရက်ဖိုးလည်း သဘောပေါက်သွားသည်။

"ဪ. . . မင်းက စောင်းပညာအတွက်ပါ သူ့ကို တစ်ပါတည်း ခေါ်လာတဲ့သဘောပေါ့၊ ဟုတ်လား"

"ဒါပေါ့ဗျာ၊ စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာဒါမျိုးပေါ့၊ ဒါမှမဟုတ်လဲ ဒီကောင်လေးက ကျားရှေ့မှောက်



လျက်လဲတာပေါ့၊ ဒါကြောင့်မို့ ခင်ဗျားတို့လဲ မှင်သေသေနေကြနော်၊ ကျုပ်ကို ဒီကောင်လေးကဘာမှ သံသယမဝင်ဘူး၊ ခင်ဗျားတို့ကြောင့် သံသယဝင်ရင်တော့ ခင်ဗျားတို့ အပြစ်ပဲ၊ ဆင်ဆင်ခြင်ခြင် နေကြပေါ့ဗျာ"

ရက်ဖိုးက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ၊ ငါတို့ကြောင့်တော့ ဘာပြဿနာမှ မဖြစ်စေရပါဘူး၊ ကဲ. . ကဲ. . မင်းရဲ့ဒေါင်းမလေး လီရှန်ရှန်ကိုလဲ အစာဝင်အောင်ကျွေးပါဦး၊ ငါတို့ကတော့ လက်မြှောက်ပြီ"

"အင်း. . ချော့ကျွေးရမှာပဲ၊ မကျွေးလို့ကလဲ မဖြစ်ဘဲကိုးဗျ"

ပိုင်လီချောင်သည် ထိုင်ရာမှ ထလိုက်လေ၏။

* * * * *

ပိုင်လီချောင်နှင့် ရက်ဖိုးတို့ပြောသည့်စကားများကို ထိုက်ချင်ကြားသော်လည်း မည်သည့်ဦးတည်ချက်ရှိကြောင်းကိုမူ တိတိကျကျမသိချေ။ သူတို့စကားများထဲတွင် ဒေါင်းပျံလီရှန်ရှန်နှင့် တာချန်မြို့များ ပါဝင်နေသဖြင့် ထိုအမျိုးသမီးသည် ရက်ချိန်းချိန်း၏ ဆရာမဖြစ်မည်ကိုမူ သူခန့်မှန်းမိသည်။

ဆိုးရွားသည့်အချက်တစ်ချက်မှာ တိမ်ဆက်တောင်စောင်းပိုက်ဆရာတော်၏ တပည့်ဖြစ်နေသည့်အတွက် သူ့တွင်လည်း အန္တရာယ်ရှိနေသည် ဆိုသည့်အချက်ပင်။ မည်သို့သောအန္တရာယ်ဖြစ်သည်ကိုမူ သူလုံးဝမခန့်မှန်းနိုင်ချေ။ အကြောင်းရင်းကိုလည်း

တိတိကျကျမသိချေ။ သူ့အတွက် မကောင်းသည်ကိုသာ သိသည်။ ထို့ကြောင့် ပိုင်လီချောင်သည် အန္တရာယ်ကောင် ဖြစ်ကြောင်း မိတ်ဆွေစစ် မိတ်ဆွေမှန်မဟုတ်ကြောင်း၊ ထိုသူနှင့် အတူမနေသင့်ကြောင်း စသည်တို့ကို ထိုက်ချင် သိနားလည်လာသည်။

ဤသို့ဆိုလျှင် ထိုက်ချင် တစ်ခုခုပြုလုပ်ရလိမ့်မည်။ ရက်ဖိုးသည်လည်းကောင်း၊ ပိုင်လီချောင်သည်လည်းကောင်း သူ့ထက် သိုင်းပညာကောင်းသူ၊ အတွေ့အကြုံရင့်ကျက်သူများ ဖြစ်ခြင်းကြောင့် ထိုသူများကို တိုက်ခိုက်ဖြိုဖျက်ရန်မူ လုံးဝမဖြစ်နိုင်ပေ။

သူသာ ဤနေရာမှ အလစ်ထွက်ပြေးသင့်ကြောင်း သူသဘောပေါက်သည်။ သို့သော် ဤနေရာမှာ မြို့ပြင်နှင့် ဝေးနေသည့်အပြင် ဤဒေသကို သူ မကျွမ်းကျင်ခြင်းကြောင့် ထွက်ပြေးကြောင်း သိသည်နှင့် ပိုင်လီချောင်တို့က လိုက်ဖမ်းနိုင်သည်။

အကယ်၍ မြို့တွင်း တစ်နေရာ၌ ထွက်ပြေးနိုင်ပါက လူသူထူထပ်သဖြင့် သူကိုယ်ရောင်ဖျောက်နိုင်ကြောင်းကိုလည်း တွက်မိသည်။ ထို့ ကြောင့် အခြေအနေအရ စောင့်ကြည့်ရမည်ဟု သူ ဆုံးဖြတ်လိုက်လေတော့၏။

ထိုစဉ် အောက်ထပ်မှ ရက်ဖိုးသည် အပေါ်ထပ်သို့ တက်လာတော့မည့် ဟန်ပြင်နေသဖြင့် ထိုက်ချင်သည် မိကျောင်းတွားသွားလျက် သူ့အခန်းထဲသို့ အလျင်အမြန် ပြန်ဝင်ခဲ့ရလေ၏။ သူအိပ်ရာပေါ် ပြန်ရောက်နေစဉ်မှာပင် အခန်းဝ၌ ရက်ဖိုး၏ ခြေသံကို သူ ကြားလိုက်ရတော့သည်။ ထိုက်ချင်သည် အိပ်မောကျယောင် ဟန်ဆောင်နေလိုက်၏။ ရက်ဖိုးသည် အခန်းဝမှ ထိုက်ချင်ကို



အကဲခတ်ပြီး ပြန်လှည့်ထွက်သွားလေတော့၏။

သူခန္ဓာကိုယ် ပူလောင်လာသည်ဟု ထင်မှတ်လာသဖြင့် ထိုက်ချင် လန့်နိုးလာတော့သည်။ သူ ကမန်းကတန်း ထကြည့်လိုက်သောအခါ နေရောင်ခြည်သည် ပြတင်းပေါက်မှ ဖြတ်သန်းဝင်ပြီး သူ့ခန္ဓာကိုယ်ပေါ် ကျရောက်နေကြောင်း တွေ့လိုက်ရသည်။ နေအတော်မြင့်နေသဖြင့် သူ ဤကဲ့သို့ ပူလောင်လာခြင်း ဖြစ်ပေသည်။

ထိုက်ချင်သည် အပျင်းဆန့်လိုက်၏။ သူ့စိတ်ထဲ ပိုင်လီချောင်ကို သတိရလိုက်သဖြင့် လှမ်းကြည့်လိုက်ရာ ပိုင်လီချောင်က သူ့အား ပြုံးကြည့်နေကြောင်းတွေ့လိုက်ရသည်။ ထိုက်ချင် စိတ်သက်သာရာရသွား၏။ သူ့အမူအရာများသည် မူပျက်ခြင်းမရှိဘဲ အလွန်တရာ သဘာဝကျနေသည် မဟုတ်ပါလော။ ဤအချိန်၌ ပိုင်လီချောင်တို့က သူ့အပေါ် လုံးဝ သံသယမဝင်ရန် အရေးကြီးကြောင်း ထိုက်ချင်နားလည်ပေသည်။

ပိုင်လီချောင်က ပြုံး၍မေး၏။

"ညီလေး. . . ညက အိပ်ပျော်ရဲ့လား"

ထိုက်ချင်က ပြုံး၍ခေါင်းညိတ်ပြ၏။

"အိပ်ပျော်ပါတယ်၊ ခရီးပန်းလာလို့လားမသိဘူး၊ အိပ်လိုက်တာသိုးနေတာပဲ၊ တစ်ရေးမှမနိုးဘူး၊ ခင်ဗျားကော အိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်၊ ငါလဲ ခုမှနိုးတာပဲ"

"ကောင်းကောင်းအိပ်လိုက်ရတော့ အားရှိသွားတာပေါ့"

"ဒါပေါ့၊ ကဲ. . ငါတို့ခရီးမထွက်ခင် အစားအသောက် တစ်ခုခု စားထားလိုက်ကြရအောင်"

ပိုင်လီချောင်က ဦးဆောင်ထသွားသဖြင့် ထိုက်ချင်လည်း ထလိုက်သွားသည်။ အောက်ထပ်သို့ရောက်သောအခါ ရက်ဖိုးက စားပွဲတွင် စားသောက်ဖွယ်ရာများ ခင်းကျင်းလျက် အသင့် စောင့်နေကြောင်း တွေ့ရလေ၏။

ရက်ဖိုးက. .

"ငါတို့ကတော့ မျက်နှာသစ်တာတွေ၊ ကိုယ်လက်သန့်စင်တာတွေမရှိဘူး၊ အိပ်ရာကနိုးတာနဲ့ ဒီအတိုင်းစားလိုက်တာပဲ၊ မင်း တို့ သန့်စင်ချင်ရင်တော့ အိမ်ဘေးမှာ ရေထည့်ထားတဲ့ စဉ့်အိုးတွေရှိတယ်"

ပိုင်လီချောင်နှင့် ထိုက်ချင်တို့ အိမ်ပြင်ထွက်လာကြပြီး ကိုယ်လက်သန့်စင်ကြသည်။ ထိုက်ချင်က ခြံကြီးကို အကဲခတ်သည်။ ခြံကြီးမှာ ကျယ်ဝန်းလှကြောင်း တွေ့ရပြီး ထွက်ပြေးရန်မလွယ်ကြောင်း တွေ့ရှိရသည်။ ထိုက်ချင်တို့ ပြန်ဝင်လာကြပြီး စားပွဲတွင် ဝင်ထိုင်သည်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ သိပ်မရှိပါ။ မန်ထိုခေါ် အသားလွတ်ပေါက်စီနှင့် ကြက်ဥပြုတ်တို့သာရှိသည်။ အရက်အိုးကတော့ နှစ်အိုးခန့်ရှိသည်။ ရက်ဖိုးက မန်ထိုမစား ကြက်ဥပြုတ်မစားချေ။ အရက်သောက်သည်။

နံနက်စာ စားသောက်ပြီးသောအခါ ပိုင်လီချောင်က ထရပ်လိုက်လေ၏။

"ကဲ. . ကျုပ်တို့ပြင်ဆင်ကြရအောင်၊ သိပ်နေမြင့်သွားရင်



မကောင်းဘူး"

ရက်ဖိုးက ခေါင်းညိတ်ပြပြီး သူ့တပည့်များကို အော်ဟစ်အမိန့်ပေးလေတော့၏။ သူ့တပည့်များသည် ကြီးမားသော လေးထောင့်သေတ္တာကြီးကို မြင်းလှည်းပေါ် ပြန်တင်ရန် ပြင်ဆင်ကြလေတော့၏။

ခြံဝင်းထဲက မြင်းလှည်းစထွက်လာကတည်းက ထိုက်ချင် ပြေးပေါက်ပြေးလမ်းကို စဉ်းစားလေသည်။ သို့သော် အခြေအနေက သိပ်မလွယ်ပါ။ အဘယ်ကြောင့်ဆိုသော် တဲ့ရှင်းမြို့သို့ သူတို့ ထွက်လာရာတွင် သူနှင့် ပိုင်လီချောင်နှစ်ယောက်တည်း မဟုတ်တော့ပါ။ ရက်ဖိုးနှင့် ခြေသလုံးအိမ်တိုင် သိုင်းသမားများကပါ နံဘေးမှ ပြေးလိုက်လာသောကြောင့်ဖြစ်ပေသည်။

ထိုက်ချင်သည် အခြေအနေမဟန်သေးသဖြင့် ကိုယ်ရှိန်သတ်နေလိုက်ရသည်။

များမကြာမီ သူတို့မြင်းလှည်းသည် တဲ့ရှင်းမြို့ထဲသို့ ရောက်ရှိလာလေတော့၏။

ပိုင်လီချောင်သည် မြင်းလှည်းကို တဲ့ရှင်းမြို့၏ မင်းလမ်းအတိုင်း မောင်းနှင်လာပြီးနောက် တောင်ဘက်သို့ ချိုးကွေ့ကာ တဲ့ရှင်းမြစ်ကမ်းဆီသို့ ဦးတည်လိုက်လေ၏။

* * * * *

စိအစ်ဖိန်းသည် တဲ့ရှင်းမြို့ ဆိပ်ကမ်းအနီးရှိ စားသောက်ဆိုင်၌ နံနက်စာကို မှာယူစားသောက်နေသည်။ သူ့မျက်လုံးများကမူ ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။

ထိုအခိုက် သူစားသောက်နေသည့် ဆိုင်ရှေ့ကို ဖြတ်သန်းပြီး မြင်းလှည်းတစ်စီး မောင်းချသွားသည်ကို တွေ့လိုက်သောအခါ သူ မျက်မှောင်ကြုတ်သွားမိတော့သည်။

အဘယ်မှာလျှင် သူမျက်မှောင်မကြုတ်မိဘဲ ရှိပါမည်နည်း။ မြင်းလှည်းသည် မင်းသားတစ်ဦး၏ မြင်းရထားပမာ ဘေးမှအစောင့်အရှောက်များ ဝန်းရံပြီးမောင်းနှင်သွားခဲ့သည်မဟုတ်ပါလား။

သို့ရာတွင် ဘေးမှ အစောင့်အရှောက်များ ဆိုသည်မှာလည်း စစ်သည်ရဲမက်များ မဟုတ်ပေ။ ခြေသလုံးအိမ်တိုင် သိုင်းသမားများဖြစ်နေပေသည်။

စိအစ်ဖိန်း စိတ်အဝင်စားဆုံး အချက်မှာ မြင်းလှည်းမောင်းသူဘေးမှ ထိုင်လိုက်သွားသည့် လူငယ်ကိုသာ ဖြစ်သည်။ ထိုလူငယ်ကို သူမြင်ဖူးသည်ဟု ထင်သည်။ အကယ်၍ သူသည် သေ



သေချာချာကြည့်ခွင့်ရပါက ထိုလူငယ်မှ တာ့ချန်မြို့တွင် သူနှင့်ရက်ချိန်ချိန်းတို့ တိုက်ခိုက်နေစဉ် ရောက်လာခဲ့သော ထိုက်ချင်ဖြစ်ကြောင်း သူသိပေမည်။ ယခုသော် ဖျတ်ခနဲ မြင်လိုက်ရသဖြင့် သူ့အာရုံထဲ ထိထိမိမိ တွေးခွင့်မရတော့ပေ။

စိအစ်ဖိန်းသည် အလုပ်ကို အကြွေးမထားသူဖြစ်ရာ စားသောက်ခြင်းကိစ္စကို ချက်ချင်းလက်စသတ်လိုက်၏။ ငွေကို ချက်ချင်း ရှင်းပေးပြီး မြင်းလှည်းနောက်သို့ မသိမသာ လိုက်လာတော့သည်။

မြင်းလှည်းသည် ဆိပ်ကမ်း၌ ရပ်တန့်လိုက်သည်။ ခြေသလုံးအိမ်တိုင် သိုင်းသမားတစ်ယောက်က ဆိပ်ကမ်း၌ ဆိုက်ထားသော လှေကြီးတစ်စင်းဆီသို့ ဆင်းသွားသည်။ မကြာမီ ထိုသိုင်းသမား ကမ်းပေါ်သို့ ပြန်တက်လာပြီး မြင်းလှည်းမောင်းသူအား တစ်စုံတစ်ခု သွားပြောနေကြောင်း စိအစ်ဖိန်း တွေ့နေရသည်။

မြင်းလှည်းမောင်းသူနှင့် ထိုခြေသလုံးအိမ်တိုင် သိုင်းသမားတို့ အပြန်အလှန်စကားပြောနေစဉ် စိအစ်ဖိန်းသည် မြင်းလှည်းနောက်ပိုင်းကို မသိမသာ အကဲခတ်နေမိသည်။ မကြာမီ ဘေးမှလိုက်လာသည့် ခြေသလုံးအိမ်တိုင် သိုင်းသမားများက မြင်းလှည်းတံခါးကို ဖွင့်ပြီး မြင်းလှည်းထဲမှ လေးထောင့်သေတ္တာကြီးတစ်လုံးကို သယ်မ,ချကြသည်။

စိအစ်ဖိန်းမျက်မှောင်ကြုတ်မိပြန်၏။

"သိပ်ထူးဆန်းတယ်၊ မသင်္ကာစရာဘဲ"

မြင်းလှည်းထဲ၌ လူတစ်ယောက်မျှ လိုက်ပါခြင်းမရှိဘဲ

သေတ္တာချည်းသက်သက် တင်ဆောင်လာခြင်းကို စိအစ်ဖိန်း မသက်ာ ဖြစ်ပေသည်။

ထို့ကြောင့်သူသည် ထိုမြင်းလှည်းအနီးမှ ထွက်ခွာသွားခြင်း မရှိတော့ဘဲ မနီးမဝေးမှ ကွေ့ပတ် အကဲခတ်နေလေတော့၏။ ထိုစဉ်အံ့ဩဖွယ်ရာ ရုတ်ရုတ်သဲသဲ ဖြစ်ရပ်တစ်ခုကို စိအစ်ဖိန်း တွေ့ရှိလိုက်ရတော့သည်။ ထိုဖြစ်ရပ်ကို စတင်သူကား သူ မြင်ဖူးသလိုလို ရှိနေသည့် လူငယ်က စတင်လိုက်ခြင်း ဖြစ်ပေ၏။

* * * * *

ထိုက်ချင်သည် ပိုင်လီချောင်၏ ဘေးမှ ထိုင်ရင်း ပိုင်လီချောင်တို့ပြောနေသည့် စကားများကို မသိမသာ နားစွင့်နေသည်။

ခြေသလုံးအိမ်တိုင် သိုင်းသမားက ပိုင်လီချောင်အား. . .

"ဆရာလေး. . လှေသူကြီးက ပြောလိုက်ပါတယ်၊ သေတ္တာကို လှေပေါ်တင်လို့ရပါပြီတဲ့"

"ရတာကတော့ ဟုတ်ပါပြီ၊ ရာသီဥတု အခြေအနေကော ကောင်းသတဲ့လား"

"ဒါတော့ ကျွန်တော် မမေးမိဘူး၊ ဒါပေမယ့် ရာသီဥတု မကောင်းရင် သူပြောမှာပေါ့၊ မနေ့က ဆရာရက်ဖိုး လာစီစဉ်



တာတောင် ရာသီဥတုမကောင်းလို့ သူက ညတွင်းချင်း ခရီးဆက်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောတာပဲ"

"အေး. . ဒါဆိုလဲ မင်းတို့အားလုံး ဝိုင်းသယ်ပြီး သေတ္တာကို လှေကြီးပေါ် ပို့ပေးကြပါ"

ပိုင်လီချောင်သည် ထိုစကားပြောပြီးသည်နှင့် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး သေတ္တာကြီးကို သယ်မသည့် ကိစ္စ၌ ကြီးကြပ်တော့သည်။

လူအားလုံးသည် သေတ္တာကြီးကိုသာ အာရုံစိုက်နေကြတော့သည်။ ဤသည်ကို ထိုက်ချင် ကောင်းစွာသိနေသည်။

"မြို့ထဲမှာလဲဖြစ်၊ ဆိပ်ကမ်းလဲဖြစ်နေတော့ ဒီနေရာမှာ လူအတော်ကလေးရှုပ်တယ်။ ဒီနေရာက ထွက်ပြေးရင် လူတွေကြားထဲမှာ ကိုယ်ရောင်ဖျောက်နိုင်တယ်"

ထိုက်ချင်သည် ချက်ခင်းပင် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ သူသည် မြင်းလှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ ခြေကျသံ ညင်သာသည်။ ကြောင်ကျကျသည်။ ပထမ ခြေလှမ်းလေးငါးလှမ်းကို ဣန္ဒြေမပျက် ခပ်သွက်သွက်လေး လျှောက်ပြီးမှ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

ဤသည်ကို ပိုင်လီချောင်မမြင်ပေ။ ခြေသလုံးအိမ်တိုင် သိုင်းသမားတစ်ဦးက သေတ္တာကို မနေရာမှ အမှတ်မထင် မြင်တွေ့လိုက်ပြီး အော်ဟစ်လိုက်တော့သည်။

"ဟိုမှာ ဟိုမှာ ပြေးပြီ"

ပိုင်လီချောင် လှည့်ကြည့်လိုက်၏။

ထိုက်ချင် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသောအခါ သူ့အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။ သူ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

ရက်ဖိုးက ပိုင်လီချောင်၏လက်ကို လှမ်းဆွဲလိုက်၏။

"မင်းဘယ်လိုက်မလို့လဲ"

"ဟိုမှာ မတွေ့ဘူးလား၊ ဒီကောင်ကို အလွတ်ပေးလို့ ဘယ်ဖြစ်မလဲ၊ ပြန်ဖမ်းရမှာပေါ့"

"နေပါဦး၊ ဒီကောင်လေးက အရေးကြီးတာလား၊ ဒီသေတ္တာကြီးက အရေးကြီးတာလား"

"နှစ်ခုစလုံး အရေးကြီးတာပေါ့ဗျ"

"ဒါဖြင့်လဲ မင်းသေတ္တာကိစ္စကိုပဲ ပြီးပြတ်အောင်လုပ်ပါ၊ ဒီကောင်လေးကိုတော့ ငါကပဲ ငါ့လူတချို့နဲ့ လိုက်ဖမ်းပါ့မယ်၊ ဒီမြို့မှာ ငါတို့ရှစ်စပ်ကလည်တဲ့လူတွေပါကွ၊ မင်းဆီကို ငါလာပို့မယ်"

ရက်ဖိုးက လက်ကိုဝှေ့ယမ်းပြီး အမိန့်ပေးလိုက်၏။

"ကျင်ချူး၊ ဆော့ပိနဲ့ ကော့တိမ်လျောင်တို့ ဟိုကောင်လေးနောက်ကိုလိုက်စမ်း၊ ဖမ်းပြီးရင် ဒီလှေဆီပဲ သယ်ခဲ့ကြ"

ထိုအခါ သေတ္တာကိုဝိုင်းသယ်နေသည့် ခြေသလုံးအိမ်တိုင်သိုင်းသမားသုံးယောက်တို့သည် သေတ္တာဆီမှ ဖယ်ခွာကာ ထိုက်ချင် ထွက်ပြေးသွားရာနောက်သို့ ပြေးလိုက်ကြလေတော့၏။

စီအစ်ဖိန်းသည် ထိုအဖြစ်အပျက်ကိုမြင်တွေ့လိုက်ရာ သူမြင်ဖူးသလိုလိုရှိနေသော လူငယ်ကို ကူညီမည်ဟု ချက်ချင်းပင်ဆုံးဖြတ်လိုက်၏။ ထိုအခါက်မှာပင် လူတစ်ယောက် မြင်းတစ်စီးကို



အံသားကျစီးကာ သူ့ဘေးမှ ဖြတ်ကျော်သွားသည်။

စီအစ်ဖိန်းသည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။ မြင်းအနီးသို့ ခုန်ဝင်သွားပြီး ထိုလူ၏ ရင်ဘတ်အင်္ကျီစကို ဆုပ်ကိုင် ဆွဲယူပြီး မြင်းပေါ်မှ ဆွဲချလိုက်၏။

"ဟ. . ဟ. . ဒါဘာလုပ်တာလဲ"

မြင်းစီးသမား အလန့်တကြားအော်သည်။

"ဘာမှလုပ်တာမဟုတ်ဘူး၊ ခင်ဗျားမြင်းကို ခဏငှားတာ"

စီအစ်ဖိန်းသည် မြင်းစီးသမားကို ဆွဲချပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် မြင်းကိုဒုန်းစိုင်းကာ ထိုက်ချင်နောက်သို့ လိုက်တော့၏။

"ကျုပ်မြင်းကိုလုတယ်ဗျို့၊ ဝိုင်းဖမ်းကြပါ၊ ဝိုင်းဖမ်းကြပါ"

မြေပွပူရာကင်းမှောင်ဆိုသလို ပိုင်လီချောင်တို့ ရုတ်ရုတ်သဲသဲဖြစ်နေသည့် နေရာအနီး၌ မြင်းစီးသမား အလန့်တကြား အော်ဟစ်နေတော့သည်။

ထိုအချိန် စီအစ်ဖိန်းသည် ထိုက်ချင် နောက်သို့ ပြေးလိုက်နေကြသော ခြေသလုံးအိမ်တိုင်သိုင်းသမားများကို ကျော်တက်နိုင်ခဲ့လေပြီ။

ထိုက်ချင်သည် ရှေ့မှ အားကုန်သုတ်၍ ပြေးနေဆဲ။ ခြေသလုံးအိမ်တိုင် သိုင်းသမားများမှာ ကိုယ်ဖော့ပညာ ကောင်းမွန်ကြသဖြင့် ထိုက်ချင်ကို တဖြည်းဖြည်းမှီလာကြသည်။

"ဟေ့. . သူငယ်ချင်း၊ ငါ့ခါးကို ကိုင်ပြီး မြင်းပေါ် ခုန်တက်စမ်း၊ မြင်းနဲ့မပြေးလို့ကတော့ ဒီကောင်တွေလက်ထဲက မင်းလွတ်

မှာမဟုတ်ဘူး"

စိအစ်ဖိန်းက အော်ဟစ်လိုက်ရာ ထိုက်ချင်ပြေးလွှားရင်း လှည့်ကြည့်၏။ စိအစ်ဖိန်းကို တွေ့သောအခါ ထိုက်ချင် လွန်စွာ ဝမ်းသာသွား၏။ သူပြောသည့်အတိုင်း စိအစ်ဖိန်း၏ခါးကို ပြေးဆွဲပြီး မြင်းပေါ် ခုန်တက်လိုက်၏။

စိအစ်ဖိန်းသည် မြင်းကို တရကြမ်းမောင်းနှင်သွားလေတော့၏။

ခြေသလုံးအိမ်တိုင် သိုင်းသမားများမှာ နောက်၌ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့သတည်း။

* * * * *



## အခန်း [၃၂]

## သိလွှန်စရခြင်း

ရက်ကျားမြို့ရှိ ကျောက်ခြသေ့်စံအိမ်သို့ ဆံဖြူဘွားဘွား ကွေ့မိန် ပြန်လည်ရောက်ရှိလာလေ၏။

ဆံဖြူဘွားဘွား ထိုင်ပင်မထိုင်ရသေးမီ ရက်လျှံတန်းက ရက်ချိန်းချိန်း၏ ဖွတ်တရွတ်အပြုအမူကို တိုင်ကြားလေတော့သည်။ ကွေ့မိန်ကမူ ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေသည်။

ရက်လျှံတန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ. . .

"ဘွားဘွားရဲ့မြေးကို ဘယ်လိုမှ တားမရတော့လို့ နောက်ဆုံး ခွင့်ပြုလိုက်ရတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ သူ့ကို ဒီအတိုင်း မလွှတ်ပါဘူး၊ စီးမင်ကွမ်းထန်ဆိုတဲ့ ကြေးစားဓားသမား တစ်ယောက်ကိုတော့ နောက်ယောင်ခံပြီး စောင့်ရှောက်ဖို့

ထည့်ပေးလိုက်ပါတယ်"

"တယ်ခက်တဲ့ မိန်းကလေးပဲ၊ သူက ငါလုပ်နိုင်တာထက် ဘာများပိုပြီး လုပ်နိုင်မှာမို့လို့လဲ"

"ကျွန်တော်တို့လဲ ဒီအတိုင်း ပြောပါတယ်"

"ဒီမိန်းကလေး သိပ်ခေါင်းမာတယ်၊ သူ့ကိုတော့ ဒဏ်ပေးမှ ဖြစ်မယ်"

"ကျွန်တော်တို့လဲ သူ့အတွက်စိုးရိမ်ပါတယ်၊ ဒါပေမယ့် ဒဏ်ပေးရင်တော့. . ."

သူဌေးကြီး ရက်လျှံတန်းသည် သမီးဖြစ်သူ ဒဏ်ပေးခံရ မည်ဆိုသောအခါ စိုးရိမ်သွားပြန်သည်။

ဆံဖြူဘွားဘွားက ခေါင်းညိတ်ရင်း. .

"စိတ်ချပါ၊ ဒဏ်ပေးတယ်ဆိုတာလဲ စတိလောက်ပါ၊ မတော်မတရား မဟုတ်ပါဘူး၊ သူ့အတွက်ဘာမှ စိတ်ပူမနေနဲ့၊ ငါတွေ့အောင်ရှာပြီး ပြန်ပို့ပေးပါ့မယ်"

ရက်လျှံတန်းမှာ ဆံဖြူဘွားဘွား၏ စကားကြောင့် အနည်း ငယ်စိတ်သက်သာရ ရသွား၏။

ထိုစဉ် တံခါးစောင့် ချူယင် ဝင်ရောက်လာပြီး ရက်လျှံတန်း ကို ဦးညွှတ်အရိုအသေ ပေးလာလေ၏။

ရက်လျှံတန်းက. . . .

"ဘာများထူးလို့လဲ ချူယင်"

"ခြံဝမှာ စီအစ်ဖိန်းဆိုတဲ့သူငယ်နဲ့ ထိုက်ချင်ဆိုတဲ့ သူငယ် နှစ်ယောက် ရောက်နေပါတယ်ခင်ဗျာ"



ရက်လျှံတန်း မျက်မှောက်ကြုတ်သွား၏

"စီအစ်ဖိန်းနဲ့ ထိုက်ချင်တဲ့၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ထိုက်ချင်က သူဟာ မမလေး ရက်ချိန်းချိန်းရဲ့ သူငယ်ချင်းလို့လဲ ပြောပါတယ်၊ မမလေးပြန်လာတုန်းက သူပါ ဒီစံအိမ်ကိုပါလာဖူးပါတယ်။ သူ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်၊ နောက်ပြီး သူက ရက်ချိန်းချိန်းရဲ့ ဆရာမ ဒေါင်းပျံလီရှန်ရှန်နဲ့လဲ တွေ့ခဲ့တယ်လို့ ဆိုပါတယ်"

နောက်ဆုံး စကားက ဆံဖြူဘွားဘွားကွေ့မိန်ကို အကြီးအကျယ် တုန်လှုပ်သွားစေ၏။

ကွေ့မိန်နှင့် ရက်လျှံတန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"လီရှန်ရှန်ကို တွေ့ခဲ့သတဲ့လား"

ဆံဖြူဘွားဘွား မေးလိုက်ခြင်းဖြစ်၏။

ချူယင်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်သေသေချာချာ ကြားတာပါ"

ရက်လျှံတန်းက ချက်ချင်း အမိန့်ပေးလိုက်၏။

"ကောင်းပြီ။ သူတို့နှစ်ယောက်စလုံးကို ဧည့်ခန်းဆီသာခေါ်ခဲ့၊ အမြန်ဆုံးသာ ခေါ်ခဲ့ပေတော့"

ချူယင် ပြေးထွက်သွားသည်။ ရက်လျှံတန်း၏ အမိန့်အတိုင်း ထိုက်ချင်နှင့် စီအစ်ဖိန်းတို့ကို အမြန်ဆုံး ခေါ်ဆောင်လာခဲ့သည်။

ထိုက်ချင်နှင့် စီအစ်ဖိန်းတို့ ရောက်ရှိနေချိန်တွင် ဧည့်ခန်း ထဲတွင် စားစရာနှင့် သောက်စရာများ အဆင်သင့်ဖြစ်နေလေပြီ။

ရက်လျှံတန်းသည် သမီးအတွက် သောကရောက်နေသော်လည်း ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်ရန်မူ သတိမမေ့ပေ။

ရက်လျှံတန်းက. . .

"ကဲ. . မောင်ရင်တို့ ပင်ပန်းလာပါတယ်၊ စားစရာရှိတာကို အလျင် စားပါဦး၊ အရက်လဲသောက်ကြပါဦး၊ ပြီးမှပြောတာပေါ့"

ဆံဖြူဘွားဘွားကွေ့မိန်ကလည်း သူဌေးကြီး ရက်လျှံတန်းကဲ့သို့ပင် ထိန်းချုပ်နိုင်စွမ်းရှိပေသည်။

"သူငယ်တို့ အလျင်စားသောက်ကြဦး၊ ပြီးမှ အဖြစ်အပျက်တွေကို အပြည့်အစုံပြောပါ"

ထိုက်ချင်နှင့် စီအစ်ဖိန်းတို့ အစာများကိုတော့ မစားပါ။ အရက်ကိုတော့ သောက်ကြသည်။ သူတို့ စိတ်လှုပ်ရှားနေကြသည်မဟုတ်ပါလား။

အရက်သောက်ပြီးသော် စီအစ်ဖိန်းက. . .

"ကျွန်တော်ကတော့ သူ့ကို ကယ်ထုတ်လာတာပါ၊ အကြောင်းရင်းကို မသိပါဘူး၊ သူ အားလုံး ရှင်းပြပါလိမ့်မယ်"

ထိုက်ချင် ခေါင်းညိတ်လိုက်၏။

သူနှင့် ပိုင်လီချောင်တို့ မည်သို့ စတင်တွေ့ကြပုံ၊ သူကပိုင်လီချောင်ကို ယုံကြည်သဖြင့် ပိုင်လီချောင်နောက်သို့ လိုက်သွားရန်သဘောတူပုံ၊ တဲ့ရှင်းမြို့အနီး ခြံဝင်းကျယ်ကြီးထဲ၌ မည်သို့တွေ့ဆုံရပုံ၊ နောက်ဆုံး တဲ့ရှင်းမြို့ဆိပ်ကမ်းမှ ထွက်ပြေးလာပုံနှင့် စီအစ်ဖိန်း၏ အကူအညီဖြင့် လွတ်မြောက်လာပုံတို့ကို ထိုက်ချင်က အပြည့်အစုံ ရှင်းပြသည်။



ထိုက်ချင် အာခြောက်သွားသဖြင့် အရက်တစ်ခွက်ကို ထပ်မံမော့သောက်လိုက်၏။

ဆံဖြူဘွားဘွား ကွေ့မိန်သည် ပြတင်းပေါက်ကို ငေးကြည့်ရင်း စဉ်းစားနေ၏။ အားလုံးက ဆံဖြူဘွားဘွား စဉ်းစားနေသဖြင့် အနှောင့်အယှက် မပေးဘဲ ငြိမ်၍ စောင့်နေကြသည်။

အတန်ကြာမှ ဆံဖြူဘွားဘွားက

"လီရှန်ရှန် ဆိုတာ သေချာတယ်နော်"

ထိုက်ချင်က. .

"ကျွန်တော်အနေနဲ့ လီရှန်ရှန်ကို အရင်က မြင်ဖူးတာ မဟုတ်တော့ လီရှန်ရှန် အတိအကျဖြစ်တယ်လို့တော့ မပြောနိုင်ပါဘူး၊ ဒါပေမယ့် ပိုင်လီချောင်နဲ့ ရက်ဖိုးတို့ကတော့ လီရှန်ရှန်လို့ပြောတာပဲ၊ ဒေါင်းပျံ လီရှန်ရှန်လို့ ပြောကြတယ်၊ သိုင်းလောကမှာ လီရှန်ရှန် ဘယ်နှစ်ယောက်များ ရှိနေလို့လဲ"

ထိုက်ချင်က တိတိကျကျပင်ပြောလေ၏။

ဆံဖြူဘွားဘွားကွေ့မိန်က ထပ်မေးပြန်၏။

"သူတို့ ရေနန်းတော်ကို သွားမယ်ဆိုတာ သေချာတယ်နော်"

ထိုက်ချင်က. . .

"ဒါလဲ သူတို့ပြောတာပဲ၊ အဲဒီစကားကို ကျွန်တော် နားနဲ့ဆတ်ဆတ်ကြားခဲ့တာ သေချာပါတယ်"

ဆံဖြူဘွားဘွားသည် တာ့ချန်မြို့စွန်ရှိ အိမ်အိုအိမ်ပျက်ကြီး၌ လီရှန်ရှန်ကို သွားရောက်ရှာဖွေစဉ် နံရံပေါ်မှာ လူရုပ်ပုံကို ဂဏန်းတစ်သောင်းနှင့် မြောက်ထားသည့် အဓိပ္ပာယ်ကို ယခုမှ

ဆက်စပ်စဉ်းစားနိုင်တော့သည်။

ဂဏန်းတစ်သောင်းကို ဝမ်ဟု ယူလျှင် လူရုပ်ပုံက မိန်းမပျိုမြောင်ဟု မှတ်ယူရပေမည်။ ထိုအခါ ဝမ်မြောင် ဖြစ်ရမည်။ ဝမ်မြောင်သည် ရေနန်းတော်၌ နေသည်။ ရေနန်းတော်သည် ရေနက် ချောက်ကမ္ဘား၌ရှိပေသည်။

"ဟုတ်ပြီ၊ ဝမ်မြောင်ရဲ့ နန်းတော်ပဲ"

သူမသည် တစ်ကိုယ်တည်း နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် ရေရွတ်နေ၏။ သူမ၏စကားကို ထိုက်ချင်တို့ မကြားပါ၊ ကွေ့မိန်ကျေနပ်သွား၏။

ဝမ်မြောင်၊ ရေနန်းတော်၊ ရေနက်ချောက်ကမ္ဘား။

အားလုံးအကောင်မြင်နေပြီပဲ၊ အကောင်မြင်မှ သားကောင်နောက်လိုက်ရုံပဲ ရှိတော့သည်။

ဆံဖြူဘွားဘွားက ထိုင်ချင်အား အရောင်တောက်ပသောမျက်လုံးများဖြင့် ကြည့်ရင်း. .

"ဒါနဲ့ သူငယ်က ဘယ်သူလဲကွယ့်"

"ကျွန်တော် ထိုက်ချင်ပါ၊ ကျွန်တော့် ဆရာက တိမ်ဆက်တောင်က စောင်းပိုက် ဆရာတော်ပါ"

"ဩော်. . လက်စသတ်တော့ မင်းက စောင်းပိုက်ဘုန်းတော်ကြီးရဲ့ တပည့်ကိုး၊ ဒါနဲ့ မင်းဆရာကော"

"ကျွန်တော့် ဆရာ တိမ်ဆက်တောင်ပေါ်မှာ ကျန်ရစ်ခဲ့ပါတယ်"

"မင်းဆရာရော သူတို့ရဲ့ ရှေးဟောင်းစောင်းကြီးကို ပြန်ရှာ



တွေ့ပြီတဲ့လား"

ထိုက်ချင် အံ့ဩရပြန်သည်။ တိမ်ဆက်တောင်၏ ရှေးဟောင်းစောင်းကို သိုင်းလောကတစ်ခုလုံးက သိနေကြဟန်ရှိသော်လည်း မိမိတို့ကဲ့သို့ တပည့်ရင်းများကတော့ သိမနေကြပေ။

ထိုက်ချင် ခေါင်းယမ်းပြလိုက်၏။

"အဲဒီ စောင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဘာမှ မသိပါဘူး၊ ဆရာတော်ကလဲ ဘာတစ်ခွန်းမှ မပြောဖူးပါဘူး"

ကွေ့မိန်က ပြုံးလျက်. . .

"မင်းတို့ သိထားသင့်တာပေါ့၊ ဆရာတော်က ဘာကြောင့် မပြောသလဲ ဆိုတာငါမသိဘူး၊ ဒီကစ္စဟာ လျှို့ဝှက်ကိစ္စမဟုတ်ပါဘူး၊ သိုင်းလောက တစ်ခုလုံး သိနေတာပဲ၊ မင်းလဲ ကြုံရင် မေးကြည့်ပေါ့၊ မင်းရဲ့ ဆရာတော်က စကားမစပ်မိလို့ မပြောတာနဲ့ တူပါတယ်"

"ဟုတ်ကဲ့. . ကြုံမှ ကျွန်တော် မေးပါ့မယ်"

ပိုင်လီချောင် ပြောကတည်းက ထိုက်ချင် သည်ကိစ္စကို သိချင်နေသည်။ ဆရာတော်နှင့် ကြုံလျှင် မေးမည်ဟု ထိုစဉ်ကပင် စိတ်ကူးထားခဲ့သည် မဟုတ်ပါလား။

ထိုက်ချင်က. . .

"ဘွားဘွား အခု ဒေါင်းပျံ့ လီရှန်ရှန် ဆိုတာ ဘွားဘွားရဲ့ တပည့်မ ဆိုတာသေချာပြီပေါ့နော်"

"သေချာပါပြီ ဒေါင်းပျံ့လီရှန်ရှန်ဆိုတာကလဲ တစ်ယောက်တည်းရှိတာပါ"

"ကျွန်တော့်ကို တစ်ခုတော့ မေးခွင့်ပြုပါ"

"မေးပါ. . မေးပါ၊ မင်းက တို့လိုချင်တဲ့ သတင်းတွေ အများကြီးပေးထားတာပဲ"

"ဘွားဘွား ဘယ်သူဆိုတာကော"

"သိရပါတယ်၊ ဘွားဘွားကို ကွေ့မိန်လို့ ခေါ်တယ်"

ဆံဖြူဘွားဘွား ကွေ့မိန်သည် ထိုသို့ပြောပြီး တစ်စုံတစ်ခုကို စဉ်းစားနေသည်။ ထိုက်ချင်ကိုတော့ ဘာမျှ မပြောပေ။ အတန်ကြာမှ ဆံဖြူဘွားဘွား စားပွဲက ထလိုက်သည်။

"ကဲ. . မိုးချုပ်ပြီ၊ သူတို့ကိုလဲ အနားပေးဖို့ သင့်ပြီ"

ရက်လျှံတန်းက သမီးဖြစ်သူ၏ သတင်းကို ထိုက်ချင်တို့ထံစုံစမ်းပါသေး၏။ ထိုက်ချင်တို့ နှစ်ယောက်စလုံးက ရက်ချိန်းချိန်းကို မတွေ့သဖြင့် ဘာသတင်းမျှ ပြောမပြနိုင်ကြပေ။

ရက်လျှံတန်းက လက်ခုပ်တီးလိုက်ရာ အိမ်ဖော်မလေးတစ်ယောက်ထွက်လာလေ၏။

"ဘွားဘွားရယ်၊ ဒီကသူငယ်တွေရယ်ကို အိပ်ခန်းတွေ စီစဉ်ပေးလိုက်၊ လိုအပ်တာရှိသမျှ ပြည့်စုံပါစေ၊ ကြားသလား"

"ဟုတ်ကဲ့သခင်ကြီး၊ အားလုံး ပြည့်စုံစေရပါမယ်"

သူဌေးကြီး ရက်လျှံတန်းက စီအစ်ဖိန်းပခုံးကို ပုတ်လိုက်ပြီး ရင်းနှီးစွာမေးလိုက်သည်။

"အစ်ကိုကြီး စီရောင်ကျူကော နေကောင်းရဲ့လားကွယ်"

"ဖေဖေ. . . နေကောင်းပါတယ်ခင်ဗျာ"

"အေး. . ငါ့ဆီကို လာမယ်ဆိုပြီး မလာဘူး"



"ဖေဖေ လာမလို့ပါခင်ဗျာ၊ မြောက်ပိုင်းက ညှော်သည်တွေ ရောက်နေလို့ပါ"

"ဪ. . ဪ. . ပျောက်ဆုံးနေတဲ့ မင်းအစ်ကိုရဲ့ သတင်းကိုရော အစအန မရသေးဘူးလား"

"မရသေးပါဘူးခင်ဗျာ၊ ဒီအကြောင်းကို ဖေဖေက ကျွန်တော့်ကိုပြောတာ ကျွန်တော် ဖေဖေ့ဆီက အခုပြန်ရောက်မှပါ၊ ကျွန်တော်လဲ သိသိချင်း အစ်ကို့သတင်းကို လိုက်စုံစမ်းနေတာပါပဲ၊ ဖေဖေကတော့ ဘာသတင်းမှ စုံစမ်းလို့မရသေးဘူးလို့ ပြောပါတယ်ခင်ဗျာ"

ထိုက်ချင်မှာ ရက်လျှံတန်းနှင့် စီအစ်ဖိန်းတို့ ပြောစကားကို နားထောင်ပြီး ရင်ထဲ၌ ဝေဒနာတစ်ရပ်ခံစားရလျက်ရှိနေပေသည်။ သို့သော် သက်ပြင်းချရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပေ။ စီအစ်ဖိန်းတို့ ပြောနေသည့် စကားများကိုလည်း မကြားလိုတော့ပေ။

"သူဌေးကြီးနဲ့ မိတ်ဆွေ စီအစ်ဖိန်း၊ ကျုပ်ကိုခွင့်ပြုပါဦး၊ ပင်ပန်းနေလို့ အိပ်ပါရစေတော့"

သူသည် အိမ်ဖော်မလေးနောက်သို့ လျင်မြန်စွာ လိုက်သွားမိလေရာ စီအစ်ဖိန်းပြောမည့် အရေးကြီးလှသည့် စကားများကို သူမကြားသိလိုက်ရတော့ပေ။

ရက်လျှံတန်းကမေးသဖြင့် စီအစ်ဖိန်းက ပြန်ပြောခြင်းသာ ဖြစ်သည်။

"အစ်ကိုကြီး စီရောင်ကျူဟာ သူ့ဘဝတစ်လျှောက်လုံး သူ့သားကို ရှာနေတာ တစ်ကြိမ်တစ်ခါမှ သတင်းမရဘူး ဆိုတာ

ကတော့ အတော့်ကို ထူးဆန်းတာပဲ"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဘဘကြီးခင်ဗျာ၊ ဖေဖေဟာ ဒုက္ခရောက်ပြီး နှစ်နှစ်လောက်အကြာမှာ တာ့ချန်မြို့ကို ရောက်လာပြီး ပေါင်ယို့ဆိုတဲ့လူနဲ့ တွေ့ခဲ့ပါသေးတယ်၊ အဲဒီလူက ဖေဖေ ရှာနေတဲ့ ကလေးကို သူတွေ့ထားပါတယ်။ ငွေတစ်သောင်းပေးရမယ်ပြောလို့ ဖေဖေ ငွေတောင် အလျှင်ပေးပြီး အဲဒီ ပေါင်ယို့ နောက်လိုက်သွားပါတယ်။

ဟိုရောက်တော့ အဲဒီပေါင်ယို့ဆိုတဲ့ လူ့ရဲ့မိန်းမက ကျွန်တော့် အစ်ကိုကို ဘုန်းကြီးတစ်ပါးဆီ ရောင်းလိုက်ပြီးနေသတဲ့၊ ဖေဖေကလဲ သိပ်စိတ်ပျက်သွားတယ်၊ ဘုန်းကြီးတွေကိုလိုက်ပြီး စုံစမ်းဖို့ကျတော့ ခက်ခဲတယ်မဟုတ်လား"

ထိုစကားများကိုသာ ထိုက်ချင် နားထောင်ခွင့်ရခဲ့ပါလျှင်. . .။

* * * * *



## အခန်း |၃၃|

## ခြေရာပျောက်ရန် ကြိုးစားခြင်း

ထိုက်ချင် အိပ်မပျော်ပါ။ အိပ်ရာထဲ၌ ဟိုပြောင်းသည်လှိမ့်လုပ်နေမိသည်။ ဤသို့ဖြင့် ကြက်တွန်သံ သဲ့သဲ့ကြားရသည့် အချိန်သို့ ဆိုက်ရောက်လာရလေ၏။ မကြာမီ အုန်းမောင်း ခေါက်သံ တတုံတုံကို ကြားရပြန်သည်။

ထိုက်ချင်၏အာရုံများသည် ပျံ့လွင့်နေသည်။ သူ့အာရုံထဲ၌ သူ့အားပြင်းထန်စွာ ရိုက်နှက်နေသည့် မိန်းမတစ်ယောက်၏ ရုပ်ပုံပေါ်လာ၏။ သို့သော် မပီပြင်ချေ။ မှုန်မှုန်ဝါးဝါးဖြစ်နေသည်။

ထို့နောက် သူ့အား သက်နှ်းဝါဝါဝတ် ဘုန်းတော်ကြီးတစ်ပါးက ခေါ်ဆောင်သွားသည့် ရုပ်ပုံ ပေါ်လာပြန်၏။ ဒါလည်း မှုန်ဝါးဝါးပါပဲ။

နောက်တစ်ကြိမ်ပေါ်လာသော ပုံရိပ်များကိုကား သူ မှန်ဝါးဝါး မဖြစ်တော့ချေ။

စိမ်းလန်းစိုပြည်သော တိမ်ဆက်တောင်၊ တောင်ကုန်း တောင်တန်း၊ သစ်တော လျှိုမြောင်အကြား၌ သူ ပြေးလွှားဆော့ ကစားနေပုံများ၊ သူ့ပညာသင်ဘက် ဂိုဏ်းတူညီအစ်ကိုများက သူ့အား နှိပ်စက်ပုံများ၊ ကျေးဇူးတော်သခင် ဆရာအရှင် စောင်း ပိုက်ဆရာတော်၏ ခန့်ညား တည်ကြည်လှသော ရုပ်ပုံလွှာများ စသည် စသည်တို့ကို ထိုက်ချင် မြင်ယောင်လာနေမိသည်။

"ဟင်. . ."

"ငါ့ဘဝဟာ မိမဲ့ ဖမဲ့ အထီးကျန်ဘဝပါလား၊ ဆရာတော် ကသာ ငါ့ကိုမစောင့်ရှောက်ခဲ့ရင် ငါဘယ်လို ဘဝများရောက် နေမှာပါလိမ့်"

ထိုက်ချင်ရင်တွင်း ရေရွတ်ပြီးနောက် မေးခနဲ အိပ်ပျော်သွား လေတော့၏။

"ဒေါက်. . ဒေါက်. . ဒေါက်. . ."

"ဒေါက်. . ဒေါက်. . ဒေါက်"

ဆရာတော် စောင်းပိုက်က သူ့အခန်းတံခါး လာခေါက် နေသည်ဟု ထိုက်ချင် အိပ်မက်မြင်မက်နေလေ၏။

"ဒေါက်. . ဒေါက်. . ဒေါက်. . ."

ထိုက်ချင် ဝေါက်ခနဲထထိုင်၏ ။ တံခါးခေါက်သံက တကယ် ပေါ်နေသည်။ အိပ်မက်မဟုတ်ပါဘဲကလား။

ထိုက်ချင် ခုန်ထလိုက်၏။ တံခါးကို လျင်မြန်သွက်လက်စွာ



ဖွင့်ပေးလိုက်သည်။

"ဟာ. . . ဘွားဘွားပါလား"

တံခါးဝ၌ ဆံဖြူဘွားဘွား ကွေ့မိန်သည် မားမားကြီး ရပ်နေ လေ၏။

"ဘွားဘွား၊ မအိပ်ဘူးလား"

ဆံဖြူဘွားဘွားက ပြုံးပြသည်။

"အိပ်တာက အရေးမကြီးပါဘူး၊ အိပ်တာထက် အရေးကြီး တဲ့ ကိစ္စတွေ အများကြီးရှိပါသေးတယ်၊ မင်းနဲ့ငါ ဆွေးနွေးတိုင် ပင်စရာရှိနေလို့"

ထိုက်ချင်က ဆံဖြူဘွားဘွားကို ဂါရဝပြုရင်း . .

"အထဲကို ဝင်ပါဘွားဘွား၊ အထဲမှာ ဆွေးနွေးကြတာပေါ့"

ထိုက်ချင် ဆံဖြူဘွားဘွား ဝင်နိုင်ရန် လမ်းဖယ်ပေးလိုက် သည်။ စားပွဲပေါ်မှ မီးအိမ်မီးစာကိုလည်း မြှင့်တင်လိုက်သည်။ အခန်းထဲ၌ အတော်ကလေး လင်းထိန်လာ၏။

ဆံဖြူဘွားဘွားက ခုံတစ်ခုံတွင် ထိုင်သည်။ ထိုက်ချင်က ခုတင်ပေါ်တွင်ထိုင်သည်။

"ဘွားဘွား . . ကျွန်တော့်ကို ဘာများခိုင်းစရာရှိပါသလဲခင် ဗျာ၊ ခိုင်းစရာရှိရင် ခိုင်းပါ၊ အားမနာပါနဲ့"

ဆံဖြူဘွားဘွားသည် ထိုင်ခုံတွင်ထိုင်ပြီး အတန်ကြာငိုင် နေသဖြင့် ထိုက်ချင်က အလိုက်သိစွာ ပြောလိုက်သည်။

ဆံဖြူဘွားဘွားက ထိုက်ချင်အား အရောင်တောက်ပနေသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။ ထိုက်ချင်အား ချီးကျူးလိုသည့်

အရိပ်လက္ခဏာများလည်း ယှက်သန်းနေသည်။

"မင်းက သိပ်အကင်းပါးတာပဲကိုး"

"ကျွန်တော်လဲ ရမ်းပြီးပြောလိုက်တာပါ၊ ဘွားဘွားပြောသလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော် ဘာများ ဆောင်ရွက်ပေးရမလဲ ဘွားဘွား"

"မင်းကို တိမ်ဆက်တောင် ပြန်လွှတ်ချင်တယ်"

"ကိစ္စကကော"

"မင်းဆရာရဲ့ အကူအညီတောင်းဖို့ပါ"

ထိုက်ချင် မျက်လုံးပြူးသွား၏။

"ပိုင်လီချောင်က ဒီလောက်တောင် ကြောက်စရာကောင်းနေသလား ဘွားဘွား"

ဆံဖြူဘွားဘွား ကွေ့မိန်က ခေါင်းခါသည်။

"ပိုင်လီချောင်က ကြောက်စရာ မကောင်းပါဘူး၊ ဝမ်မြောင်ကသာ ကြောက်စရာ ကောင်းတာပါ"

ထိုက်ချင် နားမလည်တော့ပေ။ သိုင်းလောကသည် သူနှင့် စိမ်းလွန်းလှသည်ဟု တွေးနေလေ၏။

ထိုစဉ် ဆံဖြူဘွားဘွားက စာတစ်စောင်ထုတ်ပြီး ထိုက်ချင်ကိုလှမ်းပေးလိုက်သည်။

"မင်းရဲ့ ဆရာကို ဒီစာသာ ပေးလိုက်ပါ၊ ဒါဆိုရင် သူနားလည်ပါပြီ၊ ဒီစာထဲမှာ အကုန်ရှင်းပြထားပါတယ်"

ဆံဖြူဘွားဘွား ထိုင်ရာမှ ထလိုက်သည်။

"ဘွားဘွား. . . ကျွန်တော်ဘယ်အချိန် သွားရမှာလဲ"



"မိုးလင်းတာနဲ့ တိမ်ဆက်တောင်ကို သွားပေတော့"

ထိုက်ချင် တုံ့ဆိုင်းသွား၏။

"ဘွားဘွား. . ဟို လီရှန် . . ရှန်"

ကွေ့မိန်က လက်ကာပြ၏။

"အဲဒီအတွက် စိတ်မပူပါနဲ့၊ အမှန်မှာတော့ အမိက ပစ်မှတ်က လီရှန်ရှန် မဟုတ်ပါဘူး၊ ငါပါ၊ ဒါကြောင့်မို့ သူတို့က ငါ့တပည့် လီရှန်ရှန်ကို ဒုက္ခရောက်အောင် မလုပ်ဘူးဆိုတာ ငါသိနေပါတယ်"

ထိုက်ချင် အံ့သြရပြန်၏။ သိုင်းလောက တကယ်ရှုပ်ထွေးသည်ဟူသော သူ့အယူအဆကို ပို၍ ခိုင်မာသွားစေပြန်သည်။

သူသည် ဆံဖြူဘွားဘွား ကွေ့မိန်ထွက်သွားသည်နှင့် တံခါးကို ပြန်ပိတ်လိုက်၏။ ဆံဖြူဘွားဘွားပေးသည့် စာကိုမူ သေချာစွာ သိမ်းဆည်းလိုက်သည်။

ဩော်. . . မိုးသောက်နံနက်လင်းသည်နှင့် တိမ်ဆက်တောင်သို့ အပြန်ခရီးစရတော့မည်ပါတကား။

* * * * *

ရက်ချိန်းချိန်းသည် သူမ၏ ဆရာမအား မည်သည့်နေရာမှ စတင်ခြေရာခံရမည်ကို စဉ်းစားလာ၏။ သူမနှင့် သူမဆရာမ စတင်ခွဲခွာသော နေရာမှာ စီးဝူရေကန် စားသောက်ဆိုင် ဖြစ်သဖြင့် ထိုနေရာသို့ သွားစုံစမ်းရန် စိတ်ကူးရသည်။

သူမသည် ဆံဖြူဘွားဘွား တွေ့ဆုံခဲ့သည့် ငွေသိမ်းစာရေး

နှင့် တွေ့ဆုံမေးမြန်းသည်။ သို့သော် သူမသည် သိုင်းလောက အတွေ့အကြုံနည်းပါးသူဖြစ်ရကား ငွေသိမ်းစာရေး၏ ပိတ်နေသောပါးစပ်ကို ဘာနှင့် ဖွင့်ရမည်မှန်း သူမ မသိခဲ့ပေ။

ထို့ကြောင့်ပင် လီရှန်ရှန်၏ သဲလွန်စကို သူမ မရရှိခြင်း ဖြစ်သည်။ ထိုသို့ လိုက်လံစုံစမ်းနေစဉ် သူမ နောက်သို့ တစ်စုံတစ်ယောက် နောက်ယောင်ခံ လိုက်နေသည်ဟု ထင်မှတ်လာမိသည်။ သတိထားကြည့်သော်လည်း မသင်္ကာဖွယ်ရာ လူကို မတွေ့ရပေ။

နောက်ဆုံး သူမသည် တာ့ချန်မြို့မှနေ၍ ရက်ကျားမြို့သို့ ပြန်လှည့်သည်။ ထို့နောက် တဲ့ရှင်းမြို့သို့ ပြန်လှည့်သည်။ အကယ်၍ သူမနောက်သို့ တစ်စုံတစ်ယောက် လိုက်လာပါက မျက်စိလည်သွားစေရန် ဖြစ်ပေသည်။

တဲ့ရှင်းမြို့သို့ သူမဆိုက်ရောက်ချိန်တွင် ညနေစောင်းနေပေပြီ။ တဲ့ရှင်းမြို့သို့ရောက်ခါမှ သူမနောက်သို့ တစ်စုံတစ်ယောက် လိုက်နေသည်မှာ ပို၍သေချာသလို ဖြစ်နေသည်။

သူမနောက်သို့ မည်သူ လိုက်နေသည်ကို သေချာအောင် လုပ်မည်ဟု သူမ ပိုင်းဖြတ်လိုက်ပြီးနောက် မြို့အဝင် စားသောက်ဆိုင်ကြီး တစ်ခုရှေ့၌ သူမ၏ မြင်းကို ရပ်တန့်လိုက်သည်။ ချည်တိုင်တွင် မြင်းကို ချည်နှောင်ပြီးနောက် စားသောက် ဆိုင်ထဲသို့ ဝင်လိုက်၏။

စားပွဲထိုးလူငယ်တစ်ယောက်က ပျာပျာသလဲ ကြိုဆိုသည်။

"အစ်မလေး. . . လာပါ. . . ထိုင်ပါ၊ ဘာများ စားမလို့လဲ



ခင်ဗျာ"

"မင်းတို့ဆိုင်မှာ တည်းခိုဖို့ အခန်းကော ငှားတယ် မဟုတ်လား"

"ငှားပါတယ်၊ ဒါဆိုရင်တော့ ငွေသိမ်းစာရေးဆီသွားပြီး အခန်းငှားရပါလိမ့်မယ်၊ ကျွန်တော်တို့ကတော့ အစားအသောက်မှာယူပေးဖို့ပဲ တာဝန်ရှိပါတယ်"

ရက်ချိန်းချိန်းသည် ဘာမျှ ထပ်မပြောတော့ပေ။ ငွေသိမ်းစာရေးဆီသို့ သွားကာ အခန်းငှားသည်။ အခန်းတစ်ခန်းကို လွယ်လွယ်ကူကူပင် ရသည်။

"ရက်ချိန်းချိန်းက. . ."

"ကျွန်မ မြင်း အပြင်မှာ ကျန်နေတယ်၊ အဲဒါ. ."

"ကိစ္စမရှိပါဘူး အစ်မလေး၊ အချိန်တန်ရင် တည်းခိုဆောင်က လူငယ်တွေက မြင်းကို မြင်းဇောင်းထဲ သွင်းမှာပါ၊ အခု ညနေ သို့မဟုတ် ညဦးပိုင်းမှာ အစ်မလေး အသုံးပြုဖို့ ကိစ္စပေါ်ချင်ပေါ်လာနိုင်သေးတယ် မဟုတ်လား"

ရက်ချိန်းချိန်း ခေါင်းညိတ်လိုက်၏။

သူမသည် လမ်းကို မြင်နိုင်သည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ စားစရာအချို့ကို မှာကြားလေ၏။

ဆိုင်ထဲတွင် လူအချို့ရှိနေသော်လည်း ထိုလူများမှာ စားနေသောက်နေကြသဖြင့် ထိုလူများအတွက် အထူး ကြောက်စရာ မလိုတော့ပေ။ ရက်ချိန်းချိန်းမှာကြားသည့် အစားအသောက်များမှာ မြန်မြန်ဆန်ဆန်ရောက်ရှိလာသည်။

စားစရာပန်းကန်များနှင့် တူများကို သူမရှေ့သို့ ဆွဲယူလိုက်စဉ်မှာပင် သူမ၏ မျက်လုံးများသည် ပြတင်းပေါက်ဆီသို့ ရုတ်တရက်ရောက်ရှိသွား၏။ ပြတင်းပေါက်မှ တစ်ဆင့်မြင်ရသော မြင်ကွင်းသည်ကား. . .

စားသောက်ဆိုင်၏ တစ်ဘက်ခြမ်းတွင် သစ်ပင်ကြီးတစ်ပင်ရှိ၏။ ထိုသစ်ပင်ကြီးအောက်သို့ မြင်းစီးသမားတစ်ယောက်ရောက်ရှိလာပြီး ရက်ချိန်းချိန်းစားသောက်နေသည့် စားသောက်ဆိုင်ကြီးဆီသို့ မသိမသာအကဲခတ်နေသည့် မြင်ကွင်းပေတည်း။

ရက်ချိန်းချိန်းမှာ တစ်ကိုယ်လုံးအေးစက်သွားသလို ခံစားလိုက်ရလေတော့သည်။

စီးမင်ကွမ်းထန်ကဲ့သို့သော သမ္မာရင့် ဝါရင့်ကြေးစားသမားတစ်ဦးအဖို့ ရက်ချိန်းချိန်းကဲ့သို့သော မိန်းကလေးမျိုးကို ခြေရာခံနိုင်ရန် မခက်ခဲပါ။ အချိန်အနည်းငယ်အတွင်းမှာပင် ခြေရာခံနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ရက်ချိန်းချိန်းနောက် မယောင်မလည်လိုက်လာခဲ့ရာ တဲ့ရှင်းမြို့သို့ပင် ဆိုက်ရောက်လာခဲ့ရပေသည်။

သူသည် ရက်ချိန်းချိန်းကို နောက်ယောင်ခံသည့်ကိစ္စတွင် ငှက်ပျောသီးကို အခွံနွှာစားရသလောက်ပင် လွယ်ကူသည်ဟု မှတ်ယူပေသည်။

မှန်လည်းမှန်သည်။

ရက်ချိန်းချိန်းနောကသို့ အေးအေးဆေးဆေး လိုက်လာခဲ့ရာ တဲ့ရှင်းမြို့အဝင် စားသောက်ဆိုင်ရှေ့ရှိ မြင်းချည်တန်းလေးများတွင် ရက်ချိန်းချိန်း၏ မြင်းကို တွေ့နေရလေရာ ရက်ချိန်းချိန်းသည် ထိုဆိုင်ထဲမှာမရှိလျှင် အဘယ်မှာရှိမည်နည်းဟု တွေးပြီးပြုံးနေမိလေ၏။

ထို့နောက် သူလည်း သူ့မြင်းကို မြင်းချည်တန်းတွင် ချည်ကာ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့လေတော့၏။ သူသည် စားသောက်ဆိုင်ထဲသို့ဝင်လာပြီး မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်နှင့် ရက်ချိန်းချိန်း မည်သည့်နေရာ၌ ထိုင်နေသည်ကို မြင်သည်။

ထိုတစ်ချက်သာသူကြည့်သည်။ နောက်ထပ် မကြည့်တော့ပါ။

သူကဲ့သို့ ကြေးစားသမားအဖို့ သာမန်လူတစ်ယောက်ကဲ့သို့ ပြူးတူးပြတဲကြည့်နေလျှင် အကြီးအကျယ် သိက္ခာကျပေလိမ့်မည်။ ကြေးစားလုပ်ရန်လည်း မသင့်လျော်တော့ပေ။

သူသည် ရက်ချိန်းချိန်းနှင့် တစ်ဝိုင်းကျော် စားပွဲတွင် ဝင်ထိုင်သည်။ ရက်ချိန်းချိန်းဘက် လှည့်မထိုင်ဘဲ ကျောခိုင်း၍ ထိုင်သည်။ ဤသို့ ထိုင်ခြင်းမှာလည်း အကြောင်းရှိသည်။

သူထိုင်နေသည့် မျက်နှာချင်းဆိုင်နေရာ၌ မှန်ကြီးတစ်ချပ်ရှိနေရာ ရက်ချိန်းချိန်း၏ လှုပ်ရှားမှုမှန်သမျှကို သူမြင်နိုင်သောကြောင့်ဖြစ်ပေသည်။

စီးမင်ကွမ်းထန်၏ တာဝန်မှာ ရက်ချိန်းချိန်း ဘေးမသီရန်မခဖြစ်စေရန် ကာကွယ်ပေးရန်သာဖြစ်ရာ သူနေရာယူထားသော စားပွဲသည် ရက်ချိန်းချိန်း၏ စားပွဲနှင့် သင့်လျော်သော အကွာအဝေးပင်။

ထို့ပြင် သူ့အနေဖြင့် ရက်ချိန်းချိန်းကို အထိတ်တလန့်မဖြစ်လိုပေ။ ထိုသို့ ရည်ရွယ်ခြင်းကြောင့်ပင် တစ်ဝိုင်းကျော်စားပွဲ၌ ဝင်ထိုင်ခြင်းဖြစ်သည်။

စီးမင်ကွမ်းထန်၏ အတွေးအခေါ်အယူအဆ မှန်ကန်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူသစ်ပင်အောက်၌ မြင်းနှင့် ရောက်လာသည်နှင့် သူမ၏နောက်သို့ နောက်ယောင်ခံလိုက်နေသူမှာ ဤမြင်းနှင့်လူဟု ရက်ချိန်းချိန်းထင်မှတ်သွား၏။

စားသောက်ဆိုင်ထဲ စီးမင်ကွမ်းထန် ဝင်ရောက်လာသော အခါကား ဆိုဖွယ်မရှိတော့ပေ။

သို့သော်. . စီးမင်ကွမ်းထန်က စားသောက်ခန်းထဲမှ လူများကို တစ်ဦးချင်း အကဲမခတ်ဘဲ ပေါ့ပေါ့ပါးပါး တခြားစားပွဲသို့ သွားထိုင်လိုက်သည့် အခါတွင်မူ ရက်ချိန်းချိန်း လေပူမှုတ်ထုတ်လိုက်မိတော့၏။

သူမနောက် လိုက်သူဖြစ်လျှင် အခန်းထဲ ရောက်သည်နှင့် ကျီးကန်းတောင်းမှောက် သူမအား ပျာပျာသလဲ ရှာဖွေရမည် မဟုတ်ပါလော။

ယခုမူ လုံးဝဂရုမစိုက်ဘဲ သူ့ဘာသာ အစားအသောက်မှာနေသည်။ သူမကိုပင် ကျောခိုင်းထိုင်နေလေရာ ရက်ချိန်းချိန်း၏ သံသယသည် လုံးဝပျောက်ကွယ်သွားလေတော့သည်။

သူမသည်မှာကြားထားသည့် အစားအသောက်များကို ထိုအခါမှသာ အေးအေးဆေးဆေး စားသောက်နိုင်တော့၏။ သူမ၏ ဆရာမကို မတွေ့ခင် သူမကိုယ်တိုင် ပြဿနာတက်ရမည့်



အဖြစ်ကို သူမ မလိုလားပါ။

အထူးသဖြင့် ဆရာမရော သူပါ ဒုက္ခရောက်ရမည့် အဖြစ်မျိုးကို သူမ မလိုလားပါချေ။

ရက်ချိန်းချိန်းသည် အစားအသောက်များကို စားသောက်ပြီးသည်နှင့် ကျသင့်ငွေကို ပေးချေသည်။

သူမ ငှားထားသည့် အခန်းမှာ အပေါ်ထပ်တွင် ရှိလေရာ စီးမင်ကွမ်းထန်အား မသိမသာအကဲခတ်ပြီး အပေါ်ထပ်သို့ တက်လာလေတော့၏။

စီးမင်ကွမ်းထန်ကား အစားအသောက်များကို အားပါးတရ ငုံ့လွေးနေသည်။

ရက်ချိန်းချိန်း စိတ်လွတ်ကိုယ်လွတ်ဖြစ်သွား၏။

"ငါ့စိတ်ကထင်နေတာပါ၊ ဘယ်သူမှ ငါ့နောက်လိုက်တာ မဟုတ်ဘဲ၊ ငါအေးအေးဆေးဆေး အိပ်လို့ရပြီ"

ရက်ချိန်းချိန်းသည် ကျေနပ်နှစ်သိမ့်စွာ အပေါ်ထပ်သို့ တက်သွားသည်။ သူမအခန်းသို့ ဝင်သည်။

သို့သော် မသိစိတ်က နှိုးဆော်သဖြင့် စီးမင်ကွမ်းထန်အား အကဲခတ်လိုသည့်စိတ်သည် တားမရဆီးမနိုင် ထွက်ပေါ်လာတော့သည်။ ထို့ကြောင့် သူသည် တံခါးကို အသာကလေး ဟကာ အောက်ထပ်သို့ ချောင်းကြည့်မိတော့သည်။

"ဟင်. . ."

ယင်းသို့ ချောင်းကြည့်မိသဖြင့် သူမ၏ နှလုံးသည် ရင်ထဲမှ အပြင်သို့ ခုန်ထွက်မတတ် လန့်ဖျပ်သွားမိလေတော့သတည်း။

အကြောင်းကား စီးမင်ကွမ်းထန်သည် သူမရှိရာ အပေါ်ထပ်သို့ တစ်ချက်မော့ကြည့်ပြီးနောက် ငွေသိမ်းစာရေး၏ စားပွဲသို့ လျှောက်သွားနေသည်ကို တွေ့မြင်ရသောကြောင့်တည်း။

ငွေသိမ်းစားပွဲသို့ သွားသည့် ကိစ္စမှာ သူစားသောက်ထားသည့် ကျသင့်ငွေများကို ပေးချေရန်ဖြစ်၍ စိတ်သက်သာရာ ရနိုင်သော်လည်း မိမိရှိရာသို့ မော်ကြည့်ခြင်းမှာမူ မည်သို့မျှ စိတ်သက်သာရ ရနိုင်ဖွယ်မရှိချေ။

ထိုသူ ငွေသိမ်းစားပွဲသို့ သွားခြင်းမှာ ဧည့်စာအုပ်၌ မိမိ၏ အမည်ကို စုံစမ်းရန်ဖြစ်နိုင်ကြောင်း ရက်ချိန်းချိန်း ဒက်ခနဲ တွေးမိသည်။

မှန်သည်။ သူမ ထင်သည့်အတိုင်း မှန်နေသည်။

ထိုသူသည် ဧည့်စာအုပ်ကိုကြည့်သည်။ ငွေသိမ်းစာရေးအား ငွေအချို့ပေးသည်။ ငွေသိမ်းစာရေးကလည်း သော့တစ်ချောင်း ပေးသည်။ ထိုသော့မှာ မိမိအခန်းသော့တော့ မဟုတ်နိုင်။ ထိုသူ သီးခြားငှားသည့် အခန်းသော့ ဖြစ်နိုင်သည်။

ထိုလူသည် သော့ကိုကိုင်ကာ အပေါ်ထပ်သို့ ဖြည်းဖြည်းချင်းတက်လာလေပြီ။

ရက်ချိန်းချိန်း ရင်တထိတ်ထိတ်ဖြစ်နေရလေပြီ။

သူမသည် ဟထားသည့် အခန်းတံခါးကို ဖြင်းညင်းစွာ ပိတ်လိုက်ရ၏။ အခန်းတံခါးဟထားသည်ကို ထိုလူတွေ့သွားပါက သက်ာမကောင်း ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

ရက်ချိန်းချိန်းသည် တံခါးကို နားဖြင့်ကပ်ကာအပြင်မှ ခြေ



သံကို နားထောင်သည်။ ခြေသံသည် တဖြည်းဖြည်း နီးလာသော်လည်း သူမ၏အခန်းသို့ ရောက်မလာပေ။ သူမ၏ အခန်းနှင့်ကပ်လျက် အခန်းရှေ့၌ ရပ်တန့်သွားသည်။

ထိုသူသည် ထိုအခန်းကို ငှားရမ်းခဲ့ပြီဖြစ်ကြောင်း သိလိုက်ရသည်။ ရက်ချိန်းချိန်း ရင်ဖိုရလေပြီ။ သူမအား စောင့်ကြည့်နေသူသည် သူမ၏အခန်းနှင့် ကပ်လျက်သားအခန်းသို့ ရောက်ရှိခဲ့လေပြီ။

"ချောက်. . ."

တစ်ဘက်ခန်းမှ သော့ဖွင့်သံကြားလိုက်ရသည်။

ထို့နောက် တံခါးဖွင့်သံ၊ တံခါးပြန်ပိတ်သံတို့ကို အဆက်မပြတ်ကြားရပြန်သည်။

ရက်ချိန်းချိန်းသည် တံခါးမှခွာကာ အခန်းထဲရှိ ထိုင်ခုံ၌ ထိုင်ချလိုက်၏။ ထိုလူသည် အဘယ်ကြောင့် သူမနောက်သို့ နောက်ယောင်ခံလိုက်နေရသနည်း။ သူမ မတွေးတတ်ပေ။ သူမသည် အိုမေတောင်ပေါ်၌ ဘဝတစ်လျှောက်လုံးနေခဲ့ရာ သိုင်းလောက၌ ဘာပြဿနာမျှ မရှိခဲ့ပေ။

နောက်ဆုံး၌ ရက်ချိန်းချိန်းသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်၏။ ထို့နောက် ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ ထိုအခါ အေးစိမ့်သောလေသည် အခန်းထဲသို့ တသုန်သုန် တိုက်ခတ်လာ၏။

တဲ့ရှင်းမြို့၏ ညဦးပိုင်းသည် တိတ်ဆိတ်နေသည်။ လမ်းများပေါ်၌လည်း လူသံသူသံမကြားရပေ။ ထို့ကြောင့် လူသွားလူလာ

ကျဲနေသည်ဟု ခန့်မှန်းရသည်။

ထိုစဉ် အရက်မူးသံဖြင့် သီချင်းအော်ဆိုသည့် အသံများကို ကြားရသည်။

"ဒါအမူးသမားတွေဖြစ်မယ်"

ရက်ချိန်းချိန်း စိတ်ထဲမှပြောမိ၏။

သူမသည် အံကြိတ်လိုက်ပြီး အခန်းထဲပြန်လှည့်လာသည်။ မီးအိမ်မှ မီးစာကို အနည်းငယ်ချကာ ဖူးခနဲမှုတ်လိုက်၏။ မီးငြိမ်းသွားလေပြီ။ တစ်ခန်းလုံး မှောင်ကျသွားလေ၏။

သူမသည် ပြတင်းပေါက်ပေါင်ပေါ် တက်ထိုင်လိုက်၏။ လွှားခနဲ ခုန်ချလိုက်သည်။ မြင့်လွန်းသဖြင့် ခန္ဓာကိုယ်ကို မြေပေါ်သို့ လှိမ့်ချရသည်။ သူမ ပြန်လည် ဒူးထောက်နိုင်လိုက်ချိန်မှာပင် သူမအနီးသို့ လူရိပ်တစ်ရိပ် ရောက်ရှိလာလေတော့၏။

* * * * *



## အခန်း (၃၄)

## ရန်သူ့လက်တွင်း ကျဆင်း

ရက်ချိန်းချိန်း စားပွဲမှ ထစက သူမကိုယ်သူမ အဟုတ်ကြီးထင်ခဲ့၏။ စီးမင်ကွမ်းထန်ကား ပြောဖွယ်ရာမရှိတော့ပေ။ ယခင်အစကတည်းက သူ့ကိုယ်သူ အဟုတ်ကြီးထင်ခဲ့၏။ သူ့ ကြေးစားဓားသမားဘဝကလည်း ကြာမြင့်လှပြီကိုး။

စီးမင်ကွမ်းထန် အပေါ်ထပ်သို့ တက်သွားချိန်တွင် ထောင့်ကျကျစားပွဲမှ လူတစ်ယောက် ရုတ်တရက်ထရပ်လာလေ၏။

ထိုသူကား ပိုင်လီချောင်ပင်တည်း။

ပိုင်လီချောင်သည် သူ့ တာဝန်တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သူသည် ရေနန်းတော်မှ ပြန်ထွက်လာခဲ့သူဖြစ်သည်။

တဲ့ရှင်းမြို့သို့ ယနေ့ညတွင် ရောက်ရှိခဲ့ပြီး ကံအားလျော်စွာ

ရက်ချိန်းချိန်း ဤစားသောက်ဆိုင်ထဲ မဝင်မီကလေး အချိန်မီ ဝင်နိုင်ခဲ့သူဖြစ်၏။

တကယ်တော့ ဤစားသောက်ဆိုင်၏ မူလအရင်းအမြစ်က ဝမ်မြောင်သခင်မ၏ မြောက်မြားစွာသော စုံစမ်းရေးဌာန များစွာထဲမှ ဌာနခွဲတစ်ခုသာဖြစ်တော့သည်။

ဆိုင်ထဲသို့ ရောက်နှင့်နေသော ပိုင်လီချောင်သည် ရက်ချိန်းချိန်း ဝင်လာသည်ကို တွေ့လိုက်ရသောအခါ အလွန်တရာ အံ့ဩသွားသည်။

ဤမိန်းကလေးသည် ဤအချိန်၌ သူ့မိဘအိမ်၌ ရှိနေရပေမည်။ ယခုအဘယ်ကြောင့် ဤမြို့သို့ ရောက်နေပါသနည်း။

အဘယ်ကြောင့် ဤဆိုင်သို့ရောက်နေပါသနည်း။

ရက်ချိန်းချိန်း ငွေသိမ်းစာရေးထံမှ ထွက်ခွာသွားပြီးသောအခါ ပိုင်လီချောင်သည် ဧည့်စာရင်းစာအုပ်ကို သွားကြည့်သည်။ ရက်ချိန်းချိန်း၏အခန်းကို မှတ်သားထားလိုက်သည်။ ထိုအခန်းနံပါတ်သည် ဆယ့်သုံးဖြစ်သည်။

ထို့နောက် အခန်းထောင့်၌ ပြန်ထိုင်ကာ ရက်ချိန်းချိန်း ပြန်အထွက်ကို စောင့်နေသည်။ ရက်ချိန်းချိန်း စားသောက်နေချိန်တွင် သူသည် ဣန္ဒြေရရ စောင့်ကြည့်နေထိုင်ခဲ့လေပြီ။

သူသည် ရက်ချိန်းချိန်းကို စောင့်ကြည့်နေရမည့်သူ အဖြစ် ကြိုတင်သိနိုင်ခဲ့သော်လည်း နောက်တစ်ယောက်ကိုမူ သူ သတိ မပြုမိခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုလူသည် ရက်ချိန်းချိန်း နောက်သို့ လိုက်လာဟန်မတူဘဲ သာမန်စားသောက်မည့် တဲ့ရှင်း



မြို့သားတစ်ယောက်နှင့် တူနေသောကြောင့်တည်း။

သူသာ သတိပြုကြည့်ရှုခဲ့လျှင် ထိုသူသည် ကြေးစားဓားသမား စီးမင်ကွမ်းထန်ဖြစ်သည်ကို သူ သိမိပေလိမ့်မည်။

ထို့ကြောင့် သူသည် ရက်ချိန်းချိန်းကိုသာ ဂရုစိုက်ခဲ့သည်။ ရက်ချိန်းချိန်း အပေါ်ထပ်သို့ တက်သွားပြီးမှ တခြား လူတစ်ယောက် ရိပ်ခနဲထပြီး ငွေသိမ်းစာရေးထံသွားသည်ကို တွေ့ လိုက်ရလေ၏။

ထိုအခါ သူသည် စနိုးစနောင့်ဖြစ်သွားပြီး ပြန်ထိုင်ကာ ထိုလူကို မသိမသာ အကဲခတ်လေတော့သည်။ ထိုအခါကျမှ ထိုလူသည် ကြေးစားဓားသမား စီးမင်ကွမ်းထန်ဖြစ်သည်ကို သူ သတိပြုမိ လေတော့၏။

ထိုအခါတွင်မူ သူ၏သတိများသည် နိုးကြားလာခဲ့ပေပြီ။

စီးမင်ကွမ်းထန်သည် နာမည်ကျော် ကြေးစားဓားသမား ဖြစ်၏။ ကြေးစားဓားသမားသည် အဘယ်ကြောင့် တဲ့ရှင်းမြို့သို့ ရောက်ရှိလာရသနည်း။

သူဂရုပြုနေစဉ်မှာပင် စီးမင်ကွမ်းထန်က ရက်ချိန်းချိန်း၏ အခန်းဆီသို့ မျက်လုံးကစားလိုက်ကြောင်း တွေ့လိုက်ရသည်။

ထိုအခါ ချက်ဆို နားခွက်က မီးတောက်သော ပိုင်လီချောင် က စီးမင်ကွမ်းထန်သည် ရက်ချိန်းချိန်းနောက်သို့ လိုက်လာသူ ဖြစ်လိမ့်မည်ဟု မှန်းဆနိုင်လိုက်တော့၏။

ရက်ချိန်းချိန်းနှင့် စီးမင်ကွမ်းထန်တို့၏ အဆက်အစပ်ကိုမူ သူစဉ်းစား၍မရပေ။ ရက်ချိန်းချိန်းသည် အိုမေတောင်မှဆင်း

သက်လာသည်မှာ မကြာသေးပေ။ စီးမင်ကွမ်းထန်မှာမူ သိုင်းလောက၌ လှုပ်ရှားနေခဲ့သည်မှာ ကြာမြင့်လှချေပြီ။

ထိုနှစ်ယောက် မည်သို့မျှ မပတ်သက်နိုင်ပေ။

သို့သော် သိုင်းလောကဆိုသည်မှာ ခက်လှသည်။ လွန်စွာဆန်းကြယ်လှသည်။ သူမသိသော အချက်အလက်တစ်ခုခုဖြင့် ပတ်သက်ကောင်းလည်း ပတ်သက်နိုင်သည်။

နောက်ဆုံး၌ ပိုင်လီချောင်သည် သူ့ထက် အကြံဦးသွားသော စီးမင်ကွမ်းထန်ကိုသာ မလိုတမာအကြည့်ဖြင့် ကြည့်နေခဲ့ရတော့၏။

စီးမင်ကွမ်းထန်သည် သူစိတ်ကူးထားသကဲ့သို့ ရက်ချိန်းချိန်း၏ ကပ်လျက်အခန်းကို ငှားရမ်းသွားခဲ့ပြီ မဟုတ်ပါလား။

နောက်ဆုံး မတတ်သာတော့သဖြင့် ငွေသိမ်းစာရေးကို လက်ဖြင့် အချက်ပြကာ ဆိုင်ပြင်သို့ ထွက်လာ၏။ ဆိုင်ရှေ့မှ ကွေ့ပတ်ကာ ရက်ချိန်းချိန်း၏ အခန်းတည့်တည့် ပြတင်းပေါက်ရှိရာသို့ ပြန်လျှောက်သည်။

ထိုအချိန်မှာပင် ရက်ချိန်းချိန်း၏ ပြတင်းပေါက် ပွင့်သွားသဖြင့် ပိုင်လီချောင်မှာ အောက်ခြေ အမှောင်ရိပ်သို့ အလျင်အမြန်ဝင်ခိုလိုက်ရသည်။ ချက်ချင်းလိုလိုပင် ရက်ချိန်းချိန်း၏ ပြူထွက်နေသော ဦးခေါင်း ပြန်ဝင်သွားသဖြင့် ပိုင်လီချောင် ဟင်းခနဲ သက်ပြင်းချမိသည်။

သို့သော် ချက်ချင်းပင် ရက်ချိန်းချိန်း၏ အခန်းထဲမှမီးရောင် ပျောက်ကွယ်သွားပြီး ရက်ချိန်းချိန်း ခုန်ဆင်းလာသည်ကို တွေ့



လိုက်ရလေတော့သည်။

ရက်ချိန်းချိန်းသည် အကျမနာစေရန် မြေပေါ်၌ နှစ်ပတ်သုံးပတ်မျှ လှိမ့်လိုက်ပြီး ဒူးထောက်ထိုင်လိုက်သည်။

ပိုင်လီချောင်သည် တုံ့ဆိုင်းမနေတော့ဘဲ ရက်ချိန်းချိန်းအနီးသို့ ရိပ်ခနဲခုန်ဝင်ကာ ရက်ချိန်းချိန်း၏ လည်ကုပ်သို့ ခပ်ဆတ်ဆတ်ကလေး ခုတ်ချလိုက်တော့၏။

အဖြစ်အပျက်မှာ လျင်မြန်လှသဖြင့် ရက်ချိန်းချိန်းမှာ လုံးဝမရှောင်တိမ်းနိုင်ဘဲ ညည်းသံသဲ့သဲ့ပြုကာ လဲကျမေ့မြောသွားလေတော့သည်။

ပိုင်လီချောင် ပြုံးလိုက်၏။ ထို့နောက် ရက်ချိန်းချိန်းကို ပခုံးပေါ်ထမ်းတင်ပြီး အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

ဩော်. . . ပျားစွဲသော မုတ်ဆိတ်ပါပေတကား။

* * * * *

စီးမင်ကွမ်းထန်သည် နံနက်လင်းသည်နှင့် အိပ်ရာမှထကာ စားသောက်ဖွယ်ရာများ မှာကြား စားသောက်သည်။ သူ့မျက်စိ၊ သူ့နားမှာမူ ရက်ချိန်းချိန်း၏ အခန်း၌သာ ရှိနေသည်။

သို့သော် ရက်ချိန်းချိန်း၏ အခန်းမှ ဘာသံမျှ မကြားရ။ ရက်ချိန်းချိန်း ထွက်လာသည်ကိုလည်း မတွေ့ရပေ။

မွန်းတည့်ချိန် နေနှင့်အတူ စီးမင်ကွမ်းထန်၏ ရင်သည် ပူလောင်လာလေ၏။ အဘယ်ကြောင့်ဆိုသော် ရက်ချိန်းချိန်း မွန်းတည့်ချိန်အထိ ထမင်းထွက်မစားသေးသောကြောင့်တည်း။

ကြာသော် စီးမင်ကွမ်းထန် သည်းမခံနိုင်တော့ပေ။ ငွေသိမ်း စားပွဲသို့ လျှောက်သွားပြီး အမိန့်ပေးလိုက်တော့သည်။

'ဟေ့. . အခန်းဆယ့်သုံးက မိန်းကလေးဟာ ခုထိ ဘာမှမစား ရသေးဘူး ၊ မင်းတို့ သူ့ကို တစ်ခုခုသွားပို့ပေးလိုက်စမ်း၊ သူဆာနေ ရော့မယ်"

"လူကြီးမင်း ခင်ဗျာ၊ ကျွန်တော်ပြောချင်တာက. . "

"ဟေ့. . ဒီမှာ စကားကို ထစ်ထစ်ငေါ့ငေါ့ လုပ်မနေစမ်းပါနဲ့၊ ငါပြောသလို လုပ်စမ်းပါ၊ အခန်းဆယ့်သုံးကို စားသောက်စရာ



တစ်ခုခု ပို့စမ်းပါ"

စီးမင်ကွမ်းထန်က စိတ်မရှည်သလို ထပ်ပြောလိုက်၏။

ငွေသိမ်းစာရေးက.

"လူ. . လူကြီးမင်း မှား. . မှားနေပါပြီ၊ အခန်းဆယ့်သုံးမှာ လူမှ မရှိဘဲခင်ဗျာ"

"ဟေ့. . မင်းအရူးလား၊ ငါကအခန်းဆယ့်နှစ်မှာ ငှားနေ တဲ့ကောင်ကွ၊ အခန်းဆယ့်သုံးမှာ လူရှိသလားမရှိဘူးဆိုတာ ငါ့ထက် ဘယ်သူက ပိုသိနိုင်မှာလဲ"

"အဲဒါကိုက လူကြီးမင်း မှား. . မှားနေတာပါ ခင်ဗျာ၊ ဒီအ ခန်းတွေမှာ ဘယ်သူရှိတယ် မရှိဘူးဆိုတာ ကျွန်တော်တို့ထက် ပိုသိသူမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အခ ကြေးငွေယူပြီး အခန်းငှားစားနေတဲ့ လူမို့လို့ပါ"

"ဒုန်း. ."

စီးမင်ကွမ်းထန်သည် ငွေသိမ်းစာရေး၏ စားပွဲကို ထုလိုက် ရာ စားပွဲပေါ်မှ စာအုပ်များပင် မြောက်တက်သွားလေ၏။

"မနေ့က အဲဒီအခန်းကို မိန်းကလေးတစ်ယောက် ငှားသွား တာငါ့အမြင်ပဲ၊ ဘာဖြစ်လို့ အဲ့ဒီအခန်းထဲမှာ လူမရှိရမှာလဲ"

"မရှိပါဘူးခင်ဗျာ၊ အဲဒီအခန်းဆယ့်သုံးကို ကျွန်တော်တို့က ဘယ်သူ့ကိုမှ မငှားပါဘူးခင်ဗျာ"

စီးမင်ကွမ်းထန် ဒေါသထွက်၍ မဆိုးတော့ပေ။

သူ့မျက်လုံးများ ရဲရဲနီလာသည်။ သူသည် သူတစ်ပါး မျက်ခုံး ပေါ်စကြီလျှောက်ခဲ့သည့် ကြေးစားဓားသမားဖြစ်၏။ ယခု သူ့အား

ဖြောင်ဖြောင်းနေသူကို သူအစိမ်းလိုက် ဝါးစားချင်လာလေသည်။

"မင်းညာတိုင်း ငါကခံရမှာလား"

"ကျွန်တော် မညာပါဘူးဗျာ၊ ဟောဒီမှာ ဧည့်စာရင်းမှတ်တမ်းစာအုပ်"

ငွေသိမ်းစာရေးက ဧည့်စာရင်းမှတ်တမ်းစာအုပ်ကို စီးမင်းကွမ်းထန် ရှေ့သို့ ထိုးပြလေ၏။

စီးမင်ကွမ်းထန် - အခန်း(၁၂)

သူ့နာမည်ကိုတော့ တွေ့ရသည်။ သူ့အလျင် အခန်းဆယ့်သုံးကို ငှားသွားသော ရက်ချိန်းချိန်း၏ နာမည်ကို မတွေ့ရချေ။ အခြား မည်သူတစ်ဦးတစ်ယောက်မျှလည်း အခန်းဆယ့်သုံးကို ငှားမထားကြချေ။

"တွေ့ပြီလား၊ ကျွန်တော်တို့ ဘယ်သူ့ကိုမှ ငှားမထားဘူးဆိုတာ"

စီးမင်ကွမ်းထန် ငိုင်သွား၏။ တစ်ခုခုတော့ အမှားအယွင်းဖြစ်နေပြီဟု နားလည်သဘောပေါက်လိုက်၏။

"ဒါ ဘယ်သူ့အကြံအဖန်လဲ၊ တည်းခိုဆောင်က အကြံအဖန်လား၊ ရက်ချိန်းချိန်းရဲ့ အကြံအဖန်လား"

စီးမင်ကွမ်းထန်သည် နှုတ်ခမ်းတစ်ချက်ကိုက်ကာ စာအုပ်ကို ဗုန်းခနဲ ပိတ်ပစ်လိုက်၏။ ငွေသိမ်းစာရေးရှေ့သို့ ခပ်ကြမ်းကြမ်းတွန်းထိုးပေးလိုက်ရင်း အပေါ်ထပ်လှေကားဆီသို့ ခပ်သွက်သွက်လျှောက်တက်သွားလေတော့၏။

ရက်ချိန်းချိန်း၏ အခန်းကို စစ်ဆေးကြည့်သည်။ အပြင်မှ



သော့ခတ်ထားကြောင်း တွေ့ရသည်။ သဘောကတော့ ဤအခန်း၌ လူမရှိသည့် သဘောပေတည်း။

စီးမင်ကွမ်းထန်ကို ဤအချီးမျိုး ချီး၍မရပေ။ သူသည် သိုင်းလောက အရှုပ်အထွေးများကြား၌ ကျင်လည်ခဲ့သူဖြစ်ရာ အချို့သောလှည့်ကွက်များကို သူကြိုတင်သိမြင်ပြီးဖြစ်ပေသည်။

သူသည် တံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်၏။ သုံးချက်ကန်ရုံဖြင့် သော့ပျက်ပြီး တံခါးပွင့်သွားသည်။ အခန်းထဲသို့ စီးမင်ကွမ်းထန် ခုန်ဝင်သွား၏။

သို့သော်မကြာမီ သူပြန်ခုန်ထွက်လာပြန်သည်။

သူ့မျက်နှာပေါ်၌ ချွေးသီးချွေးပေါက်ကြီးများ ထွက်နေသည်။

သူသည် တွေးမရသောမျက်နှာဖြင့် အပေါ်ထပ်ဝရန်တာ၌ ခေတ္တရပ်နေသေး၏။ ထို့နောက် လှေကားထစ်များကို ကျော်ဆင်းလာတော့သည်။ အောက်ထပ်ရောက်သော် တည်းခိုခန်းခကို ရှင်းပေးလိုက်သည်။

ထို့နောက် ချက်ချင်းပင် ဆိုင်ပြင်သို့ ထွက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်၏။ ထို့နောက် မြင်းဇောင်းရှိရာသို့ သွားပြီး ရှာဖွေသည်။ ရက်ချိန်းချိန်း၏ မြင်းကို တွေ့လိုက်ရသောအခါ စီးမင်ကွမ်းထန် မဲ့ပြုံးပြုံးလေတော့သည်။

နေမွန်းတည့်ချိန်ဖြစ်၍ တည်းခိုခန်း၌ လူရှင်းနေသည်။

စီးမင်ကွမ်းထန်သည် သူ့ကိုလူလည်လုပ်သော ငွေသိမ်းစာရေးအား ဆုံးမရန် ဆိုင်ထဲသို့ ပြန်ဝင်လာ၏။ သူသည် အေးအေးဆေးဆေးပင် ငွေသိမ်းစာရေးရှိရာသို့ လျှောက်သွားပြန်သည်။

ငိုက်မျဉ်းနေသော ငွေသိမ်းစာရေးသည် မျက်လုံးကျယ်သွားမှာန်ဖြင့် စီးမင်ကွမ်းထန်ကို လှမ်းကြည့်သည်။ သူဘာမျှ မလှုပ်ရှားနိုင်မီ စီးမင်ကွမ်းထန်၏ သန်မာသော လက်များက သူ့ရင်ဘတ်အကျီစကို စုစည်းချုပ်ကိုင်သွားနိုင်သည်။

"ခင်. . . ခင်ဗျား၊ ဘာလုပ်တာလဲ"

"ငါဘာလုပ်တာလဲလို့ မမေးခင် ငါကမင်းကို အလျင်မေးစရာရှိတယ်၊ အဲဒါမှန်မှန်ဖြေ"

"ဘာ. . ဘာလဲဗျ"

"ငါ့အလျင် အခန်းဆယ်သုံးမှာငှားသွားတဲ့ မိန်းကလေးရှိတယ်၊ သူအခု အခန်းထဲမှာ မရှိတော့ဘူး၊ ပိုဆိုးတာက **စာရင်း**လဲ အဖျောက်ခံလိုက်ရတယ်"

"ကျွန်. . ကျွန်တော်တို့. . မ. . မငှားပါဘူး"

"သေချင်သလား"

စီးမင်ကွမ်းထန်က ဆွဲယမ်းလှုပ်ခါလိုက်ရာ ငွေသိမ်းစာရေးမှာ သွက်သွက်ခါသွားတော့သည်။

"ကျွန်. . ကျွန်တော် ဘာမှမသိ. ."

"အေး. နောက်တစ်ခါ မသိဘူးလို့ ပြောရဲရင် ပြောကြည့်၊ တကယ့်ကို ဘာမှမသိဘဲဖြစ်အောင် ငါလုပ်ပြလိုက်မယ်"

ငွေသိမ်းစာရေးမှာ စီးမင်ကွမ်းထန်၏ လက်ထဲမှ ရုန်းထွက်ခြင်းငှာ မတတ်နိုင် ဖြစ်နေသည်။

"အဲဒီ ရက်ချိန်းချိန်းဆိုတဲ့ မိန်းကလေး ဘယ်မှာလဲ"

"ကျွန်. . . ကျွန်တော်. . ."



စီးမင်ကွမ်းထန်၏ စူးစူးရဲရဲအကြည့်ကြောင့် ငွေသိမ်းစာရေးမှာ ဆက်မပြောဝံ့တော့ပေ။

တဒင်္ဂအတွင်း ငွေသိမ်းစာရေး၏ မျက်လုံးထဲမှ ထူးခြားသော လှုပ်ရှားမှု တစ်ခုကို တွေ့လိုက်ရာ စီးမင်ကွမ်းထန်သည် လျင်မြန်စွာ ကိုယ်ကို လှည့်လိုက်မိ၏။

သို့သော် သူ မလှည့်နိုင်တော့ချေ။ သူ၏ နောက်ကျောဌ် စူးရှနာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရပြီးနောက် သူ ချောင်းတဟွပ်ဟွပ် ဆိုးလိုက်မိတော့သည်။

ရင်ဘတ်အကျီစကို ဆုပ်ကိုင်ထားသော သူ၏ လက်များသည် တဖြည်းဖြည်း ပြေလျော့ကျသွားသည်။ နောက်ဆုံး ကြမ်းပြင်ပေါ်၌ ဗုန်းခနဲကျကာ သေဆုံးသွားလေတော့သည်။

"ခင်ဗျားလာတာ အချိန်အတော်ပါပဲ၊ ခင်ဗျားသာ ဒီထက်နောက်ကျရင် သူက ကျွန်တော့်ကို သတ်တော့မှာဗျ"

ငွေသိမ်းစာရေးက သူ့အကျီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြီး လှမ်းပြောလိုက်၏။

ပိုင်လီချောင်သည် စီးမင်ကွမ်းထန်၏ နောက်ကျော၌ စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်ပြီး ဓားသွား၌ပေစွန်းနေသည့် သွေးများကို နာမည်ကျော်ဓားသမားကြီး၏ အကျီဖြင့် သုတ်သင်သန့်စင်လိုက်၏။

နာမည်ကျော် ကြေးစားဓားသမားကြီးခမျာ အလစ် လုပ်ကြံခံလိုက်ရပြီး ဘဝနိဂုံးချုပ်သွားခဲ့လေပြီ။

ငွေသိမ်းစာရေးသည် ပိုင်လီချောင်ရှိရာသို့ လျှောက်လာ၏။

ဒီလူက လူကြမ်းပဲ၊ ခင်ဗျား သူ့နောက် ရောက်နေတာကို ကျွန်တော့် မျက်လုံးတွေ ကြည့်ပြီး သိတယ်၊ သူချက်ချင်း. .'

"ဖြန်း. . ."

ပိုင်လီချောင်က လက်ပြန်ရိုက်ချလိုက်ရာ ငွေသိမ်းစာရေးမှာ စကားကို ဆုံးအောင်မပြောနိုင်တော့ဘဲ တစ်ပတ်လည် ထွက် သွားလေတော့၏။

"မင်းအတော် အသုံးမကျတဲ့ကောင်ပဲ၊ ဘာဖြစ်လို့ ရက်ချိန်း ချိန်းရဲ့ မြင်းအကြောင်းကို ငါ့ကို ကြိုမပြောထားတာလဲ၊ ငါသိသိ လေးဦးပေလို့ပဲ"

ငွေသိမ်းစာရေး တုန်တုန်ယင်ယင်ဖြစ်သွားသည်။ သူတုတ် တုတ်မျှ မလှုပ်ရဲတော့ပါ။ ပိုင်လီချောင် ပြောသမျှ ခေါင်းငုံ့ နား ထောင်နေရတော့သည်။

"အဲဒီ မြင်းကိုသာ ဖျောက်ဖျက်ထားနိုင်ရင် စီးမင်ကွမ်းထန်

ဟာ ဘာမှ မစဉ်းစားတတ်အောင် ဖြစ်သွားမယ်၊ သူ့အိပ်မက် ကမ္ဘာထဲ ရောက်နေသလားလို့ ဇဝေဇဝါ ဖြစ်သွားမယ်၊မြင်းကို တွေ့သွားတော့ တည်းခိုဆောင်က သူ့ကို လှည့်ဖြားပြီဆိုတာ ချက်ချင်း တွေးမိသွားတယ်"

ငွေသိမ်းစာရေး ဘာမျှ စောဒကမတက်ရဲပါ။ ခေါင်းငုံ့နေမြဲသာ။

"သူ မြင်းဇောင်းကို ထွက်သွားတဲ့ကိစ္စကို ပထမငါမ သိဘူး၊ နောက်မှ သူဘာကိုကြည့်တယ်ဆိုတာ ငါရိပ်မိတာ၊



သူ့ကို ပေါ့သေးသေးဆက်ဆံလို့မရဘူး၊ သူဟာ ကြေစားဓားသမား စီးမင်ကွမ်းထန်ဆိုတာ မင်းတို့ မသိဘူး မဟုတ်လား"

ငွေသိမ်းစာရေး ခေါင်းငုံ့နေမြဲ။

"အခု ငါတို့ လက်စသိမ်း လုပ်ကြရမယ်၊ အဲဒါ သိရဲ့လား"

"ဒီအလောင်းကို ဖျောက်ဖျက်ပစ်ဖို့ မဟုတ်လားခင်ဗျာ"

"ထွီ. . အသုံးမကျတဲ့ကောင်၊ စားသောက်ဆိုင်ထဲမှာ ရှိနေတဲ့ အလောင်းကြီးကို မဖျောက်ဖျက်ဘဲနဲ့ မင်းက စားသုံးသူတွေ အော့ကြောလန် ပြေးကုန်အောင် ဒီအလောင်းကြီးကို ဆိုင်ထဲမှာ အလှပြထားချင်သေးလို့လား၊ ငါပြောတာက ဒါမဟုတ်ဘူးကွ၊ သွားစမ်းမြန်မြန်၊ မြင်းဇောင်းထဲက မြင်းကို အခုမြင်းသားပေါ်ပေး လိုက်စမ်း"

ငွေသိမ်းစာရေးသည် မြင်းဇောင်းထဲမှ ရက်ချိန်းချိန်း၏ မြင်းကြီးကို မြင်းဇာတ်သိမ်းပေးရန် အပြေးအလွှားထွက်သွား လေတော့သည်။

* * * * *

## အခန်း [၃၅]

## ပျောက်ဆုံးနေသည့်စောင်း

မြင်းလှည်းတစ်စီးသည် ဆိုင်ရှေ့သို့ ထိုးဆိုက်လာ၏။ ပိုင်လီချောင်သည် ငွေသိမ်းစာရေး၏ လက်ထဲသို့ ငွေတုံးကြီး တစ်တုံး ထည့်ပေးလိုက်သည်။ ငွေသိမ်းစာရေး၏ မျက်နှာ ဖြူရော်သွား၏။

"ကျွန်.. ကျွန်တော် လက်မခံပါရစေနဲ့၊ ဒီ.. ဒီဆိုင်ဟာ"

ပိုင်လီချောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ငါသိတာပေါ့၊ ဒီဆိုင်ဟာ သခင်မရဲ့ သတင်းစုံစမ်းရန် ဌာနခွဲပေါင်းများစွာထဲက တစ်ခုပဲဆိုတာ၊ အဲဒီအလုပ်တွေကို ပီပီပြင်ပြင် လုပ်သွားနိုင်ဖို့ကိစ္စမှာ ဒီငွေကို ထုံးစံအတိုင်း ယူတာလဲ တာဝန်ဝတ္တရားတစ်ရပ်ပဲ"

ငွေသိမ်းစာရေးသည် ဘာမျှစောဒကမတက်တော့ဘဲ ပိုင်လီချောင်လှမ်းပေးသည့် ငွေတုံးကို လက်ခံယူလိုက်သည်။

ထိုအချိန်မှာပင် အပေါ်ထပ်မှ လူသုံးယောက် ဆင်းလာလေ၏။ လူနှစ်ယောက်သည် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော



မိန်းကလေးတစ်ယောက်ကို တစ်ဘက်တစ်ချက်စီ ဖေးမဆွဲခေါ်လာ၏။ အနီရောင်ဝတ်စုံ မိန်းကလေးမှာ ရက်ချိန်းချိန်းပင် ဖြစ်တော့သည်။

ရက်ချိန်းချိန်းသည် လူကောင်းတစ်ယောက်ကဲ့သို့ ခေါင်းတိမောင်းတိ လျှောက်နိုင်သည်မဟုတ်ပေ။ သူမ ခြေထောက်များသည် တရွတ်ဆွဲနေသည်။ လူမှာ နုံးခွေနေသည်။ သူမ၏မျက်လုံးများကလည်း၊ တစ်ဝက်ဖွင့် တစ်ဝက်ပိတ်ဖြစ်နေ၏။ သူမအား ဆေးဝါးတစ်စုံတစ်ရာကျွေးထားကြောင်း သိသာပေသည်။

ထိုလူနှစ်ယောက်သည် ရက်ချိန်းချိန်းကို ဖေးမတွဲခေါ်သွားကြ၏။ ဆိုင်ရှေ့ရောက်နေသော မြင်းလှည်းထဲသို့ ထည့်လိုက်ကြသည်။ ရက်ချိန်းချိန်း မထိုင်နိုင်ပေ။ လဲကျသွားသည်။ သယ်ဆောင်ပို့ပေးကြသည့် လူနှစ်ယောက်သည် မြင်းလှည်းတံခါးကို ပိတ်ပစ်လိုက်သည်။

ရက်ချိန်းချိန်းတစ်ယောက် သူ့ဆရာမကိုရှာဖွေရင်း ဆရာမ၏ လမ်းကြောင်းအတိုင်း လျှောက်ရရှာလေပြီ။

* * * * *

တိမ်ဆက်တောင်

တိမ်ဆက်တောင်သည် ကောင်းကင်ယံ၌ လွင့်နေသလို ဖြစ်နေသည်။

မြင့်မားသောတောင်၊ သစ်ပင်ကြီးများ ပြည့်နှက်လွှမ်းခြုံနေသောတောင်။

ထိုက်ချင် ကလေးဘဝတစ်လျှောက်လုံး ပျော်ပါးဆော့ကစားခဲ့သည့်တောင်၊ ထိုက်ချင်သည် တိမ်ဆက်တောင်ကြီးကို တွေ့လိုက်သောအခါ စိတ်ထဲမှ ဝမ်းနည်းဝမ်းသာ ခံစားလာရသည်။

သူ့အနေဖြင့် ဆရာတော်ခွင့်ပေးသည့် အချိန်ကာလအပြည့်အဝ မြေပြန့်၌ နေရမည်ဟု မျှော်လင့်ခဲ့သည်။ ယခုမူ သူသည် လပိုင်းအတွင်း တိမ်ဆက်တောင်သို့ ပြန်လာခဲ့ရသည်။

ထိုက်ချင်သည် တိမ်ဆက်တောင်သို့ မြင်းဖြင့် ခရီးနှင်ခဲ့ရသည်။ ဆံဖြူဘွားဘွားက မြင်းကောင်းတစ်စီးကို စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ သူမသည် ထိုက်ချင်ကို တိမ်ဆက်တောင်သို့ အမြန်ဆုံးရောက်စေလိုသည်။

သို့သော် တောင်ခြေသို့ရောက်သောအခါ ထိုက်ချင်သည် မြင်းကို တောင်ခြေသစ်ပင်တစ်ပင်တွင် ချည်နှောင်လိုက်သည်။



တောင်ပေါ်သို့ သူမြင်းဖြင့်မတက်လိုပေ။ သူတို့၏ဆရာ စောင်းပိုက်ဆရာတော်သည်ပင် တောင်ပေါ်သို့ မြင်းဖြင့် တစ်ကြိမ်တစ်ခါမျှ မတက်ခဲ့ဖူးပေ။

ထိုက်ချင်သည် တောင်တက်လမ်းအတိုင်း တောင်ပေါ်သို့ အားပါးတရ ပြေးတက်လေတော့၏။ အကွေ့အချိုးအဆစ်များများစွာဖြတ်ကျော်ပြီးလျှင် ဆရာတော်၏ကျောင်းနှင့် သိပ်မဝေးတော့ပေ။

ထိုက်ချင်သည် တောင်ချိုးလမ်းကလေးကို ပြေးလွှားကျော်တက်လိုက်၏။

"ဟာ. . ."

လမ်းဘေး ကျောက်တုံးတစ်တုံးပေါ်တွင် လူတစ်ယောက်ထိုင်နေသည်ကို ဘွားခနဲတွေ့လိုက်ရသဖြင့် ထိုက်ချင်သည် သူ၏အပြေးရှိန်ကို ကပျာကယာ ရပ်တန့်လိုက်ရလေ၏။

ထိုက်ချင်ပြုံးလိုက်သည်။ လက်နှစ်ဘက်ကိုယှက်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဂိုဏ်းတူအစ်ကိုကြီး. . . နေကောင်းပါရဲ့နော်"

ထိုက်ချင်က သူ၏ဂိုဏ်းတူအစ်ကိုကြီးအား ညွှတ်နူးရိုသေစွာ နှုတ်ဆက်လိုက်သည်။ ထိုသူကား ထိုက်ချင်၏ ပညာသင်ဘက်ထိုက်ကွမ်ဖြစ်ပေသတည်း။

ထိုက်ကွမ်က ကျောက်တုံးပေါ်ထိုင်ရင်း ထိုက်ချင်ကို စူးစူးဝါးဝါးကြည့်သည်။ စူးစမ်းသလိုကြည့်သည်။ ထို့နောက် နှုတ်ခမ်းထောင့်စွန်းကလေးကွေးရုံ ပြုံးသည်။ သူ့အပြုံးက မဲ့ပြုံး။

"မင်းတကယ့်လူပဲ၊ ရက်ပိုင်းလပိုင်းကလေး မြို့ရောက်သွားတယ်၊ ချက်ချင်းမြို့ကြီးသားဖြစ်သွားတယ်၊ ဟန်ပန် အမူအရာက အစပဲ၊ ဟင်း. . . ဟင်း. . . ဟင်း၊ ငါတို့က ခုထက်ထိ မြို့ကြီးသားမဖြစ်သေးဘူး၊ တောင်ပေါ်သားဘဝပဲ ရှိသေးတယ်"

ထိုက်ကွမ်၏စကားက အနှောင့်အသွားမလွတ်ပေ။ ဆရာကို စော်ကားလိုသည့် စကားအရိပ်အယောင်လည်း ပါသေးသည်။ ထို့ကြောင့် ထိုက်ချင်ဒေါသထွက်သွား၏။ သို့သော် သူ့ ဒေါသကို ထိန်းသည်။

"အစ်ကိုကြီးက တောင်ပေါ်က မဆင်းရလို့ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာလား၊ မကြာခင် အချိန်အတွင်းမှာ အစ်ကိုကြီးလဲ တောင်ပေါ်က ဆင်းခွင့်ရတော့မှာပါ"

"ဘာလဲ. . . နှစ်တစ်ရာကြာမှ ဆင်းရမှာလား"

ထိုက်ချင် ခေါင်းယမ်းလိုက်၏။

"အစ်ကိုကြီး အဲဒီလိုတော့ မပြောသင့်ပါဘူး၊ တကယ်လို့ ဆရာတော်က နှစ်တစ်ရာကြာမှ ဆင်းရမယ်ဆိုရင်လဲ အစ်ကိုကြီးအနေနဲ့ ပျော်ပျော်ကြီး စောင့်ကြည့်သင့်ပါတယ်"

"မင်းကတော့ ပြောအားရှိတာပေါ့"

"ကျွန်တော်ကတော့ စောင့်ဆို စောင့်နေမှာပါ၊ ဆရာတော်က ကျွန်တော်တို့ရဲ့ ကျေးသဖခင်ပဲ"

"ဟင်း. . ဟင်း. . ဟင်း. . ဟုတ်ပါတယ်လေ၊ နှစ်တစ်ရာဆိုတာကလဲ ဘာကြာတာမှတ်လို့ကွာ၊ ကဲ. . လာ. . . လာ၊ ငါက မင်းကို လာကြိုနေတာ



ထိုက်ကွမ်၏ စကားကို ကြားလိုက်ရသောထိုက်ချင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အလွန်တရာ အံ့ဩသွားသည်။

"အစ်ကိုကြီး ဒီမှာသက်သက်လာထိုင်နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မင်းကိုလာကြိုနေတာ"

"ကျွန်တော့်ကို. . ."

"ဟုတ်တယ်၊ ဆရာတော်က မင်းကို သွားကြိုဆိုလို့ ငါဒီက ထိုင်စောင့်နေတာ၊ မင်းလာရင် ဒီလမ်းကပဲ လာမယ်ဆိုတာ ငါသိတယ်"

ထိုက်ချင် အလွန်အံ့ဩသွားသည်။ သို့သော် ဆက်မမေးတော့ဘဲ ထိုက်ကွမ်၏နောက်မှ တိတ်ဆိတ်စွာ လိုက်သွားတော့သည်။

"အင်း. . တော်တော်ထူးဆန်းတာပဲ၊ ငါပြန်လာတာကို ဆရာတော်က ဘယ်လိုများ ကြိုသိနေသလဲ မသိဘူး"

ထိုစကားကို ထိုက်ချင်သည် ရင်တွင်းမှ ပြောမိလေသည်။

ထိုစဉ် ထိုက်ကွမ်က ထိုက်ချင်ကို လှည့်ကြည့်လိုက်ပြီး. . .

"ဒါနဲ့ ဆရာ့ကို လက်ဆောင်ပေးဖို့ မင်း ဘာတွေများ ဝယ်လာခဲ့သလဲ"

ထိုက်ချင်က ခေါင်းခါပြလိုက်၏။

"ညီလေးက ရုတ်တရက် ပြန်လာရတာပါ၊ ဒီတော့ ဆရာတော့်အတွက် ဘာမှမပါပါဘူး"

ထိုက်ကွမ် ရှုံ့မဲ့သွား၏

"ဟင်း. . ကိုယ့်ကျေးဇူးရှင် ဆရာသခင်အတွက်တောင် ဘာလက်ဆောင်မှ မပါတာ၊ ငါတို့လို ညီအစ်ကိုတွေအတွက် ဆိုရင်တော့ ဝေလာဝေးပဲပေါ့၊ တကယ့်ကို ချစ်စရာကောင်းတဲ့ ညီလေးပဲ"

ထိုက်ကွမ်က ငေါ့တော့တော့ ရွတ်ချပြောဆိုသော်လည်း ထိုက်ချင်က သူ့အစ်ကိုအား အပြစ်မတင်ပေ။ သူ့ အစ်ကိုက သူ့အား မည်သည့်အခါကမျှ အကောင်းပြောခဲ့ခြင်း မရှိရာ ယခု ရွတ်ချပြောခြင်း အတွက်လည်း သူ့စိတ်ထဲ၌ မည်သို့မျှ မခံစားရပေ။

"နောက်တစ်ခေါက် ဆိုရင်တော့ အစ်ကိုကြီးအတွက် ညီလေး သေသေချာချာဝယ်ခဲ့ပါမယ် အစ်ကိုကြီး"

မကြာမီ သူတို့သည် စောင်းပိုက်ဆရာတော်၏ ကျောင်းသို့ ဆိုက်ရောက်လာကြလေတော့၏။

ထိုက်ကွမ် ကျောင်းထဲသို့ မဝင်သဖြင့် ထိုက်ချင်က လှမ်းမေးသည်။

"အစ်ကိုကြီး. . . ဆရာတော် ကျောင်းထဲမှာ မရှိဘူးလား"

ထိုက်ကွမ်က ကျောင်းအထက်ရှိ တောင်တက်လမ်းကို ညွှန်ပြရင်း. . .

"ဆရာတော်က မင်းကို ဂူထဲကစောင့်နေတယ်"

"လာလေ၊ အစ်ကိုကြီးပါ လိုက်ခဲ့ပေါ့"

"ဟင့်အင်း. . . ငါမလိုက်တော့ဘူး"



ထိုက်ကွမ်သည် ကျောင်းဘေးသို့ ကွေ့ထွက်သွား၏။

ထိုက်ချင်က ထိုက်ကွမ်၏ကျောပြင်ကို ငေးကြည့်ကာ ဟင်းခနဲ သက်ပြင်းချလိုက်လေတော့သည်။

"ဩော်. . အစ်ကိုကြီး. . အစ်ကိုကြီး၊ ခုထိ ကလေးစိတ်ထားတုန်းပဲကိုး"

သူသည် ချာခနဲလှည့်ကာ တောင်ပေါ် ဆက်တက်ခဲ့၏။ အထက်တွင် ဆရာတော်တရားထိုင်ရာ ကျောက်ဂူကြီးရှိသည်။

ထိုက်ချင်သည် ခပ်သွက်သွက်ပြေးတက်လာခဲ့ရာ အံ့ဩဖွယ်ရာကောင်းလောက်အောင် လက်ရာမြောက်လှသည့် ကျောက်ထွင်းပန်းချီကားချပ်ကြီးရှေ့သို့ ရောက်ရှိလာလေ၏။ သာမာန်အားဖြင့် ကြည့်လျှင် ထိုအရာကိုပန်းချီကားချပ်ကြီးဟု ထင်ရသော်လည်း ဂူတံခါးကြီးသာဖြစ်သည်။ ဆရာတော်သည် ထိုဂူကြီးအတွင်း၌ တရားထိုင်လေ့ရှိ သည်။

ထိုက်ချင်သည် ကျောက်တံခါးရှေ့၌ လက်အုပ်ချီပြီး ခြေစုံရပ်လိုက်၏။

ထိုစဉ်. . .

"ဟဲ့. . . ထိုက်ချင် မဟုတ်လား၊ ဝင်ခဲ့စမ်း"

အတွင်းမှ လိုက်သံပါသော ဆရာတော်၏အသံကို ကြားလိုက်ရမှ ထိုက်ချင်သည် ကျောက်ထွင်းပန်းချီတံခါးကြီးကို လက်ဖြင့် တွန်းဖွင့်ပြီး အတွင်းသို့ဝင်သည်။

ကျောက်ဂူကြီးမှာ အတော်ပင်ကျယ်ဝန်းသည်။ ကျောက်ဂူထဲ၌ အခန်းနှစ်ခန်းပိုင်းခြားထား၏။ တစ်ခန်းမှာ ဆရာတော် ကျိန်းစက်

ရာဖြစ်ပြီး တစ်ခန်းမှာ တရားထိုင်ရာ အခန်းဖြစ်သည်။ အလင်းရောင်ရစေရန် ကျောက်ဂူ အထက်ပိုင်း၌ ရွှေ့ဖောင်းသော အပေါက်များ ဖောက်ထားပြီး ညဘက် အလင်းရောင်ရစေရန် ညလင်းပုလဲအချို့ကို အခန်းနံရံများ၌ မြှုပ်ထား၏။

ဆရာတော်သည် မြက်ဖျာတစ်ချပ်ပေါ်၌ တင်ပျဉ်ခွေထိုင် လျက်ရှိနေ၏။

ထိုက်ချင်က ဆရာတော်ကို ဦးညွှတ် ရှိခိုးလိုက်လေ၏။ သူသည် ဆရာတော်အား ရှိခိုးတိုင်း ရိုသေကြည်ညိုစွာ ရှိခိုးလေ့ ရှိပေသည်။

ထိုက်ချင်က ဆရာတော်ရှေ့ ဒူးထောက် ထိုင်နေရာမှ. . .

"ဆရာတော်. . တပည့်တော် ပြန်လာပါပြီ ဘုရား"

စောင်းပိုက် ဆရာတော်က ခေါင်းညိတ်လိုက်၏။

"သက်သာသလိုထိုင် တပည့်၊ ခရီးပြင်း နှင်လာရတော့ ပင် ပန်းတာပေါ့"

ဆရာတော်သည် တံခါးဝသို့ ဖြည်းညင်းစွာ လျှောက်သွား ပြီးနောက် ကျောက်တံခါးကြီးကို ဖြင်းညင်းစွာ ပိတ်လိုက်၏။

ထိုက်ချင်က ဒူးတုပ်ထိုင်မြဲ။

ဆရာတော်သည် ထိုက်ချင်ရှိရာသို့ ပြုံးပြုံးရွှင်ရွှင်ပင် လျှောက် လာသည်။

"ငါ ဒီမှာ စာချကြည့်ပြီးပြီ တပည့်"

"တပည့်တော်အတွက်လား ဘုရား"

"အိမ်း. . . မင်းအတွက်ပေါ့။ ငါစာချတော့ မင်းဟာ သူတစ် ပါးကို ကူညီဖို့ ငှာနေကို ပြန်ရောက်လာလိမ့်မယ်လို့ အဟော



ထွက်တယ်၊ ဒါကြောင့် မင်းကို ကြိုဖို့ ထိုက်ကွမ်ကို လွှတ်ထား တာ၊ သူစောင့်နေတာ နှစ်ရက်တောင်ရှိနေပြီ"

"ဩော်. . . ဒါကြောင့်ကိုး"

သူ့ရင်ထဲမှ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ထိုက်ကွမ်က သူ့ကို လာကြိုနေသည် ဆိုသဖြင့် သူအံ့ဩခဲ့ရသည် မဟုတ်ပါလော။ ယခုတော့ သိရပါပြီ။ ဆရာတော်က စာချကြည့်ပြီး သူ ပြန်အလာကို စောင့်ခိုင်းခြင်းသာ။

"ဆရာတော်. . . တပည့်တော် အခုပြန်လာတာဟာ အိုမေ ဂိုဏ်းချုပ်ကြီး ဆံဖြူဘွားဘွားကွေ့မိန်က စေခိုင်းလိုက်လို့ပါ"

စောင်းပိုက်ဆရာတော်၏ မျက်နှာ၌ အပြုံးရိပ်များရှိနေ ဆဲပင်။

"အိမ်း. . ငါ့တပည့် လူတော်ပဲ၊ အိုမေ ဂိုဏ်းချုပ်ကြီးနဲ့ တောင်သိကျွမ်းနေပြီကိုး"

"ကံအားလျော်စွာ တိုက်ဆိုင်ကြုံကြိုက်ပြီး သိတာပါဘုရား"

ထိုက်ချင် ကွေ့မိန်ပေးလိုက်သည့်စာကို ထုတ်ယူပြီး ဆရာ တော်အား ဆက်ကပ်လိုက်၏။

"ဘွားဘွားက ပြောလိုက်ပါတယ်၊ စာကို ဖတ်ပြီးရင် ဆရာ တော်သဘောပေါက်ပါလိမ့်မယ်တဲ့၊ စာကို ဆရာတော်လက်ထဲ ရောက်အောင် ပေးဖို့ပဲ မှာကြားပါတယ်"

ဆရာတော်က စာကို တိတ်ဆိတ်စွာ ဖတ်သည်။

ပြီးမှ . . . .

"စာကတော့ ငါ့ကို သူနဲ့အတူ ရေနက်ချောက်ကမ်းပါးကို

လိုက်ခဲ့ဖို့ ဖိတ်တဲ့စာပဲ"

ဆရာတော်က စာကို ဖျက်ဆီးပစ်လိုက်သည်။

ထိုက်ချင်သည် ဝမ်မြောင်သခင်မ၊ ရေနန်းတော်၊ ရေနက်ချောက်ကမ်းပါးဆိုသည့် နာမည်များကို အတော်အတန်ကြားဖူးခဲ့လေပြီ။ သို့သော် ကြားဖူးရုံမျှအပ အခြားဘာမျှမသိပေ။

"ဆရာတော်..အဲဒီ ဝမ်မြောင်ဆိုတဲ့ မိန်းမဟာ သိပ်ပြီးကြောက်စရာ ကောင်းနေသလားဟင်"

ဆရာတော်က ကျောက်တံခါးဆီသို့ ငေးကြည့်နေပြီးမှ ဖြည်းညင်းစွာ ပြောသည်။

"လူလူချင်းပဲ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊ ဒါပေမယ့်"

နောက်ဆက်တွဲ စကားသည် ဝမ်မြောင်သခင်မ၏ ထူးခြားသော စွမ်းရည်ဖြစ်လိမ့်မည်ဟု ထိုက်ချင် တွေးသည်။

"ဒါပေမယ့် ဝမ်မြောင်ရဲ့ ကောက်ကျစ်တဲ့ စိတ်ဓာတ်ကတော့ လက်ဖျားခါဖို့ ကောင်းတယ်၊ ကိုယ့်စိတ်ထဲမှာ သူ ဒီလိုကောက်ကျစ်ယုတ်မာလိမ့်မယ်လို့ တွေးထားပြီး ပြင်ဆင်သွား၊ ဟိုရောက်တော့ သူက ကိုယ်ထင်ထားတာတက် ပိုပြီး ကောက်ကျစ်ယုတ်မာထားတာကို တွေ့ရတတ်တယ်၊ နောက်ဆုံး သူ ဘယ်လိုကောက်ကျစ်ယုတ်မာလိမ့်မယ်ဆိုတာတောင် ကိုယ်က မမှန်းဆတတ်ဘဲ ဖြစ်သွားရတတ်တယ်"

"သူက သိုင်းလောကနဲ့ ဘယ်လိုပတ်သက်ပါသလဲ ဆရာတော်"

"ပတ်သက်တယ်၊ အခုတလော သူ့နာမည်ကို ခဏခဏကြားလာရတယ်၊ ငါအခု သတင်းတစ်ခု ကြားထားတယ်၊ သူဟာ



ပိုက်ရိုတောင်ကြောကို ခြေကုတ်ယူပြီး ကျုံဝမ်းက သိုင်းလောကကို ချုပ်ကိုင်ဖို့ ကြိုးစားနေသတဲ့"

တကယ်တော့ ထိုက်ချင်သည် သိုင်းလောက အရှုပ်အထွေးကို နားမလည်သေးပါ။ ယခုမှ သိုင်းလောကထဲ ခြေချနင်းသူဖြစ်ပါသည်။

"ဒါနဲ့ ဆရာတော်က ဘွားဘွားရဲ့ ဖိတ်ကြားချက်ကို လက်ခံမှာလားဟင်"

ဆရာတော်က ခေါင်းညိတ်၏။

"လက်ခံရမယ် တပည့်ရဲ့"

ထိုက်ချင် အံ့ဩသွားသည်။ ဆရာတော်သည် သိုင်းလောကနှင့် ထိထိစပ်စပ်နေလေ့မရှိဟု သူ ထင်ထားသောကြောင့် ဖြစ်သည်။

ဆရာတော်သည် ထိုက်ချင်၏ မျက်နှာပေါ်မှ အမူအရာကို ကြည့်ပြီး....

"ကူညီရမယ် တပည့်ရဲ့၊ သူနဲ့ငါတို့ဟာ တစ်ဦးကို တစ်ဦး ကူညီကြမယ်လို့ ကတိထားဖူးခဲ့ကြတယ်၊ ကူညီမှုဟာ မကောင်းမှုကို အားပေးတာမျိုးမဖြစ်စေရဘူးဆိုတဲ့ ကန့်သတ်ချက်လဲ ပါတယ်၊ ငါ့ဒီကိစ္စမှာ မပါပါအောင်လို့ ဆော်နေတဲ့ အချက်တစ်ချက်ကလဲ ပါနေတော့ ငါဘယ်လိုမှ မကူညီဘဲမနေနိုင်တော့ဘူး"

ထိုက်ချင်အံ့ဩသွားသည်။

"ဘာများလဲ ဆရာတော်ဘုရား"

"ငါရှာနေတဲ့ ရှေးဟောင်း စောင်းတစ်လက်ဟာ ဝမ်မြောင်

ဆီမှာ ရှိနေတယ်လို့ ကွေ့မိန်ကရေးထားတယ်၊ ဒီစောင်းဟာ ငါ့ အတွက် အင်မတန်အရေးကြီးတယ်”

ထိုက်ချင်သည် သူ့ဆရာတော်ထံမှ စောင်းအကြောင်းကြားဖူးခြင်းမှာ ဤအကြိမ် ပထမအကြိမ်သာဖြစ်သည်။ ထို့ကြောင့် စိတ်ဝင်စားစွာ ပြောလိုက်မိသည်။

“ရှေးဟောင်းစောင်း ဟုတ်လား၊ ဆံဖြူဘွားဘွား ကွေ့မိန်ကတော့ မေးဖူးပါတယ်၊ မင်းဆရာရဲ့ ပျောက်ဆုံးသွားတဲ့ ရှေးဟောင်းစောင်းကို တွေ့ပြီလားတဲ့၊ တပည့်တော်ကတော့ ဆရာတော်ဆီက ဒီအကြောင်း တစ်ကြိမ်တစ်ခါမှ မကြားဖူးတဲ့အတွက် မသိပါဘူးလို့ ပြောလိုက်မိပါတယ်”

ထိုက်ချင်၏စကားကြောင့် စောင်းပိုက်ဆရာတော်၏ မျက်နှာမှာ ညှိုးရော်သွားသည်။

“အိမ်း. . . ပြောကြိမ်ကြုံတော့ ပြောရတာပကွယ်”

ဆရာတော်က သက်ပြင်းချလိုက်၏။

“ဟင်း. . . ဒီကျောင်းမှာ ကျောင်းထိုင်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ထားခဲ့တဲ့ ရှေးဟောင်း စောင်းတစ်လက်ရှိခဲ့ဖူးတယ်”

“ဘွားဘွားကွေ့မိန်ကလဲ ဒီသဘောမျိုးပဲ ပြောပါတယ်”

“အိမ်း. . . ငါ့ဆရာ ထိန်းသိမ်းဖို့ တာဝန်ရှိချိန်မှာ ပျောက်ဆုံးတာတော့ မဟုတ်ပါဘူး”

“ဘယ်တုန်းက ပျောက်သွားတာလဲဘုရား”

“ငါငယ်ငယ်တုန်းကပဲ၊ ငါကလေးဘဝရှိစဉ်လောက်မှာ



ပျောက်ဆုံးသွားခဲ့တာ”

“စောင်းက ဘယ်လိုစောင်းမျိုးလဲဘုရား”

“တရုတ် ဗျပ်စောင်းပေါ့ကွယ်၊ ရှေးဟောင်း တရုတ်ဗျပ်စောင်းပေါ့၊ ဒီစောင်းရဲ့ပိုင်ရှင်ကတော့ ဘုရင်မ လျှံလျှံပဲ၊ စောင်းရဲ့ကိုယ်ထည်ကို ဘာနဲ့လုပ်ထားမှန်း ဘယ်သူမှမသိဘူး၊ နောက် ထူးခြားချက်က စောင်းကြိုးပဲ”

“တခြားစောင်းတွေနဲ့ ကွဲပြားလို့လားဘုရား”

“ကွဲပြားတာပေါ့၊ သာမန်စောင်းတွေမှာ စောင်းကြိုး ခြောက်ကြိုးပဲရှိတယ်၊ သာမန်စောင်းကြိုးထက် သူကသုံးကြိုးပိုတယ်၊ တုံးဟိုင်ဒေသက ပင်လယ်နဂါးရဲ့အကြောနဲ့လုပ်ထားတာ၊ စောင်းတစ်ခုလုံးကိုကြည့်လို့ကတော့ နှစ်ခြိုက်မက်မောစရာမရှိဘူး၊ အထင်ကြီးစရာမရှိဘူး၊ လမ်းဘေးမှာ တွေ့ရင်တောင် ခြေဆော့လက်ဆော့လုပ်မယ့် လူကလွဲပြီး တခြားဘယ်သူမှ ကောက်ယူချင်မှာ မဟုတ်ဘူး”

ထိုက်ချင်မှာ ထိုစောင်းကို အလွန်စိတ်ဝင်စားနေသည်။

“ဆရာတော်ဘုရား. . . ဒီ နာမည်ကျော်စောင်းဟာ ထူးခြားချက်တော့ ရှိရမှာပေါ့၊ မရှိဘဲနဲ့ ဘယ်သူတွေက ဒီစောင်းကို စိတ်ဝင်စားမှာလဲ”

“အိမ်း. . . ရှိတာပေါ့၊ သိပ်ရှိတာပေါ့၊ တူရိယာပစ္စည်းဆိုတာ လူသားတွေရဲ့ ခံစားမှုတွေ၊ လောကသဘာဝအရ ထွက်ပေါ်နေတဲ့ အသံတွေကို စောင်းကြိုးက ထွက်ပေါ်လာတဲ့အသံနဲ့ ပေါင်းစပ် ဖော်ထုတ်တာပဲ၊ ဒီစောင်းကဖော်ထုတ်တဲ့ အသံက တခြားစောင်းက

ဖော်ထုတ်တဲ့ အသံတွေထက် ထူးခြားမှုရှိတယ်၊ ဆိုလိုတာက တခြားစောင်းတစ်ခုခုက ဝမ်းနည်းစရာကောင်းတဲ့ သံစဉ်တစ်ခုကို တီးခတ်ရင် သာမာန်လောက်ပဲ ဝမ်းနည်းစရာဖြစ်ပေါ်လာလိမ့်မယ်၊ ဒီစောင်းနဲ့တီးခတ်ရင်တော့ တကယ်ပဲ လှိုက်လှိုက်လှဲ့လှဲ့ခံစားရပြီး မျက်ရည်ကျရ လိမ့်မယ်၊ ကြောက်တာ၊ မုန်းတာ၊ ဒေါသဖြစ်တာတွေကိုလဲ ဒီစောင်းနဲ့ ဖော်ထုတ်နိုင်တယ်၊ အင်မတန်ထူးခြားတဲ့ စောင်းပေါ့ကွယ်"

"ထူးဆန်းတယ်နော်၊ ဘယ်တုန်းက ပျောက်သွားတာလဲ ဆရာတော်"

"ငါရဲ့ ဆရာ လက်ထက်မှာပဲ ပျောက်တာပဲ၊ မင်းရဲ့ဂိုဏ်းတူဆရာဘိုးဘိုးလက်ထက်ပေါ့၊ ချီချုံတောင် အပြန်လမ်းမှာ ပျောက်သွားတာ၊ ဆရာက သိပ်စိတ်ထိခိုက်သွားတယ်၊ ဆရာ အစဉ်အဆက် ထိန်းသိမ်းခဲ့တာ တစ်ကြိမ်တစ်ခါမှ အပျောက်မရှိခဲ့ဖူးဘူး၊ သူ့ လက်ထက်ကျမှပျောက်တာ သိပ်ခံစားရတာပေါ့၊ ဆရာဟာ သူ့ဘဝတစ်သက်မှာ ဒီစောင်းကိုပြန်ရှာနိုင်မယ်လို့မထင်တော့တဲ့ အခါကျမှ ငါ့ကို 'စောင်းပိုက်' လို့ နာမည်ပေးပြီး ဒီစောင်းကို မတွေ့တွေ့အောင် ရှာဖို့ တာဝန်ပေးခဲ့တယ်"

"ဆရာတော်လဲ ဒီစောင်းကိုပဲ ရှာနေခဲ့တာ မဟုတ်လား"

ဆရာတော်က အဝေးသို့ မျှော်ကြည့်လိုက်၏။ သူမည်မျှ မျှော်ကြည့်ကြည့်၊ အပြင်လောကအလှကိုတော့ တွေ့လိမ့်မည် မဟုတ်ပါ။ ကျောက်တံခါးကိုသာ တွေ့ပါလိမ့်မည်။ သို့သော် အတွင်းစိတ်သန္တာန်၏အမြင်ကမူ ကျောက်တံခါးကို ဖောက်ထွင်းပြီး



အတိတ်ကို မြင်ယောင်နေဟန်ရှိ၏။

"တပည့်. . . ငါဆရာ တောင်ပေါ်ကဆင်းသွားသမျှ ခရီးစဉ်တိုင်းဟာ ဒီရှေးဟောင်းစောင်းကို ရှာတဲ့ခရီးစဉ်ချည်းပဲကွယ့်၊ ဆရာက ငါ့ကို တာဝန်ပေးပြီးတဲ့နောက်ပိုင်းမှာ ငါဟာ ဒီစောင်းကိုပဲ စိုက်လိုက်မတ်တတ်ရှာဖွေခဲ့တယ်၊ ဒီစောင်းကိုရရင် တမလွန်ဘဝကဆရာ စိတ်ချမ်းသာဖို့အတွက် ငါတိုင်တည်ချင်လွန်းလို့ပါ"

"ဆရာတော်. . . အခု ဘွားဘွားကွေ့မိန်က ပေးလိုက်တဲ့ စာထဲမှာ ရှေးဟောင်းစောင်းကြီးက ဝမ်ပြောင်သခင်မရဲ့ လက်ထဲမှာရှိနေတယ်လို့ ရေးထားတယ်နော်၊ ဒီသတင်းကို ဆရာတော်က မရဘဲ သူက ဘယ်နှယ့်ရထားရသလဲမသိဘူး"

"ကွေ့မိန်က အတိအကျမပြောပါဘူး တပည့်ရဲ့၊ သတင်းကြားရတယ်လို့သာ ပြောတာပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ငါက စောင်းနောက်လိုက်နေတဲ့လူပဲ၊ အရင်က စောင်းနောက်လိုက်နေတာကလဲ ဒီသတင်းကြားနဲ့ လိုက်ခဲ့ရတာပဲ၊ တွေ့လို့တွေ့ပြားပေါ့တပည့်ရယ်၊ စောင်းက ခြေရာခံလို့ မရအောင်ကို စုပ်စမြုပ်စ ပျောက်သွားခဲ့ရတာကိုး"

"ဘွားဘွားကွေ့မိန် သတင်းကြားရတယ်ဆိုတဲ့ နေရာမှာ အကြောင်းအချက်တော့ ရှိရမှာပေါ့ဘုရား၊ သာမန်သတင်းကြားတယ်လို့ ပြောတယ်ဆိုရင်တော့ ဆရာတော့် အကူအညီလိုလို့ တမင်မက်လုံးပေးပြီး ခေါ်တာပဲ ဖြစ်မယ်ထင်တယ် ဘုရား"

ဆရာတော် ပြုံးလိုက်၏။ တပည့်ဖြစ်သူ၏ တွေးခေါ်စဉ်းစား

မှုကိုလည်း စိတ်ထဲမှ ကျိတ်၍ချီးကျူးလိုက်၏။

"ကွေ့မိန်ဟာ မဟုတ်မမှန်တာကိုတော့ ပြောတတ်ပါဘူး။ ငါ့အကူအညီသက်သက်ကိုလိုအပ်ရင် သူစောင်းအကြောင်းမပြောဘဲ အကူအညီတောင်းမှာပေါ့၊ ငါတို့က ကူညီဖို့နှစ်ဦးနှစ်ဖက်ကတိပြုထားခဲ့တဲ့လူတွေပဲ၊ မက်လုံးမပေးလဲ ငါက ကူညီရမှာပါ။ ရေနက်ချောက်ကမ်းပါးထိပ်မှာ ထိုင်ပြီး မိန်းမတစ်ယောက် စောင်းတီးနေတာကို သိုင်းလောကထဲမှာ ပြောကြားနေကြတာပဲ၊ အဲဒီမိန်းမဟာ လသာတဲ့ညမှာသာ အဲဒီစောင်းကို တီးသတဲ့၊ ရေနက်ချောက်ကမ်းပါးဟာ ဝမ်မြောင်ရဲ့ ပိုင်နက်ဒေသပဲ၊ အဲ့ဒီ စောင်းတီးတဲ့မိန်းမဟာ ဝမ်မြောင်ကလွဲလို့ တခြားသူ မဖြစ်နိုင်ဘူးတဲ့၊ နောက်ပြီး သူ့စောင်းသံဟာ အင်မတန်မှ ခံစားချက် ပေါ်လွင်အောင်တီးခတ်နိုင်သတဲ့၊ ဒါကြောင့် အဲ့ဒီစောင်းဟာ ငါတို့တိမ်ဆက်တောင်က ပျောက်သွားတဲ့ စောင်း ဖြစ်နိုင်တယ်လို့ ကွေ့မိန်က ရေးလိုက်တာပါ"

ဆရာတော်က စောင်းနှင့် ပတ်သက်သမျှ ပြည့်ပြည့်စုံစုံ ရှင်းပြပြီးနောက် ထိုက်ချင်အား စူးစူးစိုက်စိုက်ကြည့်ပြီး မေးမြန်းလိုက်လေ၏။

"နေပါဦး မင်းကကော၊ ကွေ့မိန်နဲ့ ဘယ်လိုတွေ့ပြီး သူက ဒီစာကို ပေးလိုက်ရတာလဲ"

ထိုက်ချင်က သူတောင်ပေါ်က ဆင်းသွားပြီးနောက် တွေ့ကြုံရသည့် အဖြစ်အပျက်များအားလုံး အစီအစဉ်တကျ ရှင်းပြလိုက်လေ၏၊

* * * * *



## အခန်း [၃၆]

## အကူအညီလိုအပ်ပြီ

ထိုက်ကွမ်သည် စောင်းပိုက်ဆရာတော် ရှေ့မှောက်၌ ပျပ်ဝပ်ရိုကျိုးရှိခိုးနေလေ၏။

ဆရာတော်က ထိုက်ကွမ်အား ဆုံးမစကားရှည်လျားစွာ ပြောကြားလျက်ရှိလေ၏။ ထိုအခါ ထိုက်ကွမ်နှင့်တကွ တပည့်အားလုံးသည် ဆရာတော် တောင်ပေါ်မှ ဆင်းတော့မည်ဖြစ်ကြောင်း သိရှိကြလေတော့၏။

ဆရာတော်သည် တောင်ပေါ်မှဆင်းသည့်အခါတိုင်း ထိုက်ကွမ်အား အမြဲပင် ဤသို့ ဆုံးမလေ့ရှိသောကြောင့် တပည့်အားလုံး ထိုသို့သိနေကြခြင်းပင်ဖြစ်ပေသည်။

ထို့နောက် ဆရာတော်သည် ထိုက်ကွမ်နှင့် တပည့်များအား

ဒေါင်းမြီးဖြန့် ခားသိုင်းကွက်များအနက်မှ သိုင်းကွက်ခြောက်ကွက်ကို သင်ကြားပေးပြီး လေ့ကျင့်စေသည်။ ဆရာတော် တောင်ပေါ်မှ ဆင်းနေခိုက်တွင် ထိုက်ကွမ်တို့သည် ထိုသိုင်းကွက်များကို ကြေညက်အောင် လေ့ကျင့်နေရမည်ဖြစ်ပေသည်။

ထိုက်ချင်ကိုမူ ဆရာတော်က သီ သန့်ခေါ်ယူပြီး ကျောက်ဂူထဲ၌နားနေစေသည်။ ထိုက်ချင်ကို ထိုက်ကွမ်တို့နှင့် ရောနှောမထားပေ။ မထားခြင်းမှာ ထိုက်ကွမ်တို့ အနိုင်မကျင့်စေရန်နှင့် သီးခြားသိုင်းကွက် တက်ပေးလိုသောကြောင့် ဖြစ်ပေသည်။

ထိုက်ချင်မှာ ကျောက်ဂူထဲ၌ ပျင်းရိငြီးငွေ့ နသဖြင့် သူ တတ်ကျွမ်းထားသည့် သိုင်းပညာများကိုသာ အဖန်တလဲလဲ ထပ်မံလေ့ကျင့်သည်။ နောက်ဆုံး ထိုသို့ လေ့ကျင့်ခြင်း ငြီးငွေ့လာမှ ရပ်ဆိုင်းလိုက်တော့သည်။

ညပိုင်းရောက်သောအခါ စောင်းပိုက်ဆရာတော် ရောက်လာသည်။ ဆရာတော်က ထိုက်ချင်အား သိုင်းကွက်သစ်များ ထပ်မံသင်ကြားပေးသည်။ စင်စစ် ထိုက်ချင်မှာ သိုင်းလောကတွင်းရှိ အချို့သိုင်းသမားများထက်ပင် သိုင်းပညာနိမ့်ကျသေးသည်။

ထို့ကြောင့် ဆရာတော်က သူ့အား အောင်မြင်သည့် သိုင်းကွက်သစ်များ သင်ကြားပေးခြင်းဖြစ်သည်။

သုံးရက်မြောက်သောနေ့တွင် ထိုက်ချင်သည် သိုင်းကွက်သစ်များကို အတော်အတန် ကျွမ်းကျင်သွားတော့၏။ စောင်းပိုက်ဆရာတော်က တပည့်ဖြစ်သူအား ကျေနပ်အားရစွာ ကြည့်



နေလေတော့သည်။

ထိုသုံးရက်မြောက်ပြီးမှ ထိုက်ချင်သည် အခြားသောပညာသင်ဘက် အစ်ကိုများနှင့် အတူနေခွင့်ရလေ၏။

ထိုက်ချင်တစ်ယောက် တိမ်ဆက်တောင်ပေါ်သို့ ပြန်ရောက်ပြီး ငါးရက်အကြာတွင် မြေကွက်လပ်တွင် စုရုံးနေကြရသည်။ တောင်ပေါ်သို့ ကျရောက်သော နေရောင်ခြည်သည် ထိုက်ချင်တို့ အုပ်စုအပေါ်သို့ ကျရောက်နေသည်။

မကြာမီ စောင်းပိုက်ဆရာတော် ရောက်ရှိလာသဖြင့် တပည့်အားလုံးက ပျပ်ဝပ်ရိုကျိုး ရှိခိုးကန်တော့ကြသည်။

"ကဲ. . . ထကြ၊ ထကြ"

ဆရာတော်က အမိန့်ပေးလိုက်သောအခါ အားလုံးပင် ထုံးစံအတိုင်း တန်းစီ ရပ်လိုက်ကြသည်။

"ထိုက်ချင်. . . ရှေ့ထွက်စမ်း"

ထိုက်ချင်ရှေ့ထွက်ရပ်လိုက်၏။

ပညာသင်ဘက် ညီအစ်ကိုအားလုံး၏ မျက်လုံးများသည် ထိုက်ချင်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်နေကြ၏။ သူတို့၏ အကြည့်တိုင်းတွင် မုန်းတီးသော အငွေ့အသက်များ ထွက်ပေါ်လျက်ရှိနေ၏။ ဤသည်ကို ထိုက်ချင်လည်း ခံစားမိသည်။

သို့သော် ထိုက်ချင်သည် ထိုအကြည့်များကို ကြံ့ကြံ့ခံရင်း ဆရာတော်မိန့်ကြားသည့် စကားများကို နားစွင့်နေလေ၏။

စောင်းပိုက်ဆရာတော်မှာ အတွေ့အကြုံ ရင့်ကျက်လှပြီ ဖြစ်၍ တပည့်အများစုက ထိုက်ချင်အပေါ် မုန်းတီးကြကြောင်း ကောင်းစွာ

ရိပ်မိပေသည်။ ထိုက်ချင်၏ ရိုးသားမြင့်မြတ်သော စိတ်ဓာတ်ကို ဆရာတော် သိရှိထား၍သာ ထိုက်ချင်အဖို့ ခံသာတော့သည်။

ဆရာတော်သည် ချောင်းဟန့်လိုက်ပြီး . . . .

"တပည့်တို့ ဒီတစ်ခါတော့ စကားကို နည်းနည်းရှည်ရှည် ပြောရမယ်၊ ငါ. . . စကားရှည်ရှည်ပြောရင် ဘာဖြစ်တတ်တယ် ဆိုတာ တပည့်တို့သိထားပြီးပေမယ့် ငါကတော့ ထပ်ပြောရဦး မှာပဲ၊ အခု ငါတောင်အောင်ဆင်းဖို့ကိစ္စ ပေါ်လာပြန်ပြီ၊ ဒီတစ်ခါ တောင်အောက်ဆင်းတဲ့ကိစ္စမှာတော့ ထိုက်ချင်ရဲ့ အကူအညီလို လာပြီဖြစ်တဲ့အတွက် ထိုက်ချင်ကိုပါ ခေါ်သွားရလိမ့်မယ်၊ မြေ ပြန့်မှာ အနည်းဆုံးလဝက်၊ အများဆုံး နှစ်လလောက်ကြာသင့် ကြာလိမ့်မယ်၊ ဒီတော့ ဒီရက်တွေအတွင်းမှာ မင်းတို့အားလုံး ကောင်းကောင်းမွန်မွန်နေကြ၊ ရန်မဖြစ်ကြနဲ့၊ ပြဿနာမတက်ကြနဲ့၊ မင်းတို့ထဲက ဘယ်သူတစ်ယောက်မှလဲ တောင်အောက် ဆင်းခွင့်မပြုဘူး၊ ငါ့စကားကို နားမထောင်နိုင်ဘူးဆိုရင်လဲ ဖြစ် ပါတယ်၊ မင်းတို့အနေနဲ့ ငါ့တပည့် မလုပ်ကြနဲ့တော့ပေါ့"

ဆရာတော်စကားက ကြည်လင်ပြတ်သားလှသည်။ တပည့် အားလုံး ငြိမ်၍နားထောင်နေကြရသည်။ ဆရာတော်သည် ထိုက်ကွမ်ကို အထူးဂရုစိုက်ကြည့်ပြီးနောက်. . .

"အခု မင်းတို့ကို ဒေါင်းမြီးဖြန့် တိုက်ကွက်အသစ်တွေ သင် ပေးထားတယ်၊ ငါဘာဖြစ်လို့ သင်ပေးတယ်ဆိုတာ မင်းတို့အခု ဆို ရိပ်မိလောက်ပြီပေါ့၊ ငါမရှိခင် ဒီသိုင်းကွက်တွေကို ကြေကြေ ညက်ညက် လေ့ကျင့်စေဖို့ပဲ၊ ငါပြန်လာလို့ မင်းတို့တကယ်ကြေ



ညက်နေပြီဆိုရင် ဒေါင်းမြီးဖြန့်တိုက်ကွက် နောက်ထပ် ဆယ့်နှစ် ကွက်ကို ထပ်သင်ပေးဦးမယ်၊ မင်းတို့ရဲ့ စိတ်ဓာတ်ကိုကြည့်ပြီး တောင်အောက်ဆင်းခွင့် တောင် ပြုချင်ပြုဦးမယ်။ ကဲ. . . ငါပြောတာ သဘောပေါက်ကြရဲ့လား"

"ပေါက်ပါတယ် ဆရာတော်"

တညီတညွတ်တည်း ဝန်ခံပြောကြားကြသည်။ တပည့်များ၏ အသံကြောင့် ငှက်အချို့ပင် လန့်ပျံကုန်သည်။

ထိုက်ကွမ်ကား ခေါင်းငုံ့နေ၏။ ဆရာတော်မှာ ထိုက်ကွမ် ကို ကြည့်ပြီး မသိမသာ သက်ပြင်းချလိုက်လေ၏။

"ကဲ. . ကဲ . . ကိုယ့်နေရာကိုယ် သွားကြပေတော့"

ဆရာတော်က ခွင့်ပြုလိုက်သောအခါ တပည့်အားလုံးက ဆရာတော်အားရှိခိုးပြီး ထွက်ခွာသွားကြလေတော့၏။

ထိုနေ့ မွန်းတည့်ချိန်တွင် တိမ်ဆက်တောင် စောင်းပိုက် ဆရာတော်နှင့် ထိုက်ချင်တို့သည် တောင်ပေါ်မှ တောင်ခြေသို့ ဆင်းသက်လာကြလေ၏။

ဆရာတော်ကရှေ့မှ ဦးဆောင်သွားသည်။ ထိုက်ချင်က အ တော်ကလေးကြိုးစားပြီး လိုက်ရသည်။

"ဆရာတော်. . အခုတပည့်တော်တို့ တာ့ချန်မြို့ကို သွားကြ မှာလား ဘုရား"

ဆရာတော်က ခေါင်းခါလေ၏။

"မဟုတ်ပါဘူး၊ တို့သွားရမှာက ကျူးရင်သီလရှင်ကျောင်း"

ကျူးရင်သီလရှင်ကျောင်းမှာ တဲ့ရှင်းမြို့၏မြို့ပြင် နှစ်မိုင်ခန့်

အကွာတွင်တည်ရှိသည်။

ကျူးရင်သီလရှင်ကျောင်းမှ ကြည့်လျှင် ညို့မှောင်မှောင် ပိုက်ရိတောင်ကြောကြီးကို လွမ်းဆွတ်ဖွယ်ရာ တွေ့မြင်ရပေ သည်။ စောင်းပိုက်ဘုန်းတော်ကြီးနှင့် ထိုက်ချင်တို့သည် သုံးရက်ခန့် ခရီးဆက်ပြီးနောက် တဲ့ရှင်းမြို့အနီးသို့ ရောက်လာကြတော့ သည်။

စောင်းပိုက်ဘုန်းတော်ကြီးက . . .

"ထိုက်ချင် တို့တစ်တွေ မြို့ပြင်ကပဲ ပတ်လျှောက်မယ်၊ မြို့ထဲဝင်ရင် မလိုလားအပ်တဲ့ကိစ္စတွေ ထပ်ဖြစ်မှာ စိုးရိမ်ရတယ်၊ ကွေ့မိန်နဲ့တွေ့ပြီးမှ ပြဿနာဖြစ်တာ ကောင်းတယ်"

"ဆရာတော့်အကြံ ကောင်းပါတယ်ဘုရား"

ဤသို့ဖြင့် စောင်းပိုက်ဘုန်းတော်ကြီးနှင့် ထိုက်ချင်တို့ မြို့ပြင်မှ ပတ်လျှောက်ကြသည်။

မကြာမီ ကျူးရင်သီလရှင်ကျောင်းကို မြင်တွေ့စပြုလာလေတော့သည်။ ကျောင်းရှေ့သို့ရောက်လာသောအခါ မွန်းတည့်စပင်ပြုနေလေပြီ။

ဆရာတော်က ကြီးမားသော ကြေးကွင်းကြီးကို ရိုက်ခတ်လိုက်ရာ ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်။ မိန်းကလေးတစ်ယောက် တံခါးဖွင့်ပေးသည်။

"မိန်းကလေး. . . ကွေ့မိန်သီလရှင်ကြီးရှိရင် တိမ်ဆက်တောင်က စောင်းပိုက်ဆရာတော် ရောက်လာပြီလို့ သတင်းပို့ပေးစမ်းပါ"

မိန်းကလေး၏ မျက်နှာသည် တစ်မုဟုတ်ချင်း ချိုပြုံးပျော်



သွား၏။ တံခါးကို ခပ်ကျယ်ကျယ် တွန်းဖွင့်လိုက်ပြီး ဆရာတော်ကို လက်အုပ်ချီ ကြိုဆိုသည်။

"အထဲဝင်ပါ ဆရာတော်၊ စောင်းပိုက်ဆရာတော်ကြွလာလိမ့်မယ်လို့ ဘွားဘွား ကွေ့မိန် မှာကြားထားပါတယ်"

မိန်းကလေးက ဧည့်သည်များကို ကျူးရင်သီလရှင်ကျောင်း ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်သွားသည်။ သန့်ရှင်း သပ်ရပ်သော ဧည့်ခန်းဆောင်၌ နေရာချထားပေးပြီးနောက် မိန်းကလေးသည် အတွင်းဆောင်သို့ ဝင်ရောက်ပျောက်ကွယ်သွား လေတော့သည်။

မကြာမီ အတွင်းဆောင်မှ ဆံဖြူဘွားဘွား ကွေ့မိန်သီလရှင်ကြီး ထွက်လာလေ၏။

ကွေ့မိန်သည် စောင်းပိုက်ဆရာတော်ကို လက်အုပ်ချီ ရှိခိုးနှုတ်ဆက်၏။

"ဆရာတော်တို့ကို တပည့်တော်မ ကိုယ်တိုင်ထွက်ပြီး မကြိုဆိုနိုင်တာကို ခွင့်လွှတ်ပါ"

စောင်းပိုက်ဆရာတော် လက်ဖမိုးယှက်ပြီး ပြန်လည် ဂါရဝပြုလေ၏။

"ကိစ္စမရှိပါဘူး၊ ဒါက လောကဝတ်တွေပါ၊ ကျုပ် အကူအညီပေးဖို့ နောက်ကျနေမှာသာ စိုးရိမ်ပါတယ်"

ကွေ့မိန်က ကျေနပ်စွာ ပြုံးလိုက်၏။

"ဒီအချိန်ရောက်လာတဲ့အတွက် နောက်ကျတယ်လို့ မဆိုနိုင်ပါဘူး၊ အချိန်ကောင်းပါပဲ"

ဆံဖြူဘွားဘွားသည် ထိုက်ချင်အား လှမ်းကြည့်လိုက်၏။

ထိုက်ချင်က လက်ဖမိုးယှက် ဦးညွှတ် ဂါရဝပြုသည်။

"ဘွားဘွားကို ကျွန်တော် ဂါရဝပြုပါတယ်"

ဆံဖြူဘွားဘွားက ခေါင်းညိတ်ပြီး စောင်းပိုက်ဆရာတော်ကို တစ်ဆက်တည်း ပြောလိုက်သည်။

"ဆရာတော်ဆီမှာ ဒီလိုလိမ္မာယဉ်ကျေးတဲ့ ကလေးမျိုးတွေ ရှိနေတာ သိပ်ဂုဏ်ယူဖို့ကောင်းပါတယ်၊ သူဟာ ဆရာတော်ရှေ့မှာသာမဟုတ်၊ နောက်ကွယ်မှာလဲ အင်မတန် ယဉ်ကျေးရည်မွန်ပါတယ်"

စောင်းပိုက်ဆရာတော်သည် တောင်ပေါ်၌ကျန်ရစ်ခဲ့သည့် ထိုက်ကွမ်အား ပြန်လည်သတိရမိသည်။ ထို့နောက် ဖြည်းညင်းစွာပြောလေ၏။

"ကလေးတိုင်းတော့လဲ မဟုတ်ဘူးပေါ့ဗျာ၊ သူ့ဗီဇစိတ်ဓါတ်ကလဲရှိပါသေးတယ်၊ တစ်ချို့ကလေးတွေကျတော့ ဘယ်လိုပဲဆုံးမဆုံးမ သဘောထားကို ကြီးမြင့်အောင် မထားနိုင်ကြပါဘူး"

ဆံဖြူဘွားဘွားကလည်း ခေါင်းညိတ်လက်ခံ၏။

"အင်းပေါ့လေ၊ ထိုက်ချင်လို တပည့်ကောင်းတွေရှိသလို တခြားတပည့်ဆိုးတွေလဲ ရှိမှာပေါ့၊ ဆရာတော်ပြောတာ တပည့်တော် သဘောတူပါတယ်"

ဆရာတော်က ထိုက်ချင်အားလှမ်း၍ အမိန့်ပေးလိုက်၏။

"ထိုက်ချင်. . မင်း ဒီကျောင်းဝင်းထဲ လိုက်ကြည့်ပါလား၊ ဥယျာဉ်ထဲတင်ပေါ့"

ဆရာတော်သည် ကွေ့မိန်သီလရှင်ကြီးနှင့် အရေးကြီးသော



စကားများဆွေးနွေးတိုင်ပင်ရန် ရှိနေပြီကို ထိုက်ချင် ရိပ်မိသိရှိလိုက်လေ၏။

ထိုက်ချင်က လက်အုပ်ချီပြီး. .

"တပည့်တော် လျှောက်ကြည့်ပါ့မယ် ဘုရား. ."

ထိုအခါ သီလရှင်ကြီးက လက်ခုပ်သုံးချက် တီးလိုက်ရာ စောစောက ထိုက်ချင်တို့အား ထွက်ကြိုဆိုသော မိန်းမပျိုကလေး ထွက်လာ၏။

သီလရှင်ကြီးက. . .

"သမီး ကျိုကျူး. . သမီးရဲ့ အစ်ကိုကို ကျောင်းဝင်းထဲလိုက်ပြလိုက်ပါ၊ သီလရှင်ကျောင်းရဲ့ အဆောင်ဖွဲ့ပုံတွေကို ရှင်းပြပါ၊ ဥယျာဉ်ထဲလဲ လိုက်ပြပါ"

ကျိုကျူးက ထိုက်ချင်အား ပြုံးပြသဖြင့် ထိုက်ချင်ကလည်း ပြုံးပြလိုက်ရသည်။ သူသည် ရက်ချိန်းချိန်းကဲ့သို့သော ဆတ်ဆတ်ကြဲ မိန်းကလေးမျိုးနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးပြီ ဖြစ်သဖြင့် သီလရှင်ကျောင်းမှ မိန်းကလေးနှင့်တွေ့သောအခါ ရှက်ကြောက်ခြင်းမရှိတော့ပေ။ ခင်မင်ရင်းနှီးသည့် ပုံစံမျိုးဖြင့်ပင် ဆက်ဆံနိုင်ပေသည်။

"အစ်ကို. . လာပါ၊ ညီမ လိုက်ပြပါ့မယ်"

ထိုက်ချင်က ဆရာတော်အား ခွင့်ပန်ကာ မိန်းကလေးနောက်မှ လိုက်သွားလေ၏။

ကျောင်းဝင်းထဲရှိ ပန်းဥယျာဉ်သည် အတော်ကလေးကျယ်ဝန်းလှပေသည်။ ကျောင်းသည် တဲ့ရှင်းမြို့နှင့် အတော်ကလေး

ဝေးကွာသည့်နေရာ၌ ရှိသဖြင့် ကျောင်းဝင်းကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင် တည်ဆောက်ထားနိုင်သည်။ ကျောင်းဝင်းထဲ၌ ဥယျာဉ်ကြီးပင် တည်ဆောက်ထားနိုင်ခဲ့သည်။

ထိုဥယျာဉ်ထဲ၌ ရေကန်ငယ်တစ်ခုပင် ပြုလုပ်ထားရာ ဥယျာဉ်မှာ အတော်ကလေး နေချင့်စဖွယ် သာသာယာယာရှိလှပေသည်။

ကိုကျူးသည် လှပသော မိန်းကလေးဖြစ်သည်။ ဤသို့ နုပျိုလှပသော မိန်းကလေး တစ်ယောက်သည် သီလရှင်များချည်းသာရှိသော ကျောင်း၌သူ့ဘဝတစ်ခုလုံး အချိန်ဖြုန်း ကုန်ဆုံးရမည်ဆိုသည်မှာ မဖွယ်မရာရှိလှသည်ဟု ထိုက်ချင်တွေးနေသည်။

ဤမိန်းမပျိုကလေးသည် တဲ့ရှင်းမြို့ သို့မဟုတ် တာ့ချန်မြို့ တစ်မြို့မြို့၌ ရှိနေသင့်သည်ဟု တွေးနေ၏။ ယခုမူ ဤသီလရှင်ကျောင်းအတွင်း ပျင်းရိငြီးငွေ့ဖွယ်ရာ ဘဝကုန်ဆုံးရပေတော့မည်ဟု တွေးပြီး မိန်းကလေးအတွက် ထိုက်ချင် စိတ်မကောင်းဖြစ်နေမိပေသည်။

ကိုကျူး၏ ပါးကလေးသည် ဖြူဖွေးနုညက်နေသည်။ စိမ်းမြသော သွေးကြောကလေးများကလည်း ဆေးခြယ်ထားသကဲ့သို့ ပါးပြင်ပေါ်၌ ရက်ကန်းကြိုးသဖွယ် သွယ်ယှက်နေသည်။ မျက်လုံးကလေးများကလည်း ကြယ်ပွင့်ကလေးများနှယ် တောက်ပနေသည်။

ထိုက်ချင်သည် ရက်ချိန်းချိန်းကို သတိရလာ၏။ ကိုကျူးနှင့် ရက်ချိန်းချိန်းတို့သည် ရွယ်တူလောက်ပင် ရှိကြသည်။ ကိုကျူးက



အေးဆေးသိမ်မွေ့သည်။ ရက်ချိန်းချိန်းက ဖျတ်လတ်သွက်လက်သည်။ အရာရာကို လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင်လုပ်ချင်သည်။

ယခု ရက်ချိန်းချိန်း မည်သည့် အရပ်သို့ ရောက်နေလေပြီနည်း။ လူကောင်းသူကောင်းနှင့် မတွေ့၊ လူဆိုး လူယုတ်မာတို့နှင့်တွေ့ပါက သူမ၏ဘဝ ပန်းကောင်းအညွန့်ကျိုး ဖြစ်ရှာလေတော့မည်ဟု တွေးပြီး စိတ်မကောင်းဖြစ်မိသည်။

ထိုတဒင်္ဂအတွင်း ထိုက်ချင်သည် ရက်ချိန်းချိန်းကို လွန်စွာတွေ့လိုလှသည်။ ရက်ချိန်းချိန်းကို မည်သည့်နေရာ၌ တွေ့နိုင်ပါမည်နည်း၊ ကကယ်တော့ မလွယ်ပါ။

ရက်ချိန်းချိန်း ထွက်သွားသည်မှာ ကြာပါပြီ။ သူမ၏ ဆရာမကို ရှာပုံတော်ဖွင့်နေသည်မှာ ရက်သတ္တတစ်ပတ်ပင် ကျော်နေပါပြီ။

သို့သော် ထိုက်ချင်သည် ရက်ချိန်းချိန်းကို တဲ့ရှင်းမြို့ထဲ၌ တွေ့လိုတွေ့ငြား ရှာဖွေလိုသည်။

ထို့ကြောင့် ထိုက်ချင်က ကိုကျူးအား စောင်းငဲ့ကြည့်လိုက်၏။

"ညီမလေး ကိုကျူး"

"ရှင်. . ."

"ငါ မြို့ထဲခဏသွားချင်တယ်"

"ရှင်. . ."

"ငါ မြို့ထဲခဏသွားချင်တယ်လို့ ပြောနေတာ"

"ဘွားဘွားနဲ့ ဆရာတော်က အစ်ကို့ကို ကျောင်းဝင်းထဲ

ကြည့်ရှုဖို့ပဲ အမိန့်ပေးခဲ့တာ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်၊ ငါမြို့ထဲမှာ နှုတ်ဆက်စရာ လူတစ်ယောက် ရှိတယ်၊ အခုအချိန်မှ မသွားရင် သူ့ကိုငါနှုတ်ဆက်လိုက်ရမှာ မဟုတ်ဘူး"

"ဒါ. . . ဒါပေမယ့် ဘွားဘွားနဲ့ဆရာတော်က"

"သူတို့မသိပါဘူး"

"သူတို့မသိဘဲ ဘယ်ရှိပါ့မလဲ"

"မသိနိုင်ပါဘူး၊ ညီမလေးကျိုကျူးကသာ မပြောဘူးဆိုရင် သူတို့မသိပါဘူး၊ ငါက ညစာမစားမီ အမီပြန်ရောက်လာမှာပဲ ဥစ္စာ၊ ငါမြို့ထဲသွားနေချိန်မှာ ညီမလေးက ဘွားဘွားနဲ့ ဆရာတော်မတွေ့အောင် ရှောင်နေပေါ့၊ တကယ်တော့လဲ ညီမလေးက ရှောင်စရာမလိုပါဘူး၊ သူတို့မှာ အလွန်အရေးကြီးတဲ့ ကိစ္စတွေရှိနေလို့ ဆွေးနွေးတိုင်ပင်လို့ ပြီးနိုင်မှာမဟုတ်ပါဘူး"

ကျိုကျူးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ကျွန်မ ဒီဥယျာဉ်ထဲကပဲ စောင့်မယ်၊ တဲ့ရှင်းမြို့ကို သွားနိုင်တဲ့ဖြတ်လမ်းကိုလဲ ကျွန်မပြောပြလိုက်ပါ့မယ်၊ ဒီကျောင်းအနောက်ဘက်မှာ သစ်တောကြီးရှိတယ်၊ အဲဒီသစ်တောထဲက ဖြတ်သွားပါ၊ ဒါဆိုရင် မိုင်ဝက်လောက် ခရီးကျုံ့သွားနိုင်တယ်၊ တစ်ခုတော့ရှိတယ်နော်၊ တောလမ်းဆိုတော့ ခရီးကကြမ်းတယ်"

ထိုက်ချင်က ရယ်လိုက်၏။

"ဟား. . ဟား. . ဟား ငါတို့က တိမ်ဆက်တောင် သစ်တော



ထဲမှာ ပြေးလွှားဆော့ကစားနေတဲ့ လူတွေပါ"

"ဒါဆိုရင်လဲ ပြီးတာပဲ"

ကျိုကျူးက ဒါပဲပြောသည်။

ထိုက်ချင်က. . .

"ဘာပဲဖြစ်ဖြစ်၊ ငါ ညစာမစားခင် ပြန်ရောက်လာမှာပါ"

"သူတို့က ကျွန်မကို ခေါ်မမေးရင်တော့ ကျွန်မဘာမှ မပြောပါဘူး၊ ခေါ်မေးရင်တော့ ကျွန်မ မလိမ်ဝံ့ဘူးနော်"

"ကိစ္စမရှိပါဘူး၊ ခေါ်မေးရင်တော့ အမှန်အတိုင်းပြောလိုက်ပေါ့"

ကျိုကျူးက ထိုက်ချင်ကို ကျောင်းနောက်ဘက်တံခါးဆီသို့ လိုက်ပို့ပေး၏။ ထိုက်ချင်သည် ကျိုကျူးအား နှုတ်ဆက်ကာ သစ်တောရှိရာသို့ ပြေးထွက်သွားလေတော့၏။

ကျိုကျူးသည် ထိုက်ချင်၏ ကျောပြင်အားကြည့်ပြီး ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှု တစ်ခုကို ခံစားနေခဲ့ရသည်။

သူမသည် ငယ်စဉ်တောင်ကျေး၊ ကလေးဘဝကပင် ဤကျူးရင်သီလရှင်ကျောင်းသို့ ရောက်ခဲ့ရပြီး လူစုလူဝေးနှင့်လည်းကောင်း၊ ယောကျ်ားပျိုကလေးများနှင့် လည်းကောင်း ရင်းရင်းနှီးနှီး မနေခဲ့ရချေ။

ယခုထိုက်ချင်နှင့် စကားပြောရခြင်းမှာ သူမဘဝတွင် ပထမဆုံးအကြိမ် ယောကျ်ားပျိုတစ်ယောက်နှင့် စတင်စကားပြောဖူးခြင်းပင်။

ထိုအတွေ့အကြုံသည် သူမ၏ ပထမဆုံးအတွေ့အကြုံ

ဖြစ်သော်လည်း အမှားအယွင်းလုံးဝမရှိပေ။ သို့သော် ရင်လှိုက်ဖိုခြင်းတော့ ခံစားရသည်။

ချောမောသော ထိုက်ချင်သည် သူမအား ဖော်ဖော်ရွေရွေ ဆက်ဆံခြင်းက ပို၍ စိတ်လှုပ်ရှားစေခဲ့ပေသည်။

*****



## အခန်း [၃၇]

## တစ်လိမ်နှစ်လိမ်

တဲ့ရှင်းမြို့တွင်းသို့ ထိုက်ချင် ဝင်ရောက်ခဲ့လေပြီ။ သူသည် မြို့ကို ကျွမ်းကျင်ခြင်းမရှိလှပါ။ တစ်ကြိမ်က ပိုင်လီချောင်ထံမှ ထွက်ပြေးဖူးခြင်းသာရှိခဲ့ပါသည်။ ထိုက်ချင်အဖို့ မြို့အားလုံးသည် စိမ်းလှသည်သာ။ သို့သော် ထိုက်ချင်သည် တောသား မြို့ရောက် ကျီးကန်းတောင်းမှောက် မဖြစ်ဘဲ ကြန့်ရရသာသာ မြို့ထဲသို့ ဝင်လာသည်။

သူနှင့်အတူ သူ့ကျောနောက်သို့ မျက်လုံးတစ်စုံလိုက်ပါလာသည်ကိုမူ ထိုက်ချင်မသိပါ။ သိလျှင် သူကြက်သီးထသွားမည်မှာ သေချာလှသည်။

ထိုမျက်လုံးပိုင်ရှင်ကား ခြေသလုံးအိမ်တိုင် သိုင်းသမားအ

ရက်အိုး ရက်ဖိုးဖြစ်လေသည်။

ရက်ဖိုးတို့ကဲ့သို့သော ခြေသလုံးအိမ်တိုင် သိုင်းသမားများသည် တရုတ်ပြည် မြို့ရွာအနှံ့ လမ်းအနှံ့ရှိနေကြသဖြင့် သတင်းရရာတွင် အခြားသိုင်းသမားများထက် လျင်မြန်ပေသည်။ ယခု ကျူးရင်သီလရှင်ကျောင်းသို့ ဆံဖြူဘွားဘွား ကွေ့မိန် ရောက်ရှိနေကြောင်းသတင်းကို သူသည် ရေနန်းတော်သခင်မဝမ်မြော်ထံသို့ပို့ပြီးဖြစ်သည်။ တဲ့ရှင်းမြို့ဆိပ်ကမ်းမှ ပြန်အတက် မြို့ထဲအရောက်တွင် မမျှော်လင့်ဘဲ ထိုက်ချင်ကို တွေ့လိုက်ရသောအခါ ရက်ဖိုး အကြီးအကျယ် အံ့အားသင့်သွားတော့သည်။

"ဒီကောင်လေး ဘယ့်နှယ်ဒီမြို့ထဲ ပြန်ရောက်နေတာလဲ၊ ဒီကောင်ကြောက်လို့ ပြေးတာတော့ မဟုတ်ဘူး။ အကြံအစည်တစ်ခုခုရှိလို့ ထွက်ပြေးတာပဲ ဖြစ်ရမယ်။ အခုကြည့်ပါလား၊ တဲ့ရှင်းမြို့လမ်းပေါ် ပြန်ရောက်နေပြန်ပြီ၊ သူ ဘာကြံသလဲဆိုတာ စောင့်ကြည့်ရမယ်"

ရက်ဖိုးသည် ထိုက်ချင်နောက်မှ မယောင်မလည်ဖြင့် နောက်ယောင်ခံ လိုက်လေတော့၏။

ထိုက်ချင်သည် လမ်းမပေါ်မှလူများ၊ လမ်းဘေးမှဆိုင်များကို ဖျတ်လတ်စွာ အကဲခတ်လာသည်။ သို့သော် သိုင်းလောကအတွေ့အကြုံနည်းပါးခြင်းကြောင့် သူ့နောက်မှ ရက်ဖိုးလိုက်ပါလာခြင်းကိုမူ သတိမပြုမိချေ။

ထိုက်ချင်သည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ခေတ္တရပ်တန့်ပြီး တစ်စုံတစ်ခုကို စဉ်းစားလေ၏။



ဘာပဲပြောပြော ညစာမစားမီအထိဆိုလျှင် အတော်အတန်အချိန်ရသည်ဟု သူတွက်ထားသည်။ ကျူးရင်သီလရှင်ကျောင်းနှင့် တဲ့ရှင်းမြို့မှာ သူအဖို့သိပ်ဝေးလှသည်မဟုတ်ပေ။ သူ့ကိုယ်ဖော့ပညာနှင့်ဆိုလျှင် အချိန်တိုတိုအတွင်း ပြန်ရောက်နိုင်သည်။ သူသည် စိတ်တုံးတုံးချကာ ထိုစားသောက်ဆိုင်ကြီးထဲသို့ ဝင်လိုက်၏။

စားသောက်ဆိုင်မှာ လူရှင်းနေသည်။ ရှင်းရမည်ပေါ့။ အချိန်စောနေသေးသည်ကိုး။ ညစာစားရန် အချိန်များစွာ လိုပေသေးသည်။

ထိုက်ချင်သည် ဆိုင်ထဲဝင်ပြီး တစ်စုံတစ်ခုမျှ မမှာလျှင်သဘာဝ မကျသဖြင့် အရက်နှင့် စားစရာအချို့ မှာကြားလိုက်သည်။ လူရှင်းသဖြင့် သူမှာသည့်ပစ္စည်းများ ချက်ချင်းပင်ရောက်လာသည်။

ထိုပစ္စည်းများထဲတွင် သူမှာကြားခြင်းမပြုသော ပစ္စည်းတစ်ခုပါလာ၏။ ထိုပစ္စည်းကား စာရွက်ခေါက်ကလေးပင်တည်း။

ထိုက်ချင်အံ့သြသွား၏။ စာရွက်ခေါက်ယူလာသည့် စားပွဲထိုးကို မော့ကြည့်၏။

"ဒါက ဘာလဲ"

ထိုက်ချင်ကမေး၏။

"ကျွန်တော်လည်းမသိဘူး၊ လူတစ်ယောက်ပေးခိုင်းလိုက်တာပဲ၊ အထဲမှာ အကျိုးအကြောင်းတော့ပါမှာပေါ့"

စားပွဲထိုးက ပြန်ပြော၏။

ထိုက်ချင် ခေါင်းညိတ်ပြီး စာရွက်ကိုဖြန့်လိုက်ရာ စားပွဲထိုး

လည်းထွက်ခွာသွားလေတော့၏။

စာခေါက်ကို ထိုက်ချင်ကြည့်လိုက်၏။

"ရက်ချိန်းချိန်းနှင့် တွေ့လိုလျှင် မြို့ပြင်တောအုပ်သို့ သွားပါ"

စာတွင် လက်မှတ်ရေးထိုးမထားပါ။ မိတ်ဆွေတစ်ဦးဟုသာ ရေးထားသည်။

အဓိပ္ပာယ်ကရှင်းသည်။ ဤစာရသည့်အတွက် သူဝမ်းသာသည်။ ရက်ချိန်းချိန်းကို တွေ့လိုတွေ့ငြား သူထွက်ခဲ့ခြင်းဖြစ်ရာ ယခုပျားစွဲသော မုတ်ဆိတ်ဖြစ်လေပြီ။ သူသည်ဘာကိုမျှ မစားသောက်တော့ပေ။ကျသင့်ငွေကိုရှင်းပြီး ဆိုင်ထဲမှ ထွက်လေတော့၏။

အကယ်၍သာ ထိုက်ချင်သာ ထိုစားပွဲထိုးဝင်သွားရာ စားသောက်ဆိုင် အနောက်ဘက်ခန်းသို့ လိုက်ကြည့်နိုင်မည်ဆိုလျှင် သူသည် စာပါချိန်းဆိုရာသို့ သွားတော့မည် မဟုတ်ပေ။ စားသောက်ဆိုင် နောက်ခန်းတွင် ချန်းလော့ အမည်ရှိသော ခြေသလုံးအိမ်တိုင် သိုင်းသမားက စားပွဲထိုးအား မေးဆတ်ပြီး မေးသည်။

"ဘယ်လိုလဲ"

"ပြီးပြီ၊ ပေးလိုက်ပြီ"

"ပိုင်တယ် မဟုတ်လား"

"ကျုပ် ဒီနောက်ခန်း မရောက်ခင်မှာဘဲ သူငွေရှင်းပြီး ထွက်သွားပြီ"

ချန်းလော့သည် စားပွဲထိုးကို နှုတ်ပင်မဆက်ဘဲ ထွက်သွားတော့၏။ ထို့နောက် သစ်ပင်တစ်ပင်အောက်၌ စောင့်နေသော



ရက်ဖိုးထံသို့သွားကာ တီးတိုးပြောလိုက်သည်။

ရက်ဖိုး ခေါင်းညိတ်ပြီး လျင်မြန်စွာ ထွက်ခွာသွားတော့၏။

ထိုက်ချင်သည် စားသောက်ဆိုင်မှထွက်ပြီး ပတ်ဝန်းကျင် ကို အကဲခတ်သည်။ မည်သူ့ကိုမျှ သူမတွေ့ချေ။ တကယ်တော့ ဆိုင်နောက်မှ ရက်ဖိုးသည် ဆိုင်ရှေ့လမ်းပေါ်သို့ ရောက်နေပြီ။ သူ့ကို သစ်ပင်တစ်ပင်အကွယ်မှ စောင့်ကြည့်နေသည်။ ဤသည်ကို သူမသိချေ။

ထို့ကြောင့် သူ ဘေးရန်ကင်းရှင်းသည်ဟု ယူဆကာ သူမြို့ထဲ ဝင်လာသည့်လမ်းအတိုင်း မြို့ပြင်ထွက်ရာ တံခါးဆီသို့ ပြန်လျှောက်သွားတော့သည်။

ထိုစဉ် ရပ်ထားသည့် မြင်းလှည်းအကွယ်မှ မျက်နှာတစ်ခုသည် ပုန်းလျှိုး ကွယ်လျှိုး ပေါ်လာပြီး ထိုက်ချင်ကိုလည်း ကောင်း၊ ထိုက်ချင်အား စောင့်ကြည့်နေသည့် ရက်ဖိုးကိုလည်းကောင်း ချောင်းကြည့်နေသည်။

ထိုအဖြစ်ကို ရက်ဖိုးမသိချေ။

ချောင်းကြည့်နေသူကား စီအစ်ဖိန်း ဖြစ်လေသတည်း။

စီအစ်ဖိန်းသည် ရက်ဖိုးနောက်သို့ မလိုက်ပေ။ သူသည် မျက်မှောင်ကြုတ် စဉ်းစားနေသည်။

စီအစ်ဖိန်း တစ်ယောက် ဤစားသောက်ဆိုင်နှင့် မလှမ်းမကမ်း မြင်းရထားနောက်ကွယ်သို့ ရောက်ရှိနေခြင်းမှာ တိုက်ဆိုင်မှုမဟုတ်ပေ။ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်လှသော ဆံဖြူဘွားဘွား ကွေ့မိန်၏ အစီအစဉ်ကြောင့် ဖြစ်ပေသည်။

ရက်လျှံတန်း၏ ဂေဟာမှ ထိုက်ချင် ထွက်ခွာသွားသော အခါ ထိုဂေဟာတွင် ဆံဖြူဘွားဘွားနှင့် စိအစ်ဖိန်းတို့ ကျန်ရစ်ခဲ့ကြသည်။ ထိုအချိန်လောက်မှာပင် ရက်လျှံတန်းဂေဟာသို့ စာတစ်စောင် ရောက်လာ၏။

စာမှာ. . .

"လီရှန်ရှန်ကိုတွေ့လိုပါသလား၊ တွေ့လိုလျှင် တဲ့ရှင်းမြို့သို့ လာခဲ့ပါ"

စာအောက်တွင် မိတ်ဆွေတစ်ဦးဟု ရေးထိုးထား၏။ စာက တိုသည်။ သို့သော် အဓိပ္ပာယ်က ရှင်းလင်းသည်။

ဆံဖြူဘွားဘွားကွေ့မိန်သည် စာကိုဖတ်ပြီး ကြာရှည်လေး မြင့်စွာ စဉ်းစားနေသည်။ သူမသည် သူငယ်နှပ်စားလေး မဟုတ်ပေ။ အကြောင်းအရာများစွာကို ဆက်စပ်စဉ်းစားသည်။

ထို့နောက်. . .

"စိအစ်ဖိန်း . . . မင်း ဘွားဘွားကိုကူညီမလား"

စိအစ်ဖိန်းမှာ ဆံဖြူဘွားဘွားကို ကောင်းစွာသိသည်၊ ရက်ချိန်းချိန်း၏ ဂိုဏ်းတူဘွားဘွားကို သူမှ မကူညီလျှင် မည်သူကူညီနိုင်ပါအံ့နည်း။

"ကျွန်တော်ကူညီဖို့ အသင့်ပါ ဘွားဘွား"

"အေး. . ကျေးဇူးတင်တယ်၊ မင်း တဲ့ရှင်းမြို့ကိုသွားပါ၊ ငါ ပြောသလိုလုပ်ပါ"

ဆံဖြူဘွားဘွားက စိအစ်ဖိန်းလုပ်ရမည့် အလုပ်များကို ရှင်းလင်းပြောပြသည်။



ဆံဖြူဘွားဘွား၏ ညွှန်ကြားချက်အရ စိအစ်ဖိန်းသည် တဲ့ရှင်းမြို့သို့ သွားရောက်သည်။ လမ်း၌ ရက်ဖိုးတို့ ခြေသလုံးအိမ်တိုင်သိုင်းသမားအုပ်စုနှင့် သွားတိုးခဲ့သော်လည်း ရက်ဖိုးတို့က စိအစ်ဖိန်းကို မမှတ်မိကြချေ။

စိအစ်ဖိန်းကမူ ထိုက်ချင်ကို မြင်းနှင့် မကယ်မီကပင် ဆိပ်ကမ်းမှ မြင်းလှည်းကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့သဖြင့် ရက်ဖိုးတို့ အုပ်စုကို ကောင်းစွာမှတ်မိနေ၏။

သူသည် ရက်ဖိုးတို့နောက်သို့ တကောက်ကောက်လျှောက်လိုက်နေသည်။ လိမ္မာပါးနပ်စွာ နောက်ယောင်ခံလိုက်ခြင်းဖြစ်၍ ရက်ဖိုးတို့မရိပ်မိချေ။

ကွေ့မိန်သည် ထောင်ချောက်ဆင်သူများ ပေးပို့သည့် စာအတိုင်း တဲ့ရှင်းမြို့သို့ ရောက်လာ၏။ တဲ့ရှင်းမြို့၌ မတည်းခိုပေ။ နှစ်မိုင်ကွာ ကျူးရင်သီလရှင်ကျောင်း၌ သွား၍တည်းခိုသည်။

ရက်ဖိုးသည် ကွေ့မိန်သီလရှင်ကြီး ကျူးရင်သီလရှင်ကျောင်းသို့ ရောက်နေကြောင်းကို ရေနက်ချောက်ကမ်းပါးရှိ ဝမ်မြောင်သခင်မ၏ ရေနန်းတော်သို့ သတင်းပေးပို့ခဲ့၏။

စိအစ်ဖိန်းသည် ရက်ဖိုးတို့နောက် နောက်ယောင်ခံလိုက်နေရင်းမှ ရက်ဖိုးတို့အုပ်စုတွင် ပိုင်လီချောင်သာ အဓိကဖြစ်ကြောင်း သိလာသည်။ ရက်ဖိုးတို့မှာ အခိုင်းခံသက်သက်မျှသာ ဖြစ်ကြောင်းသိလာသည်။

စိအစ်ဖိန်းကလည်း သူသိသမျှတို့ကို ဆံဖြူဘွားဘွားကွေ့မိန်ထံသို့ သတင်းပို့သည်။ အကြောင်းကြားသည်။ ထို့ကြောင့်

ဆံဖြူဘွားဘွားသည် တစ်ဘက်မှ သူ့ရန်သူများ၏ လှုပ်ရှားမှု အခြေအနေကို အတော်အသင့်သိခွင့်ရလာတော့သည်။

ထိုက်ချင် စားသောက်ဆိုင်သို့ မဝင်မီကပင် စိအစ်ဖိန်းသည် ထိုစားသောက်ဆိုင်၌ တည်းခိုနေထိုင်ခဲ့သူဖြစ်သည်။ သူအပေါ်ထပ်မှ ဆင်းလာသောအခါ ထိုက်ချင်ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ထိုက်ချင်တို့ ဆရာတပည့် တဲ့ရှင်းသို့ ဆိုက်ရောက်လာပြီ ဖြစ်ကြောင်း ရိပ်မိကာ သူသည် အသာနောက်ဆုတ်သွား၏။ ထိုက်ချင်ကို နှုတ်ဆက်လိုသော်လည်း ရက်ဖိုးတို့ ရိပ်မိသွားမည် စိုးရိမ်သဖြင့် အသာနောက်လျှိုလိုက်ရပေသည်။

ထိုအချိန်မှာပင် စားပွဲထိုးက စာလာပေးသည်ကို သူမြင်လိုက်ရသဖြင့် သူ့စိတ်ကူးမှန်သွားပြီကို သူသိလိုက်သည်။ သူသည် အခြေအနေအားလုံးကို စောင့်ကြည့်ပြီး၊ ထိုက်ချင်နှင့် ရက်ဖိုးတို့၏ လှုပ်ရှားမှုကို စားသောက်ဆိုင် တစ်ဘက်ကမ်း၌ ရပ်ထားသော မြင်းလှည်းနောက်ကွယ်မှ ချောင်းနေခဲ့ခြင်း ဖြစ်တော့သည်။

* * * * *



## အခန်း [၃၇]

## သတင်းပို့ခြင်း

စိအစ်ဖိန်းသည် ကမန်းကတန်းပင် တည်းခိုခန်းရှိ သူ့အခန်းထဲသို့ ဝင်လိုက်သည်။ စာရွက်တစ်ရွက်ကို ရှာဖွေပြီး စာတစ်ကြောင်းနှစ်ကြောင်း အလျင်အမြန်ရေးသည်။ ထိုစာရွက်ခေါက်ကလေးကို အိတ်တွင်ထည့်၍ပိတ်သည်။ ထို့နောက် အလျင်အမြန်ပင် ပြန်ထွက်သွားလေတော့၏။

စိအစ်ဖိန်းသည် ထိုက်ချင်နှင့် ရက်ဖိုးတို့နောက်သို့ မလိုက်ပေ။ သူသွားသည်မှာ တဲ့ရှင်းမြို့ ဆင်းရဲသားရပ်ကွက်တစ်ခုဆီသို့ ဖြစ်လေ၏။

သူသည် သန့်ရှင်းသပ်ရပ်သော လမ်းများကို ကျော်ဖြတ်ပြီးနောက် ကျဉ်းမြောင်းသော လမ်းမြောင်ကလေးဆီသို့ ရောက်

ရှိလာတော့၏။ ထိုလမ်းကလေးများအတွင်းသို့ ဟိုချိုးသည်ကွေ့ဝင်ပြီး သူတွေ့လိုသူကို လိုက်ရှာသည်။ ဟော. . တွေ့ပါပြီ။ သူတွေ့လိုသူကိုတွေ့ပါပြီ။ ထိုသူကား လောက်လောက်လားလားလူကြီးတစ်ယောက်မဟုတ်ပါပေ။ ဆယ်နှစ်အရွယ်ခန့် ရှိသောကလေးတစ်ဦးသာ ဖြစ်ပါလေသည်။

စိအစ်ဖိန်းသည် ကလေးငယ်ကို လမ်းထောင့် တစ်နေရာသို့ဆွဲခေါ်ပြီး တီးတိုးပြော၏။ ငွေအချို့ကို ထုတ်ပေး၏။ ထို့နောက်စာစောကရေးထားသည့် စာအိတ်ကို ထုတ်ပေး၏။

ကလေးငယ်ကား စိအစ်ဖိန်းပြောသမျှနားထောင်၊ ပေးသမျှယူပြီး စိအစ်ဖိန်းကို ပြန်လည်ပြုံးပြကာ ပြေးထွက်သွားလေတော့သည်။

စိအစ်ဖိန်းသည် ကလေးငယ်ပြေးထွက်သွားရာသို့ ငေးကြည့်ရင်း ကျန်ရစ်၏။ အတန်ကြာမှ ထိုက်ချင်နှင့် ရက်ဖိုးတို့ ကိုပြန်လည်သတိရလာပြီးနောက် မပြေးရုံတမယ် ခပ်သွက် သွက်ထွက်ခွာသွားတော့သည်။

* * * * *



ကျူးရင်သီလရှင်ကျောင်းမှ ကျိုကျူးသည် အတော်ကလေးစိတ်ပူနေလေပြီ။ မီးထွန်းချိန်ရောက်သည့်တိုင် ထိုက်ချင်ပြန်မလာသောကြောင့် ဖြစ်သည်။ တစ်ချက်ကံကောင်းနေသည်မှာယခုတိုင် စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွား ကွေ့မိန်တို့ကသူတို့အား လှမ်းမခေါ်သေးခြင်းပင် ဖြစ်တော့သည်။

ဆရာတော်နှင့် ဘွားဘွားတို့ကသာ လှမ်းခေါ်မေးမြန်းလျှင်သူမဖွင့်ပြောရတော့မည်။ သူမလည်း အပြစ်ဒဏ်ပေးခံရတော့မည်။ သူမ အပြစ်ဒဏ်ခံရမည့်အတွက်တော့ စိတ်မပူပါ။ ပေးလျှင်လည်းခံလိုက်ရုံသာ၊ ယခုတော့ ထိုက်ချင် ဘေးဒုက္ခရောက်မည်ကို သူမစိုးရိမ်နေရခြင်းက အပြစ်ဒဏ်ခံရခြင်းထက် ပိုဆိုးနေသည်။

ယောက်ျားပျို တစ်ယောက်အတွက် သူမ စိုးရိမ်ပူပန်နေခြင်းကို တွေးမိပြန်သောအခါ သူမ လွန်စွာဒေါသထွက်ရပြန်၏။ သွေးမတော် သားမတော် ယောက်ျားကလေးတစ်ယောက် အတွက်သူမက အဘယ်ကြောင့်ဝင်ပူပန်နေရသနည်း။

ယနေ့မှတွေ့၊ ယနေ့မှ စတင်စကားပြောဖူးသည့် ထိုက်ချင်အတွက် သူမ အဘယ်ကြောင့် စိတ်လှုပ်ရှားနေရသနည်း။

"အို. . သူနဲ့ ငါဘာဆိုင်လို့လဲ၊ သူမလာရင် သူ့အပြစ်သူခံရုံပေါ့၊ ငါကလဲ သူ့ကို တားနိုင်တာမှ မဟုတ်တာ"

တကယ်တော့ သူမတွင် တာဝန်ရှိကြောင်း သူမ မသိမဟုတ်ပေ။ ထိုက်ချင် အပြင်သို့ ထွက်ခြင်းကို သူမတားမြစ်ရမည် တားမြစ်မရပါက ဆရာတော်နှင့် ဘွားဘွားကွေ့မိန်ကို အကြောင်းကြားရမည်။

ဤသို့ အကြောင်းမကြားခြင်းကပင် ဤကိစ္စတွင် သူမသည် ထိုက်ချင်နှင့် အလိုတူအလိုပါဖြစ်နေသည်ကို ဖော်ပြနေပေပြီ။

နောက်ဆုံး ကျိကျူးသည် အနောက်ဘက်တံခါးကို ငေးမိနေပြန်၏။ အဝေးသို့ မျှော်မိပြန်၏။ သူမ၏ အတွင်းစိတ်ကို သူမ လှည့်စား၍မရပါ။

ထိုစဉ်. . ကျောင်းရှေ့ဘက် တံခါးမှ ကြေးကွင်းခေါက်သံကို ကြားလိုက်ရသဖြင့် ကျိကျူး၏ မျက်နှာတစ်ပြင်လုံး ဝင်းပသွားသည်။

"ဟော. သူပြန်လာပြီ၊ ဘာဖြစ်လို့ ကျောင်းနောက်ပေါက်က မလာဘဲ ရှေ့ပေါက်က လာတာလဲ မသိဘူး"

ကျိကျူး အပြေးကလေး ထွက်သွားပြီး ကျောင်းရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်လေ၏။ ကျောင်းတံခါးဖွင့်ပြီးသည်နှင့် ကျိကျူး၏ မျက်နှာပေါ်မှအပြုံးသည် ရုတ်ခြည်း ပျောက်ကွယ်သွားတော့သည်။



အကြောင်းမှာ တံခါးအဝ၌ တွေ့ရသူမှာ သူမျှော်လင့်ထားသည့် ထိုက်ချင် မဟုတ်သောကြောင့်ပေတည်း။ ကျောင်း၏ ရှေ့တံခါးဝ၌ ရပ်နေသူကား ကလေးငယ်တစ်ဦးသာ ဖြစ်ပါလေ၏။ ကလေးငယ်က ကျိကျူးအား မော့ကြည့်ပြီး စာအိတ်ကို လှမ်းပေး၏။

"ဘယ်သူက ပေးခိုင်းလိုက်တဲ့ စာလဲ"

"ဖတ်ကြည့်"

ကလေးငယ်က ထိုမျှသာအော်ပြီး ပြန်လည် ပြေးထွက်သွားလေတော့၏။

ကျိကျူး၏ စိတ်ထဲ၌ ထိုက်ချင်ကပေးလိုက်သော စာများလားဟု ထင်မှတ်လိုက်မိသည်။ ထို့ကြောင့် စာအိတ်ကို ကြည့်လိုက်မိသည်။

စာအိတ်ပေါ်၌. . .

"ဘွားဘွားကွေ့မိန်သို့. . ."

ဟူ၍ ရေးထားလေရာ ကျိကျူးသည် စာကိုဖွင့်မဖတ်ရဲတော့ဘဲ သီလရှင်ဧည့်ခန်းဆောင်သို့ အလျင်အမြန်ပြေးရတော့သည်။

* * * * *

ကွေ့မိန်သည် မီးအိမ်မီးစာကိုမြှင့်ပြီး စာအိတ်ကို ဖွင့်ဖောက်ဖတ်လိုက်၏။

ထို့နောက် စူးရှသော မျက်လုံးများဖြင့် ကျိကျူးကို ကြည့်လိုက်ရာ ကျိကျူးခေါင်းငုံ့သွားရတော့သည်။ သို့သော် ကျိကျူးကိုတော့ ဘာမျှ မပြောပေ။

"ဆရာတော်ရဲ့ တပည့်တော့ ဒုက္ခတွေ့ပြီနဲ့တူတယ်"

"ဟုတ်လား၊ သူပေးတဲ့စာလား"

ကွေ့မိန်က စာရွက်ကို ဆရာတော်ရှိရာသို့ လှမ်းပေးလိုက်လေ၏။ ဆရာတော်က ယူပြီးဖတ်သည်။

ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။

ဆံဖြူဘွားဘွားက. . .

"ဘယ်လိုသဘောရသလဲ"

"ကောင်းပါတယ်၊ ဒါဟာ ကျုပ်တို့ ခြေရာခံဖို့ လွယ်သလို



ဖြစ်သွားတဲ့ကိစ္စပဲ"

"ကောင်လေးများ အသက်အန္တရာယ် ရှိမလား"

"ဒါကတော့ ပြောလို့မရဘူးလေ၊ သိုင်းလောက ဆိုတာက ခုမြင်ခုပျောက်ပဲ၊ တတ်ထားတဲ့ပညာတွေကလဲ ကောင်းတဲ့ဘက်မှာသုံးနိုင်သလို ဆိုးတဲ့ဘက်မှာလဲ သုံးနိုင်တာပဲ၊ နောက်ပြီးရေနန်းတော်ဆိုတာက လူကောင်းတွေနေတဲ့ နေရာမှမဟုတ်ဘဲ"

"ကောင်လေးတော့ ဒုက္ခပဲ"

"ရုတ်တရက်တော့ ဒုက္ခမရောက်ပါဘူး၊ သူတို့က ထိုက်ချင်ကို ဖမ်းပြီး ကျုပ်အကြောင်း မေးမြန်းမှာပါ။ ဒါဟာကောင်းသောအချက်ပဲ၊ ကျုပ်ဟို့ရဲ့ ရှေးဟောင်း စောင်းကြီးဟာ ဝမ်မြောင်ရဲ့လက်ထဲမှာ ရှိနိုင်တယ်၊ အခုယူဆလို့ရပြီ"

ဆံဖြူဘွားဘွား ကွေ့မိန်သည် နှုတ်ခမ်းကိုကိုက်ပြီး စဉ်းစားနေသည်။

အတန်ကြာမှ. . .

"အခု တပည့်တော်တို့ ဘယ်လို လုပ်ကြမလဲ"

စောင်းပိုက်ဆရာတော်လည်း စဉ်းစားရပြန်သည်။

"တဲ့ရှင်းမြို့နဲ့ ရေနက်ချောက်ကမ်းပါးဟာ သိပ်ဝေးလှတယ်တော့ မဟုတ်ပါဘူး၊ သုံးရက်ခရီးလောက်ပဲရှိတယ်၊ ပိုက်ရိတောင်ကြောအတိုင်း သွားရင် သုံးရက်လောက်ပဲကြာမယ်၊ တကယ်လို့ ထိုက်ချင်ကိုဖမ်းပြီး ရေနန်းတော်ကိုပို့ရင် ပိုက်ရိတောင်ကြောလမ်းအတိုင်း ပို့မှာမဟုတ်ဘူး၊ ရေလမ်းက ပို့မှာသေချာတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ရေလမ်းခရီးက တစ်ရက်

ပဲကြာတယ်၊ ကုန်းလမ်းခရီးက ကြမ်းတယ်၊ ရေလမ်းခရီးကမြန်တယ်"

"ဒါဖြင့် သူတို့ဟာ ထိုက်ချင်ကို ရေလမ်းခရီးနဲ့ပဲ ရေနန်းတော်ကို ပို့မှာပေါ့"

ဆံဖြူဘွားဘွားကဝင်ပြော၏

စောင်းပိုက်ဆရာတော်က ခေါင်းခါ၏။

"ညတွင်းချင်းတော့ မပို့ပါဘူး၊ တဲ့ရှင်းမြို့မှာ ဖမ်းချုပ်ထားမှာ သေချာတယ်"

ထိုအခါ ဆံဖြူဘွားဘွားက ရုတ်တရက်ထရပ်လိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့ တပည့်တော်တို့ အချိန်ဆွဲနေရတော့မှာလဲ၊ ခုချက်ချင်း သွားကယ်ကြတာပေါ့"

စောင်းပိုက်ဆရာတော်က ရယ်မောလေ၏။

"ဒီလောက် လောဖို့ မလိုသေးပါဘူး၊ ကျုပ်တို့ အချိန်အများကြီး ရပါသေးတယ်"

ဆံဖြူဘွားဘွားက. .

"ဒီနေ့ည မပို့တောင် နက်ဖြန်တော့ ပို့မှာပေါ့၊ ဘယ်မှာအချိန် ရှိတော့လို့လဲ"

"ရှိပါသေးတယ်၊ သူတို့က လှမ်းပြီးအမိန့်တောင်းရဦးမှာပါ၊ ဟိုက ပို့ဆိုမှ သူတို့ ပို့ရမှာ"

"ဒါက ဆရာတော်အထင်ကိုး၊ မလိုအပ်ဘဲနဲ့တော့ သူတို့က ထိုက်ချင်ကို မဖမ်းဘူး၊ ပို့ဖို့ မပို့ဖို့လည်း ဒီတဲ့ရှင်းကကောင်တွေ ဆုံးဖြတ်နိုင်မှာပါ"



"ကွေ့မိန်. . ခင်ဗျား သတိမပြုမိတာ တစ်ချက်ရှိပါတယ်၊ ရေနန်းတော်နဲ့ အခုဖြစ်ရတဲ့ ကိစ္စမှာ အဓိက ဆက်သွယ်နေတာက ခင်ဗျားပဲ၊ သူတို့က ခင်ဗျားဆီက ဘာလိုချင်နေတယ်ဆိုတာ ခုထက်ထိ မသိရသေးဘူး၊ ထိုက်ချင်ကို ဖမ်းတာလဲ ခင်ဗျားတို့ သတင်းကို ထိုက်ချင်ဆီက ညှစ်ယူချင်လို့ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ခင်ဗျားနဲ့ ကျုပ် ဘာတွေ စီစဉ်ထားသလဲဆိုတာ သိချင်လို့ဖြစ်လိမ့်မယ်၊ အခုအခြေအနေကိုပဲကြည့်"

ဆရာတော် ခေတ္တရပ်နားသည်၊ ပြီးမှ ဆက်၏။

"ခု အခြေအနေကိုပဲကြည့်၊ ခင်ဗျားနဲ့ ကျုပ်ဘာတွေ စီစဉ်နေသလဲဆိုတာ ထိုက်ချင်မသိဘူး၊ သူတို့ညှင်းပန်းနှိပ်စက်မေးလဲ ထိုက်ချင် ပြောနိုင်မှာ မဟုတ်ဘူး၊ သူမှမသိဘဲကိုး၊ တဲ့ရှင်းမြို့မှာတင် သူတို့စစ်မေးဦးမှာပဲ၊ စစ်မေးလို့မသိရင် သူတို့ ဟိုကို ပို့သင့်မပို့သင့် စဉ်းစားဦးမယ်၊ သူတို့ ကြာဦးမှာပေါ့"

စောင်းပိုက်ဆရာတော် ထရပ်လိုက်လေ၏။

ကွေ့မိန်က. . . . .

"ဒါဖြင့် ဆရာတော်က ဘယ်လုပ်မယ်လို့ စိတ်ကူးထားသလဲ"

ဆရာတော်က အေးချမ်းစွာ ပြုံးလိုက်သည်။

"ဒီကိစ္စကို ကျုပ်ရှင်းပါ့မယ်၊ စိတ်အေးအေးသာထားပါ"

ထို့နောက် ဆရာတော်က ကွေ့မိန်ကို နှုတ်ဆက်၏။

"အင်း. . ဒီညတော့ တဲ့ရှင်းက ဘုံကျောင်းတစ်ကျောင်းကျောင်းမှာ ကျုပ်သွားတည်းရမယ်"

သီလရှင်ကျောင်းဖြစ်နေသဖြင့် ကျူးရင်ကျောင်း၌ တည်းခိုရန် မသင့်လျော်ပေ။ စောင်းပိုက်ဆရာတော် ဤကျောင်းသို့ လာခြင်းမှာ တည်းခိုရန်မဟုတ်ပေ။ ဆွေးနွေးရန်သာဖြစ်၏။

သူသည် ယခင်ကပင် တဲ့ရှင်းမြို့၌ တည်းခိုရန် ဆုံးဖြတ်ထားခဲ့သည်။ ယခု ထိုက်ချင်တစ်ယောက် တဲ့ရှင်း၌ အဖမ်းခံရဖွယ်ရှိသည်ဆိုသောခါ တဲ့ရှင်းမြို့၌ စတည်းချရန် ပို၍သေချာသွားလေတော့၏။

* * * * *



# အခန်း [၃၉]

## ကယ်တင်ခြင်း

ထိုက်ချင်သည် စားသောက်ဆိုင်ထဲမှ ထွက်လာပြီးနောက် သူ့ကိုယ်သူ ပြန်ဆန်းစစ်မိသည်။

သူသည် ရက်ချိန်းချိန်း၏အမည်ကို တွေ့ရသည်နှင့် အဘယ်ကြောင့် စိတ်မြန်လက်မြန် ထွက်လာရသနည်းဟု သူ့ကိုယ်သူ စစ်ကြောမိလေ၏။

ထိုက်ချင် ထိုအဖြေကိုမတွေးနိုင်ပါ။ သူ့မျက်စိထဲ၌ ရက်ချိန်းချိန်း၏ရုပ်ရည်ကိုမြင်နေသည်။ ရက်ချိန်းချိန်း၏ အသံလေးကို ကြားနေသည်။ ရက်ချိန်းချိန်း၏ ဆိုးဆိုးဆတ်ဆတ် လုပ်တတ်သော အပြုအမူကလေးများကို သတိရနေသည်။ တကယ်တော့ သူ့နှလုံးသား၌ ရက်ချိန်းချိန်း ပုန်းခိုနေခြင်းသာ ဖြစ်ပါသည်။

ထိုက်ချင်သည် လမ်းကွေ့တစ်ခုသို့ ရောက်သောအခါ ချိုးလိုက်သည်။ ထိုတစ်ခဏမှာပင် တစ်စုံတစ်ခုကို သတိရလိုက်တော့သည်။ စာပါ အကြောင်းအရာကို သတိရခြင်း ဖြစ်ပါသည်။

တဲ့ရှင်းမြို့၌ တံခါးလေးခုရှိ၏။ တရုတ်ပြည်ရှိ မြို့ကြီးများ၏ စည်းကမ်းဓလေ့များသည် တစ်မြို့နှင့်တစ်မြို့ မတူကြချေ။ အချို့မြို့များသည် မြို့တံခါးကို ညအချိန်ရောက်သည်နှင့် ပိတ်ကြ၏။ အချို့မြို့များကား သာမန်အေးချမ်းသော ကာလများ၌ ပိတ်လေ့မရှိ။ စစ်ရောက်သော ကာလများ၌သာ မြို့တံခါးကို ပိတ်လေ့ရှိသည်။

တဲ့ရှင်းမြို့ကား အဘယ်သို့သောမြို့နည်း။ တံခါးပိတ်သည်ဆိုလျှင် မည်သည့်အချိန်ကို နောက်ဆုံးထား၍ပိတ်သနည်း။

မြို့ပြင် သစ်တောအုပ်ဆိုရာ၌လည်း သူလာခဲ့သည့် သစ်တောအုပ်ကိုသာ ဆိုလိုခြင်းလော၊ အခြားသစ်တောများကို ဆိုလိုခြင်းလော၊ သူမသိရချေ။

"ငါဆန္ဒစောတာမှားတယ်၊ တကယ်ဆိုရင် စာကိုဖတ်ပြီးတာနဲ့ စားပွဲထိုးကို မေးကြည့်ဖို့သင့်တယ်"

ထိုက်ချင်သည် ရုတ်တရက် ကိုယ်ကို လှည့်လိုက်သည်။ ထိုစဉ် လူတစ်ယောက်သည် ထိုက်ချင်အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီးနောက် ထိုက်ချင်၏လည်ကုပ်ဆီသို့ လက်ဝါးစောင်း ခုတ်ချလိုက်၏။

"ဒုတ်. . ."

"အင့်. . ."

ထိုက်ချင် မြေကြီးပေါ်သို့ မှောက်ကျသွားလေ၏။



သူမည်မျှ သတိမေ့နေသည်ကို မသိပေ။ သတိရလာသောအခါတွင် ကွပ်ပျစ်တစ်ခုပေါ်သို့ ရောက်နေကြောင်း သူသိလိုက်ရသည်။ ထို့ပြင် သူ၏ ခြေနှင့်လက်များကို ကွပ်ပျစ်နှင့် ကပ်၍ချည်ထားကြောင်းသူသိလိုက်ရသည်။ ခေါင်းကို စောင်းငဲ့ကြည့်လိုက်ရာ သားရေကြိုးများနှင့် ချည်ပတ်ထားကြောင်း တွေ့လိုက်ရသဖြင့် သူ့အားဖမ်းဆီးသူများသည် အတော်ပင် သတိဝီရိယထားကြောင်း သူသတိပြုလိုက်မိ၏။

"အင်း. . သားရေကြိုးတော့ သားရေကြိုးပဲ၊ ဒါပေမယ့် စိတ်လျှော့လို့တော့ မဖြစ်နိုင်ဘူး၊ စမ်းတော့ကြည့်ရမှာပဲ"

ထိုက်ချင်သည် စိတ်ထဲမှပြောလိုက်၏။ ထို့နောက် လက်ကိုတွန့်လိမ့် လှုပ်ရှားကြည့်၏။ သားရေကြိုးများ ဖျစ်ဖျစ်မြည်လာပြီး လက်ကောက်ဝတ်များ စပ်ဖျဉ်းဖျဉ်း ဖြစ်လာတော့မှ သူ့လှုပ်ရှားမှုကို ရပ်လိုက်ရသည်။

"လက်တော့မရဘူး၊ ခြေထောက်ကို လှုပ်ရှားကြည့်မယ်"

ခြေထောက်မှ အသားများသာ ပွန်းပြီး သွေးထွက်ကုန်သည်။ သားရေကြိုးကား မပြတ်ချေ။ နောက်ဆုံး ထိုက်ချင်ခမျာ အားမတန်မာန်လျှော့ရလေတော့၏။

ထိုစဉ်. .

"ဝုန်း. . ."

လူတစ်ယောက်သည် အခန်းတံခါးကို ခြေဖြင့်ကန်ပြီးဖွင့်ဝင်လာ၏။ ထိုသူကား မျက်စိတစ်ဘက်လပ် ခြေသလုံးအိမ်တိုင်သိုင်းသမားတစ်ဦးပေတည်း။

မကြာမီ ထိုလူသည် ထိုက်ချင်၏မြင်ကွင်းထဲသို့ ရောက်ရှိလာ၏။ ထိုလူက ထိုက်ချင်၏မျက်နှာကို သူ၏ညစ်ပတ်ပေရေနေသော လက်ကြမ်းကြီးဖြင့် ပွတ်သပ်လိုက်၏။

"ဟဲ. . ဟဲ. . . ဟဲ. . သားရေကြိုးကိုပြိုင်လို့ မင်းနိုင်မယ်လို့များ ထင်နေသလား"

ထိုက်ချင်က ထိုသူအား ဒေါသရောင်လွှမ်းသော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ထိုစဉ် အခြားမျက်နှာတစ်ခုပေါ်လာပြန်၏။ ထိုမျက်နှာပိုင်ရှင်ကား ရက်ဖိုးပင်တည်း။ ရက်ဖိုးကိုတော့ ထိုက်ချင်ကောင်းကောင်းမှတ်မိပေသည်။ ထိုက်ချင် အံကြိတ်လိုက်လေ၏။

ရက်ဖိုးက တဟဲဟဲရယ်ရင်း. .

"ချာတိတ်. . ဘာဖြစ်လို့ ရှုန်းနေတာလဲ"

"ကျုပ် မရုန်းပါဘူး၊ သားရေကြိုးဘယ်လောက်ခိုင်သလဲ ဆိုတာစမ်းကြည့်နေတာပါ"

"ထားပါတော့၊ ထားပါတော့၊ ငါတစ်ခု ကတိပေးပါတယ်၊ ငါမေးတာကို မင်းမှန်မှန်ဖြေပါ၊ မင်းဒုက္ခ မရောက်စေရပါဘူး"

"ဒါက အရက်သမားစကားပဲ"

ရက်ဖိုး၏မျက်နှာပေါ်၌ ဒေါသရောင်တောက်သွား၏။ သို့သော် ရက်ဖိုးက သူ့ဒေါသကိုထိန်းပြီး အေးအေးဆေးဆေးထပ်ပြော၏။

"ငါ အာမခံပါတယ်ကွာ၊ မင်းသာ မှန်မှန်ကန်ကန်ဖြေပါ"

ထိုက်ချင်က နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်တော့၏၊



ဘာတစ်ခွန်းမှ မပြောတော့ဟူသည့် သဘောမျိုးပင်။

ထိုခဏအတွင်းမှာပင် ထိုက်ချင်သည် သူ့ဆရာတော်၏ဆုံးမစကားကို ပြန်လည် ကြားယောင်လာလေတော့၏။

"သိုင်းပညာဟာ ရေလိုပဲကွယ့်၊ ရေကြည်ရေကောင်းဟာ သူစီးဆင်းရတဲ့ မြေပြန့်ကိုလိုက်ပြီး အရောင်ပြောင်းတယ်၊ ရေကြည်ရေသန့်ပေမယ့် မြေနီပေါ်ရောက်ရင် ရေနီဖြစ်သွားတာပဲ ညစ်ညမ်းတဲ့မြေပေါ်ရောက်သွားရင် ရေညစ်ဖြစ်သွားတာပဲ"

"မင်းလက်ထဲ ဓားတစ်ချောင်း ရောက်သွားပြီဆိုပါတော့၊ ဒီဓါးနဲ့ သူတစ်ပါးကို သတ်ဟယ်ဖြတ်ဟယ်လုပ်ရင် မကောင်းဘူးပေါ့၊ ဒီဓါးနဲ့ အစားအသောက်အဝဝကိစ္စများ ဆောင်ရွက်မယ်ဆိုရင်ကောင်းတာပေါ့"

"လူကောင်းတစ်ယောက် သိုင်းပညာတတ်ထားရင် သိပ်မသိသာပေမယ့် လူဆိုးတစ်ယောက် သိုင်းပညာတတ်သွားရင်တော့ အဲဒီပတ်ဝန်းကျင်ဟာ ဗြောင်းဆန်ပြီသာ မှတ်ပေတော့"

ရက်ဖိုးတို့အုပ်စု သိုင်းပညာတတ်ထားသဖြင့် လူကောင်းသူကောင်းမည်မျှ ဒုက္ခရောက်ခဲ့ရသနည်းဟု ထိုက်ချင် ဆက်၍တွေးမိလေ၏။

ရက်ဖိုးသည် ထိုက်ချင်က မိမိအား မတူသလို မတန်သလို စကားမပြောဘဲ ငြိမ်သက်နေခြင်းကို လွန်စွာဒေါသထွက်သွားလေ၏။ သူသည် ထွီခနဲတံတွေးတစ်ချက် ထွေးလိုက်ပြီး စောစောက မျက်စိတစ်ဘက်လပ် ခြေသလုံးအိမ်တိုင်သိုင်းသမားကို အမိန့်ပေးလိုက်တော့၏။

"လောင်ဆွိ၊ ဒီကလေး သိပ်ငြိမ်နေတယ်၊ ရောဂါတစ်ခုခု ရနေသလိုပဲ၊ ဒီတော့ သူ့ကိုစကားပြောအောင် လုပ်ပေးရမယ် တို့ကမှ စကားပြောအောင်လုပ်မပေးရင် ရောဂါက သူ့ကိုသတ်သွားလိမ့်မယ်"

မျက်စိတစ်ဘက်လပ် သိုင်းသမားမှာ လွန်စွာလျင်မြန်လှ၏။ ရက်ဖိုး၏ စကားပင်မဆုံးသေး၊ သူက ထိုက်ချင်၏ ပါးကို ဖြန်းခနဲရိုက်ပြီး ဖြစ်နေ၏။

ထိုက်ချင်၏ ပါးတစ်ဖက် ရဲခနဲဖြစ်သွားပြီး နှုတ်ခမ်းထောင့်စွန်းမှ သွေးများစီးကျလာ၏။ ချက်ချင်းလိုလိုပင် ပါးတစ်ဘက်ရောင်ကိုင်းလာသည်။ ရက်ဖိုးကကျေနပ်အားရစွာ တဟားဟားရယ်မောလေတော့သည်။

"ငါမေးတာကို ကောင်းကောင်းဖြေ၊ ကလန်ကဆန်မလုပ်နဲ့၊ လုပ်ရင်နာမယ်"

ထိုက်ချင်က မီးတောက်မတတ်မျက်လုံးများဖြင့် ရက်ဖိုးကို စိုက်ကြည့်နေ၏။

ရက်ဖိုးက ဂရုမစိုက်ဘဲ. . .

"မင်းဒီမြို့ကို ဘာကိစ္စနဲ့လာသလဲ၊ မှန်မှန်ပြောစမ်း"

ထိုက်ချင်က ငြိမ်နေ၏။

ရက်ဖိုးက လက်မြှောက်လိုက်၏။

"ဖြန်း. . ."

မျက်စိတစ်ဘက်လပ် လောင်ဆွိက ထိုက်ချင်၏ မရိုက်ရသေးသောပါးတစ်ဘက်ကို ရိုက်ပြန်သည်။ ထိုပါးသည် ချက်ချင်းပင် ရောင်ကိုင်းလာသည်။



"ဟဲ. . ဟဲ. . ဟဲ၊ ငါပြောသားပဲ၊ ကလန်ကဆန်မလုပ်နဲ့လို့၊ ကဲ. . . ပြောစမ်း၊ ဒီမြို့ကို ဘာကိစ္စနဲ့လာသလဲ"

ထိုက်ချင် ပါးစပ်စေ့ထား၏။

ရက်ဖိုးက လက်မြှောက်ပြပြန်၏။

ဖြန်းခနဲအသံထွက်လာပြန်၏။

ထိုက်ချင်ပါးစပ်စေ့ထားပြန်၏။

ရက်ဖိုးလက်မြှောက်ပြပြန်၏။

ဖြန်းခနဲအသံ ထွက်ပေါ်လာပြန်၏။

ဤသို့ အကြိမ်ကြိမ်ပေါ်ပြီးနောက် ရက်ဖိုးသည် ထိုက်ချင်၏မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။ အမှောင်ထုကြီး ဖုံးလွှမ်းသွားတော့သည်။

"တကယ်ခေါင်းမာတဲ့ကောင်ပဲ"

ထိုစကားကို ထိုက်ချင်မကြားလိုက်ရတော့ချေ။

"ဗွမ်း. . ."

အတန်ကြာသော် ထိုက်ချင်မှာ မျက်နှာကို ရေတစ်ပုံးဖြင့် အလောင်းခံလိုက်ရသည်။

ထိုက်ချင် ပြန်သတိရလာ၏။

သူ့မြင်ကွင်း တဖြည်းဖြည်းကြည်လင်လာသည်။ ရက်ဖိုးကိုလည်းကောင်း၊ မျက်စိတစ်ဘက်လပ် လောင်ဆွိကိုလည်း ကောင်း ပီသစွာမြင်လာရ၏။

ရက်ဖိုးက. . .

"ဘာကိစ္စနဲ့ လာတာလဲပြောစမ်း"

သူ ဒါပဲထပ်မေး၏။ မေးခွန်းက ပြောင်းလဲမှုမရှိ။ ထို့အတူ ထိုက်ချင်၏အမူအရာကလည်း ပြောင်းလဲမှု မရှိချေ။ ပါးစပ်ကို စေ့စေ့ပိတ်ထားမြဲ။

လောင်ဆွီက လက်လှုပ်ရှားသွား၏။ သည်တစ်ကြိမ်တွင် တော့ လက်ဝါးမဟုတ်။ လက်သီး။ လောင်ဆွီ၏လက်သီးက ထိုက်ချင်၏ ဗိုက်ပေါ် ကျရောက်သွား၏။

"အွန့်..."

ထိုက်ချင်ပါးစပ်ဟသွား၏။ မျက်လုံးပြူးသွား၏။ အသက် မရှူနိုင်အောင်ဘဲ အောင့်နေသည်။

"ဟား... ဟား... ဟား"

"ဟဲ... ဟဲ... ဟဲ"

ရက်ဖိုးနှင့် လောင်ဆွီတို့ ဝိုင်းရယ်ကြသည်။ ထိုက်ချင်မှာ အတန်ကြာမှ အသက်ကို မှန်မှန်ပြန်ရှူနိုင်သည်။

ထိုက်ချင်သည် လူယုတ်မာ နှစ်ယောက်ကို မီးထွက်မတတ် မျက်လုံးများဖြင့် ကြည့်လိုက်ပြီး ပါးစပ်ကို ပိတ်ထားလိုက်ပြန်သည်။ ထိုအခါ လူယုတ်မာနှစ်ယောက် အရယ် ရပ်သွားလေတော့၏။

ထိုစဉ်

"ဝုန်း..."

ကျိုးသံ၊ ပွဲသံ၊ သစ်သားများ လွင့်စဉ်သံများနှင့်အတူ ပြတင်း တံခါး ကျိုးပျက်သွားပြီး လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေ၏။



ရက်ဖိုးနှင့် လောင်ဆွီတို့ အံ့အားသင့်သွားကြသည်။ သို့သော် ချက်ချင်းပင်သတိဝင်ပြီး လက်မြှောက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် လက်မမြှောက်နိုင်။

"ဝုန်း..."

"ဝုန်း..."

ထိုလူရိပ်သည် အလွန်တရာ လျင်မြန်လှစွာ သူတို့အနီးသို့ ရောက်လာပြီး လက်ဝါးနှစ်ချက် ရိုက်ထုတ်လိုက်လေရာ ရက်ဖိုးနှင့် လောင်ဆွီတို့ မည်သို့မျှ မခုခံနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့တလိမ့် ခေါက်ကွေး လွင့်စင်ထွက်သွားတော့သည်။

"အား..."

"အား..."

နာနာကျင်ကျင် အော်လိုက်သည့် အသံနှစ်သံသည် ရှေ့ ဆင့်နောက်ဆင့် ထွက်ပေါ်လာတော့သည်။

အဖြစ်ကား ဤသို့တည်း။

ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သူ၏ ရိုက်ချက်က အလွန် တရာ ပြင်းထန်လှသဖြင့် ရက်ဖိုးနှင့်လောင်ဆွီတို့မှာ သူတို့ဖွင့် ဝင်ခဲ့သည့် တံခါးပေါက်မှ လွင့်ထွက်ပြီး အပြင်လှေကား၏ ဝရန် တာသို့ ရောက်သည်။

သူတို့နှစ်ဦး၏၏ အရှိန်ကို ထိုလှေကားဝရန်တာလည်း မခံ နိုင်ချေ။ ကျိုးသွားသည်။

ထို့ကြောင့် အပေါ်ထပ်မှ အောက်ထပ်သို့ နှစ်ယောက်စလုံး လွင့်စင်ကျသွားကြ၏။

လောင်ဆွဲသည် အဆင်မသင့်စွာ အောက်ကျသွားပြီးခြေထောက်ရိုး အပိုင်းပိုင်း ကျိုးသွား၏။ ထို့ကြောင့် သူ နာနာကျင်ကျင် အော်လိုက်ခြင်းဖြစ်သည်။

သို့သော်. . . သူ့အော်သံကို ရက်ဖိုး၏ အော်သံက ဖုံးလွှမ်းသွားခဲ့၏။

အကြောင်းမှာ ရက်ဖိုးသည် အောက်ထပ်အတွက် ချိတ်ဆွဲထားသောသံချွန်ပန်းလှုများ တပ်ထားသည့် မီးဆိုင်း ပေါ်ကျသွားပြီး သံချွန်များက သူ့ကျောပြင်ကို ဖောက်ဝင် သွားသောကြောင့်တည်း။

သံချွန်ပန်းလှုတပ် မီးဆိုင်းမှာ အသုံးမပြုခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့် ရက်ဖိုး၏ ခန္ဓာကိုယ်ကြီး ကျလာသောအခါ ပထမ၌ တောင့်ခံနေလေ၏။

သို့သော်. . မကြာမီ သိုင်းထားသောကြိုးများ တဖျစ်ဖျစ်မည်လာပြီးနောက် သိုင်းကြိုးများ ပြတ်ကုန်တော့သည်။

"ဝုန်း. . ."

ထိုအခါ ရက်ဖိုး၏ကျော၌ စိုက်ဝင်နေသော သံချွန်များက ရက်ဖိုး၏ ကျောပြင်ကို ဆောင့်သွင်းသလို ဖြစ်သွားသည်။ ရက်ဖိုးကား သူ့အကုသိုလ်နှင့်သူ ဘဝဇာတ်သိမ်းသွားလေပြီ။

ဝရန်တာမရှိတော့သော အပေါ်ထပ်စင်္ကြံလမ်းပေါ်၌ လူတစ်ယောက်ရပ်နေ၏။ သူသည် အောက်ထပ်မှ အဖြစ်အပျက်ကို စောင့်ကြည့်နေခြင်းဖြစ်သည်။

ရက်ဖိုးရော လောင်ဆွဲပါ ဘာမှ မလှုပ်ရှားနိုင်ကြောင်း သေချာတော့မှ ထိုက်ချင်၏ အခန်းထဲသို့ ခုန်ဝင်သွား၏။



"ဆ. . ဆ. . . ဆရာတော်၊ ဆရာတော်ဘုရား"

ထိုက်ချင်က မျက်ရည်များ စီးကျရင်း ဆရာတော်ကို လှမ်းခေါ်လိုက်လေ၏။

မှန်ပါသည်။ ကယ်တင်ရှင်မှာ တိမ်ဆက်တောင် ဆရာတော် စောင်းပိုက်ပင် ဖြစ်ပေလေ၏။

* * * * *

## အခန်း [၄၀]

## ကျောင်းရွှေမှ လူစိမ်း

စောင်းပိုက်ဆရာတော်သည် ထိုက်ချင်၏ ပါးစပ်ထဲသို့ ဇာတ်ကြေဆေးတစ်လုံးထည့်ပေးသည်။

"မျိုချလိုက်၊ မင်းမှာ အတွင်းဒဏ်ရာမရှိပါဘူး၊ သူတို့က မင်းကို သိုင်းသမားတစ်ယောက်လို နှိပ်စက်ထားတာမဟုတ်ဘူး၊ သာမန်အရပ်သားတစ်ယောက်ကို နှိပ်စက်သလို နှိပ်စက်ထားတာပါ"

မည်သို့ပင် နှိပ်စက်စေ၊ ထိုက်ချင်အဖို့ကတော့ အထိနာသည်သာဖြစ်ပါသည်။ သူသည် ထိပ်တန်း သိုင်းပညာရှင်မဖြစ်သေး၍ အရပ်သားကဲ့သို့ အနှိပ်စက်ခံရလည်း နာသည်သာ ဖြစ်ပါ၏။

ဆရာတော်သည် ချည်နှောင်ထားသည့် ကြိုးများကို ဖြေပေးလိုက်သည်။



"နေသာထိုင်သာ ရှိရဲ့လား"

ထိုက်ချင်က ခေါင်းညိတ်၏။

"နေသာပါတယ် ဆရာတော်ဘုရား၊ တစ်ကိုယ်လုံး အပူငွေ့တွေတက်လာတယ်၊ ဒဏ်ရာကလဲ မနာတော့ဘူး၊ လူလဲ အတော်ကလေး လန်းဆန်းသွားပါတယ်"

"ကောင်းတယ်၊ ငါအချိန်မီရောက်လာတာပဲ၊ အခုငါတွဲခေါ်မယ်၊ လျှောက်နိုင်တယ်မဟုတ်လား"

"လျှောက်ပါမယ်. . . ဘုရား"

ထိုက်ချင်သည် ကြိုးစား၍ထထိုင်သည်။ သူ့မြက်ဖိနပ်ကို တုန်တုန်ယင်ယင်ဖြင့် စွပ်နေသည်။ သူ့မျက်နှာမှာ သူ့မိတ်ဆွေများမြင်လျှင်ပင် မမှတ်မိနိုင်အောင် ရောင်ကိုင်းနေသည်။

"ဆရာတော်. . . တပည့်တော်တို့ အခု ဘယ်ကိုသွားမှာလဲဘုရား"

"ကျူးရင်ကျောင်းကို သွားမှာ"

"လျှောက်နိုင်ရဲ့လား"

"လျှောက်နိုင်ပါတယ်ဘုရား"

"အိမ်း. . ဟိုကျမှ မျက်နှာကို ရေနွေးပတ်ကပ်ကြတာပေ့ါ၊ ဒီဒဏ်ရာက အသေးအဖွဲ့ပါ"

ဆရာတော်ထွက်သောအခါ ထိုက်ချင်လည်း ဆရာတော်၏နောက်မှ ထွက်လိုက်သည်။ သူတို့ လှေကားအတိုင်း ဆင်းလာရင်း ဘဝဆုံးနေသော ရက်ဖိုးနှင့် အခြေအနေဆိုးနေသော လောင်ဆွီတို့ကို မြင်ရသည်။ ဆရာတော်က ဘာမျှမပြောသဖြင့် ထိုက်

ချင်လည်း ဘာမျှမပြောတော့ပေ။

သူတို့ ရောက်ရှိနေသည့်နေရာမှာ ယခင်ပိုင်လီချောင်က ထိုက်ချင်အား လှည့်ဖြားခေါ်ဆောင်လာခဲ့သည့် နေရာဖြစ်သည်၊ ကြီးမားသော သေတ္တာကြီးကို သယ်ဆောင်ခဲ့သည့် နေရာပင်။

ဆရာတော်သည် ခြံဝင်းကျယ်ကြီးကို ဖြတ်ကျော်ထွက်လာ၏၊ ထိုက်ချင်မှာ ဆရာတော် ဦးဆောင်ရာနောက်မှ ခပ်ဖြည်းဖြည်းပင် လိုက်သည်။သူတို့သည် တောအုပ်ကြီးတစ်ခုကို ဖြတ်ပြီးသောအခါ အရှေ့ဆီမှ ရောင်နီသမ်းလာသည်ကို မြင်ရလေတော့၏။ သစ်ပင်များ ထူထပ်ခြင်းမရှိသော်လည်း အထိုက်အလျောက်ကား ရှိနေဆဲပင်။

နောက်ဆုံး ကျူးရင်သီလရှင်ကျောင်းကို မြင်တွေ့လာရတော့သည်။ ပိုးပုရစ်ကောင်လေးများ၏ အော်မြည်သံသည် တော၏ တေးသံသာပင်ဖြစ်တော့သည်။ သို့သော် ထိုတေးသံသာကို ထိုက်ချင် မခံစားနိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် ဆရာတော်သည် မျက်မှောင်ကြုတ်ပြီး ကျူးရင် သီလရှင်ကျောင်းကို ကြည့်နေသောကြောင့်ကည်း။

ဆရာတော်က ထိုက်ချင်အား လှမ်းပြောသည်။

"ထိုက်ချင် . . မင်းသစ်ပင်ပေါ်တက်နိုင်ပါ့မလား"

ထိုက်ချင်က သူ့ခြေလက်များကို ကွေးချည်ဆန့်ချည် လုပ်ကြည့်သည်။ အရိုးအကြောအခြင်အားလုံးကောင်းသည်။ မျက်နှာရောင်ကိုင်းနေခြင်းသာရှိသည်။

"တက်နိုင်ပါလိမ့်မယ်ဘုရား၊ မြန်မြန်ဆန်ဆန်တော့ တက်



နိုင်မှာ မဟုတ်ဘူး"

"ကိစ္စမရှိဘူး၊ ဖြည်းဖြည်းသာတက်၊ နောက်ပြီး သစ်ကိုင်းတွေကြားထဲမှာ ကိုယ်ကိုဖုံးကွယ်ထား၊ ကဲ . . တက်ပေတော့"

ထိုက်ချင် စတက်သည်။ တက်နိုင်သည်။ သစ်ကိုင်း သစ်ခက်အကွယ်များကြား ကောင်းစွာပုန်းကွယ်နိုင်သည်။

ထို့နောက် ဆရာတော်ကိုယ်တိုင် သစ်ပင်ပေါ်သို့ ခုန်တက်၏။ ဆရာတော်မှာ ကိုယ်ဖော့ပညာကောင်းသဖြင့် သစ်ပင်ပေါ်သို့ ပေါ့ပါးစွာပင် ခုန်တက်နိုင်သည်။ ဆရာတပည့်နှစ်ယောက် နေရာယူပြီးသောအခါ သစ်တောသည် လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

ထိုက်ချင်သည် သူ့ဆရာတော်၏ ထူခြားသော အပြုအမူကို အံ့ဩနေ၏။

"ဆရာတော် . . တပည့်တော်တို့ ဘာဖြစ်လို့ . ."

"ရှူး . . စကားမပြောနဲ့၊ တို့ဒီပေါ်မှာ တက်ပုန်းနေတာကို လူသိမခံနိုင်ဘူး"

ဆရာတော့် စကားကြောင့် သူတို့သည် မပင့်မခေါ်ရောက်လာမည့် ရန်သူများကို စောင့်နေခြင်းဖြစ်ကြောင်း နားလည်သွား၏။ ထို့ကြောင့် အသံမထွက်တော့ဘဲ ကျူးရင်သီလရှင်ကျောင်းဆီသို့သာ ငေးကြည့်နေမိတော့သည်။ ဆရာတော်သည် သတင်းတစ်စုံတစ်ခုရထား၍ သော်လည်းကောင်း၊ ခြေရာလက်ရာ သဲလွန်စတစ်ခုခုကို မြင်ထား၍သော်လည်းကောင်း၊ ဤသို့ စောင့်ကြည့်နေခြင်း ဖြစ်ရမည်ကို ထိုက်ချင် တွေးယူရရှိလာ၏။

ထိုသို့ တွေးမိသဖြင့် ထိုက်ချင်သည် ဘာစကားမျှ မထွက်တော့ဘဲ ဆရာတော့်အခြေအနေကိုသာ စောင့်ကြည့်နေမိတော့သည်။ သို့သော်. . . အချိန်အတော်ကြာသည်အထိ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရဘဲရှိသည်။

ထိုက်ချင် စိတ်ပင်ပျက်လာသည်။

ဆရာတော်၏အခြေအနေကို လှမ်းကြည့်ရာတွင်မူ ဆရာတော်သည် လုံးဝလှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာ စောင့်ကြည့်နေသည်ကို တွေ့ရပြန်သဖြင့် ထိုက်ချင်မှာ သူ့စိတ်ပျက်မှုကို မဖော်ထုတ်ဝံ့တော့ပေ။

ထိုစဉ်. . .

“လူလာနေပြီ၊ သတိထား”

ဆရာတော်၏ သတိပေးသံကြောင့် ထိုက်ချင်အနည်းငယ်တုန်လှုပ်သွားသဖြင့် သစ်ပင်ပင် လှုပ်သွား၏။

မှန်ပေသည်။ ကျူးရင်သီလရှင်ကောင်းရှေ့သို့ လူတစ်ယောက်ရောက်ရှိနေလေပြီ။ သစ်ပင် အနည်းငယ်လှုပ်သွားသဖြင့် ထိုက်ချင်သည် အံ့ဩသွားပြီး ဆရာတော်ကို လှမ်း၍ကြည့်လိုက်ပြန်၏။ ဆရာတော်ကား သစ်ပင်ပေါ်မှ ခုန်ဆင်းသွားလေပြီ။ ဆရာတော်က ထိုက်ချင်ကို သစ်ပင်ပေါ်၌နေခဲ့ရန် လက်ဖြင့်အချက်ပြပြီး သီလရှင်ကျောင်းဘက်သို့ ကိုယ်ဖော့ထွက်ပြေးသွား၏။ ထိုက်ချင်မှာမူ အားလုံးကို အပေါ်စီးမှ ကြည့်မြင်နေရ၏။

ကျောင်းရှေ့၌ ရပ်နေသောလူမှာ တစ်စုံတစ်ရာအကြံရှိဟန်တူသည်။ ထိုသူသည် သူ့အိတ်ထဲကိုနှိုက်နေ၏။ ပစ္စည်းတစ်ခုခုကို နှိုက်နေဟန်ရှိသည်။ ထို့နောက် ထိုပစ္စည်းကို ကျောင်းရှေ့၌ချထားလိုက်သည်။ ကျောင်းရှေ့တံခါးမရှေ့မှ ကြေးကွင်းကြီးနှစ်ကွင်းကို တဂျမ်းဂျမ်းဖြင့် လှုပ်ခါသည်။ ပြီးသည်နှင့် ချက်ချင်းပင် လှည့်ထွက်သွားလေတော့သည်။



သို့သော်. . ထိုလူသည် သူသွားချင်ရာ မသွားနိုင်တော့ပါ။ အကြောင်းမှာ သူ့အပြန်လမ်းကို ဘုန်းတော်ကြီးတစ်ပါးက ပိတ်လိုက်သောကြောင့်တည်း။ စောင်းပိုက်ဆရာတော်က ထိုလူကို လမ်းပိတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ထိုလူသည် တန့်ခနဲဖြစ်သွား၏။ တွေခနဲရပ်နေပြီး နောက်လှစ်ခနဲ ဘေးသို့လှည့်ပြေးသည်။ ထိုသူလှည့်ပြေးသည့်ဘက်မှာ ထိုက်ချင်ပုန်းအောင်းနေသည့်ဘက်ဖြစ်၏။ ထိုသူသည် မုချပင်သူပုန်းနေသည့် သစ်ပင်အောက်သို့ ရောက်လာရပေမည်။

ထိုက်ချင်မှန်းဆထားသည့်အတိုင်းပင် ဖြစ်သည်။ ထိုလူသည် သစ်ပင်အောက်မှ ဖြတ်ပြေးလာတော့သည်။ ထိုက်ချင် ဘာလုပ်ရမည်နည်း။ ရှင်းပါသည်။ စောင်းပိုက်ဆရာတော် တားဆီးနေသည့်လူကို သူအလွတ်ပေး၍မဖြစ်ပါ။ သူကလည်း တားဆီးရပါမည်။ ထိုအတွေးကြောင့် ပြေးလာသူ သစ်ပင်အောက် ရောက်သည်နှင့် ထိုသူ့အပေါ်သို့ ထိုက်ချင် ခုန်ချဖမ်းဆီးလိုက်ရာ မြေကြီးပေါ်သို့ နှစ်ယောက်သား လုံးထွေးကျသွားတော့သည်။

ထိုက်ချင်သည် ထိုလူကို မလွတ်တမ်းဖက်ထားရာမှ ချက်ချင်းလိုလိုပင် မျက်လုံးပြူးသွားလေတော့သည်။ ထို့ကြောင့် မလွတ်တမ်းဖမ်းထားသည့် လက်များကို လွှတ်ပေးလိုက်ပြီး အလန့်တကြား

နောက်ဆုတ်လိုက်လေ၏။ သူဖမ်းချုပ်ထားသည့်လူမှာ ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းမပျိုတစ်ယောက် ဖြစ်နေသည်ကိုထိုက်ချင် သိလိုက်ရသောကြောင့် ဖြစ်ပါသည်။

မိန်းမပျိုမှာ ထိုအခွင့်အရေးကို လက်လွှတ်မခံပါ။ ထိုက်ချင်၏ ချုပ်နှောင်မှုလွတ်ကင်းသွားသည်နှင့် တစ်ပြိုင်နက် မြေကြီးပေါ်မှ လူးလှိမ့်ထလိုက်သည်။ သူမ ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

သို့သော်. . . သူမ မပြေးနိုင်ပါ။ သူမ၏ လက်မောင်းတစ်ဘက်မှာ ကြီးမားသော သံညှပ်ကြီးဖြင့် အဖမ်းခံလိုက်ရသကဲ့သို့ နာကျင်သွားသောကြောင့် ဖြစ်ပါသည်။

သူမ အနည်းငယ် နောက်ကျသွားပါသည်။ စောင်းပိုက်ဆရာတော်က သူမအား အချိန်မီလာဖမ်းသွားနိုင်ပါသည်။

ထိုက်ချင်သည် မြေပေါ်မှ လူးလဲထပြီး ဆရာတော်အား မျက်လုံးပြူး မျက်ဆန်ပြူး ပြောလိုက်လေ၏။

"ဆ. . . ဆ. . . ဆရာတော်၊ သူ. . . သူ ယောကျ်ား မဟုတ်ဘူး၊ မိန်း . . . မိန်းကလေး"

ဆရာတော်သည် မသိနိုးနား အတွေ့အကြုံနည်းလှသော ထိုက်ချင်ကို ပြုံးကြည့်လိုက်၏။

"ထိုက်ချင်. . တပည့်၊ မင်းဟာ သိုင်းလောက အတွေ့အကြုံနည်းလှသေးတယ်၊ သိုင်းလောကမှာ မိန်းကလေးလူဆိုးတွေ တစ်ပုံတပင်ကြီးရှိတယ်"

ထိုက်ချင် ဘာမျှမပြောနိုင်ပေ။ သူ့ခန္ဓာကိုယ်၌ ပေရေသွား



သော ဖုန်မှုန့်များကို ခါချပြီး မိန်းမပျိုကို အကဲခတ်လိုက်သည်။

မိန်းမပျိုကား ဆရာတော်၏ လက်ထဲ၌ကြက်ကလေး ငှက်ကလေးပမာ. . .

"ကဲ. . လာ၊ ကျောင်းထဲ သွားကြစို့"

ဆရာတော်က ထိုက်ချင်အားပြောပြီး မိန်းမပျိုအားကျောင်းဘက်သို့ဆွဲခေါ်သွားလေရာ ထိုက်ချင်မှာလည်း ဆရာတော်နောက်မှ လိုက်ရလေတော့၏။

ကျောင်းရှေ့ရောက်သောအခါ ကျောင်းတံခါးရှေ့၌ စာတစ်စောင်ကျနေကြောင်း တွေ့ရလေ၏။

ထိုစာမှာ မိန်းမပျို စောစောက ချထားခဲ့သည့် စာဖြစ်ရပေလိမ့်မည်။

ဆရာတော်က ထိုက်ချင်အား. .

"အဲဒီစာကို ကောက်ခဲ့စမ်း၊ ကျောင်းထဲကျမှ ဒီစာကို ဖတ်ရမယ်"

ထိုအချိန်မှာပင် သီလရှင်ကျောင်းတံခါးလည်း ပွင့်လာလေတော့၏။ ကျိုကျူး၏ နုပျိုလှပသော မျက်နှာကလေး ပေါ်လာသည်။

"ကွေ့မိန် နိုးနေပြီလား"

ဆရာတော်က မေးလိုက်၏။

ကျိုကျူးက ခေါင်းညိတ်ကာ. . .

"ညည့်ခန်းထဲမှာ စောင့်နေပါတယ် ဆရာတော်"

စောင်းပိုက်ဆရာတော်က ခေါင်းညိတ်လိုက်ပြီး. . .

"အိမ်း. . ငါရန်သူတစ်ယောက်မိထားပြီ၊ သူနဲ့ဆက်ပြော

စရာရှိတယ်"

"ညှော်ဆောင်ထဲကို ကြွပါ ဆရာတော်၊ ဆရာတော်နဲ့ဘွား ဘွားနဲ့ မနေ့က စကားပြောတဲ့ အခန်းဟာ ညှော်ဆောင်ပါပဲ"

စောင်းပိုက်ဆရာတော်သည် ရန်သူမိန်းမပျိုကို ဆွဲခေါ်ပြီး ညှော်ဆောင်ဆီသို့ လျင်မြန်စွာ ထွက်ခွာသွားတော့သည်။

ထိုတံခါးဝ၌ ထိုက်ချင်နှင့် ကျိုကျူးတို့ နှစ်ယောက်သာ ကျန်ရစ်တော့သည်။ ကျိုကျူးသည် ထိုက်ချင်၏ ရောင်ကိုင်းနေသော မျက်နှာကို ကြည့်ပြီး ဝမ်းနည်းသွားသည်။

"ရှင်. . ရှင်. . ဘယ်လိုဖြစ်တာလဲ၊ လာ. . လာ၊ ကျွန်မ ဆေးတိုက်မယ်"

"ရန်သူနဲ့တွေ့ပြီး ရန်သူတွေ နည်းနည်းပါးပါး ဆုံးမလိုက်တာပါ။ ကိစ္စမရှိပါဘူး၊ ဆရာတော် ဒဏ်ကြေဆေး ကျွေးထားပါတယ်။ မင်းငါ့ကို အတော်စောင့်နေရမှာပေါ့နော်"

"ရှင်ပြောရက်တယ်၊ ကျွန်မ တစ်ညလုံး မအိပ်နိုင်ခဲ့ဘူးရှင့်"

"အေး. . ငါ စိတ်မကောင်းပါဘူးကွာ၊ ကဲ. . ငါ ဆရာတော်တို့ဆီ သွားလိုက်ဦးမယ်"

"သွား. . သွား. . သွား၊ ရှင်ဟာ ရှင့်ဆရာတော်ရဲ့ မျက်စိအောက်မှာပဲ အမြဲနေသင့်တယ်"

ကျိုကျူးက ခြေဆောင့်ပြောကာ တံခါးမကြီးကို ဆောင့်၍ ပိတ်လိုက်လေ၏။ တံခါးကြီးနှစ်ချပ်သည် ဝုန်းခနဲမြည်ကာ ပိတ်သွားလေတော့သည်။

*****



# အခန်း [၄၁]

## အန္တရာယ်ခရီး

စောင်းပိုက်ဆရာတော်သည် ညှော်ခန်းထဲသို့ ဝင်လာ၏။ ညှော်ခန်းထဲတွင် ကွေ့မိန် စောင့်နေသည်။

ကွေ့မိန်သည် မိန်းမပျိုတစ်ဦးကို ဖမ်းချုပ်လျက် အခန်းထဲသို့ ဝင်လာနေသော စောင်းပိုက်ဆရာတော်ကို စောင့်ကြည့်နေ၏။

သူမ၏ ဘေးတွင် သီလရှင်တစ်ပါးရပ်နေသည်။ ထိုသီလရှင်မှာ ကျူးရင်သီလရှင်ကျောင်းမှ သီလရှင်ထားရင်ပင် ဖြစ်သည်။

သူမသည် ကျိုကျူး၏ ဆရာဖြစ်သကဲ့သို့ မွေးစားအမေလည်းဖြစ်၏။

သူတို့ သေချာစွာ စကားမပြောရသေးမီမှာပင် ထိုက်ချင်လည်း ညှော်ခန်းအတွင်းသို့ ရောက်ရှိလာလေ၏။

ကွေ့မိန်က စောင်းပိုက်ဆရာတော်အား ပြုံး၍ ပြောလိုက်၏။

"ဆရာတော်ခန့်မှန်းတာ မလွဲဘူး"

ဆရာတော်က ဘာမျှပြန်မပြောပေ။ သူသည် ဖမ်းဆီးလာသည့် မိန်းမပျို ငြိမ်သက်သွားစေရန် ထုံကြောနှစ်ခုကို ထိုးပိတ်ပြီး ထိုင်ခုံတစ်ခုပေါ်တွင် တင်ထားလိုက်သည်။

ဆရာတော်က နောက်မှ ဝင်လာသောထိုက်ချင်ကို စောင်းငဲ့ကြည့်ပြီး

"ထိုက်ချင်. . . မင်းရဲ့ဘွားဘွားကို ကျောင်းရှေ့က ကောက်လာတဲ့စာ ပေးလိုက်စမ်း"

ထိုက်ချင်က ရှေ့သို့တိုးထွက်လာပြီး ဆံဖြူဘွားဘွားကွေ့မိန်၏ လက်ထဲသို့ စာကိုလှမ်းပေးလိုက်သည်။

ကွေ့မိန်သည် စာကိုယူဖတ်ပြီး နှုတ်ခမ်းထောင့်စွန်း တွန့်ကွေးပြုံးသွား၏။ ထို့နောက် စောင်းပိုက်ဆရာတော်ထံ ပြန်ပေး၏။

ဆရာတော်က စာကိုလှမ်းပြီး ဖတ်လိုက်သည်။ စာပုံသဏ္ဍာန်မှာ ထူးခြားမှုမရှိပါ။ သိုင်းလောက၌ ပေးလေ့ပေးထရှိသော သာမန်ဖိတ်စာတစ်စောင်ပင်။

မည်သို့ပင်ဖြစ်စေ၊ အထဲက အကြောင်းအရာကတော့ ထူးခြားနေပါလိမ့်မည်။ ဆရာတော်က သေချာစွာဖတ်လိုက်၏။

အိုမေဂိုဏ်းချုပ် ဆရာမကြီး. .

ဂိုဏ်းချုပ်ဆရာမကြီး ကွေ့မိန်၏ ညာတာကြင်နာမှုအရ ဂိုဏ်းချုပ်ဆရာမကြီး၏ ဂိုဏ်းတူသမီးနှင့် ဂိုဏ်းတူမြေးတို့ ရေ



နန်းတော်သို့ လာရောက်လည်ပတ်ခြင်းကို လွန်စွာဝမ်းမြောက်ကျေနပ်မိပါသည်။ ဆရာမကြီး၏ ဂိုဏ်းတူသမီး လီရှန်ရှန်က ရေနန်းတော်သို့ ဆရာမကြီးကိုယ်တိုင် လာရောက်လည်ပတ်ဦးမည်ဟု ပြောသောအခါ ပို၍ပို၍ ဝမ်းသာကျေနပ်မိပါသည်။

ဆရာမကြီး လာရောက်ပါက ဧည့်ဝတ် ကျေပွန်စွာပြုစုနိုင်ရန် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။

ဂိုဏ်းချုပ်ဆရာမကြီး လာလည်ပါက ကျွန်မဝမ်မြောင်သခင်မ ဝမ်းမြောက်ဂုဏ်ယူမိမည် ဖြစ်ပါသည်။

ဂိုဏ်းချုပ်ဆရာမကြီး၏ ဂိုဏ်းတူသမီး လီရှန်ရှန်မှာ ရေနန်းတော်၌ နေထိုင်မကောင်းဖြစ်နေပါသည်။ ဂိုဏ်းချုပ်ဆရာမကြီးကို လွန်စွာ တမ်းတလျက်ရှိနေပါသဖြင့် အမြန်ဆုံးလာရောက်လည်ပတ်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဝမ်မြောင်သခင်မ
ရေနန်းတော်
ရေနက်ချောက်ကမ်းပါး

စောင်းပိုက်ဆရာတော်သည် စာကိုစေ့စပ်သေချာစွာဖတ်ပြီးနောက် ဆံဖြူဘွားဘွားထံသို့ စာကို ပြန်ပေးလိုက်၏။

"ကဲ. . . ခင်ဗျားသူ့ကိုမေးလို့ရပြီ၊ ဒီစာကို ယူလာတာသူပဲ၊ ကျုပ်က အခန့်သင့်ပြီး ဖမ်းလိုက်နိုင်တာ"

ဆံဖြူဘွားဘွားကွေ့မိန်က ကုလားထိုင်ပေါ်မှ မိန်းမပျိုကို ဂရုဏာသက်သောမျက်လုံးများဖြင့် ကြည့်လိုက်၏။

"အင်း. . မင်းရဲ့ရုပ်ရည်လေးကတော့ ချောချောမောမော

သားသားနားနားပါပဲလား၊ ဘာဖြစ်လို့များ ရေနက်ချောက်ကမ်းပါးက သိုင်းဂိုဏ်းထဲရောက်နေပါလိမ့်"

ဆံဖြူဘွားဘွားကွေ့ မိန်က မိန်းမပျိုကို ပြောသလိုလို၊ သူ့ကိုယ်သူ တစ်ကိုယ်တည်းပြောသလိုလိုနှင့် ပြောလိုက်၏။

မိန်းမပျိုမှာ မလှုပ်ရှားနိုင်သည့် အကြောများကို ထိုးပိတ်ခံထားရသော်လည်း အ,ကြောကိုမူ ထိုးပိတ်မခံရချေ။ ထို့ကြောင့် စကားပြောနေနိုင်ပေသည်။ မိန်းမပျိုကအံ့ကြိတ်ပြီး. .

"ဒီမှာရှင့်. . ရှင်တို့ အယူအဆမှားနေကြပြီ၊ ကျွန်မက ကြားလူ၊ ရှင်တို့နဲ့ ဝမ်မြောင်သခင်မတို့ကို ဆက်သွယ်ပေးတဲ့ သံတမန်ပဲ၊ ရှင်တို့ ပြန်စဉ်းစားသင့်တယ်၊ သံတမန်ကိုမဖမ်းရဘူး၊ နည်းလမ်းကျမကျ စဉ်းစားကြည့်ပြီးရင် ရှင်တို့ ကိုယ့်ကိုယ်ကို ရှက်သွားကြလိမ့်မယ်"

ထိုအခါ စောင်းပိုက်ဆရာတော်က. .

"မိန်းကလေး. . မင်းဟာ ဉာဏ်ရှိတဲ့လူမဟုတ်ဘူး၊ မင်းသာ တကယ်ဉာဏ်ရှိရင် ဒီလို ဒုက္ခတွေ့မှာ မဟုတ်ဘူး"

ဆံဖြူဘွားဘွား ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်. . ဘွားဘွားမှာ ပိတ်ထားတဲ့ ပါးစပ်တွေကို ဖွင့်နိုင်တဲ့ နည်းလမ်း တစ်ရာ့ငါးမျိုးတောင်ရှိတယ်၊ ဒါပေမယ့် ဘွားဘွားဟာ ဘယ်တုန်းကမှ အဲဒီနည်းလမ်းတစ်ရာ့ငါးမျိုးကို မသုံးခဲ့ဖူးဘူး၊ အလွန်ဆုံးသုံးမျိုးလောက်ပဲ သုံးခဲ့ဖူးတယ်၊ ပိတ်နေတဲ့ ပါးစပ်တွေ ပွင့်လာတာပဲ ၊ စကားမပြောတဲ့ပါးစပ်တွေ စကားပြောလာတာပဲ"



ဆံဖြူဘွားဘွား၏အသံက အေးအေးဆေးဆေးရှိလှသည်။ မိန်းမပျိုကသာ ရေနက်ချောက်ကမ်းပါးအကြောင်း ဖွင့်မပြောလျှင် ဖွင့်ပြောအောင် လုပ်နိုင်သည့်နည်း သူမ၌ရှိသည်ဟု ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်ပါသည်။ သူမ၏ အေးဆေးသောအသံက ဒေါသတကြီး ကြိမ်းဝါးသည့်အသံထက်ပင် ကြောက်စရာကောင်းနေပေသေးသည်။

မိန်းမပျိုကမူ အံ့ကြိတ်နေဆဲပင်။

စောင်းပိုက်ဆရာတော်က မိန်းမပျိုကို စောင်းငဲ့ကြည့်လိုက်ပြီး. . .

"မိန်းကလေး. . . မင်းလိမ္မာပါ၊ ကိုယ့်ဆီကို ဒုက္ခအလိုအလျောက် ရောက်လာတာမျိုးက ကံကြမ္မာကို အပြစ်တင်လို့ ရတယ်၊ ကိုယ်က ဒုက္ခကို ဝယ်ယူတာမျိုးကျတော့ မိုက်မဲရာကျတယ်၊ ကိုယ့်ကို အများတကာ အပြစ်တင်လိမ့်မယ်"

ထိုစဉ် ဆံဖြူဘွားဘွားက ညင်သာစွာ ဝင်မေး၏။

"ဆရာတော်ပြောတာမှန်တယ်၊ မင်းနာမည် ဘယ်သူလဲ"

မိန်းမပျိုသည် အတန်ကြာစဉ်းစား၏။

ပြီးမှ နှုတ်ခမ်းတစ်ချက်ကိုက်ကာ. .

"ဒေါင်းဝါ"

"သမီး. . ဒေါင်းဝါ"

ဆံဖြူဘွားဘွား၏အသံက အမှန်တကယ်အေးဆေးလှ၏။

"အခု လီရှန်ရှန်အကြောင်း ဘွားဘွားတို့ သိရတယ်၊ လီရှန်ရှန်ဆိုတာ ဘွားဘွားရဲ့တပည့်ပဲ၊ ရက်ချိန်းချိန်း ဆိုတာကတော့

ဘွားဘွားရဲ့ မြေးတပည့်၊ သူတို့အခြေအနေ ဘယ်လိုရှိသလဲဟင်"

ဒေါင်းဝါ ခေါင်းခါလိုက်၏။

"ဒီရက်ပိုင်းတွေမှာတော့ ကျွန်မ မသိပါဘူး"

ဘွားဘွားကွေ့မိန် မျက်မှောက်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ဒေါင်းဝါက. . .

"ဒီရက်ပိုင်းမှာ သူတို့ကို ရေနန်းတော်ဆီခေါ်သွားလို့ပဲ"

ကွေ့မိန် ခေါင်းညိတ်လိုက်၏။

"ရှင်းရှင်းပြောပါသမီးရယ်၊ သူတို့ကို ချုပ်ထားတာပဲ မဟုတ်လား"

"ဟုတ်ကဲ့. . ."

"ဘာဖြစ်လို့ သူတို့ကို ချုပ်ထားရတာလဲ၊ အကြောင်းရှိရမယ်၊ အဲဒီအကြောင်းကို သမီးသိသလား"

ဒေါင်းဝါက သူမ၏ဦးခေါင်းကို သွက်သွက်ကလေး ခါယမ်းပြန်သည်။

"သမီးကတော့ ဒါတွေမသိပါဘူး၊ တကယ်တော့ ဒါဟာသမီးရဲ့ အလုပ်မဟုတ်ဘူး၊ ဒေါင်းဖြူရဲ့အလုပ်ပါ"

ဆံဖြူဘွားဘွားကွေ့မိန် ပြုံးလိုက်၏။ ထိုသို့ ပြုံးလိုက်ခြင်းမှာ ဒေါင်းဝါနှင့်သူမ လေပေးဖြောင့်ပြီဆိုသည်ကို သိလိုက်ရသော ကြောင့် ဖြစ်ပါသည်။

"ထားပါတော့ ထားပါတော့၊ ဘွားဘွား အဓိက သိချင်တာ တစ်ချက်ရှိတယ်၊ သူတို့ အသက်အန္တရာယ်ကို စိုးရိမ်နေရသလား"



ဒေါင်းဝါက ခေါင်းညိတ်လေ၏။

"ဒါကတော့ ဘွားဘွားပေါ်မှာ မူတည်နေတာပဲ"

ထိုအချက်မှာ အမှန်အကန်ပင် ကိစ္စရပ်တစ်ခုလုံးသည် ဆံဖြူဘွားဘွားကွေ့မိန်ပေါ် မူတည်နေသည်ပင်။

ဆံဖြူဘွားဘွားက ခေါင်းညိတ်လိုက်ပြီး . . .

"ဒါနဲ့ ဘွားဘွား တစ်ခုလောက် ထပ်မေးပါရစေဦး၊ အခု သမီးဒေါင်းဝါ ယူလာတာ ဘွားဘွားကို ဖိတ်တဲ့စာပဲ၊ ဒါကို သမီး သိသလား"

"ဟုတ်ကဲ့. . သိပါတယ်"

"အဲဒီစာထဲမှာ သာမန်ဖိတ်ကြားထားတာပဲ ရှိတယ်၊ အဓိက ဘာကြောင့်ဆိုတာ ဖော်ပြမထားဘူး၊ ဘွားဘွားကို ဘာကြောင့် ဖိတ်တယ်ဆိုတာ ဘွားဘွားမသိရဘူးလား"

ဒေါင်းဝါက ခေါင်းခါပြန်၏

"ဒါကတော့ အင်မတန် လေးနက်ပါတယ်၊ ဒီအချက်ကို ဝမ်မြောင်သခင်မကလွဲလို့ ဘယ်သူမှမသိနိုင်ပါဘူး၊ ကျွန်မကတော့ ပိုလို့တောင် မသိပါဘူး"

ထိုအခါ ထိုက်ချင်က မျက်လုံးပြူးပြီး ဝင်ပြောလာ၏။

"မင်းကို မေးလိုက်ရင် မသိတာချည်းဘဲ၊ သိတာ ဘာတစ်ခုမှ မပါဘူး၊ အတော် မေးလို့မြန်းလို့ ကောင်းတယ်"

ဒေါင်းဝါ၏ မျက်နှာမှာ ဒေါသရောင်တောက်သွား၏။

သူမက ထိုက်ချင်ကို ဒေါသတကြီးကြည့်လိုက်သည်။

"မသိတဲ့ကိစ္စကို မသိဘူးလို့ပြောတာ အပြစ်လား၊ ကျွန်မ

လိမ်ပြောရမှာလား၊ လိမ်ပြောမှ ရှင်က ကျေနပ်မှာလား"

"မင်း. . ကျုပ်ကို မအော်ပါနဲ့၊ ကောင်းကောင်းပြောပါ"

"ကျွန်မကို ရှင် ကောင်းကောင်းမေးပါ၊ ဒေါသထွက်အောင် မလုပ်ပါနဲ့"

"မင်းကများ ပြောင်းပြန် ပြောနေရသလား၊ ဟေ့. . ဒီမှာ ငါတို့လူတွေကို မင်းတို့ဖမ်းထားတယ်၊ တို့က ဒီလူတွေကို လိုက်ကယ်ရမယ်၊ အဲဒါ မင်းလိုက်ပို့ပေတော့"

ထိုက်ချင်၏ စကားကြောင့် ဒေါင်းဝါ မျက်စိမျက်နှာပျက်သွားလေ၏။ တစ်ကိုယ်လုံး တုန်ခါသွားလေတော့သည်။ သူမတကယ်ပင် ကြောက်ရွံ့သွားပုံရသည်။ ဤသည်ကို အားလုံးကပင် ရိပ်မိကြလေ၏။

ထိုက်ချင်က. . .

"မင်းမပို့လို့ မရဘူး၊ လိုက်ကိုပို့ရမယ်၊ ငါတို့ကလဲ တို့လူကို ကယ်ရမယ့် တာဝန်ရှိတယ်"

ဒေါင်းဝါက တုန်ယင်သောလေသံဖြင့် ပြော၏။

"ရှင်တို့ကို ကျွန်မလိုက်ပို့ရင် ကျွန်မဟာ ကိုယ့်သေတွင်းကိုယ် တူးသလို ဖြစ်သွားမှာပေါ့၊ ကျွန်မသေရလိမ့်မယ်"

ထိုအခါ ကွေ့မိန်က ပြုံးလျက်ဝင်ပြော၏။

"ငါတို့ကိုလိုက်ပို့ရုံနဲ့ သမီးက ဘာဖြစ်လို့သေရမှာလဲ၊ မသေနိုင်ပါဘူးကွယ်"

"ဘွားဘွားတို့ မသိပါဘူးရှင်၊ သခင်မဟာ အရက်စက်တကာ့ ထိပ်ခေါင်တင်ပါ၊ ဘွားဘွားတို့ ဒီအုပ်စုကြီးကို ရေနန်းတော်သို့



ကျွန်မလိုက်ပို့မိရင် သေတာထက်ဆိုးတဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရပါလိမ့်မယ်"

ဒေါင်းဝါက တုန်ယင်စွာ ပြောပြနေလေ၏။

စောင်းပိုက်ဆရာတော်သည် နောက်ပိုင်း တစ်ချိန်လုံးလိုလို နားထောင်နေသူ ဖြစ်၏။

ဒေါင်းဝါက ထိုသို့ ကြောက်ကြောက်ရွံ့ရွံ့ ပြောနေသောအခါ တည်ငြိမ်အေးချမ်းသော လေသံဖြင့် ဝင်ပြောလာလေ၏။

"ဒီမှာ မိန်းကလေး၊ ဒါကိုတော့မပူပါနဲ့ မိန်းကလေး၊ တို့ဟာ မင်းရဲ့ အသက်ကို တို့ရဲ့အသက်နဲ့ တန်းတူထားပြီး ကာကွယ်ပေးမှာပါ၊ တို့မသေသရွေ့ မင်းကို မသေစေရဘူး၊ အေး . . မင်းသေဖို့ကြုံလာရင် တို့ကရှေ့ကဝင်ပြီး အသေခံဖို့ ကတိပေးပါတယ်"

ဆံဖြူဘွားဘွား ကွေ့မိန်က ခေါင်းညိတ်လိုက်ပြီး. .

"ဟုတ်တယ်သမီး၊ ရေနန်းတော်ဟာ ဒုစရိုက်နန်းတော်ပါ၊ သိုင်းလောကမှာ မကောင်းသတင်းနဲ့ ကျော်ကြားတဲ့ နန်းတော်ပေါ့၊ သမီး နောင်တရဖို့ ကောင်းပါပြီ၊ ဘွားဘွားတို့လို အထက်လမ်းသိုင်းသမားတွေနဲ့ ပေါင်းသင်းဖို့ ကောင်းပါပြီ"

ထိုစဉ် ထိုက်ချင်က ဝင်ပြောလာပြန်၏။

"ဟေ့. . မိန်းကလေး၊ မင်းတစ်ခု နားလည်ထားရမှာက မင်းဟာတို့နဲ့ ပူးကို ပူးပေါင်းရမယ်ဆိုတာပဲ၊ ပူးပေါင်းရင် မင်းအသက်ရှင်မယ်၊ မပူးပေါင်းရင် မင်းအသက်သေမယ်၊ အေး. . . ချက်ချင်းတော့ တို့လဲ မသတ်ပါဘူး၊ မင်းရဲ့ ဝမ်မြောင်သခင်မ နှိပ်စက်ပြီး သတ်သလို တို့ကလဲ နှိပ်စက်ပြီး သတ်မှာပါပဲ"

ထိုက်ချင်၏ လေသံက မာကျောလှသည်။ အေးအေးဆေးဆေးရှိလှသည်။ ထိုက်ချင်က ဤတစ်ကြိမ်၌ ခပ်ထန်ထန်ဝင်ရောက်ခြိမ်းခြောက် ဟိန်းဟောက်နေသောအခါ ဝမ်းထဲမှ ကျိတ်၍ပြုံးလိုက်မိသည်။

ရေနန်းတော်မှ မိန်းမပျိုလေးကို သူညှင်းပန်းနှိပ်စက်မည်မဟုတ်ပါ။ အထက်လမ်းဂိုဏ်းများသည် များသောအားဖြင့် နှိပ်စက်သည့် နည်းလမ်းများကို သုံးဆောင်လေ့မရှိကြပါ၊ အိုမေဂိုဏ်းသည် အထက်လမ်းဂိုဏ်းကြီးဖြစ်၍ သိုင်းလောက၌ နာမည်ပျက်ခံမည် မဟုတ်ပါ။

ဒေါင်းဝါ တွေဝေနေသည်။

ဆံဖြူဘွားဘွားက ကြင်နာသောလေဖြင့် ပြောလိုက်၏။

"သမီး. . ဒေါင်းဝါ၊ သမီးသေသေချာချာ စဉ်းစားပါ၊ နာမည်ကောင်းနဲ့ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့က အရေးကြီးပါတယ်၊ နာမည်ဆိုးနဲ့ ကျော်ကြားတာ အလကားပါပဲ၊ သမီးတို့လို နောက်လိုက်တွေအဖို့ ပိုစဉ်းစားသင့်တယ်၊ ကိုယ့်ခေါင်းဆောင် မဟုတ်တာလုပ်သမျှ ကိုယ်က ခေါင်းဝင်လက်လျှိုလုပ်ရတာချည်းပဲ၊ အခုလိုအချိန်မှာ နောင်တရပြီး ကိုယ့်ဘဝကို ပြင်ဆင်လိုက်ရင် နောက်ကျတယ်လို့ မဆိုနိုင်သေးပါဘူး၊ အချိန် မနှောင်းသေးပါဘူး"

ဒေါင်းဝါမှာ တွေဝေဆဲပင်။ ခေါင်းညိတ်ခြင်း မပြုသေးပေ။

ထိုစဉ် စောင်းပိုက်ဆရာတော်က တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည့်ဟန်ဖြင့် သူ့ရင်ခွင်ထဲမှ တစ်စုံတစ်ခုသော ပစ္စည်းကိုနှိုက်လိုက်သည်။ ဝါးဆစ်ဘူးကလေး တစ်ဘူးပင်တည်း။ ထိုဘူး



ထဲမှ အနီရောင်ဆေးလုံးကလေး တစ်လုံးကို ထုတ်ယူလိုက်လေ၏။ ထို့နောက် ဒေါင်းဝါ၏ မျက်နှာကို လက်တစ်ဘက်ဖြင့် မော့စေလိုက်ပြီး ပါးစပ်ထဲသို့ ဆေးလုံးကို ပစ်ထည့်လိုက်သည်။ လည်ပင်းကြောများကို ဖြည်းညင်းစွာ ပွတ်သပ်ချပေးလိုက်သည့်အခါ အနီရောင်ဆေးလုံးလေးသည် ဒေါင်းဝါ၏လည်မျိုထဲသို့ ရောက်ရှိသွားလေတော့၏။

ဒေါင်းဝါသည် ထိုဆေးလုံး၏ အာနိသင်ကို လုံးဝမသိရှိပေ။ သို့သော် သူ့အတွက် အကောင်းမဖြစ်စေနိုင်မှန်းတော့ သိရှိသည်။ ထို့ကြောင့် ဆေးလုံးကလေးကို ထွေးထုတ်ရန် ကြိုးစား သည်။ သူမမည်မျှပင် ကြိုးကြိုးစား မရတော့ပေ။ ဆေးလုံးသည် လည်မျိုမှတစ်ဆင့် ဝမ်းထဲသို့ ဝင်ရောက်သွားလေတော့၏။

စောင်းပိုက်ဆရာတော်သည် ဆေးလုံးက ပြန်မထွက်နိုင်ကြောင်းသေချာသောအခါမှ သက်န်းအတွင်းအိတ်ထဲမှ ကတ္တီပါအိတ်ရှုံ့ကလေး တစ်လုံးကို ထုတ်ယူပြီး ဒေါင်းဝါ၏ ပေါင်ပေါ်သို့ တင်ထားပေးလိုက်၏။ ထိုပြင် ဒေါင်းဝါမလှုပ်ရှားနိုင်ရန် ပိတ်ထားသည့် အကြောများကိုလည်း ဖွင့်ပေးလိုက်သည်။ ဒေါင်းဝါမှာ မျက်လုံးကလေး အပြူးသားဖြင့် ဆရာတော်ကို ကြည့်နေမိတော့သည်။

"မိန်းကလေး . . မင်းသာ ငါတို့နဲ့ ပူးပေါင်းမယ်ဆိုရင် အဲဒီကတ္တီပါအိတ်ရှုံ့ကလေးကို မင်းပိုင်ပြီ၊ အေး. . မင်းက ငါတို့နဲ့မပူးပေါင်းနိုင်ဘူး ဆိုရင်တော့ နောက်သုံးလကြာရင် မင်းသေပြီပါက အထက်လမ်းဂိုဏ်းသားတွေ လုပ်လေ့လုပ်ထရှိခဲ့တဲ့ အလုပ်

မျိုးတော့ မဟုတ်ဘူး၊ ခွေးရူးကို ဂါထာမန္တန်နဲ့တားဆီးနေလို့ မရသလို ဒုစရိုက်နန်းတော်ကိုလဲ မေတ္တာနဲ့ချည်း ဆက်ဆံနေလို့မရတော့ဘူး၊ ဒီတော့. . မီးကို မီးနဲ့တုံ့ပြန်ရတဲ့သဘောပဲ"

ဆရာတော်၏ အသံက တည်ငြိမ်အေးဆေးလှပေသည်။

ဒေါင်းဝါက စောင်းပိုက်ဆရာတော်ကို မော့ကြည့်ပြီး ကြောက်ကြောက်ရွံ့ရွံ့ မေးမြန်းမိလေသည်။

"ခု. . . ခုနက ဆေးလုံး. ."

စောင်းပိုက်ဆရာတော်က ဒေါင်းဝါ၏ စကားမဆုံးမီဖြတ်ပြောချလိုက်သည်။

"အဆိပ်တစ်ထောင် နတ်ဆေးလုံးပဲ"

ဒေါင်းဝါ၏ မျက်နှာသည် စက္ကူဖြူတစ်ချပ်နှယ် ရုတ်ခြည်းဖြူဖွေးသွားသည်။ သွေးဆုတ်သွားခြင်းဖြစ်သည်။ သူမသည် ဆရာတော်၏ စကားကို သံသယမရှိပေ။ ဆရာတော် အမှန်အတိုင်းပြောနေကြောင်း ယုံကြည်ပေသည်။

စောင်းပိုက်ဆရာတော်က ဆက်ပြော၏။

"အဲဒီအဆိပ်ဟာ အင်မတန် ပြင်းထန်တယ်၊ ဘယ်ဖြေဆေးမှ မကယ်နိုင်ဘူး၊ မတတ်နိုင်ဘူး၊ ဒါပေမယ့် ငါ့မှာတော့ အဲဒီ အဆိပ်ကို နိုင်တဲ့ဖြေဆေးရှိတယ်၊ မိန်းကလေးသာ လိမ္မာရင် အဲဒီဖြေဆေးကို ပေးဖို့ ဝန်မလေးပါဘူး"

ဆရာတော်၏ လက်ထဲ၌ ကတ္တီပါအိတ်ရှုံ့ကလေး ပြန်ရောက်နေပေပြီ။

ဒေါင်းဝါခမျာ နဖူး၌ ချွေးများသီးနေ၏။



"ကျွန်မ. . ကျွန်မ. .၊ လိုက်. . လိုက်ပို့ပါ့မယ်ရှင်"

ဒေါင်းဝါလက်မြောက် အရှုံးပေးသွားရှာလေပြီ။ အကယ်၍ စောင်းပိုက်ဆရာတော်ကသာ အကျပ်မကိုင်လျှင် ဒေါင်းဝါသည် တော်တော်နှင့် အလျှော့ပေးလိမ့်မည် မဟုတ်ချေ။

ကြောက်ရွံ့ခြင်းကတစ်ဘက်၊ သစ္စာရှိခြင်းတို့က တစ်ဘက်တို့ကြောင့် ဒေါင်းဝါသည် ဆံဖြူဘွားဘွားတို့အုပ်စုကို လွယ်လွယ်ကူကူ ပူးပေါင်းမည် မဟုတ်ချေ။

ယခုတော့ ဝမ်မြောင်သခင်မထက် သေခြင်းတရားက ပို၍ နီးကပ်သွားခဲ့လေပြီ။ ထို့ကြောင့် ဆံဖြူဘွားဘွားတို့နှင့် ပူးပေါင်းရန် သဘောတူလိုက်ရလေပြီ။

စောင်းပိုက်ဆရာတော်၏ မျက်နှာ၌ ပြုံးယောင်သမ်းနေ၏။

"အင်း. . ကျုပ်ထင်ပါတယ်၊ မိန်းကလေးဟာ တကယ်မိုက်မဲတဲ့သူ မဟုတ်ဘူးဆိုတာ၊ လူလိမ္မာဟာ လိမ္မာတဲ့သူနဲ့ပဲ ပေါင်းသင့်ပါတယ်၊ အစွယ်အစွယ်ချင်း၊ ချို ချိုချင်း၊ အဆိပ် အဆိပ်ချင်း ပေါင်းကြတာ ဓမ္မတာပဲ၊ ကျုပ်တို့ အထက်လမ်းဂိုဏ်းတွေနဲ့ ပေါင်းသင်းခြင်းအားဖြင့် မိန်းကလေးဟာ ကိုယ့်အမှားကို ကိုယ်ပြင်လိုက်ခြင်းပါပဲ"

ဆံဖြူဘွားဘွား ကွေ့မိန်ကလည်း ကျေနပ်အားရစွာ ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဒါပေါ့၊ အထက်လမ်း ဂိုဏ်းသားတွေဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး၊ ကိုယ့်ကို ဒုက္ခပေးလာရင်လဲ မတွန့်မဆုတ် ရင်ဆိုင်ကြတာပါပဲ၊ သမီးဒေါင်းဝါ အမြင်မှန်ရတဲ့အတွက် ဘွားဘွားတို့ ဝမ်းသာ

ပါတယ်"

ဒေါင်းဝါမှာ ခေါင်းငုံ့လျက်ရှိနေရှာ၏။

ဆံဖြူဘွားဘွားက စောင်းပိုက်ဆရာတော်ကို မေးလိုက်လေသည်။

"ဆရာတော် အခုဆိုရင် အတော်ကလေးအဆင်ချောသွားပါပြီ၊ တပည့်တော်တို့ ဘယ်အချိန် ခရီးထွက်ကြမလဲ"

စောင်းပိုက်ဆရာတော်က. .

"ခုပဲ ခရီးထွက်မယ်၊ လျှပ်တစ်ပြက် ဝင်ရောက်ခြင်းဟာ ရန်သူကို အငိုက်မိစေနိုင်ပါတယ်"

"အကောင်းဆုံးပါပဲ၊ တပည့်တော်မလဲ ခရီးထွက်တာနှောင့်နှေး ကြန့်ကြာနေမှာကိုပဲ ပူနေတာပါ"

အချိန်အနည်းငယ်ကြာသောအခါ ကျုံးရင်သီလရှင် ကျောင်းတံခါးမကြီး ပွင့်လာလေတော့၏။ ကျောင်းထဲမှ လူလေးဦး ထွက်လာသည်။

သူတို့ကား စောင်းပိုက်ဆရာတော်၊ ဆံဖြူဘွားဘွား ကွေ့မိန်၊ ထိုက်ချင်နှင့် လမ်းပြဒေါင်းဝါတို့ပင် ဖြစ်ပါလေသည်။

သူတို့ခရီးစဉ်၏ ဦးတည်ရာအရပ်ကား ရေနက်ချောက်ကမ်းပါးပင်ဖြစ်လေတော့၏။

* * * * *



## အခန်း [၄၂]

## လမ်းပြသူနောက် မှန်မှန်လျှောက်

ထိုက်ချင်တို့အုပ်စု ခရီးထွက်ခဲ့ကြသည်မှာ တစ်ရက်တာ လွန်မြောက်ခဲ့ကြချေပြီ။ သိုင်းပညာ အသင့်အတင့်ရှိသူများနှင့် သိုင်းပညာ ကောင်းသူများချည်းသာ ဖြစ်နေ၍ ခရီးမှာ အတော်အတန်တွင်သည်။

မကြာမီ သူတို့သည် ပိုက်ရိတောင်ခြေသို့ ရောက်ရှိလာလေတော့သည်။

ထိုတောင်ခြေသို့ရောက်သည်နှင့် အားလုံးပင် စိတ်လှုပ်ရှားသွားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုက်ချင်ကဲ့သို့သော ဝါစဉ်နုသူပင် အန္တရာယ်၏ အငွေ့အသက်များကို ခံစားလိုက်ရသောကြောင့်ပင့်တည်း။

အမှန်စင်စစ်တွင်လည်း ပိုက်ရိတောင်သည် ဝမ်မြောင်၏ နယ်မြေဖြစ်နေပေသည်။ ဝမ်မြောင်သည် ပိုက်ရိတောင်ကို ခြေကုတ်ယူကာ ဤဒေသကြီးတစ်ခုလုံးအား သူမ၏ အာဏာစက် ဖြန့်ကြက်ရန် ကြိုးစားနေသည် မဟုတ်ပါလား၊ ပိုက်ရိတောင်သည် အန္တရာယ်နယ်မြေ ဖြစ်နေပေသည်။ ထို့ကြောင့် အန္တရာယ် အငွေ့အသက် ခံစားနေရသည်မှာလည်း အဆန်းမဟုတ်တော့ပေ။

အန္တရာယ် အချိန်မရွေးကျလာနိုင်သည်ကို စောင်းပိုက်ဆရာတော်သိရှိပေသည်။ သို့သော်. . သူတို့အားလုံး နတ်ဒေဝတာများ မဟုတ်ဘဲ လူသားများချည်းသာဖြစ်၍ လူသားများသွားနိုင်သည့် ခရီးထက်ပို၍ မသွားနိုင်ကြပေ။

စောင်းပိုက်ဆရာတော်၏ ခြေလှမ်းများရပ်သွား၏။ ဆရာတော်သည် ဆံဖြူဘွားဘွားကွေ့မိန်အား တိုင်ပင်သလိုလိုနှင့် သူ့အဆုံးအဖြတ်ကို ပြောပြလေ၏။

"ကဲ. . ကျုပ်တို့ ဒီမှာ ခရီးတစ်ထောက်နားကြမယ်"

ဆံဖြူဘွားဘွားကွေ့မိန်က ခေါင်းညိတ်သဘောတူလေ၏။

"နားပါ ၊ဒီခရီးစဉ်ကို ဆရာတော်က ဦးဆောင်တာပဲ၊ ဆရာတော်ရဲ့ အဆုံးအဖြတ်အတိုင်း နားထောင်ကြတာပေါ့"

သူတို့ မနား၍မဖြစ်ပါ။ ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့မှာ သိုင်းပညာကောင်းသူများဖြစ်၍ ခရီးဆက်လျှင်လည်း အကြောင်းမဟုတ်လှပါ၊ သို့သော် . . ထိုက်ချင်နှင့် ဒေါင်းဝါတို့မှာ သာမန်အဆင့်သာရှိကြ၍ သူတို့နှင့်တန်းတူ ယှဉ်၍ လိုက်နိုင်မည် မဟုတ်ပါ။

သူတို့သည် အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီး တစ်



ပင်အောက်၌ နားကြသည်။

ဆံဖြူဘွားဘွားသည် ကျူးရင်သီလရှင်ကျောင်းမှ ယူဆောင်လာသည့် ရိက္ခာခြောက်များကို ဝေငှပေးသည်။

ဆရာတော်သည် သစ်ပင်ရင်း၌ တင်ပျဉ်ခွေထိုင်ရင်းမှ အားလုံးကို ခြုံ၍ ပြောလိုက်လေ၏။

"ကျုပ်အနေနဲ့ ဒီအထိပဲ ဦးဆောင်မယ်၊ ရှေ့ခရီးကိုတော့ဖြင့် ဒေါင်းဝါက ဦးဆောင်ရလိမ့်မယ်"

ဆံဖြူဘွားဘွားက ခေါင်းထောင်လာပြီး. .

"ဖြစ်ပါ့မလား၊ ရေနက်ခေါက်ကမ်းပါးကို ရောက်ဖို့က အတော်လိုသေးတယ် မဟုတ်လား"

စောင်းပိုက်ဆရာတော်က ခေါင်းခါလိုက်၏။

"ရေနက်ချောက်ကမ်းပါးကို ရောက်ဖို့လိုတာ မလိုတာကအဓိက မဟုတ်ပါဘူး၊ ဒီနယ်မြေဟာ ဝမ်မြောင်ရဲ့ နယ်မြေဖြစ်ပြီး ဒီလိုနယ်မြေမျိုးကို ကျုပ်ထက် ဒေါင်းဝါက ပိုပြီးကျွမ်းကျင်လိမ့်မယ်"

ဆရာတော်က ဒေါင်းဝါကို လှမ်းကြည့်လိုက်၏။

"ဟုတ်ပြီလား မိန်းကလေး၊ မင်းပဲဦးဆောင်ပေတော့"

ဒေါင်းဝါက ခေါင်းညိတ်လျှောက်ထား၏။

"ဆရာတော် အမိန့်အတိုင်းပါပဲ"

သူတို့အားလုံး တစ်လှည့်စီကင်းစောင့်ပြီး အိပ်စက်ကြသော်လည်း မည်သည့်ဘေးအန္တရာယ်မျှ ကျရောက်ခြင်းမရှိပေ။ ရန်သူ့နယ်မြေအတွင်းဖြစ်နေသဖြင့် မည်သူမျှ အပိုစကား မပြောကြပေ။ နံနက်လင်းသော် ခရီးဆက်ကြ၏။ သည်တစ်ကြိမ် ရှေ့မှ ဦးဆောင်

သူကား ဒေါင်းဝါဖြစ်လေ၏။

တစ်နေ့တွာ ခရီးဆက်ပြီးနောက် ပိုက်ရိတောင်၏ အစွန်းတစ်ဘက်သို့ ရောက်ရှိလာသည်။

ဒေါင်းဝါက. .

"ကျွန်မတို့ ရေနက်ချောက်ကမ်းပါးနဲ့ နီးလာပြီ"

အားလုံးက ခေါင်းညိတ်ပြကြ၏။

"စကား ကျယ်ကျယ်မပြောကြပါနဲ့၊ ကျွန်မနောက်က သတိထားပြီး လိုက်ခဲ့ကြပါ။ သတိဆိုတာ ပိုတယ်မရှိပါဘူး၊ သခင်မဟာ ကျွန်မသိထားတဲ့ ကင်းတွေထက်ပိုပြီး တာဝန်ချထားနိုင်ပါတယ်"

အားလုံး တိတ်ဆိတ်စွာ သူမနောက်မှ လိုက်ကြ၏။

ထိုက်ချင်က . . . . .

"ဒေါင်းဝါ. . အဲဒီကို သွားတဲ့ လျှို့ဝှက်လမ်းလေးဘာလေး မရှိဘူးလား"

ဒေါင်းဝါခေါင်းညိတ်၏။

"ရှိပါတယ်"

"ရှိရင်လဲ အဲဒီလမ်းက သွားကြတာပေါ့"

"ရှိတော့ရှိတယ်၊ အန္တရာယ်သိပ်များတယ်"

ထိုက်ချင် ငြိမ်သွားတော့၏။ စင်စစ် သူ့အနေဖြင့် ဝင် ပြောနေရန်မလိုပါချေ။ သူသည် ဝါစဉ်အနုဆုံးသိုင်းသမားသာဖြစ်သည်။

စောင်းပိုက်ဆရာတော်က . . . . .

"မိန်းကလေး . . တံခါးမကြီးတည့်တည့်က ဝင်မယ်ဆိုရင်



ဘယ်လိုနေမလဲ"

"ရေနန်းတော် တစ်ကမ္ဘာလုံးကို အသိပေးပြီး အုတ်အော်သောင်းတင်းလုပ်သလို ဖြစ်သွားတော့မှာပေါ့"

ထိုအချိန်၌ ဆံဖြူဘွားဘွား ဝင်မပြောချေ။ ဝင်မပြောခြင်းမှာ တစ်စုံတစ်ခုကို စဉ်းစားနေသောကြောင့် ဖြစ်သည်။

နောက်ဆုံး၌ ဆံဖြူဘွားဘွားက ဝင်ပြောသည်။

"ငါတို့ လျှို့ဝှက်လမ်းကပဲ သွားကြမယ်၊ မင်းက ရှေ့ကသွားနေတာဆိုတာတော့ မင်းရဲ့ခြေလှမ်းအတိုင်း၊ တို့လိုက်နင်းကြမယ်၊ အဲဒီလိုဆိုရင် အန္တရာယ်ကင်းပြီပေါ့ သမီးဒေါင်းဝါ"

ဒေါင်းဝါက မချိပြုံး ပြုံးပြီး ပြောလေ၏။

"ဘွားဘွားတို့ အဲဒီလမ်းအတိုင်းသွားချင်တယ် ဆိုရင်လဲ ကျွန်မ လိုက်ပို့ပါ့မယ်၊ အဲဒီလမ်းက သွားရင်တော့ ကံဆိုးကံကောင်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ တပ်ဆင်ထားတဲ့ တချို့ယန္တရားခလုတ်တွေနဲ့ လျှို့ဝှက် ထောင်ချောက်တွေကို ကျွန်မလဲမသိပါဘူး၊ သေရင်လဲ အားလုံးသေမှာပါပဲ၊ ကျွန်မအဖို့ကတော့ သေမထူးနေမထူးပါဘဲ"

ဆံဖြူဘွားဘွားက. . .

"ဒီလောက်လဲ အားမလျှော့ပါနဲ့သမီးရယ်၊ အခြေအနေကောင်းလာနိုင်တဲ့ အဆင့်လဲရှိပါသေးတယ်၊ လုံထမ်းလာတာကိုသာ မြင်ရတာပါ၊ ကံထမ်းလာတာကိုတော့ မမြင်နိုင်ပါဘူး"

ထိုအခါ ထိုက်ချင်မှာ ဒေါင်းဝါကို ဂရုဏာသက်မိသွားလေသည်။ နေရာတိုင်း အချိန်တိုင်း မာမာထန်ထန် ပြောခဲ့ခြင်းများကို

အားနာသွားမိသည်။

"ဒီလောက်လဲ အားမလျှော့ပါနဲ့ဗျာ၊ ကျုပ်တို့ မသေသရွေ့တော့ ခင်ဗျားလဲ မသေစေရပါဘူး၊ လူဆိုတာ ကိုယ့်အသက်ရှင်သန်မှုကိုတော့ မက်မောတာပါပဲ၊ ကျုပ်တို့လဲ ဘယ်မှာ သေချင်ပါ့မလဲ၊ မသေအောင် ကြိုးစားမှာပဲ၊

ဒီလိုကြိုးစားတဲ့ နေရာမှာ ခင်ဗျားအတွက်လဲ မမေ့ပါဘူး၊ ကိုယ့်ရဲဘော်ရဲဘက် တစ်ယောက်လို ကျုပ်တို့က သဘောထားမှာပါ"

ထိုက်ချင်၏ စကားက လွန်စွာထိရောက်သွား၏။ ဒေါင်းဝါက ထိုက်ချင်ကို လေးစားအားကိုးသော အကြည့်ဖြင့် ကြည့်၏။ စောင်းပိုက်ဆရာတော်သည် လွန်စွာ တိုးတက်လာသော တပည့်၏ အသိအမြင်များအတွက် များစွာဂုဏ်ယူသည်။

ဆံဖြူဘွားဘွားကွေ့မိန်က. .

"သမီး ဒေါင်းဝါ. . လျှို့ဝှက်လမ်းရဲ့ တံခါးကို ဖွင့်နိုင်မလားဟင်"

"ဖွင့်နိုင်ပါတယ်၊ ဒါပေမယ့် နောက်ဖြစ်ပေါ်လာမယ့် ကိစ္စတွေက မလွယ်လှဘူး၊ အဲဒါ. ."

ဆံဖြူဘွားဘွားကွေ့မိန်က လက်ကာပြရင်း. . .

"ကိစ္စမရှိဘူး၊ နောက်ကိစ္စအတွက် တို့တာဝန်ထား၊ ဒါတွေကို ရင်ဆိုင်ဖို့က တို့တာဝန်ပဲ၊ အထဲမှာ ဘယ်နှစ်ယောက် အစောင့်ချထားသလဲ"

"အနည်းဆုံး သုံးယောက်ရှိတယ်၊ တစ်ခါတစ်ရံလဲ သုံးယောက်ထက်များတယ်"



"အချက်ပေးတဲ့ လျှို့ဝှက်ခလုတ်တွေရှိသလား"

"ရှိတာပေါ့"

"အချက်ပေးသံကြားတာနဲ့ အစောင့်တွေ လာဝိုင်းတာပဲလား"

"ဝိုင်းတယ်"

ဆံဖြူဘွားဘွား ဟူးခနဲ သက်ပြင်းချလိုက်၏။

"အင်း. . နောင်ခါလာ နောင်ခါချေးပဲ၊ အခုငါတို့ တောင်ပေါ်စခန်းထဲ ဝင်ကြရအောင်"

ငြင်းပယ်သူဟူ၍ မရှိချေ။ သေလမ်းဖြစ်သည့်တိုင် ထိုးဖောက်ဝင်ရောက်ရန် ဆုံးဖြတ်ပြီးဖြစ်၍ အားလုံးပင် ရှေ့သို့ချီတက်ကြလေတော့၏။

မကြာမီ ထိုက်ချင်တို့သည် ကျောက်တောင် ပို၍ထူထပ်သည့် အပိုင်းသို့ ရောက်ရှိလာသည်။ ထိုနေရာသို့ရောက်လျှင် ဒေါင်းဝါ၏ လှုပ်ရှားမှု ရပ်ဆိုင်းသွား၏။ အားလုံးက ဒေါင်းဝါကိုဝိုင်းကြည့်ကြလေသည်။

"ဒီနေရာဟာ သိပ်အရေးပါပါတယ်၊ တတ်နိုင်သမျှ အသံကိုတိုးတိုးပြောကြပါ။ ကျွန်မလျှောက်သလို လိုက်လျှောက်ကြပါ၊ ကျွန်မလုပ်သလို လုပ်ကြပါ"

ဒေါင်းဝါက အားလုံးကို တီးတိုးပြောလေ၏။

"စိတ်ချသမီး၊ တို့အားလုံး မင်းလုပ်သလို လုပ်မယ်"

ဆံဖြူဘွားဘွားက အာမခံလိုက်၏။

ဒေါင်းဝါ လျှောက်လေပြီ၊ ကျောက်ဆောင်များ၏ အကြား၌ ဖိုဆစ်သည်ချိုးဖြင့် အမျိုးမျိုး လှုပ်ရှားနေလေပြီ။ သွက်သွက်

လက်လက် မြန်မြန်ဆန်ဆန်ကြီးတော့ မဟုတ်ပေ။ သတိထားပြီး ဖြည်းညင်းစွာ လှူပ်ရှားနေခြင်းဖြစ်ပေသည်။

နောက်မှ လူစုမှာလည်း ဒေါင်းဝါနှင့် ထပ်တူ လှုပ်ရှားနေကြသည်။

ဒေါင်းဝါသည် ဖြူးနေသော သဲလမ်းကလေးရှိသည့်တိုင် ထိုသဲလမ်းကို မလျှောက်ချေ။ ဘေးမှအချွန်အတက်များဖြင့် ပြည့်နေသည့် ကျောက်လမ်းများပေါ်မှ လျှောက်၏။

သိုင်းသမားများဖြစ်၍သာ ဤသို့လျှောက်နိုင်ခြင်းဖြစ်သည်။ သာမန်အရပ်သားဆိုလျှင် ကျောက်ချွန်စူးပြီး ဒုက္ခရောက်မည်မှာ သေချာလှသည်။

တစ်ကြိမ်တွင် သူတို့သည် တစ်ထွာကျော်ကျော်မျှသာ အကျယ်ရှိသော ချောက်ကမ်းပါး ပတ်လမ်းကလေးကို လျှောက်ကြရ၏။ နံရံကြီးကို လက်ဖြင့်ထိန်းပြီး ထိုတစ်ထွာကျော်မျှရှိသော လမ်းကို လျှောက်ရသည်မှာ ခဲရာခဲဆစ်ရှိလှ၏။ အဆင်မသင့်ဖြစ်ခဲ့လျှင် ချောက်ထဲကျသွားနိုင်သည်။ ဒေါင်းဝါမှာ အတွေ့အကြုံရှိပြီးသူ ဖြစ်၍ အခက်အခဲမရှိချေ။ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားကွေ့မိန်တို့မှာလည်း ထိပ်တန်းသိုင်းသမားများဖြစ်၍ အခက်အခဲမရှိ။

ထိုက်ချင်မှာသာ ချွေးဒီးဒီးကျပြီး ခက်ခဲစွာ လျှောက်ရသည်။ လမ်းမှာ ကျဉ်းလွန်းနေသဖြင့် စောင်းပိုက်ဆရာတော်ကလည်း ထိုက်ချင်ကို မကူညီနိုင်ချေ။

ချောက်ကမ်းပါးအောက်မှ ပင့်တိုက်လာသော လေကပင်



လူ့ခန္ဓာကိုယ်ကို ယိမ်းယိုင်စေသည်အထိ ပြင်းထန်လှသဖြင့် ဤခရီးမည်မျှ ခက်ခဲလှသည်ကို မှန်းဆနိုင်ပေသည်။

ထိုက်ချင်သည် တစ်ကိုယ်လုံး ချွေးဒီးဒီးကျအောင် ဂရုတစိုက်လျှောက်နေရာမှ ဘုရားစာအချို့ကို အလွဲလွဲအချော်ချော်ဖြင့် ရွတ်ဆိုနေသတည်း။

* * * * *

## အခန်း [၄၃]

## ရေနက်ချောက်ကမ်းပါး

မတ်စောက်ကျဉ်းမြောင်းသော ချောက်ကမ်းပါးပတ်လမ်းကလေးကို နှစ်နာရီမျှလျှောက်ပြီးနောက် ကျယ်ဝန်းသော တောင်ပေါ်လမ်းသို့ ရောက်ရှိလာသည်။

ထိုအခါကျမှ ထိုက်ချင် ဟင်းချနိုင်၏။ ထိုခရီးလမ်းနှစ်နာရီခရီးမှာ ထိုက်ချင်အဖို့ နှစ်သင်္ချေ ခရီးလောက်ကြာမြင့်သည်ဟု ထင်မှတ်ရသည်။

ဒေါင်းဝါက ထိုက်ချင်အား လှမ်းကြည့်ပြီး ညင်သာစွာ မေးလေ၏။

"ဘယ်နှယ့်လဲ၊ အများကြီး စိတ်သက်သာရာရသွားပြီ မဟုတ်လား"

ထိုက်ချင် မျက်လုံးပြူး မျက်ဆန်ပြူး လုပ်ပြသဖြင့် အားလုံးပင် အသံအုပ်အုပ်ဖြင့် ရယ်မိကြသည်။



"ဟူး. . သေရမှာတော့ မကြောက်ပါဘူး၊ ချောက်ထဲကျမှာတော့ ကြောက်လိုက်ရတာ၊ လူ့ကို သေးဖြန်းဖြန်း ပါမတတ်ပါပဲဗျာ"

ထပ်ရယ်မိကြပြန်သည်။

"ရှင်ဟာ တကယ့်ကို ပွင့်လင်းရိုးသားတဲ့လူပဲ"

ဒေါင်းဝါက ချီးကျူး၏။

ဆရာတော်ကမူ သူ့တပည့်ကို ပြုံးကြည့်နေ၏။

"ဆံဖြူဘွားဘွားကရဲ့ ကိစ္စမို့သာလိုက်လာရတာ၊ နောင်ဒီလမ်းမျိုး လျှောက်ရမယ်ဆိုရင်တော့ ဆံဖြူဘွားဘွားသော ဘာသော၊ ညာသော နားမလည်တော့ဘူး၊ ကျုပ်တော့ မလိုက်ရဲတော့ဘူး"

ဆံဖြူဘွားဘွားက ခပ်အုပ်အုပ်ရယ်ပြန်၏။ ထိုက်ချင်နောက်ပြောနေမှန်း ဆံဖြူဘွားဘွား သိရှိပေသည်။

ဆံဖြူဘွားဘွား အရယ်ရပ်ပြီး. . .

"သမီးဒေါင်းဝါ ရှေ့ခရီးဆက်ပေတော့"

သူတို့ရှေ့ဆက်လျှောက်လာကြရာ ရေကျသံ တဝုန်းဝုန်းအသံကို ကြားလာကြရသည်။

ဒေါင်းဝါက ရေကျသံကြားရာသို့ မသွားချေ။ ဆန့်ကျင်ဘက်အရပ်ဆီသို့ သွားသည်။

ဆံဖြူဘွားဘွားက ဒေါင်းဝါ၏ ပခုံးကိုလှမ်းပုတ်လိုက်၏။

"ဟေ့. . . . သမီးဒေါင်းဝါ၊ မင်းတို့ ရေနက်ချောက်ကမ်းပါးဆိုတာ အဲဒီရေတံခွန်ဘက်မှာ ရှိတာမဟုတ်လား၊ ဘာဖြစ်လို့ ဆန့်ကျင်ဘက်အရပ်ကို သွားတာလဲ"

ဒေါင်းဝါခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ်ဘွားဘွား၊ ရေသံကြားတဲ့ဘက်ဟာ ရေနက်ချောက်ကမ်းပါး အရပ်ပါပဲ၊ ဒါပေမယ့် ကျွန်မအခုသွားနေတာကတော့ လျှို့ဝှက်တံခါးပေါက်ရှိတဲ့ဘက်ပါ"

ဆံဖြူဘွားဘွား ဘာမျှ မပြောနိုင်တော့ပါ။ ဒေါင်းဝါ သွားသည့်နောက်သို့သာ လျှောက်လိုက်ရပါတော့သည်။

သူတို့လူစု ထွက်သွားပြီး မကြာမီ ကျောက်ဆောင်အကွယ်နောက်မှ ဦးခေါင်းတစ်လုံးပေါ်လာပြီး ထိုလူစု၏ နောက်ကျောကို စိန်းစိန်းကြီးကြည့်နေလေတော့၏။

ထိုက်ချင်တို့လူစုမှာ ရန်သူများ၏ မျက်လုံးများအောက်၌ ရောက်ရှိနေပြီတကား။

"ရပ်ကြတော့. . ."

ဒေါင်းဝါက တီးတိုးပြောလေ၏။

မရပ်၍လည်းမရပါ၊ သူတို့ရှေ့တွင် ကျောက်နံရံကြီး ကာဆီးနေသည် မဟုတ်ပါလား။

"အားလုံး အသံမထွက်ကြနဲ့တော့၊ ကျောက်တုံးကျောက်စွယ်တွေ နောက်မှာ တတ်နိုင်သမျှ ပုန်းကြပါ"

စောင်းပိုက်ဆရာတော်၊ ဆံဖြူဘွားဘွားနှင့် ထိုက်ချင်တို့ ပုန်းအောင်းလိုက်ကြ၏။

ဒေါင်းဝါသည် လက်သီးဆုပ်အရွယ်ခန့်ရှိသော ကျောက်တုံးတစ်တုံးကို ကောက်ယူပြီး ကျောက်နံရံကြီးကို ခေါက်လိုက်၏။

ပထမသုံးချက်ကို မနှေးမမြန်မှန်မှန်ခေါက်၏။ ခဏနား၏။ နောက် ဒုတိယနှစ်ချက်ကို အချိန်အတော်ကလေး ခြားပြီး ခေါက်၏။



နောက်တစ်ခါ သုံးချက်မနှေးမမြန် ထပ်မံ ခေါက်လိုက်ပြန်သည်။ ထို့နောက် ဒေါင်းဝါ ဆက်မခေါက်တော့ဘဲ လုံးဝရပ်စောင့်နေလေတော့သည်။

နောက်မကြာမီ ငှက်အော်သံတစ်သံကြားရသည်။ သို့သော် သက်ရှိ ငှက်တစ်ကောင်တစ်မြီးကိုမျှ မတွေ့ရချေ။ စောင်းပိုက်ဆရာတော်က သတိကြီးစွာဖြင့် စောင့်ကြည့်နေ၏။ ဆံဖြူဘွားဘွားက မျက်မှောင်ကြုတ်ကြည့်နေ၏။

ထိုက်ချင်ကား တအံ့တသြကြည့်နေ၏။

ထိုစဉ် ခွေးအူသံတစ်သံ ထွက်ပေါ်လာပြန်သည်။

စင်စစ် ထိုခွေးအူသံမှာ အခြားနေရာမှ မဟုတ်ပေ။ ဒေါင်းဝါထံမှဖြစ်သည်။ ထို့ကြောင့် ဒေါင်းဝါနှင့် တစ်ဘက်မှ အစောင့်တို့ လျှို့ဝှက်အချက်ပြသင်္ကေတဖြင့် ဆက်သွယ်နေခြင်းဖြစ်ကြောင်း ထိုက်ချင်တို့အုပ်စု နားလည်လိုက်ကြသည်။

ထိုစဉ် ကျောက်ကမ်းပါးနံရံအတွင်းမှ လိုဏ်ခေါင်းသံပါသောအသံကြီး ဟိန်း၍ ထွက်လာသည်။

"ဘယ်သူလဲ. . လဲ. . လဲ. . လဲ"

"ဘယ်သူလဲ. . လဲ. . လဲ. . လဲ"

ဒေါင်းဝါက ပြတ်သားစွာ အော်ဟစ်ဖြေကြားလိုက်သည်။

"နံပါတ်ဆယ့်ငါး"

ထိုအခါကျောက်နံရံအတွင်းမှ မေးခွန်းမေးသံထွက်လာပြန်သည်။

"တံခါးမကြီးက ဘာဖြစ်လို့ မဝင်တာလဲ. . လဲ. . လဲ"

"တံခါးမကြီးက ဘာဖြစ်လို့ မဝင်တာလဲ. . လဲ. . လဲ"

ဒေါင်းဝါကကြည်လင်ပြတ်သားစွာ အော်လိုက်ပြန်သည်။

"ရန်သူ နောက်ယောင်ခံလိုက်နေလို့ပါ၊ ရန်သူကို မျက်ခြည်ပြတ်နေရလို့ပါ"

"ဪ. . ရန်သူ ဒီအထိတောင် လိုက်နေသလား"

"မှန်ပါတယ်၊ လိုက်နေပါတယ်"

"အခုအခြေအနေကော"

ဒေါင်းဝါက မဆိုင်းမတွပင်ပြန်ဖြေလိုက်၏။

"ရန်သူကို ရေနက်ချောက်ကမ်းပါးဆီ လမ်းလွှဲခဲ့ပါတယ်"

"ကောင်းပါတယ်"

တစ်ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွား၏

"ကောင်းပြီ၊ နောက်တစ်လှမ်းဆုတ်. . ဆုတ်. . ဆုတ်"

လိုဏ်သံပါသော အသံကြီးက အဆက်မပြတ်ပေါ်လာ သည်။

ဒေါင်းဝါက အမိန့်အတိုင်း နောက်တစ်လှမ်းဆုတ်လိုက်ရသည်။ မကြာမီ ကျောက်နံရံထဲမှ ကျောက်တုံးချင်းကြိတ်သံများ ထွက်ပေါ်လာလေတော့၏။

သူတို့အားလုံး ကျောက်နံရံပေါ်မှ အက်ကြောင်းကြီးပေါ်လာသည်ကို တအံ့တသြ တွေ့ကြုံကြရသည်။

အလွန်တရာ အံ့ဩဖွယ်ကောင်းသော လူသားတို့၏ တည်ဆောက်မှုပေတည်း။ စင်စစ် ထိုကျောက်နံရံကြီးသည် ကျောက်တံခါးကြီးနှစ်ချပ်ဖြစ်သည်။ ထိုကျောက်တံခါးကြီးကို စေ့စေ့စပ်စပ်ဟပ်ထားခြင်းဖြစ်သည်။

စောင်းပိုက်ဆရာတော်သည် လျှပ်တစ်ပြက်ခုန်ထွက်သွား ပြီး



နောက် တရွေ့ရွေ့ကွဲထွက်လာသော ကျောက်ချပ်တံခါးအနီး၌ ရပ်နေလိုက်သည်။

လူတစ်ကိုယ်စာ ပွင့်သွားပြီးနောက် ကျောက်တံခါး ရွေ့လျားမှု ရပ်သွားသည်။

ဆံဖြူဘွားဘွားသည်လည်းကောင်း၊ ထိုက်ချင်သည်လည်းကောင်း စောင်းပိုက်ဆရာတော်၏ အချက်ပြမှုကို စောင့်ကြည့်နေကြ၏။

"နံပါတ်ဆယ့်ငါး ဘာဖြစ်လို့ရပ်နေတာလဲ၊ ဝင်လို့ရနေချိန်မှာ ဝင်ခဲ့ပါလား"

သံသယမေးခွန်းသံ ထွက်ပေါ်လာ၏။

ဒေါင်းဝါရှေ့သို့ ခြေတစ်လှမ်းလှမ်းပြီးနောက် ကျောက်မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။

"နံပါတ်ဆယ့်ငါး ဘာဖြစ်တာလဲ"

ဒေါင်းဝါ ညည်းညည်းညူညူ ပြောလေ၏။

"ကျွန်မ. . ကျွန်မ. . ခြေထောက်မှာ ဒဏ်ရာရလာတယ်"

"ရန်သူ့လက်ချက်လား"

"ရန်သူ့လက်ချက်ကြောင့်တော့ မဟုတ်ပါဘူး၊ သူတို့ကို ရှောင်ရင်း ကျောက်ချွန်ထိုးမိလို့ပါ"

"ဒါဆို ဘာမှမစိုးရိမ်နဲ့"

အသံတိတ်သွားပြီး မကြာမီ ကျောက်တံခါး အပေါက်တွင်းမှ အစိမ်းရောင် သိုင်းဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက် ခုန်ထွက်လာ၏။ ထို့နောက် ဒုတိယတစ်ယောက် ခုန်ထွက်လာ

ပြန်၏။

ထိုလူနှစ်ယောက်သည် ဒေါင်းဝါကို တစ်ဘက်တစ်ချက်မှ ဖေးမတွယ်ယူရန် ကိုယ်ကို ငုံ့လိုက်ကြ၏။

ထိုစဉ်မှာပင် လူရိပ်လိုလို မျက်လုံးထောင့်၌ တွေ့လိုက်ကြရာ ကိုယ်ကို လျင်မြန်စွာမတ်၍ သမင်လည်ပြန် လှည့်ကြည့်ရန် ကြိုးစားကြသည်။

"ဒုတ်. . . ဒုတ်"

အသံနှစ်သံ တစ်ပြိုင်နက်ထွက်ပေါ်လာ၏။

ထိုသို့ လှုပ်ရှားသူမှာ ဆံဖြူဘွားဘွားနှင့် ထိုက်ချင်တို့ဖြစ်၏။ သူတို့သည် စောင်းပိုက်ဆရာတော်၏ အချက်ပြမှုကို တွေ့ရသဖြင့် ယခုကဲ့သို့ အလစ်ဝင်ရောက် တိုက်ခိုက်ကြခြင်းဖြစ်သည်။ ထို့နောက် ရန်သူနှစ်ယောက်ကို ကျောက်တုံးအကွယ်ဆီသို့ ဆွဲခေါ်သွားပြီး အကြောများ ထပ်မံထိုးပိတ်လိုက်ကြ သည်။ ရန်သူနှစ်ယောက်ကား ငြိမ်သက်သွားကြလေပြီ။

စောင်းပိုက်ဆရာတော်ထံမှ အချက်ပြမှုကို ရိပ်ခနဲတွေ့လိုက်ကြရသဖြင့် အားလုံးခေါင်းထောင်ကြည့်မိကြသည်။ စောင်းပိုက်ဆရာတော်က အတွင်းသို့ဝင်ရန် အချက်ပြနေသဖြင့် ဒေါင်းဝါဦးဆောင်ပြီး ကျောက်တံခါးအတွင်းသို့ ဝင်ကြလေတော့၏။

ကျောက်ဂူထဲ၌ တစ်ဦးတစ်ယောက်မျှ မရှိချေ။ သူတို့ ကံကောင်းခြင်းပင်တည်း။ စောစောက ဝတ်စုံစိမ်းနှစ်ယောက်သည် ကျောက်မောင်းများ ဖွင့်ပိတ်ရန် တာဝန်ချထားသည့် လူနှစ်ယောက်ဖြစ်နေကြောင်းအတွင်းရောက်မှ သိရှိကြသည်။



အားလုံးက ရှေ့ဆက်သွားရန် ဟန်ပြင်နေကြရာ ဒေါင်းဝါက ဟန့်တားလိုက်၏။

"ခဏနေကြပါဦး၊ ကျောက်တံခါးကို နည်းနည်းပြန်စေ့ထားမှ ဖြစ်မယ်၊ နို့မို့ဆိုရင် တစ်ယောက်ယောက်တွေ့သွားပြီး အချက်ပေးလိုက်ရင် ကျွန်မတို့အားလုံး ဘာမှမလုပ်ရဘဲဖြစ်နေမယ်"

စောင်းပိုက်ဆရာတော် ခေါင်းညိတ်လေ၏။

"မှန်တယ်၊ ကဲ. . မိန်းကလေးကို ဝိုင်းကူပြီး တံခါးပိတ်ပေးကြစမ်း"

စင်စစ် ဒေါင်းဝါကို ဝိုင်းကူရန်မလိုချေ။ တံခါးအဖွင့်အပိတ်ကို ကျောက်မောင်းများ သားရေကြိုးများဖြင့် ဆင်ထားရာအတွင်းမှ လူတစ်ဦးတည်း လှည့်ဖွင့်လှည့်ပိတ် ပြုလုပ်နိုင်သည်။ ဒေါင်းဝါက တံခါးကို အနည်းငယ်စေ့ထားလိုက်သည်။ ဤနေရာ၌ လျှို့ဝှက်တံခါးရှိကြောင်း သိစေရုံမျှသာ စေ့ထားခဲ့ခြင်း ဖြစ်သည်။

"အပြင်က အတွင်းအားကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက် တွန်းဖွင့်ဝင်လာရင် ဝင်လို့ရပါတယ်၊ သာမန်သိုင်းသမားအဖို့တော့ မလွယ်ဘူးပေါ့"

ဒေါင်းဝါက ကျောက်မောင်း၏ မောင်းတက်များကို လှည့်ရင်း ထိုက်ချင်တို့အုပ်စုကို ရှင်းပြ၏။

ထို့နောက် သူမပင်ဦးဆောင်ကာ ကျောက်ဂူထဲသို့ ဝင်သွားတော့သည်။ ကျောက်ဂူအတွင်းပိုင်းမှာ မြေညီမြေပြန့်မဟုတ်ချေ။ လှေကားထစ်များဖြင့် အောက်သို့ နိမ့်ဆင်းသွား၏။

"ဟာ. . လှေကားထစ်တွေပါလား၊ ခင်ဗျားတို့စခန်းက"

ထိုက်ချင်က တီးတိုးပြော၏။

“ရှင်မေ့နေလို့ပါ၊ သခင်မရဲ့ စခန်းနာမည်ကိုက ရေနန်းတော်ပဲ၊ ဘာပဲဖြစ်ဖြစ် နာမည်အရ ဌာနချုပ်ဟာ အနိမ့်ပိုင်းမှာ ရှိနေရမှာ သေချာပါတယ်”

သို့သော် တကယ်တမ်းဆင်းကြည့်ကြသော် လှေကားထစ်မှာ စုစုပေါင်း နှစ်ဆယ့်တစ်ထစ်သာ ရှိနေသည်။

လှေကားတစ်အဆုံး၌ လူသွားလမ်းတစ်ခုရှိနေသည်။ လမ်းမှာ စိုရွှဲနေသည်။ ကျောက်စက်ရေများ စိမ့်ထွက်နေဟန်ရှိသည်။ လမ်းအကျယ်မှာ လေးပေခန့်ရှိပြီး အမြင့်ခုနစ်ပေခန့်ရှိသဖြင့် သူတို့အုပ်စု လွတ်လပ်စွာ သွားလာနိုင်ခဲ့ကြသည်။

ရှေ့ဆုံးမှ ဒေါင်းဝါဆင်းသည်။

စောင်းပိုက်ဆရာတော်က တီးတိုးမှတ်ချက်ချ၏။

“ဒါဟာ သဘာဝလိုဏ်ဂူ မဟုတ်ဘူး၊ မူလကတော့ သေးသေးကျဉ်းကျဉ်းလိုဏ်ဂူ ဖြစ်ကောင်းတော့ဖြစ်မယ်၊ နောက်ပိုင်းမှာတော့ ဒီဂူဟာ ပြုပြင်ထားတဲ့ဂူပဲ”

သူတို့လေးယောက်သည် စိုစွတ်နေသော လမ်းအတိုင်း ဆက်လက်လျှောက်လာကြသည်။ သတိထားလျှောက်ကြသဖြင့် လျင်မြန်မှုကို ဦးစားမပေးနိုင်ကြပေ။

မကြာမီစွတ်စိုသော လမ်းအဆုံး၌ လှေကားထစ်ငါးထစ်ရှိသော လှေကားကလေးတစ်ခုကို တွေ့ရသည်။

“အားလုံး သတိထားကြပါ၊ အခြေအနေသစ်ကို မကြာခင်တွေ့ကြရတော့မယ်”



ဒေါင်းဝါက သတိပေးရင်း ထိုလှေကားထစ်ကလေးကို ချိုးကွေ့ကာ ဦးဆောင်သွား၏။

ဒေါင်းဝါ ပြောသည့်အတိုင်း သူတို့သည် လိုဏ်ဂူကျယ်ကြီးအတွင်းသို့ ဘွားခနဲရောက်ရှိသွားလေတော့၏။

ဂူကြီးမှာ အတော်ပင်ကြီးသည်။ ကျယ်ပြန့်သည်။ ဤနေရာကတော့ လူတို့ပြုပြင်ထားသည့်နေရာမဟုတ်ပေ။ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် နေရာဖြစ်၏။

သဘာဝအတိုင်း ဖြစ်ပေါ်နေသော ကျောက်ပန်းဆွဲများသည် လူတို့ပြုလုပ်ထားသည်ထက် ဆန်းကြယ်လှပစွာ ဖြစ်ပေါ်နေသည်။ ကျောက်ဂူကြီး၏အလယ်၌ ရေကန်တစ်ကန်ရှိပြီး ဂူအမိုးမှရေစက်ရေပေါက်များက ထိုကန်ထဲသို့ တတောက်တောက်ကျနေသည်။

အလင်းရောင်လည်း ကောင်းစွာရသည်။ လေရှူရာ၌လည်း မွန်းကျပ်လှောင်ပိတ်ခြင်း မရှိပေ။ လေဝင်လေထွက်ပေါက်များ မည်သည့်နေရာ၌ ရှိနေသည်ကို စုံစမ်းလိုလျှင်ပင် အချိန်အတော်အကြာ အကုန်ခံရပေမည်။

ထိုက်ချင်သည် ကျောက်ဂူကြီး၏ ထူးခြားဆန်းကြယ်မှုကို လှည့်ပတ်ငေးမောနေသည်။ အတန်ကြာငေးမောပြီးမှ သတိရသည့်အခါတွင်ကား ကျောက်ဂူကြီးထဲ၌ သူတစ်ယောက်တည်း ကျန်နေတော့ကြောင်းတွေ့ရတော့သည်။

ထိုက်ချင်သည် ဟိုကြည့်သည်ကြည့်နှင့် ယောင်တောင်တောင်ဖြစ်နေသည်။ လူစုကွဲသွားသဖြင့် စိတ်လည်းပူနေသည်။ သူသည်

ခပ်လှမ်းလှမ်းရှိ ဂူပေါက်တစ်ခုထဲသို့ ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့၏။

င င င င င

ခေါင်မိုးပေါ်မှ ရေတစက်စက်ကျနေသော ရေကန်၏ အလယ်တွင် ကျောက်တုံးကလေးများပေါ်နေသည်။ စင်စစ် ထိုကျောက်တုံးကလေးများမှာ ထောင်ချောက်ပင်ဖြစ်သည်။ မသိလျှင် ကျောက်တုံးတစ်တုံးစီနင်းသွားပြီး တစ်ဘက်သို့ကူးမည်မှာသေချာသည်။ ထိုအခါ ထိုလူသည် သေလူဖြစ်ပေတော့မည်။ ထိုသို့နင်းမိလျှင် ကန်အတွင်းမှ အဆိပ်ငွေ့များထွက်လာပြီး ရေထဲသို့ ကျသွားပေလိမ့်မည်။

ထိုထောင်ချောက်ကိုသိထားပါလျှင် ကျောက်တုံးကလေးများကို တစ်တုံးကျော်နင်းရမည်။ ထိုအခါမှသာ ကျောက်တုံးကလေးများ တောင့်ခံထားနိုင်ပြီး အဆိပ်ငွေ့များလည်း မထွက်တော့ချေ။ ဒေါင်းဝါက ထိုအချက်ကို ရှင်းပြမနေပေ။ သူခုန်ကျော်သလို လိုက်ခုန်ကျော်ရန် လက်ဟန်ခြေဟန်ဖြင့် ပြပြီး တစ်တုံးကျော်ခုန်ကူးသွားသည်။

စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့မှာ ဝါရင့်လူပြီဖြစ်၍ ဒေါင်းဝါမပြလည်း ဒေါင်းဝါခုန်ကူးသလို ကူးမည်မှာသေချာလှသည်။ သူတို့သုံးယောက် ဘေးမသီရန်မခ ရေကန်တစ်ဘက်သို့ ရောက်သွားကြသည်။ ရေကန်၏ ညာဘက်တွင်



လိုဏ်ဂူပေါက်ဝများ တန်းစီရှိနေရာ ဒေါင်းဝါက ဆဋ္ဌမမြောက်ဂူပေါက်ထဲဝင်သွား၏။ ဆံဖြူဘွားဘွားနှင့် စောင်းပိုက်ဆရာတော်တို့လည်း လိုက်ဝင်ကြ၏။ သူတို့နောက်၌ ထိုက်ချင်ပါမလာခြင်းကို တစ်ယောက်မျှ သတိမပြုမိချေ။ ဂူထဲသို့ ခြေလှမ်းနှစ်ဆယ်ခန့် ဝင်ရောက်မိချိန်တွင် ဒေါင်းဝါက နောက်လှည့်မကြည့်ဘဲပြောသည်။

"ဘယ်ဘက်က နံရံကိုကပ်ပြီး လျှောက်ပါ၊ ဒါမှ ဘေးကင်းမယ်"

သူမကိုယ်တိုင် ဘယ်ဘက်သို့ကပ်ရပ်လိုက်ပြီးမှ နောက်သို့လှည့်ကြသည်။ သူလှည့်ကြည့်သဖြင့် စောင်းပိုက်ဆရာတော်ကလည်း လှည့်ကြည့်သည်။ သူတို့ အံ့အားသင့်သွားကြလေတော့၏။ သူတို့နောက်တွင် ထိုက်ချင်ပါမလာတော့ပေ။

"ဟာ. . ."

ဆံဖြူဘွားဘွားပါ လှည့်ကြည့်ရတော့၏။

"ထိုက်ချင်ပါမလာပါလား"

"ဟုတ်တယ် ထိုက်ချင်ပါမလာဘူး၊ ကြည့်ရတာ ဂူထဲမှာအဆန်းတကြယ်တွေ ငေးကြည့်ကျန်ရစ်တာနဲ့တူတယ်"

"ဖြစ်နိုင်တယ်၊ တပည့်တော်တောင် အတော်အံ့ဩပြီး ငေးမိသေးတယ်"

"ဟုတ်တယ်၊ ဆန်းဆန်းကြယ်ကြယ်တွေတွေ့တော့ လျှောက်ငေးနေတာနဲ့ ကျုပ်တို့ထွက်လာတာကိုကောင်လေး မသိလိုက်ဘူးနဲ့တူပါတယ်"

စောင်းပိုက်ဆရာတော်သည် သူ့တပည့်အကြောင်း သိသည်။ ထိုက်ချက်က သိုင်းလောကအတွေ့အကြုံမရှိသူဖြစ်၍ သိုင်းလောကၤ မြင်မြင်သမျှသည် သူ့အတွက် အားလုံးအဆန်းတကြယ်ချည်း ဖြစ်နေပေသည်။

"ကဲ. . ခင်ဗျားတို့ ဒီမှာ စောင့်နေခဲ့ကြဦး၊ ထိုက်ချင်ကို ကျုပ်ပြန်ခေါ်လိုက်ဦးမယ်"

ဆရာတော်သည် ပြောပြောဆိုဆိုပင် ဂူထဲမှ ထွက်လိုက်သွားတော့၏။ လိုဏ်ဂူကြီးအလယ်သို့ သူပြန်ရောက်သောအခါ ထိုက်ချင်ရှိမနေတော့ပေ။

ထိုက်ချင် မစဉ်းစားခြင်းသာဖြစ်သည်။ သူပါမလာမှန်းသိလျှင် ဒေါင်းဝါ သို့မဟုတ် ဆရာတော် တစ်ဦးဦးက လာခေါ်မည်ကို သူသိထားသင့်သည်။ အကယ်၍ သူသာ စိတ်အနည်းငယ် ရှည်ရှည်ထားပြီး စောင့်နေလိုက်လျှင် ဆရာတော်ထွက်လာသည်နှင့် မုချကြုံကြိုက်ပေမည်။ ယခုသော် ဆရာတော်အထွက်တွင် သူက ဂူတစ်ခုအတွင်းသို့ ဝင်သွားသဖြင့် တော့လွဲကလေး လွဲသွားကြရလေတော့သည်။

ဆရာတော်မှာ ထိုက်ချင်ကို အသံပြုမခေါ်ရဲပေ။ အသံပြုလိုက်သည်နှင့် လိုဏ်ဂူထဲမှာဖြစ်၍ အသံဟိန်းထွက်သွားမည်ဖြစ်သည်။ ရန်သူကို သတိပေးလိုက်သလို ဖြစ်သွားပေမည်။

ဆရာတော်သည် အနည်းငယ် လှည့်ပတ်ရှာဖွေပြီးနောက် စိတ်လျှော့ကာ သူတို့ဝင်ရောက်ခဲ့သည့် ဆဌမဂူထဲသို့ လိုက်ပါဝင်ရောက်သွားတော့သည်။



"ထိုက်ချင်ကို တွေ့ခဲ့ရဲ့လား"

ဆံဖြူဘွားဘွား ကွေ့မိန်က စိုးရိမ်တကြီး ဆီး၍မေးသည်။ ဆရာတော်က စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

"မတွေ့ဘူး"

"ဘယ်လိုလုပ်မလဲ ဆရာတော်"

ဆရာတော်ဘာကြိတ်လိုက်ပြီး ယတိပြတ်သံနှင့် ပြော၏။

"ကိစ္စမရှိပါဘူး. . ကံသာလျှင် အမိ၊ ကံသာလျှင် အဖပဲ၊ ကျုပ်တို့ ခရီးဆက်ကြမယ်"

ဆံဖြူဘွားဘွား ဆိတ်ဆိတ်ပင် နေလိုက်၏။

ဒေါင်းဝါက လေသံတိုးတိုးနှင့် ဆုတောင်းသည်။

"ထိုက်ချင် ကံကောင်းပါစေ"

ဤဂူထဲ၌ မည်သည့်လူစိမ်းမျှ ကံမကောင်းနိုင်ကြောင်း သိထားသောကြောင့် သူမဤကဲ့သို့ ဆုတောင်းလိုက်ခြင်းသာ ဖြစ်ပါလေ၏။

သူတို့သည် ဒေါင်းဝါပြောသည့်အတိုင်း ဘယ်ဘက်နံရံကို ကပ်ကာ တစ်လှမ်းချင်း လျှောက်သွားကြသည်။ နောက်မှ နှစ်ယောက်က ဒေါင်းဝါ၏ ခြေလှမ်းအတိုင်း လိုက်နင်းကြသည်။

ခြေလှမ်းနှစ်ဆယ်ခန့် သွားပြီးသော် ဒေါင်းဝါက မြွေလိမ်မြွေကောက်ပမာ ခြေလှမ်း ဆယ်လှမ်းမျှ သွားပြန်သေးသည်။ ဒေါင်းဝါသွားနေပုံမှာ လွန်စွာ သတိဝီရိယထား၍သွားနေခြင်း ဖြစ်၍ နောက်မှလိုက်လာသူများမှာလည်း လွန်စွာဂရုစိုက်ရပေသည်။

ထို့နောက် ဒေါင်းဝါက သက်ပြင်းချပြီး တီးတိုးပြော၏။

"ဆရာတော်တို့ သက်သက်သာသာ လျှောက်လို့ရပါပြီ၊ ကျွန်မလဲ တထိတ်ထိတ်လျှောက်နေရတာ ခုမှ ရင်ထဲအေးသွားပါတယ်"

ဆရာတော်ကတော့ ဘာမျှမပြောပေ။

ဆံဖြူဘွားဘွားကမူ ဒေါင်းဝါကို ကျေးဇူးတင်စကား ပြောသည်။

"ကျေးဇူးတင်ပါတယ်သမီးရယ်"

ဒေါင်းဝါသည် ခြေလှမ်းမှန်မှန်ဖြင့် အလှမ်းငါးဆယ်ခန့် လျှောက်ပြီးသော် ဥမင်အချိုးတစ်ကွေ့သို့ ရောက်ရှိလာမှ တန့်ခနဲ ရပ်တန့်ပြန်လေ၏။

"ဒီတစ်ခါလဲ သတိထားကြပါဦး"

သူမ၏ လေသံက တိုးတိုးကလေးမျှသာ. . .

ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့ ပြင်ဆင်ကြရပြန်၏။

ဒေါင်းဝါသည် ဥမင်လမ်း၏ ရှေ့ငါးကိုက်ခန့်ဆီသို့ ခြေဖျား ထောက်ပြီး ခုန်ကူးလိုက်၏။ ထို့နောက် ညာဘက်သို့ ဘေးတိုက်နှစ်လှမ်း၊ ရှေ့သို့လေးလှမ်း၊ ဘယ်ဘက်သို့ ဘေးတိုက်နှစ်လှမ်း၊ ရှေ့သို့ လေးလှမ်း၊ စသည်ဖြင့် စောစောကလို သည်းထိတ် ရင်ဖိုဖွယ်ရာ ပြန်လျှောက်နေပြန်သည်။

ဤသို့ဖြင့် ကိုက်သုံးဆယ်ခန့် လျှောက်သွားပြီးသောအခါ ဥမင်လိုဏ်ခေါင်း၏ အဆုံးသို့ ရောက်ရှိသွားတော့သည်။

စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွား ကွေ့မိန်ကား ဒေါင်းဝါနှင့် အရိပ်ပမာ ကပ်လိုက်နေနိုင်ကြပေသည်။



ထိုက်ချင်ကား ဘယ်သောင်ဘယ်စခန်းဆိုက်နေပြီကို သူတို့မသိကြတော့ပေ။

* * * * *

## အခန်း [၄၄]

## အကြိုထောက်သူများ

ဥမင်လိုဏ်ခေါင်း၏ အဆုံးအခြားတစ်ဘက်တွင် အတန်ငယ်ကျယ်ဝန်းသော အခန်းတစ်ခန်းရှိလေ၏။ ထိုအခန်းတွင် တံခါးပေါက်တစ်ခုရှိ၏။

ဒေါင်းဝါသည် စောင်းပိုက်ဆရာတော်နှင့် ကွေ့မိန်တို့ကို ဦးဆောင်ကာ ထိုအခန်းထဲသို့ ဝင်သွား၏။ ထိုအခန်းထဲတွင် တစ်ဦးတစ်ယောက်ကို တွေ့ရလေမည်လားဟု စောင်းပိုက်ဆရာတော် မျှော်လင့်ခဲ့သေး၏။

သို့သော်. . မည်သူမျှ မရှိချေ။ အခြားတစ်ဘက် တံခါးပေါက်မှ ထွက်လိုက်ပြန်ရာ တစ်ဆယ့်ရှစ်ပေ ပတ်လည်ခန့် ကျယ်ဝန်းသော အခန်းငယ်တစ်ခုသို့ ရောက်ရှိသွားပြန်သည်။

ထိုခန်းမှာ အခြားအခန်းများကဲ့သို့ အေးစိမ့်၍ မနေပေ။



နွေးထွေးသော နေရောင်ခြည်များ ကျရောက်လျက်ရှိသည်။

စောင်းပိုက်ဆရာတော်သည် ထိုအချက်ကို ကောင်းစွာသတိထားမိသဖြင့် ဂူ၏ အမိုးသို့ မော့ကြည့်လိုက်သည်။ ဂူအမိုးတွင် အပြာရောင်အဝိုင်းကြီးတစ်ဝိုင်းကို သူမြင်လိုက်ရသည်။

ဆရာတော် နားလည်လိုက်သည်။ ဂူအမိုး၌ အပေါက်ကြီးတစ်ပေါက်ရှိပြီး ထိုအပေါက်မှ ကောင်းကင်ပြာကြီးကို မြင်နေရခြင်းဖြစ်ကြောင်းကိုတည်း။

ထိုအချိန်တွင် ဒေါင်းဝါသည် နံရံ၌ ရိုက်ထားသော သံငုတ်များကို ကိုင်ဆွဲတက်နင်းကာ အပေါ်သို့ တဖြည်းဖြည်း တက်လျက်ရှိနေပေပြီ။

ထိုသံငုတ်များသည် စောင်းပိုက်ဆရာတော် မြင်ထားသည့် ဂူခေါင်မိုးအပေါက်ဆီသို့ ဦးတည် အဆုံးသတ်ထားပေသည်။

စောင်းပိုက်ဆရာတော်က ထိုအပေါက်နှင့် ကြမ်းပြင်အကွာအဝေးကို ခန့်မှန်းကြည့်ရာ အတောင်ရှစ်ဆယ်မျှ ကွာလှမ်းလိမ့်မည်ဟု ခန့်မှန်းမိလေ၏။

စောင်းပိုက်ဆရာတော်က ဆံဖြူဘွားဘွားအား တီးတိုးပြော၏။။

"ကျုပ်အထင်တော့ ဒီခရီးဟာ ဝမ်မြောင်ဆီရောက်ဖို့ နောက်ဆုံးခရီးပဲလို့ထင်တယ်"

ဆံဖြူဘွားဘွား ခေါင်းညိတ်၏။

"အဲဒီလိုဖြစ်ပါစေလို့ တပည့်တော် ဆုတောင်းပါတယ် ဘုရား"

"ကဲ. . ကဲ. . ကျုပ်တက်မယ်၊ ခင်ဗျားက ကျုပ်နောက်ကလိုက်

တက်ခဲ့ပါ"

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် တက်ကြရာ ဂူခေါင်မိုးပေါ်သို့ နောက်ဆုံး ရောက်ရှိလာကြလေ၏။ စင်စစ် သူတို့က ခေါင်မိုးဟု ထင်ထားသည့်နေရာမှာ အပြင်ဘက်တွင် နေမြပြင်သဖွယ်သာ ဖြစ်နေသည်။ သူတို့ ထွက်ခဲ့သည့်အပေါက်မှာလည်း ရေတွင်းပျက်သာသာ အပေါက်တစ်ခုဟုသာ ထင်မှတ်ရပေသည်။

ရုတ်တရက်ကြည့်လျှင် ဤအောက်ခြေ၌ ကြီးမားကျယ်ဝန်းလှသော မြေအောက်ဂူကြီး ရှိသည်ဟု ထင်မှတ်စရာအကြောင်းလုံးဝမရှိပေ။

ထိုစဉ်. . ကျောက်တုံး အကွေ့တစ်ခုမှ မိန်းကလေးတစ်ယောက်ထွက်လာပြီး သူတို့ကို ကြိုဆိုနှုတ်ဆက်လေ၏။

"ဝမ်မြောင် သခင်မက ကြိုဆိုလျက်ရှိပါတယ်"

ထိုအခါ ဒေါင်းဝါ၊ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့ ကျောက်တုံး၊ ကျောက်ဆောင်များ ရှင်းလင်းရာသို့ ထွက်လိုက်ရ၏။

ယောကျ်ားမိန်းမ လူပေါင်းသုံးဆယ်လောက်က သူတို့အားစောင့်ဆိုင်းလျက်ရှိကြောင်း တွေ့လိုက်ကြရသည်။ ထိုလူများထဲမှ ထက်ဝက်ခန့်မှာ မိန်းကလေးများ ဖြစ်ကြောင်းကိုလည်း တွေ့ရှိရသည်။

ထိုလူ သုံးဆယ်ခန့်၏ ခေါင်းဆောင်မှာ မိန်းကလေးတစ်ဦးပင်ဖြစ်နေသည်။ နန်းတွင်း အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးမှာ လွန်စွာချောမောလှပပေသည်။



မိန်းကလေးက လက်ဖဖိုးယှက် ဦးညွတ်ဂါရဝပြုသည်။

"ရှင်တို့ကို တောင်ခြေအထိဆင်းပြီး မကြိုဆိုနိုင်တဲ့အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်ရှင်"

စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့မှာ သိုင်းလောကထုံးစံအတိုင်း ပြန်လည်ဂါရဝပြုလိုက်ကြ၏။

ထိုမိန်းကလေးသည် ဒေါင်းဝါအား ပြုံး၍ကြည့်လိုက်သည်။ သူမ၏ အပြုံးမှာ အပြုံးဆိုသည်ထက် ငြိမ်းခြောက်ခြင်းဟုဆိုကပို၍ မှန်ပေလိမ့်မည်။ သူမ၏ အပြုံး၌ ဖော်ရွေမှု၊ ချစ်ခင် နှစ်သက်မှုလုံးဝမပါပေ။လူသတ်လိုသည့် အငွေ့အသက်များသာ ပါနေသည်။ ဤသည်ကို စောင်းပိုက်ဆရာတော်ရော ဆံဖြူဘွားဘွား၏ ရိပ်မိသည်။ ထို့ကြောင့် သူတို့ လွန်စွာသတိဝီရိယထားပြီး စေ[illegible]ကြည့်နေကြလေ၏။

ဒေါင်းဝါ၏ ခန္ဓာကိုယ်လေးသည် တုန်၍သွား၏။ သူမ၏ မျက်နှာကား ထိုမိန်းကလေးနှင့် တွေ့ချိန်မှစ၍ စက္ကူဖြူတစ်ရွက်လို ဖြူနေဆဲဖြစ်သည်။

ရုတ်တရက် ဒေါင်းဝါသည် ပြေးထွက်သွား၏။ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့သည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ဒေါင်းဝါက ခေါင်းဆောင်မိန်းကလေး၏ ခြေထောက်ကို ပြေးဖက်ခြင်း ဖြစ်ပေသည်။

"မမဒေါင်းဖြူ. . ညီမလေးကို ခွင့်လွှတ်ပါနော်"

ဒေါင်းဝါက ရှိုက်ကြီးတငင်ငိုပြီး တောင်းပန်လေ၏။

"ညည်းအပြစ်ကို ညည်းသိတယ်မဟုတ်လား"

ဒေါင်းဖြူက ထိုသို့ပြောပြီး အချက်ပြလိုက်လေရာ သန်မာထွားကျိုင်းသော ယောကျ်ားကြီးနှစ်ယောက်သည် လူကြားထဲမှ ထွက်လာပြီး ဒေါင်းဝါအား ဖမ်းချုပ်ရန်ပြင်ဆင်လိုက်ကြ၏။ ထိုစဉ် လူရိပ်တစ်ရိပ်ခုန်ဝင်လာကာ လက်ဝါးနှစ်ချက်ရိုက်ထုတ်လိုက်တော့သည်။

"ဝုန်း. . ."

"ဝုန်း. . ."

ယောကျ်ားကြီးနှစ်ယောက်မှာ လွင့်စဉ်ထွက်သွား၏။ လက်ဝါးရိုက်ချက်မှာ ကြောက်စရာကောင်းလောက်အောင် ပြင်းထန်သည်။ လေလှိုင်းပင် တုန်ခါသွားသည်။

ဒေါင်းဖြူက ဒေါသဖြင့် လှမ်းကြည့်လိုက်သည်။

စောင်းပိုက်ဆရာတော်က ဒေါင်းဝါ၏ နောက်ဘက်၌ အေးဆေးစွာရပ်နေလေ၏။

ဆရာတော်က. . .

"ကျုပ်က မင်းလူတွေကို မတိုက်ခိုက်ချင်ပါဘူးကွယ်၊ ဒါပေမယ့် မတိုက်လို့မရတော့ဘူး၊ ကျုပ်က ဒေါင်းဝါကို အကာအကွယ်ပေးဖို့ ကတိပြုခဲ့တယ်၊ ကျုပ်အကာအကွယ်မပေးရင် ကျုပ်ကတိပျက်တော့မှာပေါ့"

ဆရာတော်က တစ်ဆက်တည်း ဒေါင်းဝါကိုဆွဲခေါ်ပြီး နောက်သို့ တွန်းပို့လိုက်၏။ ဒေါင်းဝါမှာ ဆံဖြူဘွားဘွားကွေ့မိန်၏ အကာအကွယ် အစောင့်အရှောက်အောက်သို့ ရောက်ရှိသွားတော့သည်။



ဆံဖြူဘွားဘွားက. . .

"မိန်းကလေး . . သမီးဒေါင်းဝါဟာ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဖြစ်သွားခဲ့ပြီကွယ့်၊ သူ့ကို ကိခြင်းဟာ တို့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို ထိသလိုပဲ ဖြစ်ပါလိမ့်မယ်၊ ဘွားဘွားက သမီးတို့ကို ကြိုတင်တောင်းပန်ထားမယ်၊ ကြီးကျယ်တဲ့ တိုက်ပွဲကြီးတစ်ခု မဖြစ်ဘဲနဲ့တော့ ဒေါင်းဝါကို မထိကြပါနဲ့လို့"

ဒေါင်းဖြူ၏ မျက်နှာပေါ်မှဒေါသများ တဖြည်းဖြည်းပျောက်ကွယ်သွား၏။ သူမသည် ဒေါင်းဝါကို မကြည့်တော့ချေ။ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့အား ဦးတည်၍ ပြောလိုက်လေ၏။

"ဝမ်မြောင်သခင်မက ရှင်တို့ကို စောင့်နေပါတယ်၊ ကျွန်မနောက်ကို လိုက်ခဲ့ကြပါ"

စောင်းပိုက်ဆရာတော်က. . .

"မင်းတို့က တို့ရောက်နေတာကို ကြိုတင်သိနေသလား"

ဒေါင်းဖြူက မဲ့ပြုံးပြုံးလိုက်၏။

"ကျွန်မတို့ နယ်မြေထဲ လူစိမ်းရောက်လာရင် ကျွန်မတို့သိတာချည်းပဲ၊ မသိမရှိဘူး၊ ဒါကြောင့် ကျွန်မတို့က အသင့်စောင့်နေတာပေါ့၊ သခင်မ မျှော်လှရော့မယ်၊ အားလုံး ကျွန်မနောက်က လိုက်ခဲ့ကြပါ"

စင်စစ် စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားကွေ့မိန်တို့မှာ လွတ်လွတ်လပ်လပ်သွားရခြင်းမျိုးမဟုတ်ပေ။ လူသုံးဆယ်ခန့် ဝန်းရံခေါ်ဆောင်သွားခြင်းကို ခံနေရသည်သာ။ ယေဘုယျအားဖြင့် ဒေါင်းဖြူက သူတို့အား အကျဉ်းသားများအဖြစ် သတ်မှတ်

ထားပုံရသည်။

စောင်းပိုက်ဆရာတော်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရာ ကျောက်တုံးကျောက်ဆောင်များ ရှိနေသော်လည်း အတော်ကလေး ပြန့်ပြူးသောနေရာ ဖြစ်နေကြောင်း တွေ့ရှိရ၏။ အဆောင်များ၊ အိမ်များကိုလည်း တွေ့နေရသဖြင့် ရေနက်ချောက်ကမ်းပါးရှိ ရေနန်းတော်ဟူသည်မှာ မည်သည့်နေရာမျိုး၌ ဖြစ်သည်ကို တွေးမရအောင် ရှိနေတော့သည်။

ဆရာတော်သာမက ဆံဖြူဘွားဘွားကွေ့မိန်ပါ ပတ်ဝန်းကျင်ကို လွန်စွာ သတိထားသည်။ အဘယ်ကြောင့်ဆိုသော် လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့ကို ကယ်တင်ပြီး ပြန်ထွက်လိုလျှင် ဤဒေသ၏ ထွက်လမ်းဝင်လမ်းများကို သိထားမှသာ အောင်မြင်စွာ ပြန်ထွက်နိုင်မည်မဟုတ်ပါလား။

* * * * *



## အခန်း [၄၅]

## ထူးဆန်းသောနန်းတော်

ထိုက်ချင်သည် ဥမင်လိုဏ်ခေါင်းတစ်ခုထဲသို့ စွတ်ဝင်ခဲ့သည်။ အတော်အတန် လျှောက်ပြီးသောအခါ ရေကန်တစ်ကန်ကို တွေ့ရသည်။ ထိုရေကန်သည် သာမန်ရေကန်မဟုတ်ပေ။ ရေကန်ထဲမှ အခိုးအငွေ့များတက်ပြီး ဆူပွက်နေသည့် ရေပူကန် ဖြစ်နေလေ၏။

ထိုရေကန်မှ အပူရှိန်သည် ဥမင်ကိုအပူငွေ့ဖြင့် လွှမ်းခြုံနေစေသည်။ ထို့ကြောင့် ထိုက်ချင်တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကျနေသည်။

သာမန်အားဖြင့် ထိုက်ချင် ပြန်ထွက်သွားမိမည်မှာ သေချာသည်။ ယခုသော် ထိုရေပူကန်ပေါ်၌ လှပသော ကျောက်တံတားတစ်ခုရှိနေခြင်းက ထိုက်ချင်အားအပြင်သို့ မထွက်စေနိုင်ဘဲ ဖြစ်နေသည်။

ထိုကျောက်တံတားကို ရောင်စုံ ကျောက်ပြားကလေးများဖြင့် ခင်းထားသေးသည်။ အပေါ်မှ စီး၍ကြည့်လျှင် အင်းကွက်လေးများ ရေးဆွဲထားသကဲ့သို့ ထင်မှတ်ရသည်။

ထိုက်ချင်သည် ထိုနေရာ၌ တွေ၍ရပ်နေမိ၏။ ရှေ့ဆက်၍ သွားလျှင် ကောင်းမည်လား။ နောက်ပြန်ထွက်လျှင် ကောင်းမည် လား စဉ်းစားနေခြင်း ဖြစ်ပေသည်။

နောက်ဆုတ်ခြင်းကို တားဆီးနေသည့်အရာမှာ လှပသော ကျောက်တံတားဖြစ်နေသည်။ ကျောက်တံတား ရှိနေခြင်းက ဤလိုဏ်ဂူအနီးဝန်းကျင်၌ လူရှိနေမည်ကို ညွှန်ပြနေသည်။ ရန်သူနှင့်ပင် တွေ့ရစေဦးတော့ ဘုမသိဘမသိ ထောက်ချောက်၌ သေရခြင်းထက် ပိုမြတ်သေးသည်ဟု ထိုက်ချင် ယူဆလိုက်သဖြင့် ရှေ့ဆက်လျှောက်ရန် ထိုက်ချင်ဆုံးဖြတ်လိုက်တော့သည်။

ကျောက်တံတားသည် ပေနှစ်ဆယ်မျှ ရှည်လျားသည်။

သူသည် ကျောက်တံတားပေါ်သို့ တက်ရန် ခြေလှမ်းပြင်သည်။ ထိုအခါကျမှ ဒေါင်းဝါပြောသည့် စကားအချို့ကို သတိရလိုက်မိသည်။

ဤဂူထဲတွင် ယန္တရားထောင်ချောက် မြောက်မြားစွာရှိသည် ဟူသည့် စကားပင်။

ထို့ကြောင့် ထိုက်ချင်သည် ကျောက်တံတားကို ချက်ချင်း မဖြတ်သန်းဝံ့တော့ဘဲ မည်သို့ ကူးရမည်ကို စဉ်းစားနေရတော့၏။

သို့သော်တံတားမှာ ရှည်လျားနေသဖြင့် ကူးရမည့်နည်းလမ်းကို ထိုက်ချင်စဉ်းစား၍ မရဘဲရှိသည်။



သူသည် တံတားကြမ်းခင်းကျောက်ပြားများကို ကြည့်လိုက်ရာ အနီကွက်နှင့် အနက်ကွက်များချည်းသာ ဖြစ်သည်ကို တွေ့လာရလေ၏။

ထိုက်ချင်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေ၏။ အနီရောင်ကျောက်ပြားများကိုသာ နင်း၍လျှောက်မည်ဟု။

ထိုက်ချင်သည် ဆုံးဖြတ်သည့်အတိုင်း အနီရောင် ကျောက်ပြားများကို နင်းလျှောက်သောအခါ မည်သည့်အန္တရာယ်မျှ မကြုံဘဲ ရှိနေသည်။ ထိုအခါ သူ့စိတ်သည် အနည်းငယ်ပေါ့ပေါ့ဆဆ ဖြစ်သွား၏။

တံတား၏ အခြားတစ်ဘက်စွန်းရောက်အသွားမှာ အနက်ကွက်တစ်ကွက်ကို နင်းမိသည်။

"ချပ်. . ."

အသံသည် တိုးညင်းလှသော်လည်း ထိုက်ချင်နားထဲတွင် ပီပီသသကြားလိုက်မိသည်။ ထိုသံကြားသည်နှင့် ထိုက်ချင် ခေါင်းနားပန်းကြီးသွား၏။

ထိုအချိန်မှာပင်. . .

"ရှီ. . . ရှီ. . . ရှီ"

"ဝှစ်. . . ဝှစ်. . . ဝှစ်"

အဆိပ်လူးမြားနှင့် အဆိပ်လက်နက်များသည် တံတားပေါ်သို့ တရစပ် ကျလာတော့၏။ ထိုအဆိပ်လက်နက်ပုန်းများသည် ဥမင်နံရံများ၌ မြှုပ်သွင်းထားခြင်းဖြစ်သည်။

ထိုက်ချင်မှာ ဒရောသောပါး လှိမ့်ချလိုက်ရသည်။ မြားများ

သည် သူ့ခန္ဓာကိုယ်ပေါ်မှ ဖြုတ်ကျော်သွားကြ၏။

"ဘုရား. . . ဘုရား. . . ကံကောင်းလို့ပါလား"

ထိုက်ချင် အမှန်ပင် ကံကောင်းသည်။

သူ လှိမ့်ချလိုက်ပြီး လက်မတင်ကလေးလွတ်သွားသည်မှာ မြေပြင်မှ ထိုးတက်လာသော သံချွန်ကြီးပင်တည်း။ ထိုသံချွန်သာ အထိုးခံရလျှင် ခန္ဓာကိုယ် ဟိုဘက်ဒီဘက် ပေါက်သွားပေလိမ့်မည်။ သူ့ကျော၌ လွယ်ထားသောအိတ်ထဲမှ ပစ္စည်းအချို့ ထွက်ကျပြီး ရေပူကန်ထဲကျသွား၏။

"တကယ့် ထောင်ချောက်တွေပါလား"

ထိုက်ချင်ရေရွတ်ပြီး ထလိုက်၏။ သူကတော့ ကံကောင်းပြီး တစ်ချက်လွတ်ခဲ့ပြီ။ ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့ရော လွတ်ပါ့ မလားဟု တွေးလိုက်မိ၏။

သူသည် တံတားနှင့်တည့်တည့် ဥမင်လိုဏ်ခေါင်းထဲသို့ ဆက် ဝင်လိုက်သည်။ ပေငါးဆယ်ခန့် လျှောက်ပြီးသောအခါ အေးစိမ့် သောလေ၏ တိုက်ခတ်ခြင်းကိုခံလိုက်ရသဖြင့် ထိုက်ချင် ဝမ်းသာ သွားသည်။

ဤနေရာမှ မနီးမဝေးတစ်နေရာတွင် ထွက်ပေါက်တစ်ခုခု ရှိရမည်ဟု ထိုက်ချင်တွက်ဆလိုက်သည်။

သူသည် လျင်မြန်သောခြေလှမ်းများဖြင့် ခပ်သွက်သွက်ဆက် လှမ်းလေတော့၏။



ဤလိုနေရာမျိုး၌ ကျောက်တုံးများဖြင့် ဆောက်လုပ်ထား သည့် ကြီးမားသော အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက် ရသောအခါ ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့ အကြီးအကျယ် အံ့ဩသွားကြလေ၏။ ဤလိုနေရာမျိုး၌ ဤသို့သော အဆောက် အအုံကြီး ရှိနေလိမ့်မည်ဟု မည်သူထင်မှတ်ထားလိမ့်မည်နည်း။

'ဧည့်သည်တော်များ ဝင်ကြပါ'

ဒေါင်းဖြူက အဆောက်အအုံထဲသို့ဝင်ရန် အချက်ပြပြီး ပါး စပ်မှ ပြောလိုက်သည်။

စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့သည် ဒေါင်း ဝါအား အလယ်တွင်ညှပ်ထားပြီး အဆောက်အအုံတွင်းသို့ဝင် လိုက်၏။ ဒေါင်းဖြူက အသင့်ရှိနေသည့် ထိုင်ခုံများတွင် နေရာ ချထားပေးသည်။ ထို့နောက် လက်ခုပ်တစ်ချက် တီးလိုက်သောအခါ အတွင်းဆောင်ထဲမှ မိန်းမပျိုနှစ်ဦး ထွက်လာကြလေတော့၏။

ထိုမိန်းမပျိုနှစ်ဦးမှာ နန်းတွင်းအဝတ်အစားများနှင့်ပင် ဖြစ်သည်။ ဒေါင်းဖြူက ထိုနှစ်ယောက်ကို ရိုရိုကျိုးကျိုး ဆက်ဆံ ခြင်းကြောင့် ထိုနှစ်ယောက်သည် ဒေါင်းဖြူထက် အဆင့်မြင့်တာဝန် ထမ်းဆောင်သူများဟု မှတ်ထင်ယူဆရပေသည်။

ကျေးဇူးပြုပြီး သခင်မကိုပြောပေးပါနော်၊ သခင်မ စောင့်မျှော်

နေတဲ့ ဧည့်သည်တော်တွေ ရောက်ရှိလာပါပြီလို့၊ ဒါဆိုရင် သခင်မ သိပါတယ်"

မိန်းမပျိုနှစ်ယောက်သည် စောင်းပိုက်ဆရာတော်၊ ဒေါင်းဝါနှင့် ဆံဖြူဘွားဘွားကွေ့မိန်တို့ကို စူးစူးဝါးဝါးကြည့်ကာ ဒေါင်းဖြူအား ခေါင်းညိတ်ပြသည်။ ထို့နောက် အတွင်းခန်းထဲသို့ လှည့်ဝင်သွားကြတော့၏။

စောင်းပိုက်ဆရာတော်သည် အဆောက်အအုံထဲသို့ ရောက်သည်နှင့် စေ့စပ်သေချာစွာ လေ့လာတော့သည်။ ခန်းမကြီးမှာ ကျယ်ဝန်းသည်။ မအပ်မရာ ဆင်ယင်ထားပုံမှာ ခန်းမ၏အထက်တွင် အလွန်လှပသည့် မီးပန်းဆိုင်းကြီးသုံးခုကို ချိတ်ဆွဲထားခြင်းပေတည်း။

ခန်းမကြီး၏ ခေါင်းရင်းတွင် နောက်မှီမြင့်မားသော ကုလားထိုင်ကြီးတစ်လုံး ရှိနေပြီး ထိုနောက်မှီတွင် ကြီးမားသောဒေါင်းကနေပုံအရုပ်ကို တပ်ဆင်ထွင်းထုထားသည်။ ထိုအရုပ်ထဲတွင်မူကား 'ဝမ်မြောင်ဘုရင်မ' ဟူသော စာတန်းကို ထင်ထင်ရှားရှား ထွင်းထုထားသည်။

ခန်းမကြီး၏ ကြမ်းပြင်ကို ရောင်စုံကျောက်ပြားများ ခင်းကျင်းထားသဖြင့် ခန်းမကြီးတစ်ခုလုံးမှာ လွန်စွာလှပနေသည်။

ဝမ်မြောင်သခင်မထိုင်မည့် ကုလားထိုင်မြင့်ကြီး၏ နောက်ကွယ်တွင် အပေါက်တစ်ပေါက်ရှိပြီး အနီရောင် ခန်းဆီးတစ်ခုဖြင့် ကာရံထား၏။ ထိုခန်းဆီးတွင် ဒေါင်းကနေပုံကို ရက်လုပ်ထားသည်။



အခန်း၌ အခြားဝင်ပေါက်ထွက်ပေါက်များရှိနေပြီး ခန်းဆီးအပြင် ပုတီးရောင်စုံများကို ကြိုးဖြင့်သီပြီး ခန်းဆီးသဖွယ် ပြုလုပ်ထားပေသည်။

ထူးခြားသည့်အချက်မှာ ဤခန်းမကြီး၌ ပြတင်းပေါက်ဟူ၍ တစ်ခုမျှမရှိခြင်းပင်။

ဆရာတော်၏ မျက်လုံးများသည် အလွန်တရာမှ စူးရှလွန်းသဖြင့် နံရံ၌ညလင်းပုလဲများ မြှုပ်နှံထားသည်ကိုလည်း တွေ့လိုက်ရ၏။ ထို့ကြောင့် မီးပန်းဆိုင်းများမှာ တမင်အလှသက်သက်ဆင်ယင်ထားခြင်းသာဖြစ်ကြောင်း ရိပ်မိသိရှိလိုက်ပေသည်။

'အင်း. ဒီအဆောက်အအုံကို ဆောက်လုပ်တဲ့ဗိသုကာ ပညာရှင်ကတော့ တကယ်တော်ပေတာပဲ၊ အားလုံး ဟာကွက်လွတ်ကွက် မရှိအောင် ဆောက်လုပ်နိုင်ပါပေတယ်'

ဆရာတော်က ဗိသုကာပညာရှင်ကို ကျိတ်၍ ချီကျူးမိသည်။ ဆရာတော်သည် အခန်းတစ်ခုလုံးကို လေ့လာပြီးနောက် အစောင့်များကိုလေ့လာပြန်သည်။ အခန်းထဲတွင် ဒေါင်းဖြူမှတစ်ပါး၊ အခြားအစောင့်ဟူ၍ မရှိတော့ပေ။ ဒေါင်းဖြူနှင့်အတူ ပါလာသောလူသုံးဆယ်ခန့်မှာ အဆောက်အအုံ၏ပြင်ပတွင် ကျန်ရစ်ခဲ့ချေပြီ။ သူတို့သည် အဆောက်အအုံ၏ ပြင်ပမှသာ စောင့်ရှောက်ခွင့်ရှိကြပေသည်။

ဆရာတော် ကျိတ်၍တွေးနေမိ၏။

ထိုစဉ် သာယာငြိမ့်ညောင်းသော တူရိယာများ တီးခတ်သံက ထွက်ပေါ်လာသည်။

ဒေါင်းဖြူက တီးတိုးပြော၏။

"ဒါ. . သခင်မ မထွက်ခင်တီးခတ်နေကျ တူရိယာသံပါ။သခင်မဟာ ဒီတူရိယာသံနဲ့ ခန်းမဆောင်ကို ထွက်လေ့ရှိပါတယ်"

စောင်းပိုက်ဆရာတော်က ပြုံးလိုက်၏။

ဩော်. . ဝမ်မြောင်သခင်မဆိုတာ တယ်လဲခမ်းခမ်းနားနားနေတဲ့ မိန်းမပါလားဟု တွေးပြီး ပြုံးလိုက်ခြင်းဖြစ်ပေသည်။ ထိုစဉ် ဝမ်မြောင်သခင်မသည် ခန်းဆီးကိုဖယ်ရှားပြီး ဧည့်ခန်းဆီသို့ ဆင်မယဉ်သာ ခြေလှမ်းများဖြင့် လျှောက်လာနေလေတော့၏။

* * * * *



## အခန်း [၄၆]

## ဝမ်မြောင်သခင်မ

ဝမ်မြောင်သခင်မ ဆိုသူကား ချောမောလှပသူ မိန်းမပျိုတစ်ဦးပင်။

သူမသည် နန်းတွင်းမှဘုရင်မတစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်ထားသည်။ ထို့ကြောင့် သူမ၏အလှသည် အခြားသောမိန်းမပျိုများထက် ပို၍ ပေါ်လွင်နေပေသည်။

သူမအသက်ကလည်း နုပျိုလှသည်။ ခန်းမှန်းခြေ အသက်သုံးဆယ်ခန့်မျှသာ ရှိပေသေးသည်။ ဂိုဏ်းကြီးတစ်ခုကို မိန်းမပျိုတစ်ဦး ဦးစီးဦးကိုင် ပြုလုပ်သဖြင့် အံ့ဩရန်တော့ အကြောင်းမရှိပါ။ သိုင်းလောက၌ တစ်ခါတရံ ငယ်ရွယ်သူများ ဦးစီးဦးဆောင်ပြုသည့် ဂိုဏ်းကြီးများ မကြာခဏ ပေါ်ပေါက်ခဲ့သောကြောင့် ဖြစ်ပါသည်။

ချောမောသော နုနယ်ပျိုမျစ်သော လန်းဆန်းတက်ကြွသော

မိန်းမပျိုကား ရေနက်ချောက်ကမ်းပါး ရေနန်းတော်သခင်မ ဝမ်မြောင်ပင် ဖြစ်တော့သည်။

ဝမ်မြောင်သခင်မကို ထိုအခြေအနေမျိုး၌ တွေ့လိုက်ရသဖြင့် အကြီးအကျယ်အံ့ဩရသူများမှာ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားကွေ့မိန် တို့ပင်ဖြစ်လေ၏။ သူတို့သည် မယုံကြည်နိုင်သော မျက်လုံးများ၊ အံ့ဩနေသော မျက်လုံးများဖြင့် ဝမ်မြောင်ကိုကြည့်နေမိကြ၏။ အဘယ်ကြောင့် သူတို့ အံ့ဩနေရပါသနည်း။ အကြောင်းရှိပါသည်။ ဆရာတော်နှင့်ကွေ့မိန်တို့ နားလည်ထားသည်မှာ ဝမ်မြောင်၏အသက်သည် လေးဆယ့်ငါး သို့မဟုတ်ငါးဆယ်ဝန်းကျင် ရှိပြီဟု သိထားကြသောကြောင့်တည်း။

ဝမ်မြောင်သခင်မက ချိုသာသောအပြုံးဖြင့် စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားကွေ့မိန်တို့ကို နှုတ်ဆက်သည်။

"အခုလို ကျွန်မကိုစောင့်နေရတဲ့အတွက် ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါတယ်"

သူမ၏ အသံက နူးညံ့ နွဲ့နှောင်းလှသည်။ သူမ၏ အမူအရာကလည်း တကယ့်နန်းတွင်းသူကဲ့သို့ နွဲ့နှောင်းနေသည်။

ဤအပြော ဤအမူအရာတို့ဖြင့် ယောကျ်ားတို့ကို သွေးဆောင်ဖြားယောင်းလျှင် မည်သည့်ကျားသတ္တဝါမျှ မခံနိုင်ဟု ဆရာတော် တွေးနေလေ၏။

"ကိစ္စမရှိပါဘူး၊ ဆရာတော်တို့အဖို့ လောကဝတ် ကိစ္စတွေဟာ အပိုတွေပါ"

ဆရာတော်က အေးအေးဆေးဆေးပင်ပြောသည်။ အရှိန်



အဝါကြီးလှသော ဝမ်မြောင်သခင်မ၏အရှိန်အဟုန်ကို မတုန်မလှုပ်ကျောက်ဆောင်ကြီးသဖွယ် ခန့်ခန့်ညားညားကြီး ရင်ဆိုင်နိုင်သူမှာ စောင်းပိုက်ဆရာတော်ပင် ဖြစ်သည်။

ထိုအခါ ဆံဖြူဘွားဘွားက ထရပ်လိုက်ပြီး . . . .

"လီရှန်ရှန်နှင့် ရက်ချိန်းချိန်း ဘယ်မှာလဲ"

ဆံဖြူဘွားဘွား၏ အသံက ပြတ်သားတိကျလှ၏။ လိုရင်းတိုရှင်း မေးလိုက်ခြင်းသာ။

ဝမ်မြောင်သခင်မက ဆံဖြူဘွားဘွားကို ခပ်နွဲ့နွဲ့ လှမ်းကြည့်ပြီး ဆည်းလည်းသံကဲ့သို့ ရယ်မောလေ၏။

"ဘွားဘွားတယ်ပြီးဆန္ဒစောတာပဲ"

"ဆန္ဒမစောဘူးကွယ်၊ ဘွားဘွားမေးနေတဲ့ မေးခွန်းကိုသာ ဖြေစမ်းပါ၊ တို့ကအပိုတွေထည့်ပြီး စကားရှည်အောင်ပြောမနေနိုင်ဘူး"

'ရှိပါတယ် ဘွားဘွားရဲ့၊ ရှိပါတယ်၊ ဘွားဘွားရဲ့ သမီးတပည့်မြေးတပည့်အားလုံး အသက်ထင်ရှားရှိနေပါတယ်၊ ဘိုမေကိုဏ်းရဲ့ မျိုးဆက်သုံးဆက် ရေနက်ချောက်ကမ်းပါးမှာ လာဆုံတယ်ဆိုတာ သိုင်းလောကရဲ့ သမိုင်းမှတ်တိုင်ကြီးပဲ၊ ကြုံတောင့်ကြုံခဲပဲနော်၊ ဒါဟာ ကျွန်မအတွက် ကံကောင်းမှုပဲဖြစ်ပါလိမ့်မယ်'

သူမ၏ အသံက ချိုသာနူးညံ့လှပေသည်။

ဆံဖြူဘွားဘွားကွေ့မိန်က ဝမ်မြောင်ကို စူးရှစွာ ကြည့်လိုက်လေ၏။

"အင်း. ဒီမိန်းမ ပေါ့သေးသေး ယှဉ်ပြိုင်လို့ရမယ့် မိန်းမမဟုတ်ပေဘူး၊ ကံမကောင်း အကြောင်းမလှရင် တို့တွေတောင် ဒီနေရာက

အသက်ရှင်လျက် ထွက်ခွာနိုင်မှာ မဟုတ်ပေဘူး"

ဆံဖြူဘွားဘွား တွေးနေသည်။

ထိုအခါ ဝမ်မြောင်သခင်မက. .

"ဘွားဘွားက ဘာတွေများ၊ တွေးနေတာလဲ"

ဆံဖြူဘွားဘွား ကွေ့မိန်က ပြတ်သားစွာ ပြောလိုက်သည်။

"ဝမ်မြောင်သခင်မကို ဘွားဘွားကကောင်းမွန်စွာ တောင်းဆိုပါတယ်၊ သခင်မရဲ့ ကံကောင်းမှုကို အချိန်ကြာကြာ ရှိနေစေချင်တယ်ဆိုရင် လီရှန်ရှန်နှင့် ရက်ချိန်းချိန်းကို အခုပဲ ခေါ်ပေးစေချင်ပါတယ်"

ဝမ်မြောင်သည် ပါးချိုင့်ကလေး ပေါ်လာသည်အထိ တခစ်ခစ် ရယ်လေတော့၏။

"ဘွားဘွားတို့ မနားတမ်း ခရီးနှင်လာကြတာပဲ၊ သိပ်ပင်ပန်းနေကြပါတယ်၊ ခဏလောက် အနားယူကြပါဦးလား၊ ကျွန်မအနေနဲ့ကတော့ အိုမေဂိုဏ်းရဲ့ မျိုးဆက်သုံးဆက်ကို ညနေစာသုံးဆောင်မယ့်အချိန်မှာ တွေ့ဆုံပေးဖို့ စီစဉ်ထားပါတယ်၊ ခုအချိန်မှာတော့ စောလွန်းပါသေးတယ်"

စောင်းပိုက်ဆရာတော်သည် ဟောဟောဒိုင်းဒိုင်းသမားဖြစ်သည်။ ကန့်ကယသွယ်ဝိုက်ကာ ပြောနေသော ဝမ်မြောင်သခင်မ၏ အမူအရာကို ဆရာတော် ကြည့်မရချေ။ သို့သော် တရားရှင်ပညာရှင် ဖြစ်သည့်အားလျော်စွာ သတိဉာဏ်စွမ်းဖြင့်ထိန်းချုပ်ပြီး သည်းခံနေရလေ၏။

ဆရာတော်သည် ဆံဖြူဘွားဘွား ကွေ့မိန်အား တစ်ချက်လှမ်း



ကြည့်ပြီး ဒေါသမထွက်ရန် မျက်ရိပ်ပြလိုက်သည်။ ဆံဖြူဘွားဘွားမှာ ပထမ၌ ဒေါသထိန်းမရသလို ဖြစ်နေသော်လည်း ဆရာတော်၏ အချက်ပြမှုကို တွေ့လိုက်ရသောအခါ အတွေ့အကြုံရင့်ကျက်သူဖြစ်သဖြင့် ချက်ချင်းပင်ဒေါသကို သိမ်းဆည်းလိုက်ရသည်။ ဒေါသကြောင့် အမှားများစွာ ကြုံတွေ့ခဲ့ဖူးပြီ မဟုတ်ပါလား။

ဝမ်မြောင်သခင်မသည် ဆံဖြူဘွားဘွား၏ဒေါသကို နှိုးဆွရန် ကြိုးစားသေး၏။

"ဘယ်လိုလဲ ဘွားဘွား၊ ကျွန်မအစီအစဉ်က ဘွားဘွားအတွက် အချိန်အကြာကြီးများ ဖြစ်နေဦးမလား"

ဆံဖြူဘွားဘွားမှာ ဒေါသကို ထိန်းလိုက်နိုင်ပြီဖြစ်၍ ရယ်မောလိုက်သည်။

"ဟဲ. . ဟဲ. . ဟဲ၊ ညနေစာစားမှ တွေ့ရမယ်ဆိုလဲ ပြီးတာပဲပေါ့ကွယ်၊ ဘွားဘွားတို့အတွက် သိပ်လဲစိတ်ပူမနေပါနဲ့တော့၊ ဖြစ်သလိုပေါ့ကွယ်"

ဝမ်မြောင်သခင်မ မျက်မှောင်ကြုတ်သွား၏။ သူမသည် တိမ်ဆက်တောင်ဘုန်းတော်ကြီး စောင်းပိုက်ဆရာတော်ကို ခေါင်းငဲ့ကြည့်ပြီး. .

"ဆရာတော်ကတော့ တိမ်ဆက်တောင်ဆရာတော် ဘုန်းတော်တော်ကြီး စောင်းပိုက်နဲ့တူပါရဲ့"

"ဟုတ်ပါတယ်"

ဆရာတော်က တိုတိုပြတ်ပြတ်ပြောသည်။

"ဆရာတော်နာမည်ကို ကြားနေရတာတော့ ကြာပါပြီ၊ ကံထူး

လို့သာ ဒီနေရာမှာဖူးမြော်ခွင့်ရတာပါ၊ ဆရာတော်ရဲ့ သားတပည့်တွေ ပွားစည်းပါရဲ့လား ဘုရား"

ဝမ်မြောင်သခင်မက မည်သည့်ပရိယာယ်မှန်း မသိရဘဲ ဆရာတော်၏ အခြေအနေကို မေးမြန်းစူးစမ်းနေသည်။

ဆရာတော်ကပြုံးပြီး . . . .

"ကျုပ်မှာတော့ သားတပည့် ပွားစည်းခြင်းမရှိလှပါဘူး၊ ကျုပ်ရဲ့တိမ်ဆက်တောင်မာ သားတပည့်စုစုပေါင်း ဆယ့်ရှစ်ယောက်ရှိရာမှာ ငါးယောက်လောက်က လူမမည်ငယ်ရွယ်လှတဲ့ ကလေးတွေဖြစ်နေပါတယ်၊ ကျုပ်မှာလဲကြီးလေးတဲ့ တာဝန်ရှိနေပြန်တော့ ဒီသားတပည့်တွေကို သိုင်းပညာအပြည့်အဝ သင်မပေးနိုင်ပြန်ဘူး"

ဆရာတော်က ပရိယာယ်မပါဘဲ အမှန်အတိုင်းပြောနေခြင်းဖြစ်သည်။

ဆရာတော်ကဆက်၍ . . .

"ရေနန်းတော်က ဝမ်မြောင်သခင်မ၊ ဝမ်မြောင်သခင်မနဲ့တယ်ပြီးကျော်ကြားတာပဲ၊ အခုမှ ဝမ်မြောင်သခင်မဆိုတာ တွေ့ခွင့်ရတယ်၊ ကျုပ်ဝမ်းသာပါရဲ့၊ နောက်ပြီး ဝမ်မြောင်သခင်မဟာ သိုင်းပညာသာမက စောင်းပညာလဲ တစ်ဖက်ကမ်းခပ် တတ်မြောက်တယ်လို့ ကျုပ်သိထားတယ်၊ ဒီကနေ့ ကံထူးရင်တော့ သခင်မရဲ့ ကျော်ကြားတဲ့ စောင်းသံများကြားရမလားမသိဘူး"

ဝမ်မြောင်သခင်မမှာ မျက်ခုံးချီသွားလေ၏။

"ဆရာတော်က စောင်းပညာကို စိတ်ဝင်စားလို့လား"



"စောင်းပညာဟာ ဘယ်သူမဆို စိတ်ဝင်စားနိုင်တဲ့ ပညာပဲ"

"တခြား တူရိယာပစ္စည်းတွေမှာတော့ ဟုတ်တယ်၊ စောင်းပညာမှာတော့ ဘယ်သူမဆို စိတ်ဝင်စားနိုင်တာ မဟုတ်ပါဘူး၊ စောင်းပညာဟာ တခြားတူရိယာပစ္စည်းတွေထက် ခက်ခဲနက်နဲတယ် မဟုတ်လား၊ ဆရာတော်"

"ဒါတော့ဟုတ်ပါတယ်"

"ဆရာတော်ကော စောင်းပညာ အတော်ကလေးတတ်မြောက်နေပြီလား"

"အသင့်အတင့်ပဲဆိုပါတော့၊ နည်းနည်းပါးပါး၊ လေ့လာထားတဲ့ သဘောပဲရှိပါတယ်"

ဝမ်မြောင်သခင်မ ရယ်လေတော့၏။

"ဆရာတော်က ပညာကိုချိုးပြီးပြောတာပဲ"

"မချိုးပါဘူး၊ အမှန်အတိုင်းပြောတာပဲ"

"ကောင်းပါပြီ၊ ဒီနေ့တော့ ဝမ်မြောင် ကံထူးတဲ့နေ့ပဲ၊ အချိန်ရရင် ဝမ်မြောင်ရဲ့ စောင်းပညာကို တတ်သမျှ မှတ်သမျှ တီးခတ်ပြပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

ဝမ်မြောင်သည် လက်ခုပ်သုံးချက်တီးလိုက်ရာ အတွင်းဆောင်မှ မိန်းမပျိုအချို့နှင့် ယောကျ်ားအချို့တို့ ထွက်လာကြလေ၏။

ဝမ်မြောင် အမိန့်ပေးလိုက်သည်။

"ငါတို့ဒီမှာ ဧည့်သည်တော်တွေနဲ့ ညစာစားမယ်၊ ညစာ

စားပွဲမှာ အလျင်ရောက်နှင့်နေတဲ့ ဧည့်သည်တော် လီရှန်ရှန်နဲ့ ရက်ချိန်းချိန်းတို့ပါ ခေါ်ခဲ့ကြရမယ်"

ဆရာတော်သည် အချိန်ကို အကဲခတ်လိုက်ရာ မှောင်စပျိုးနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ နောက်တစ်ချက်မှာ ညလင်းပုလဲများထဲမှ အရောင်များ ထွက်ပေါ်စပြုလာပြီကို မြင်တွေ့ရခြင်းပင်ဖြစ်တော့သည်။

ထိုယောကျ်ားမိန်းမများသည် ထိုတစ်ခဏအတွင်း ညစာစားရန် ပြင်ဆင်ကြလေ၏။ ခန်းမကြီးမှာ ကြီးမားလှသဖြင့် နေရာလွတ်တွင် ခင်းကျင်းနိုင်ကြပေသည်။ ပြင်ဆင်ရသည်မှာလည်း ခက်ခက်ခဲခဲ မဟုတ်ချေ။ စားပွဲလေးလုံးကို နှစ်လုံးစီ ဆက်ခင်းပြီး စားပွဲခင်းဖြန့်ခင်းလိုက်ရုံဖြင့် ညစာစားရန် စားပွဲအသင့် ဖြစ်သွားခဲ့ရလေသည်။

အမျိုးသမီးများမှာ ဟင်းလျာမျိုးစုံကို သယ်လာကြ၏။ အရက်အိုးများ၊ ပန်းကန်များ သယ်ချလာပြီးနောက် ညစာစားရန် အသင့်ဖြစ်သွားလေတော့သည်။

စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့သည် အစားအသောက် ပြင်ဆင်မှုများကို လုံးဝမကြည့်ပေ။ အခန်းပတ်လည်မှ အနေအထားများကိုသာ မျက်စိလျင်လျင်ဖြင့် အကဲခတ်ကြည့်ရှုနေကြသည်။

ထိုစဉ် ယောကျ်ားနှစ်ယောက်နှင့် မိန်းမနှစ်ယောက်တို့သည် ဧည့်ခန်းထဲသို့ ဝင်လာကြ၏။ သူတို့၏ တောက်ပြောင်လှသည့် ဝတ်စုံများကြောင့် ထိုလူများသည် နောက်မှရောက်ရှိလာ



သူများ ဖြစ်ကြောင်းထင်ရှားသိသာလှ၏။

သူတို့သည် ဝမ်မြောင်သခင်မ၏ ဘေးတစ်ဘက်တစ်ချက်တွင် ဝင်ထိုင်ကြ၏။ ဝမ်မြောင်သခင်မကို ရိုသေကိုင်းရှိုင်းသည့် အမူအရာကိုကား ထိုလေးယောက်စလုံးကပင် ပြသကြပေသည်။

စောင်းပိုက်ဆရာတော်သည် ကွန်မြူးကြီးလှသည့် ဝမ်မြောင် သခင်မကိုကြည့်ပြီး စိတ်ထဲမှ မှတ်ချက်ချနေ၏။

"အင်း. . ကွေ့မိန်နဲ့ငါဟာ သိုင်းလောကမှာ အတော်ကလေး နာမည်ရှိလျက်ကနဲ့ ဒီမိန်းမဟာတို့ကို မျက်နှာတစ်ချက်မပျက်၊ ပျူပျူငှာငှာမရှိ ဆက်ဆံရဲတယ်၊ သူ့ကိုယ်သူတော့ အတော်ယုံကြည်ပုံရတယ်၊ တကယ်တိုက်ခိုက်ကြတော့မှ သူ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ သိရတော့မှာပဲ"

ထိုအချိန်တွင် ဒေါင်းဖြူက စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့အား ညစာစားပွဲတွင် ဝင်ထိုင်ပါရန် ပန်ကြားလာ၏။ စောင်းပိုက်ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့က ဒေါင်းဝါကိုတစ်ယောက်တည်း ထားမပစ်ခဲ့ချေ။ နှစ်ယောက်ညှပ်ပြီး ခေါ်သွားသည်။ ညစာစားပွဲ ထိုင်ရာတွင်လည်း နှစ်ယောက်ကြားတွင် ဒေါင်းဝါကို ထိုင်စေသည်။

ဝမ်မြောင်သခင်မနှင့် စောင်းပိုက်ဆရာတော်တို့သည် မျက်နှာချင်းဆိုင်ထိုင်လျက်သားဖြစ်သွား၏။

ဝမ်မြောင်ကပြန်ကြည့်ရင်း. . .

"အခုရောက်ရှိလာတဲ့ ဧည့်သည်တော်တွေဟာ သာမန်ဧည့်သည်တော်တွေ မဟုတ်ပါဘူး၊ သိုင်းလောကမှာ ကျော်ကြားတဲ့

တိမ်ဆက်တောင်ဆရာတော်နဲ့ ဆံဖြူဘွားဘွားကွေ့မိန်တို့ ဖြစ်နေပါတယ်၊ ဒီလိုပုဂ္ဂိုလ်ကြီးတွေကို သာမညဧည့်ခံလိုက်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒီလိုကံကောင်းထောက်မမှ ကျင်းပနိုင်တဲ့ ဧည့်ခံပွဲမျိုးမှာ ကျွန်မရဲ့ မိတ်ဆွေတွေလဲရောက်ရှိနေတော့ အတော်ပဲဖြစ်သွားပါတယ်၊ ဒီတော့ ကျွန်မရဲ့မိတ်ဆွေတွေကို အခုပွဲမှာ မိတ်ဆက်ပေးရပါမယ်"

ဆရာတော်သည် ထိုအခါကျမှ လူစိမ်းငှလေးဦးသည် ဤရေနက်ချောက်ကမ်းပါးမှ လူများမဟုတ်၊ ပြင်ပကမ္ဘာမှ ဧည့်သည်များသာ ဖြစ်ကြောင်း အသေအချာ သိခွင့်ရတော့သည်။

ဝမ်မြောင်သခင်မသည် သူနှင့် ကပ်ထိုင်လျက်ရှိသော ငွေရောင်ဆံပင်နှင့် အဘွားအိုအား ညွှန်ပြလိုက်၏။

"တိမ်ဆက်တောင် ဆရာတော်နှင့် ဆံဖြူဘွားဘွားတို့ ရှင့်ဆရာတော်နဲ့ဘွားဘွားတို့ဟာ သိုင်းလောကမှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ လှုပ်ရှားခဲ့သူတွေဖြစ်ပါတယ်၊ အခု ကျွန်မဘေးက ဘွားဘွားကို လူမသိတောင် နာမည်တော့ သိနေမယ်လို့ မျှော် လင့်ပါတယ်၊ ဒီဘွားဘွားဟာ သိုင်းလောကမှာ နှစ်ပေါင်းများစွာတိမ်မြှုပ် ပျောက်ကွယ်နေခဲ့တဲ့ 'ငွေဆံပင်ဘွားဘွား'-ပါ၊ ဆံဖြူဘွားဘွားနဲ့ဆိုရင် ခေတ်ပြိုင်လောက်ရှိမယ်လို့ ထင်ပါတယ်"

ဆံဖြူဘွားဘွားက ဘာမျှမပြောဘဲ တုံကျိဘာဝေ ဆိတ်ဆိတ်နေသည်။ တိမ်ဆက်တောင်ဆရာတော်ကလည်း ဘာမျှမပြောချေ။ တိတ်တိတ်ဆိတ်ဆိတ်ပင် စောင့်နားထောင်နေသည်။

ဝမ်မြောင်သခင်မက ငွေဆံပင်ဘွားဘွား၏ဘေးတွင် ထိုင်



နေသော တောက်ပလှသည့် ဝတ်စုံရှင်မိန်းမပျိုအား ညွှန်ပြရင်း မိတ်ဆက်ပေးပြန်သည်။

"သူ့ကိုကြည့်ပါ၊ ရောင်စုံတောက်ပနေတဲ့ သူ့ဝတ်စုံကသူ့နာမည်ကို ဖော်ပြနေတာပါ၊ သူက ယန်စီးပြည်နယ်က လိပ်ပြာသခင်မပါပဲ၊သူ့ သိုင်းပညာဟာ လိပ်ပြာတစ်ကောင်ရဲ့ လှုပ်ရှားမှုနဲ့ ထပ်တူညီမျှပါတယ်"

ဝမ်မြောင်သခင်မသည် သူ့ဘယ်ဘက်မှ အမျိုးသမီးနှစ်ယောက်ကို မိတ်ဆက်ပေးပြီးနောက် ညာဘက်မှ အမျိုးသားနှစ်ယောက်နှင့် မိတ်ဆက်ပေးပြန်၏။

"သူကတော့ ဝံပုလွေတောင်ကပါ၊ အများကတော့ ဝံပုလွေတောင်သခင်လေးလို့သိကြပါတယ်၊ နာမည်ကတော့ စန့်ကွမ်းကျိချူးလို့ခေါ်ပါတယ်၊ သူဟာလဲ သူ့ဘာသာ တစ်ထီးတစ်နန်းကျော်ကြားတဲ့လူပါပဲ"

ထို့နောက် ဝမ်မြောင်သခင်မက နောက်ဆုံးကျန်ရှိနေသောလူကို ညွှန်ပြလိုက်သည်။

ထိုလူသည် အနီနှင့် အနက်ရောင်ရောစပ်ထားသည့် ဝတ်စုံကိုဝတ်ဆင်ထားပြီး အကျီရင်ဘတ်ပေါ်၌ အငှက်ပုံကိုရွှေချည်ဖြင့် ထိုးထားသည်။

"သူကတော့ လူစိမ်းမဟုတ်ပါဘူး၊ ကျွန်မတို့ရေနက်ချောက်ကမ်းပါးရဲ့စောင့်ရှောက်ရေးမှူး ချက်ယင်စန်းလင်ပဲဖြစ်ပါတယ်၊ ကျွန်မခရီးထွက်ရင် သူဟာဒီစခန်းကို လုံခြုံအောင်စောင့်ရှောက်ရသူဖြစ်ပါတယ်"

ဝမ်မြောင်သခင်မရဲ့ မိတ်ဆက်ပေးမှုလည်းပြီးစီးသွားပြီ။

စောင်းပိုက်ဆရာတော်မှာလည်း မသိမသာသက်ပြင်းချမိသည်။ အဘယ်ကြောင့်ဆိုသော် ဝမ်မြောင်မိတ်ဆက်ပေးသူ လေးဦးအနက် နှစ်ဦးကို ကောင်းစွာကြားဖူးသောကြောင့်တည်း။

လိပ်ပြာသခင်မ။

စန့်ကွမ်းကျိချူး။

ထိုနှစ်ဦးသည် အောက်လမ်း သိုင်းလောက၌ လွန်စွာဆိုးသွမ်းသူများ ဖြစ်ကြသည်။ အကြောင်းမဲ့လူသတ်ပြီး ကြီးကျယ်သော ရတနာလုယက်မှုများကို ကျူးလွန်သူများလည်း ဖြစ်သည်။ ဥာဏ်နီဥာဏ်နက်များပြီး ကျော်ကြားသည်။ အထက်လမ်းဂိုဏ်းသား သိုင်းသမားအချို့ကို သိုင်းပညာယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပြီး ကောက်ကျစ်သော နည်းများဖြင့် အနိုင်ယူခဲ့သူများ ဖြစ်ကြသည်။ သူတို့လက်ချက်ကြောင့် တက်သစ်စ သိုင်းသမားအတော်များများမှာ ခြေပြတ်လက်ပြတ်၊ မျက်လုံးကန်းစသဖြင့် ဒုက္ခိတများဖြစ်ကုန်ခဲ့ကြရသည်။

သူ့တပည့်ထိုက်ချင်ကို သိုင်းလောကထဲ စေလွှတ်ခဲ့ခြင်းမှာ လုံးဝနာမည်မရှိသေးသောကြောင့် ဖြစ်၏။ အကယ်၍ထိုက်သင့်သမျှ နာမည်ရှိနေလျှင် ထိုလူဆိုးနှစ်ယောက်နှင့် ကြုံတွေ့သွားနိုင်ကြောင်း စောင်းပိုက်ဆရာတော် ကြိုတင်တွက်ချက်မိပြီးဖြစ်သည်။

ဒူ... ဟူ...ဟူ...။

ထိုစဉ် ငွေမောင်းသံတစ်ချက် ပေါ်လာ၏။ ဆရာတော်၏ အတွေးစများ ပြတ်သွား၏။ မောင်းကိုတီးလိုက်သူမှာ ဝမ်မြောင်



သခင်မ ဖြစ်သည်။

တစ်စုံတစ်ခု ထူးခြားတော့မည်ကို ရိပ်မိလိုက်သဖြင့် စောင်းပိုက်ဆရာတော်က ဆံဖြူဘွားဘွားကိုခြေထောက်ဖြင့် အချက်ပြလိုက်၏။ ဆံဖြူဘွားဘွားက မသိမသာခေါင်းညိတ်ပြသည်။ သူတို့နှစ်ဦးကြားမှ ဒေါင်းဝါခမျာ သွေးဆုတ်ဖြူရော်သော မျက်နှာကလေးဖြင့် ကြောက်ရွံ့တုန်လှုပ်စွာ ထိုင်နေသည်။

ဆံဖြူဘွားဘွားက တိုးတိုးလေး ပြောလိုက်၏။

"သမီးဒေါင်းဝါ ဘာမှမကြောက်နဲ့၊ တို့သေရင်သမီးလဲ သေမှာပဲ၊ တို့ရှင်လို့ကတော့ သမီးသေပြီး မကျန်ရစ်စေရပါဘူး"

ဆံဖြူဘွားဘွား မည်မျှတိုးညင်းစွာ ပြောသည်ဖြစ်စေ ဝမ်မြောင်သခင်မ ကြားသည်သာဖြစ်၏။ သူမ၏အတွင်းအားကလည်း ကောင်းလှသည်ကိုး။

ဝမ်မြောင်သခင်မသည် ဒေါင်းဝါကို ပထမဆုံးအကြိမ် မျက်စောင်းထိုးကြည့်ရာ ဒေါင်းဝါခမျာ ပျော့ခွေမတတ် ကြောက်ရွံ့ သွားရှာလေတော့၏။

ထိုအချိန်မှာ လူအားလုံး၏ မျက်လုံးများသည် အခန်းဝသို့ ရောက်ရှိသွား၏။ အခန်းဝ၌ မိန်းမသားနှစ်ယောက်ရပ်နေ၏။ သူတို့ကိုနောက်မှ လူထွားကြီးနှစ်ယောက်က ဖေးမထိန်းကိုင်ပေးထားကြသည်။

ထိုမိန်းမသားနှစ်ယောက်ကား ဒေါင်းပျံလီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့ပင် ဖြစ်ပါလေသတည်း။

******

## အခန်း [၄၇]

## ဝမ်ခြောင်၏ ညှော်ခံဝံ့

လီရှန်ရှန်၏ မျက်နှာသည် ဆွတ်ဆွတ်ဖြူနေ၏။ နှုတ်ခမ်းသားများလည်း လုံးဝသွေးမရှိပေ။ လီရှန်ရှန်တစ်ယောက်အားအင်ဆုတ်ယုတ်နေကြောင်း ,ကွေ့မိန်သိရှိလိုက်သည်။

ဆံဖြူဘွားဘွား ကွေ့မိန်သည် ရက်ချိန်းချိန်းကို ကြည့်လိုက်ပြန်သည်။ ရက်ချိန်းချိန်း၏ မျက်နှာမှာ လီရှန်ရှန်လောက်ဖြူဆွတ်မှုမရှိပေ။ နှုတ်ခမ်းများမှာလည်း ထိုက်သင့်သမျှ နီရဲမှုရှိသည်။

သို့သော်. . . မျက်လုံးများကမူ ပုံမှန်မဟုတ်ပေ။ မျက်တောင်များ မှေးစင်းနေသည်။မျက်လုံးများကလည်း ,ရီဝေနေသည်။ ထိုအချက်များကြောင့် ရက်ချိန်းချိန်းမှာ မူးယစ်ဆေးအချို့



အကျွေးခံထားရကြောင်း ဆံဖြူဖြူဘွားဘွား ခန့်မှန်းသိရှိလိုက်လေသည်။

ဤသို့ ပြုလုပ်ထားခြင်းမှာလည်း သဘာဝကျသည်။ လီရှန်ရှန်သည် အတွင်းအားကောင်းသူဖြစ်၏။

သူမသည် လွက်မြောက်သည်နှင့် ကျားနာတစ်ကောင်အလား တိုက်ခိုက်မည်မှာ သေချာသည်။ ထို့ကြောင့် ဝမ်မြောင်သခင်မသည် လီရှန်ရှန်အား အတွင်းအားကုန်အောင် ပြုလုပ်ထားခြင်းဖြစ်ပုံရသည်။

ရက်ချိန်းချိန်းမှာ သာမန်သိုင်းသမတစ်ယောက်သာဖြစ်၍ လီရှန်ရှန်လောက် မစိုးရိမ်ရပေ။ ထို့ကြောင့် သူမအား မူးယစ်ဆေးအချို့ ကျွေးထားခြင်း ဖြစ်ဟန်ရှိသည်။

လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့ကို ဆံဖြူဘွားဘွားကွေ့မိန်အနီးရှိ ခုံနှစ်လုံး၌ လူထွားကြီးနှစ်ဦးက နေရာချထားပေးလာလေ၏။ သူတို့လူကို သူတို့ထံပြန်ပေးအပ်ထားသည့် သဘောမျိုးပင်။

ထိုအချိန်မှာပင် ဝမ်မြောင်က အရက်ခွက်ကို မြှောက်ရင်း. . .

"ကဲ. . . ဝမ်မြောင်သခင်မရဲ့ ကံထူးတဲ့ အထိမ်းအမှတ်အဖြစ် တစ်ခွက်တစ်ဖလားလောက် သောက်ကြဖို့ မေတ္တာရပ်ခံပါတယ်"

စောင်းပိုက်ဆရာတော်၊ ဒေါင်းဝါနှင့် ဆံဖြူဘွားဘွားကွေ့မိန်မှ တစ်ပါး အခြားလူအားလုံး အရက်ခွက်များကို မော့လိုက်ကြ၏။

ဆရာတော်တို့ အုပ်စုကား အရက်ခွက်ကိုပင် မကိုင်ကြချေ။ ဝမ်မြောင်သခင်မသည် အရက်ခွက်ကိုချပြီး ဒေါင်းဝါကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ကလေးမ. . . မင်းဘယ်သူတုံး၊ မင်းကိုငါ မြင်ဖူးသလိုလိုပဲ"

ဒေါင်းဝါမျက်နှာပျက်သွား၏။

"ကျွန်မ. . . . ကျွန်မ. . . ဒေါင်း. . . ဒေါင်းဝါပါ"

ဝမ်မြောင် မျက်ခုံးများမြင့်တက်သွား၏။

"ဒေါင်းဝါ. . . ဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်၊ ဒေါင်းဝါပါ"

"ဒေါင်းဝါဆိုတာ ငါ့တပည့်မပဲ၊ မင်းက ဘယ့်နှယ် ဧည့်သည်တွေဘက်မှာ သွားထိုင်နေရတာလဲ၊ လာခဲ့. . . ဒီဘက်ကို လာခဲ့"

"ကျွန်. . . ကျွန်မ. . ကျွန်မ"

"ဘာတွေညာတွေပြောမနေနဲ့၊ တို့ကအိမ်ရှင်သည်၊ အိမ်သည်က အိမ်သည်နေရာမှာပဲ နေရမှာ၊ ညည်း. . . ဒီဘက် ကိုလာခဲ့စမ်း"

"ကျွန်. . ကျွန်မ. . ကျွန်မ. . ."

ဒေါင်းဝါမှာ စကားပင် ပြောချ်မရတော့ချေ။ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်နေချေပြီ။

ထိုစဉ် ဆံဖြူဘွားဘွားကွေ့မိန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ရုတ်တရက် ဝင်ပြောလာလေ၏။

"ဩော် . . . သခင်မ ဝမ်မြောင်ကိုတောင် မပြောရ



သေးဘူး၊ အခုသမီးဒေါင်းဝါဟာ ဘွားဘွားရဲ့တပည့် ဖြစ်သွားပါပြီ၊ ဒီတောင်ပေါ်မတက်ခင်ကလေးကဘဲ ဘွားဘွားက သူ့ကို အိမ်မဂိုဏ်းသားအဖြစ် လက်ခံခဲ့တာပါ"

ဝမ်မြောင်သည် ဆံဖြူဘွားဘွားကို စူးရှစွာကြည့်ပြီး နောက် တဟားဟားရယ်မောလေတော့၏။ ဤအဘွားကြီးနှင့် ဤဘုန်းကြီးတို့သည် သူတစ်ပါးပိုင်နက်အတွင်း ရဲတင်းစွာ ဝင်လာရုံမျှမက တစ်ပါးသူ၏ သားတပည့်ကိုလည်း သူတို့ဘက်ပါအောင် သွေးဆောင် ဖြားယောင်းခဲ့ပေသေးသည်။ အာဂအဘွားကြီးဟုဝမ်မြောင်က စိတ်ထဲမှ ရေရွတ်လိုက်လေ၏။

သူမသည် စိတ်ထဲမှ အတော်ဒေါသထွက်နေသည် မှန်သော်လည်း ထိုဒေါသကို အပြင်သို့မထုတ်ဘဲ ရယ်မောခြင်းဖြင့် ဖုံးအုပ်ပစ်လိုက်သည်။

"ဘွားဘွားက တကယ်ချီးကျူးဖို့ကောင်းတယ်"

'ဩော်. . . အခုလို သစ္စာမရှိတဲ့ ဂိုဏ်းသူတစ်ဦးကို ဘွားဘွားက သဘောထားကြီးမားစွာနဲ့ ကိုယ့်ဂိုဏ်းသားအဖြစ် လက်ခံတာကို ပြောတာပါ၊ ဒါကို ကျွန်မချီးကျူးတာပါ၊ ဒါဟာလဲ ဝမ်မြောင်ရဲ့ ကံထူးမှုပဲ ဆိုရတော့မှာပေါ့၊ သစ္စာမရှိတဲ့ တပည့် တစ်ယောက်လျော့သွားလေလေ၊ ဝမ်မြောင်ခေါင်းပေါ့သွားလေလေပေါ့"

ဝမ်မြောင်သခင်မသည် အရယ်ရပ်ပြီး အံတစ်ချက်ကြိတ်လိုက်သည်။ အရက်အိုးကို လှမ်းယူပြီး ခွက်တစ်ခုထဲသို့ ငှဲ့ထည့်လိုက်၏။

သူမသည် ဒေါင်းဝါကိုလှမ်းကြည့်ပြီး . . .

"ဒေါင်းဝါ. . . မင်းကို အိုမေဂိုဏ်းက တပည့်အဖြစ် လက်ခံလိုက်တာကို သခင်မ အင်မတန်ဝမ်းသာတယ်၊ ဒါကြောင့် မင်းကို ဂုဏ်ပြုအရက်တစ်ခွက်လောက် တိုက်ချင်တယ်၊ အဲဒီအရက်ကို မင်းသောက်ပေတော့၊ ရော့. . ."

ဝမ်မြောင်သခင်မသည် အရက်ခွက်ကို ဒေါင်းဝါ၏ အသည်းနှလုံးရှိရာ ရင်ဘတ်ဆီသို့ အတွင်းအားထုတ်၍ ပစ်လွှတ်လိုက်၏။ အဖြစ်ကားရှင်းလှသည်။ သူမသည် ဒေါင်းဝါကို သစ္စာဖောက်အဖြစ် သတ်မှတ်ပြီးဖြစ်၍ အများရှေ့တွင် ရှင်းရှင်းလင်းလင်းလုပ်ကြံ သတ်ဖြတ်ခြင်းပင်ဖြစ်သည်။

ဒေါင်းဝါ၏ အတွင်းအားမှာ သာမန်မျှသာဖြစ်၍ ထိုအရက်ခွက်ကိုဖမ်းသည်ဖြစ်စေ၊ မဖမ်းဘဲ သည်အတိုင်းငြိမ်ခံသည်ဖြစ်စေ သေရမည်သာဖြစ်သည်။ အရက်ခွက် လွင့်လာသောအားမှာ နည်းနည်းနောနောအားမဟုတ်ပေ။

ဝမ်မြောင်သည် သူ့စိတ်ဓာတ်၊ သူ့အယူအဆ သူ့အတွင်းအားကို ဤနည်းဖြင့် ပြသလိုက်ခြင်းပင်ဖြစ်ပေ၏။

အရက်ခွက်သည် ဒေါင်းဝါထံ အရှိန်ဖြင့် လွင့်ထွက်လာသော်လည်း အရက်များ ဖိတ်စဉ်ခြင်းမရှိပေ။

အဖြစ်အပျက်သည် အလွန်တရာ လျင်မြန်လှသဖြင့် ဒေါင်းဝါမှာ မျက်စိမျက်နှာ အပျက်ပျက်၊ ကြောက်ရွံ့ရွံ့ ဖြင့် မလှုပ်မယှက် ငေးကြောင်ကြည့်နေမိလေတော့၏။

ဒေါင်းဝါသေပြီဟု တခြားလူများက မှတ်ယူလိုက်ကြသည်။



သို့သော် ထိုလျှပ်တစ်ပြက်အချိန် အတွင်းမှာပင် ဆံဖြူဘွားဘွားကွေ့မိန်က အရက်ခွက်ကို သက်သက်သာသာ ဖမ်းယူလိုက်ပြီး ဒေါင်းဝါရှေ့ချပေးလိုက်သောအခါ ခန်းမထဲရှိလူအားလုံးမှာ ဟယ်ခနဲ ဖြစ်သွားကြတော့သည်။ အရက်များ ဘောင်ဘင်ခတ်သွားသော်လည်း ဖိတ်စဉ်ခြင်းတော့ မရှိပေ။

ဒေါင်းဝါမှာ ဖြူရော်သောမျက်နှာဖြင့် အရက်ခွက်ကို ငေးကြည့်နေသည်။

ကွေ့မိန်က ရွှင်မြူးစွာရယ်လိုက်ပြီး. . .

"သမီးဒေါင်းဝါ၊ အိုမေဂိုဏ်းသားတွေ ရိုင်းတယ်လို့ ကဲ့ရဲ့တာကို ဘွားဘွားမခံနိုင်ဘူးကွယ့်၊ သခင်ဟောင်းက ဂုဏ်ပြုပြီးတိုက်တဲ့အရက်ကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပြီး သောက်ရတယ်၊ ကဲ. . . ကဲ. . . သောက်လိုက်၊ သောက်လိုက်"

ဝမ်မြောင်သည် ဆံဖြူဘွားဘွားက အရက်ခွက်ကို အတွင်းအားဖြင့် ဖမ်းယူလိုက်သည်ကို ကြည့်ပြီး မျက်နှာပျက်သွား၏။ သူ့အတွင်းအားကို ဆံဖြူဘွားဘွားက ဂရုမစိုက်ကြောင်း ပြသလိုက်ခြင်းပေတည်း။

သို့သော် သူမသည်ချက်ချင်းပင် ကြွေခြဆည်လိုက်ပြီး. . .

"ကျွန်မတကယ်ကို ကံထူးတာပဲ၊ အိုမေဂိုဏ်းချုပ်ကြီးရဲ့ အတွင်းအားကို မျက်ဝါးထင်ထင်မြင်ရခြင်းဟာ ကြုံတောင့်ကြုံခဲကိစ္စပဲနော်"

ကွေ့မိန်က ဝမ်မြောင်အား ဘာမှပြန်မပြောချေ။

ဒေါင်းဝါမကြောက်ရွံ့စေရန် အားပေးပြီး၊ အရက်သောက်

ရန် တီးတိုးပြောလိုက်သည်။ ဒေါင်းဝါမှာ မရွှံ့မရဲဖြစ်နေသဖြင့် နောက်ဆုံး အရက်ခွက်ကို ဒေါင်းဝါလက်ထဲ အတင်းထည့်ပြီး သောက်ခိုင်းရသည်။

"သမီးဒေါင်းဝါ. . . သောက်စရာရှိတာသောက်လိုက်၊ လာမယ့်ဘေး ပြေးတွေ့တာ အကောင်းဆုံးပဲ"

ဒေါင်းဝါမှာ မနေသာတော့ဘဲ အရက်ခွက်ကိုမော့ သောက်လိုက်ရတော့၏။

ဆံဖြူဘွားဘွားကွေ့မိန်က ပြုံးကြည့်နေပြီးမှ ခွက်လွတ် အရက်ခွက်ထဲသို့ အရက်များ လောင်းငှဲ့ထည့်လိုက်သည်။

"ကဲ. . သမီးကလဲ သမီးရဲ့သခင်မဟောင်းကို ဂုဏ်ပြုတဲ့ ပြန်အရက်တစ်ခွက်လောက် ပြန်တိုက်လိုက်ပါ"

ဒေါင်းဝါက အရက်ခွက်ကို တုန်တုန်ယင်ယင်ဖြင့် ကောက်ကိုင်သည်။ ဘာလုပ်ရမှန်းမသိပေ။ ထိုအချိန်မှာပင် ဆံဖြူဘွားဘွား ကွေ့မိန်က ဒေါင်းဝါ၏တံတောင်ဆစ်ကို ခပ်ဆတ်ဆတ်တွန်းရိုက် ရိုက်လိုက်ရာ ဒေါင်းဝါကိုင်ထားသော အရက်ခွက်သည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ဒေါင်းဝါလက်ထဲမှ ပြေးထွက်သွားလေတော့၏။

အံ့ဩစရာကောင်းသည့် အချက်မှာ အရက်ခွက်ကို ဆံဖြူ ဘွားဘွားကိုယ်တိုင် ယူပစ်ပေးခြင်း မဟုတ်သော်လည်း ကိုယ်တိုင် ပစ်ပေးလိုက်သည့်အလား တည်တည်ငြိမ်ငြိမ် လွင့်ထွက်သွားသည့် ကိစ္စပင်။ လူအားလုံးမှာ ဟယ်ခနဲ ဖြစ်သွားကြသည်။

ဝမ်မြောင်၏ မျက်လုံးများထဲတွင် အနည်းငယ်ကြောက်



လန့်သော အရိပ်အယောင်များ ပေါ်လာသော်လည်း ချက်ချင်း ပင်ပျောက်သွားသည်။

ဝမ်မြောင်က ထပ်မံချီးကျူးလိုက်ပြန်၏။

"ကျွန်မ တကယ်ကံကောင်းတာပဲနော်၊ အိုမေဂိုဏ်းဟာ အတွင်းအားကို တစ်ဆင့်ခံ အသုံးချတာတောင် အဆင့်မြင့်မြင့် အသုံးချနိုင်ခဲ့တာပဲ"

ဆံဖြူဘွားဘွားကွေ့မိန်က ပြုံး၍ တုံ့ပြန်သည်။

"အတွင်းအားကို အသုံးချတာမဟုတ်ပါဘူး၊ သမီးဒေါင်း ဝါက အိမ်ရှင်ကိုပြန်ပြီး ဧည့်ခံတာပါကွယ်၊ ဒါကလဲ လူမှုရေးထုံးစံ တစ်ခုပဲ မဟုတ်လားကွယ့်"

ဝမ်မြောင်က ရယ်လိုက်ပြီး. . .

"ရပါတယ်၊ ကျွန်မတို့က သဘောထားကြီးတဲ့ အိမ်ရှင်ပါ"

"ကဲ. . . ကဲ. . စားလို့သောက်လို့လဲပြီးပြီ၊ ဧည့်သည်ဆိုတာ အလိုက်သိရတယ်"

"ဘာကို ဆိုလိုတာလဲရှင်"

"ဘွားဘွားတို့က ကိုယ့်ကိစ္စပြီးပြီမဟုတ်လားကွယ့်"

"ဖြည်းဖြည်းပေါ့ ဘွားဘွားရဲ့"

ကွေ့မိန်ထိုင်ရာမှ ထသည်။

"အိမ်ရှင်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို မဖြုန်းသင့်ဘူးလို့ ထင်တယ်လေ၊ ဘွားဘွားတို့က ဒီလောက်တော့ နားလည်သင့်တယ်"

ဝမ်မြောင်က ခပ်အုပ်အုပ်ရယ်လိုက်၏။

"အိုမေဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်မျိုးကို ဘယ်အိမ်ရှင်က

နှင်ရဲမှာလဲရှင်၊ အိုမေဂိုဏ်းချုပ်ကြီး ဆံဖြူဘွားဘွား အလည်အပတ်ရောက်ရှိလာခြင်းဟာ ရေနက်ချောက်ကမ်းပါးကို ဂုဏ်ပြုခြင်းပဲဖြစ်တယ်၊ တကယ်တော့ ဘွားဘွားကို ကျွန်မနဲ့အတူနေဖို့တောင် ဖိတ်ခေါ်ရဦးမှာပါ"

ကွေ့မိန်ကလည်းရယ်ရယ်မောမော ပြောသည်။

"ဘွားဘွားတို့ကလဲ နေချင်တာပေါ့၊ ဒါပေမယ့် သိုင်းလောကအကြောင်း သိတယ်မဟုတ်လား၊ သိုင်းလောကမှာ အကြောင်းတစ်ခုမပေါ်ရင် အခြားတစ်ခုပေါ်တာပဲ၊ ဒီတော့ဘွားဘွားတို့ အနေနဲ့ တခြားတစ်နေရာမှာ ပျော်သလောက်မနေနိုင်ဘူး၊ ပျော်ရာမှာမနေရ တော်ရမှာနေရတဲ့ သဘောပေါ့ကွယ်"

ထိုစဉ်ဝမ်မြောင်က ရုတ်တရက် ထရပ်လိုက်ပြီး လေသံမာမာထန်ထန်ဖြင့် ပြောလာလေ၏။

"အိမ်ရှင်ရဲ့စေတနာကို ဧည့်သည်တွေနားလည်ဖို့ ကောင်းတယ်၊ အိမ်ရှင်က အေးအေးဆေးဆေးနားစေချင်ရင် ဧည့်သည်က နားနေသင့်တယ်"

ကွေ့မိန်နှင့် ဝမ်းမြောင်တို့ အရေးအခင်းတွင် စောင်းပိုက်ဆရာတော်သည် တစ်လုံးတစ်ပါဒမျှ ဝင်မစွက်ခဲ့ချေ။

နောက်ဆုံးဝမ်းမြောင်သခင်မက တင်းတင်းမာမာပြောလာသည့်အခါတွင်မူ စောင်းပိုက်ဆရာတော်က ဝင်ပြောလာတော့၏။

"ဝမ်မြောင်သခင်မကို ကျုပ်တစ်ခုလောက်မေးချင်တယ်၊ မေးလို့ရနိုင်မလား မသိဘူး"



ဝမ်မြောင်က ပျာပျာသလဲပြော၏။

"မေးပါ . . . မေးပါ။ ဧည့်သည်မေးတာကို အိမ်ရှင်က မဖြေရင် ဒီအိမ်ရှင်လောက် ရိုင်းတဲ့အိမ်ရှင် ဘယ်မှာရှိတော့မှာလဲ"

စောင်းပိုက်ဆရာတော်က ပြုံးရင်း . . .

"အခု ဝမ်မြောင်သခင်မ တည်ခင်းဧည့်ခံတဲ့ စားပွဲကြီးက တယ်ပြီးကြီးကျယ်တာပဲ၊ဒီဧည့်ခံပွဲကို အကြောင်းမဲ့ ဧည့်ခံတာတော့ မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်၊ ဘာအကြောင်းများ ရှိလိမ့်မယ်မသိဘူး"

ထိုအခါ ဝမ်မြောင်က တခစ်ခစ် ရယ်မောလေတော့၏။

"ဒီမှာ ဧည့်သည်သုံးယောက် ရှိနေတယ်၊ ဘုန်းတော်ကြီးစောင်းပိုက်တစ်ယောက်ပဲ ဝမ်မြောင်ရဲ့ စိတ်သဘောကိုနားလည်သလိုလိုရှိတယ်"

စောင်းပိုက်ဆရာတော်က . . .

"ဒီလိုတော့လဲ မဟုတ်ပါဘူး၊ ဘုန်းတော်ကြီးလဲ လူ့လောကအမှုကိစ္စတွေကို သိပ်နားလည်လှတယ်တော့ မဟုတ်ပါဘူး၊ အတိုင်းအတာ တစ်ခုအထိတော့ ဘုန်းကြီးလဲစဉ်းစားရတယ်၊ အခု ကျုပ်တို့ဖြန်ဖို့ကိစ္စကို ဝမ်မြောင်သခင်မက ယဉ်ယဉ်ကလေးနဲ့ လက်မခံဘူးဖြစ်နေတယ်၊ ဧည့်ခံတာကတစ်ကဏ္ဍ ဧည့်သည်ရဲ့ဆုံးဖြတ်ပိုင်ခွင့်ဟာ တစ်ကဏ္ဍပဲ၊ ဝမ်မြောင်သခင်မ ဘာလုပ်ချင်တယ် ဆိုတာကိုပြောပြရင် ကျုပ်တို့ တစ်နည်းတစ်ဖုံစဉ်းစားနိုင်လိမ့်မယ်"

ဆရာတော်စကားက ပြတ်သားသည်။ ဝေ့လည်ကြောင်ပတ် စကားတစ်လုံးမျှ မပါပေ။

ဝမ်မြောင်မှာ အပိုစကားများသုံးပြီး ဆရာတော်ကိုပြန်မည့်ကိစ္စ နှောင့်နှေးအောင် မလုပ်နိုင်တော့ပေ။

ဝမ်မြောင်က အိုမေဂိုဏ်းချုပ်ကြီး ကွေမိန်ကို ကြည့်ပြီး

"ဝမ်မြောင်သခင်မဟာ အိုမေဂိုဏ်းရဲ့ အတွင်းအားပညာကို သိပ်လေးစားသွားပါပြီ၊ အိုမေဂိုဏ်းချုပ်ဆီမှာ တပည့်ခံဖို့လဲ စဉ်းစားထားပါတယ်၊ အိုမေဂိုဏ်းချုပ်အနေနဲ့ ကျွန်မရဲ့ ကမ်းလှမ်းချက်ကို လက်ခံမယ်ဆိုရင် အိုမေဂိုဏ်းချုပ် မနစ်နာအောင် ကျွန်မ ဝမ်မြောင်သခင်က ဆောင်ရွက်ပေးမယ်"

ဆိုလိုရင်းကား ဝမ်မြောင်သခင်က ကွေမိန်၏ အတွင်းအားပညာ လေ့ကျင့်ခြင်းစနစ်ကို ရယူလိုခြင်းပေတည်း။

ဝမ်မြောင်သခင်မ၏ အတွင်းသဘောသရုပ်ကို စောင်းပိုက်ဆရာတော်က တိတိလင်းလင်း ဖော်ထုတ်စေလိုက်ခြင်းပင်။ ဝမ်မြောင်က ဧည့်သည်များအား အဘယ်ကြောင့် တားဆီးနေသည့်အကြောင်းရင်းကို ယခုသိကြရပြီ။

ဆံဖြူဘွားဘွားမိန်က . . .

"ဆံဖြူဘွားဘွားကွေ့မိန်ဟာ သဘောမနောဆိုးတဲ့ အဘွားအိုကြီးတစ်ယောက် မဟုတ်ပါဘူးကွယ်၊ ဘွားဘွားတို့ဂိုဏ်းရဲ့ ပညာမှန်သမျှကို ဘယ်သူမဆို သင်ကြားပေးပါတယ်၊ စည်းကမ်းကတော့ မထားလို့မရပါဘူးလေ၊ စည်းကမ်းမရှိရင် ဘာမှရေရှည်မတည်တံ့နိုင်ဘူး မဟုတ်လား"

ဝမ်မြောင်က အံ့ကြိတ်ပြီး မေးလိုက်သည်။

"ဘွားဘွားတို့ထားတဲ့ စည်းကမ်းက ဘာစည်းကမ်းလဲ"



"ဘွားဘွားရဲ့ပညာကို ရယူလိုသူ ဘယ်သူမဆိုဟာ အိုမေဂိုဏ်းသားဖြစ်ရမယ်ဆိုတဲ့ စည်းကမ်းပဲကွယ်"

"ခစ် . . ခစ် . . ခစ်၊ဘွားဘွားရဲ့စည်းကမ်းက ဘွားဘွားရဲ့ပညာပြန့်ပွားရေးကိစ္စမှာ ကြီးစွာသော အခက်အခဲကြီးပါလား"

"စည်းကမ်းဟာ လူ့အသက်၊ ဂိုဏ်းဂဏရဲ့ အသက်ပဲကွယ့်၊ ရေရှည်ကြည့်ပြီး သတ်မှတ်ရတာပဲကွယ်"

"ဘွားဘွားရဲ့ပညာကို ကျွန်မရနိုင်စရာအကြောင်းရှိပါသေးတယ်"

"ဆိုစမ်းပါဦး"

ဝမ်မြောင်ကပြုံးကာ . . .

"ဘွားဘွားကသာ ဆန္ဒရှိမယ်ဆိုရင် အိုမေဂိုဏ်းရဲ့ အတွင်းအားကျင့်စဉ် စာအုပ်ကို ခဏပေးငှားလို့ရပါတယ်၊ ဒါဆိုရင်ဝိနည်းလွတ်ပေါ့"

ကွေမိန်က တည်ကြည်စွာပြော၏။

"ဘယ်ဂိုဏ်းချုပ်က ကိုယ့်ဂိုဏ်းရဲ့ အတွင်းအားကျင့်စဉ်စာအုပ်ကို သွားလေရာ ယူသွားမှာလဲ၊ ဘွားဘွားမှာ ဒီကျင့်စဉ်စာအုပ် ပါမလာပါဘူး"

ဝမ်းမြောင်က ပြုံးရယ်ပြီး ပြောသည်။

"ကျွန်မက ဘွားဘွားရဲ့စိတ်ကို စမ်းသပ်မေးမြန်းလိုက်တာပါ၊ တကယ့်အဖြစ်ကို ကျွန်မ သိပြီးသားပါ"

ကွေမိန်က ဝမ်မြောင်ကို စူးရှစွာကြည့်လိုက်၏။

"ဝမ်မြောင်သခင်မက ဘာများသိထားလို့လဲ"

"သိတာပေါ့၊ ဘွားဘွားအရင် ဂိုဏ်းချုပ်က အိုမေဂိုဏ်းရဲ့ အတွင်းအားကျင့်စဉ်စာအုပ်ကို မီးရှို့ပစ်ခဲ့တယ် မဟုတ်လား၊ အတွင်းအားကျင့်စဉ်ကို စာနဲ့ပေနဲ့ ရေးမှတ်မထားတော့ဘဲနဲ့ ဂိုဏ်းချုပ်အဖြစ် ဆက်ခံမယ့်သူကို အလွတ်သင်ပေးခဲ့တယ်ဆိုတာ ကျွန်မ သိထားပြီးပါပြီ"

ဝမ်မြောင်၏စကားကြောင့် အလွန်ဘရာ ဣန္ဒြေဆောင်နိုင်သော ဘွားဘွားကွေ့မိန်မှာ အကြီးအကျယ်မျက်နှာပျက်သွားလေတော့၏။ ဤသတင်းမှာ လွန်စွာအရေးကြီးလှ၏။ အိုမေဂိုဏ်း၏ အထူးလျှို့ဝှက်ချက်ပင် ဖြစ်သည်။ ဝမ်မြောင်သည် ထိုလျှို့ဝှက်ချက်ကို မည်သို့သိလေသနည်း။

သို့သော် ဆံဖြူဘွားဘွား ကွေ့မိန်သည် တတ်နိုင်သမျှ ဣန္ဒြေဆည်လိုက်၏။

"အင်း. . . ဝမ်မြောင်သခင်မက ဗဟုသုတ အင်မတန်ကြွယ်ဝသကိုး . . ."

ဝမ်မြောင်က . . . . .

"ဘွားဘွားသာ ဆန္ဒရှိမယ်ဆိုရင် ဘွားဘွားသိထားတဲ့ အတွင်းအားကျင့်စဉ်ကို စာရွက်ပေါ်မှာ ရေးပေးလို့ရတာပဲ၊ ဒါဟာ ဘာမှ ခက်ခဲတဲ့ အလုပ်မဟုတ်ပါဘူး"

ဆံဖြူဘွားဘွား ကွေ့မိန်ကခေါင်းခါလိုက်၏။

"ဘွားဘွားဟာ ကျင့်စဉ်အားလုံးကို ဘယ်မှတ်မိနိုင်ပါတော့မလဲ၊ တချို့ပညာရပ်တွေဟာ ဒီလိုနဲ့ တိမ်ကောခဲ့ရတာပါပဲလေ"



ဝမ်မြောင်က အားရပါးရ ရယ်မောတော့သည်။

"အတွင်းအားပညာ အင်မတန်ထက်မြက်တဲ့ အိုမေဂိုဏ်းချုပ်ကြီးလိုပုဂ္ဂိုလ်မျိုးက ဒီကျင့်စဉ်တွေကို မမှတ်မိဘူးဆိုတာ ရယ်စရာပေါ့"

ထိုစဉ် ရေနက်ချောက်ကမ်းပါး၏ ဇောင့်ရှောက်ရေးမှူး ချက်ယင်စန်းလင် ရယ်မောရင်းဝင်ပြောလာသည်။

"သခင်မဝမ်မြောင် ကျွန်တော်တစ်ခုလောက် အစီရင်ခံပါရစေ၊ အခုပြောနေတာတွေဟာ သခင်မသက်သက် လေကုန်ခံနေတဲ့သဘောရှိပါတယ်၊ သူတို့က သားရဲတွင်းထဲကကြွက်သတ္တဝါလေးတွေပဲ၊ သူတို့ဟာ သခင်မလက်ခုပ်ထဲကရေပါ၊ သူတို့ကိုသခင်မအနေနဲ့ ဘာမှအပေးအယူ လုပ်စရာမလိုပါဘူး၊ သူတို့ဆီက လိုချင်တာကို ခပ်တင်းတင်းယူရုံပဲရှိပါတယ်"

ထိုအခါ တစ်ခစ်ခစ်ရယ်သံ ပေါ်လာပြန်၏။ ထိုရယ်သံကား လိပ်ပြာသခင်မ၏ ရယ်သံတည်း။

"ဟုတ်ပါရဲ့ရှင်၊ ဝမ်းမြောင်သခင်မက ဘာဖြစ်လို့များ သူတို့ကို ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံနေရတာလဲ"

ချက်ယင်စန်းလင်က. . .

"ကျွန်တော်ကလဲ ဒီသဘောပဲပြောတာပါ လိပ်ပြာသခင်မ၊ ကိုယ့်အောက်ကလူဆီက ရိုရိုကျိုးကျိုး တောင်းပန်တောင်းယူတာဟာ အများအမြင်မှာ ဂုဏ်သိက္ခာ. . ."

ချက်ယင်စန်းလင်၏ စကားမဆုံးမီ လိပ်ပြာသခင်မက ဝင်ပြောပြန်သည်။

"ချက်ယင်စန်းလင် ပြောတာမှန်တယ်၊ ငါ့ဆီမှာ ခေါင်းမာတဲ့လူတွေကို ခေါင်းပျော့သွားအောင် လုပ်နိုင်တဲ့နည်း တစ်ရာ့ကိုးမျိုးရှိတယ်၊ တကယ်လို့ ဝမ်မြောင်သခင်မ အကူအညီလိုတယ်ဆိုရင် ဒီနည်းတစ်ရာ့ကိုးနည်းနဲ့ သခင်မကိုကူညီဖို့ အဆင့်သင့်ပဲ"

ဝမ်မြောင်က ရယ်မောလိုက်၏။

"ကျေးဇူးတင်ပါတယ် လိပ်ပြာသခင်မ၊ ဝမ်မြောင်ဟာ အလုပ်လုပ်နေတဲ့နေရာမှာ အမြဲတမ်းပဲ အနုနည်းကို အသုံးပြုခဲ့တယ်၊ အနုနည်းနဲ့ အောင်မြင်အောင် တတ်နိုင်သမျှကြိုးစားပြီး မရတဲ့အခါကျမှ အကြမ်းနည်းကိုပဲ သုံးတတ်တယ်ဆိုတာ ရှင်တို့သိပြီးသားလို့ ကျွန်မထင်ပါတယ်"

လိပ်ပြာသခင်မ ၊ ချက်ယင်စန်းလင်နှင့် ဝမ်မြောင်သခင်မတို့၏ စကားများက ဆံဖြူဘွားဘွားနှင့် စောင်းပိုက်ဆရာတော်တို့အပေါ် စော်စော်ကားကားရှိလှ၏။ လုံးဝ လူရာမသွင်းသည့်နှယ်ရှိနေ၏။ ထိုလူစုအပေါ် အကျဉ်းသားများသဖွယ် ဆက်ဆံနေကြကြောင်း သိသာထင်ရှားလှသည်။

ဆံဖြူဘွားဘွားကမူ ဒေါသစိတ်ကို မျိုသိပ်ရင်းအခြေအနေစောင့်ကြည့်နေ၏။

ထိုစဉ် စောင်းပိုက်ဆရာတော်က ထရပ်လိုက်သည်။

"ချက်ယင်စန်းလင်ပြောတာ မှန်တယ်၊ ငါတို့ဟာမင်းတို့လက်ခုပ်ထဲကရေပဲ"

ဆရာတော်၏ စကားကိုကြားလိုက်သောအခါ ချက်ယင်စန်းလင်နှင့် လိပ်ပြာသခင်မတို့ တဟီးဟီးတဟားဟား ရယ်



မောကြလေတော့၏။

ချက်ယင်စန်းလင်က. . .

"ဒီဘုန်းကြီးက အမှန်ကိုသိတယ်"

ဟုချီးကျူးလေ၏။

စောင်းပိုက်ဆရာတော်က ချက်ယင်စန်းလင်ကို တောက်ပသော မျက်လုံးများဖြင့်ကြည့်ပြီး ဆက်ပြော၏။

"လူကြီးစကားပြောတဲ့အခါ မင်းဝင်မပြောစမ်းနဲ့၊ အလုပ်လုပ်တဲ့နေရာမှာ ဝမ်မြောင်သခင်မဟာ မင်းထက်ပိုပြီး တတ်သိနားလည်တယ်"

ချက်ယင်စန်းလင်မှာ လူကြားထဲ၌ အငေါက်အငမ်းခံလိုက်ရသဖြင့် လွန်စွာဒေါသထွက်သွား၏။ ဝုန်းခနဲထရပ်သည်။ သို့သော် . . . ဝမ်မြောင်သခင်မက လက်ဟန်ခြေဟန်ဖြင့် ပြန်ထိုင်ခိုင်းလိုက်သောအခါတွင်မူ သူသည် မတတ်သာတော့ဟန်ဖြင့် ပြန်ထိုင်သွားရသည်။

"အလုပ်အကြောင်း ဆွေးနွေးတဲ့အခါ တစ်ယောက်နဲ့တစ်ယောက်ပြေလည်ကြရင် အကောင်းဆုံးပဲ၊ ငါတို့လဲ ဒီမှာတစ်ရက်နှစ်ရက်လောက်နေဦးမှာပါ၊ ဒီကြားထဲမှာ အိုမေဂိုဏ်းချုပ်ကြီးကွေ့မိန်ကလဲ ဝမ်မြောင်သခင်မကို တပည့်အဖြစ်လက်ခံချင်လက်ခံမှာပေါ့"

ဆရာတော်၏ စကားကိုကြားလိုက်သောအခါ ဝမ်မြောင်သခင်မ၏ မျက်နှာမှာ ဝင်းလက်သွား၏။

"ဆရာတော်ကတကယ်ပဲ အမြော်အမြင်ကြီးတာပဲကိုး"

ဆရာတော်သည် ဝမ်မြောင်၏စကားကို အရေးမထားဘဲ

သူပြောလိုရာကိုသာ ဆက်ပြော၏။

"ခုညစာစားပွဲဟာ ရန်လိုတဲ့စကားတွေကြောင့် ပျော်ရွှင်မှုဆိတ်သုဉ်းသလိုဖြစ်သွားတယ်၊ ဒီတော့ ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်သွားအောင် ပြန်မလုပ်သင့်ပေဘူးလား၊ ဝမ်မြောင်သခင်မရဲ့ စောင်းသံဟာ လူတိုင်းကို နားဝင်ပီယံဖြစ်စေပြီး၊ ဒီညစာစားပွဲကို လဲ ပျော်စရာဖြစ်စေလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်"

စောင်းပိုက်ဆရာတော်၏ စကားကြောင့် စောစောက ဝင်းလက်နေသော ဝမ်းမြောင်၏မျက်နှာ ညှိုးမှိုင်းသွားလေတော့သည်။ ဆရာတော်ကား ဘေးရန်အန္တရယ်ကို လုံးဝကြောက်ရွံ့ဟန်မရှိဘဲ ရန်သူများကို ထီမထင်သည့်နှယ် အေးဆေးတည်ငြိမ်စွာ ဝမ်မြောင်သခင်မ၏ မျက်နှာကို အကဲခတ်နေလေတော့၏။

❋ ❋ ❋ ❋ ❋



## အခန်း [၄၁]

## စောင်းလက်သံ

ဝမ်မြောင်သခင်မသည် စောင်းပိုက်ဆရာတော်တို့ အုပ်စုကို ပလိုင်းထဲမှ ဖားများသဖွယ်သဘောထားသည်။ အချိန်မရွေး သူမလုပ်ချင်ရာ လုပ်၍ရသည့် သဘောမျိုးကို အမူအရာဖြင့် ပြသည်။ ဝမ်မြောင်၏အမူအရာကို အေးဆေးစွာ ချေဖျက်ပြနေသူမှာ စောင်းပိုက်ဆရာတော်ပင်ဖြစ်ပေတော့သည်။

ဝမ်မြောင်သည် မျက်မှောင်ကြုတ်ရင်းစဉ်းစားနေ၏။

"ဒီဘုန်းကြီးဟာ အရေးထဲအရာပေါ် လုပ်နေပြန်ပြီ၊ ဒီစောင်းကိစ္စကို သူဘာကြောင့် ဝင်ပြောနေရတာလဲ၊ သူ့ဆီမှာဘာအကြောင်းရှိနေသလဲ"

စောင်းပိုက်ဆရာတော်၏ မျက်နှာမှာ လွန်စွာတည်ကြည်အေးဆေးနေသဖြင့် စောင်းပိုက်ဆရာတော်၏ မျက်နှာပေါ်မှ အဖြေကို ဝမ်မြောင်ရှာမတွေ့ပေ။

ဝမ်မြောင်သခင်မသည် စောင်းပိုက်ဆရာတော်ကို အတန်ကြာအကဲခတ်ပြီးမှ . . .

"ဆရာတော် . . . ဆရာတော်ဟာ စောင်းပညာကို အတော်ကြီးစိတ်ဝင်စားတယ်နဲ့ တူတယ်၊ ကျွန်မအယူအဆ မှားများ မှားနေဦးမလား"

ဆရာတော်က ခေါင်းညိတ်ပြ၏။

ဝမ်မြောင်က . . .

"စောင်းပညာကိုလဲ ဆရာတော် အတော်ကြီးတတ်ကျွမ်းဟန်တူတယ်နော်၊ ဆရာတစ်ဆူလောက်ကို တော်နေမှာပဲ"

ဆရာတော်က ပြုံးလိုက်၏။

"ဆရာတစ်ဆူလို့တော့ ကိုယ့်ကိုယ်ကို မပြောရဲပါဘူး၊ အမှန်အကန်ဝန်ခံရရင်တော့ ကျုပ်ဟာစောင်းပညာကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တယ်"

ဝမ်မြောင်၏ မျက်ခုံးများမြင့်တက်သွားသည်။

"ဝမ်မြောင်ဟာ သိုင်းလောကမှာ အရေးကြီးတဲ့ သတင်းမှန်သမျှ အကုန်သိထားတာပဲ၊ ဆရာတော်နဲ့ ပတ်သက်တာတွေကိုတော့ ဝမ်မြောင်ဟာဘာဖြစ်လို့ သိမထားတာပါလိမ့်"

ဆရာတော်ကရယ်၏။

"ဒါ ဝမ်မြောင်သခင်မရဲ့ချို့ယွင်းချက် မဟုတ်ပါဘူး။ သိုင်းလောကမှာ မထင်ရှားမကျော်ကြားတဲ့ ကျုပ်ရဲ့ ချို့ယွင်းချက်ပဲဖြစ်ပါတယ်၊ တိမ်ဆက်တောင်ဟာ ကျုပ်ရဲ့ဆရာ အဆက်ဆက်မှာ ကျော်ကြားခဲ့ပေမယ့် ကျုပ်လက်ထက်မှာတော့ လုံးဝမှေးမှိန်



နေခဲ့ပါတယ်"

"ဆရာတော်က ကိုယ့်ကိုယ်ကို အင်မတန်နှိမ့်ချတာကိုး၊ ဆရာတော်တို့ဆီမှာ အင်မတန်ကျော်ကြားတဲ့ စောင်းလဲ ရှိခဲ့တာပဲမဟုတ်လား"

"ဟဲ . . . ဟဲ . . . ဟဲ . . . အဲဒါတွေကတော့ ပြောစကားတွေပဲပေါ့ ၊ သိုင်းသမားအချို့အတွက်တော့ တိမ်ဆက်တောင်ရဲ့ စောင်းဟာ မျက်စိကျစရာပဲပေါ့၊ တိမ်ဆက်တောင်ရဲ့ စောင်းဟာ သိုင်းပညာနဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေလိမ့်မယ်လို့ အဲဒီသိုင်းသမားတွေက ထင်နေတာကိုး"

"ဆရာတော်အခုလိုပြောလိုက်တာဟာ တိမ်ဆက်တောင်က စောင်းဟာ သိုင်းပညာအတွက် ဘာမှ အကျိုးမရှိဘူးလို့ ကြေငြာလိုက်တဲ့ သဘောမျိုးပဲပေါ့"

"သိုင်းလောက ရတနာသိုက်၊ ရတနာမြေပုံနဲ့ သိုင်းကျမ်းတွေဟာ သိုင်းသမားတွေ အသည်းခိုက်ပစ္စည်းတွေပဲ၊ ဒီထဲမှာ လျို့ဝှက်လက်နက်ဆန်းတွေလဲ ပါတယ်။ ဒီပစ္စည်းတွေကြောင့် သိုင်းသမားတွေ သေကြ၊ ကြေကြ၊ သိုင်းဂိုဏ်းကြီးတွေ ပျက်ဆီးရတာလဲ အနမတဂ္ဂပါ၊ ကျုပ်လိုချင်တာကတော့ ဂီတပညာအရ အကောင်းဆုံးသံစဉ်ဂီတကို ပေးနိုင်မယ့် စောင်းကောင်းကောင်း တစ်လက်ပဲ၊ အဲဒီစောင်းကောင်းကောင်းနဲ့ တခြားရတနာပစ္စည်းတွေနဲ့ယှဉ်ပြီး ကျုပ်ကိုပေးပါ၊ ကျုပ်ကတော့ စောင်းကိုပဲရွေးမှာပဲ'

စောင်းပိုက်ဆရာတော်၏ စကားကိုကြားလိုက်ရသောအခါ ဝမ်မြောင်သခင်မ၏ မျက်နှာမှာတည်သွား၏။

အတန်ကြာမှ ဝမ်မြောင်သခင်မကညင်သာစွာပြောသည်။

"ဒီလိုဆိုတော့ ဆရာတော်က ဂီတပညာကို တကယ်တန်ဖိုးထားတယ်ဆိုတာ ထင်ရှားနေတာပေါ့၊ ဒါဆိုရင် ကျွန်မက သဘောကျပါတယ်၊ ဆရာတော်က ကျွန်မတို့ကို သီချင်းတစ်ပုဒ်လောက်တီးပြပါလား၊ ဆရာတော်ရဲ့ လက်သံကို နားထောင်ရတာပေါ့"

စောင်းပိုက်ဆရာတော်က လက်ကာပြီးပြောလိုက်၏။

"ဘဝင်မြင့်တယ်လို့တော့ မထင်ပါနဲ့၊ အညံ့စားစောင်းဆိုရင် ကျုပ်ကလက်ဖျားနဲ့တောင် ထိတာမဟုတ်ဘူး၊ ဇောသရာဇာခြင်္သေ့ဟာ မြက်မစားသလိုပေါ့၊ ဒီစကားပြောလို့ ကျုပ်ကို ရင့်သီးတယ်လို့ ထင်မိကြပါလိမ့်မယ်၊ ခွင့်လွှတ်ကြပါ"

ဝမ်မြောင်သခင်မသည် စောင်းပိုက်ဆရာတော်၏ စကားကိုကြားသောခါ တဟားဟား ရယ်လေတော့၏။

"ဆရာတော်က အပြောတော်ပါတယ်၊ လက်တွေ့ဂီတသံကတော့ ဘယ့်နှယ်နေမလဲ မသိဘူး"

"ကျုပ်က မကြွားလိုပါဘူးလေ၊ ဝမ်မြောင်သခင်မက ကျုပ်လက်သံကြားချင်တယ်ဆိုလို့သာ ကျုပ်ကလဲ ကျုပ်တီးပြနိုင်တဲ့စောင်းမျိုးကို ပြောပြရတာပါ၊ ကျုပ်လက်သံကို နားမထောင်ချင်တဲ့လူတွေကိုလဲ အလကားလျှောက်တီးပြနေမှာ မဟုတ်ပါဘူး"

"စိတ်မရှိပါနဲ့ ဆရာတော်၊ ဒီရေနန်းတော်မှာ စောင်းကောင်းတစ်ချို့တော့ရှိပါတယ်"

"အိမ်း . . . စောင်းကောင်းလဲရှိမယ်၊ ကျုပ်ရဲ့ လက်သံ



ကိုလဲ နားထောင်ချင်တယ်ဆိုရင်တော့ ကျုပ်က အိမ်ရှင်တွေရဲ့ အလိုဆန္ဒကို ငြင်းနေမှာ မဟုတ်ပါဘူး"

စောင်းပိုက်ဆရာတော်နှင့် ဝမ်မြောင်သခင်မတို့ စောင်းအကြောင်းဆွေးနွေးနေကြသည်မှာ အတော်ကြာ၏။ အဘယ်ကြောင့် ဤမျှလောက် စောင်းအကြောင်း ဆွေးနွေးနေရသနည်း။ အခြားအကြောင်း တစ်စုံတစ်ရာရှိသလောဟု ဆံဖြူဘွားဘွားကွေ့မိန် စဉ်းစားတွေးတောနေရပေ၏။ အကြောင်းမရှိဘဲနှင့်တော့ ဆရာတော် ဤမျှလေရှည်မနေတန်ရာဟု ကွေ့မိန်တွေးတောလိုက်ပြီး ရုတ်တရက် ဝင်ပြောလိုက်လေ၏။

"အင်း . . . တပည့်တော်လဲ ဆရာတော်ရဲ့ စောင်းလက်သံကို မကြားရတာ နှစ်ပေါင်းသုံးဆယ်လောက် ရှိနေပြီထင်ပါရဲ့၊ တကယ်လို့များ ဆရာတော်ရဲ့လက်သံကို ဒီနေရာမှာ ကြားလိုက်ရမယ်ဆိုရင်တော့ တပည့်တော်မလဲ သေပျော်ပါပြီ"

စောင်းပိုက်ဆရာတော်က ဘာမျှမပြောဘဲ ခေါင်းတဆတ်ဆတ်ညိတ်နေလေတော့၏။ ဆရာတော်၏ အမူအရာက စောင်းကောင်းတစ်လက်သာ ရပါစေ၊ သူ့လက်သံကို ကြားရပါစေမည်ဟု အာမခံသလိုရှိနေ၏။

ဝမ်းမြောင်သခင်မက ရုတ်တရက် လက်ခုပ်သံ သုံးချက်တီးလိုက်ရာ အဖြူရောင် နန်းတွင်းဝတ်စုံဝတ် မိန်းကလေးတစ်ယောက်သည် သခင်မဝမ်မြောင်အနီးသို့ ပေါ့ပါးလျင်မြန်စွာ ချဉ်းကပ်လာ၏။

ဝမ်မြောင်သခင်မက ထိုမိန်းကလေးအား တစ်စုံတစ်ခု

တီးတိုးပြောလိုက်ရာ မိန်းကလေးသည် လျင်မြန်စွာ ထွက်ခွာသွား၏။ ထို့နောက် များမကြာမီပင် သူမပြန်ရောက်လာ၏။ သူမ၏လက်ထဲတွင် စောင်းတစ်လက်ပါရှိလာသည်။ စောင်းကိုစောင်းပိုက်ဆရာတော်၏ ရှေ့၌ လာရောက်ချပေးထားသည်။

"နတ်သူငယ်ပျော်"

ထိုစာတန်းမှာ စောင်းကိုယ်တွင် ရေးထွင်းထားသောစာတန်းဖြစ်ပေသည်။

အခန်းထဲရှိ လူအားလုံး၏ မျက်လုံးများသည် စောင်းပိုက်ဆရာတော်ထံသို့သာ ကျရောက်နေကြတော့သည်။ ဆရာတော် ဘာလုပ်မည်ကိုသာ စောင့်ကြည့်နေကြတော့သည်။

ဆရာတော်၏ မျက်နှာပေါ်၌ ထူးခြားမှုမရှိပေ။ ဆရာတော်သည် စောင်းကြိုးများကို လက်ဖြင့်ဆွဲခတ်ချလိုက်ရာ စူးရှသောစောင်းသံသည် ခန်းမထဲ၌ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။ ဆရာတော်၏ မျက်နှာပေါ်၌ စိတ်ပျက်သောအမူအရာများ တွေ့မြင်လာရသည်။ ဆရာတော်စိတ်တိုင်းမကျကြောင်း လူအားလုံးပင် ရိပ်မိကြလေ၏။

ဆရာတော်က ခေါင်းခါရင်း. . .

"ကျုပ်ပြောတာက စောင်းကောင်းကောင်းတစ်လက်ပါ၊ ဒီလိုစောင်းမျိုးတွေကတော့ အနမတဂ္ဂရှိတာပါပဲ၊ စောင်းကိုမြင်ရုံနဲ့ ကျုပ်သိပ်သဘောမကျပါဘူး၊ ဒါပေမယ့် ပိုသေချာသွားအောင် ကျုပ်စစ်ကြည့်လိုက်ပါတယ်၊ အားလုံးပဲ ကြားကြမှာပေါ့၊ စူးစူးရှရှ ချိုမြမြ ဒီစောင်းသံဟာ ဘယ့်သူ့နားထဲကို ပျားရည်လောင်းချသလို



ဝင်သွားနိုင်မှာလဲ"

ဝမ်မြောင်သခင်မ မျက်မှောင်ကြုတ်သွားလေတော့၏။

"ဆရာတော် ဘာဖြစ်လို့ရမ်းပြီး ပြောနေရတာလဲ၊ ဒီစောင်းရဲ့ ရာဇဝင်ကို သေသေချာချာမသိဘဲနဲ့ ဆရာတော်ဒီလို မပြောသင့်ပါဘူး၊ ခုလိုရက်ရက်စက်စက် မရှုတ်ချသင့်ပါဘူး"

စောင်းပိုက်ဆရာတော်သည် ပခုံးကို တစ်ချက်တွန့်ပြီး ထိုင်ခုံ၌ အသာအယာပြန်ထိုင်လိုက်သည်။ ထို့နောက် စောင်းကို သူ့ရှေ့မှနေ၍ ဘေးဘက်သို့ အသာအယာတွန်းပို့ပြီး ပြောပြသည်။

"ဒီစောင်းဟာ ဂီတပညာရှင် ကျောင်းချန်ရဲ့ စောင်းပဲ၊ သူဟာဒီစောင်းနဲ့ သခင်မကျိုးချောင်ကို တီးခတ်ပြခဲ့တယ်၊ ဒီလိုပြောရင် ကျုပ်ကအမှန်ကို ထိမ်ချန်ထားသလို ဖြစ်မှာစိုးတော့ အပြည့်အစုံ ပြောပြလိုက်ပါ့မယ်၊ ကျောင်းချန်ဟာ ဒီစောင်းနဲ့ သခင်မကျိုးချောင်ကို ချစ်ရေးဆိုခဲ့တယ်၊ သူဟာ ဒီစောင်းကို အဲဒီတစ်ချိန်မှာပဲ အသုံးပြုခဲ့တယ်"

ဝမ်မြောင်ပြုံးလိုက်လေ၏။

"ဩော်. . . ဆရာတော်က ဒီစောင်းရဲ့ ရာဇဝင်ကိုပါ တိတိကျကျ သိထားတာကိုး၊ တော်ပါပေတယ်၊ တော်ပါပေတယ် တချို့ဟာ စောင်းသာတီးတက်တာ၊ ဒီလောက် လေးလေးနက်နက် မရှိကြပါဘူး"

သခင်မ ဝမ်မြောင်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး "အင်း. . . ကောင်းပြီလေ၊ ဒီတစ်ခါတော့ ဆရာတော်ရဲ့ ဆန္ဒပြည့်ဝရစေပါမယ်"

လက်ခုံသံသုံးချက် ပေါ်လာပြီးနောက် ဧည့်ခန်း ခန်းမဆောင်ကြီးထဲသို့ နောက်ထပ်စောင်းတစ်လက် ရောက်ရှိလာပြန်၏။ ထိုစောင်းမှာ အစိမ်းရောင်တောက်ပနေ၏။

လူအားလုံးသည် စောင်းပိုက်ဆရာတော်ကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။ ဆရာတော်သည် စောင်းနှင့်ပတ်သက်လျှင် ကဝိတစ်ဆူ ဖြစ်လောက်သည်ကို အားလုံးပင် ရိပ်မိသွားပြီဖြစ်သောကြောင့်တည်း။

ယခုလောက်ရှိလာသည့် ကျောက်စိမ်းရောင်စောင်း၏ ကိုယ်ထည်တွင် ဘာစာမျှ ရေးထိုးမထားပေ။

ဆရာတော်သည် စောင်းကို လက်ဖျားနှင့်ပင်မထိပေ။ စောင်း၏ ရာဇဝင်ကို ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါးသကဲ့သို့ မနားတမ်း ပြောပြလေတော့၏။

"ဒီစောင်းဟာ ကျောက်စိမ်းရောင်တောက်နေလို့ ကျောက်စိမ်းနဲ့ လုပ်ထားတာလို့ အထင်မှားနေကြတယ်၊ တကယ်တော့ ဒီစောင်းဟာ ကျောက်စိမ်းနဲ့ လုပ်တဲ့စောင်း မဟုတ်ပါဘူး၊ ထူးဆန်းတဲ့ အစိမ်းရောင်တောက်ပတဲ့ သစ်သားတစ်မျိုးနဲ့ လုပ်ထားတာပါ၊ ဒီစောင်းကိုပြုလုပ်ခဲ့တဲ့ ပညာရှင်ကတော့ စန်းစန်းပဲ၊ စန်းစန်းဟာ ဒီစောင်းကိုပြုလုပ်ပြီး သူ့လက်ထဲမှာ သုံးနှစ်ပဲထားခဲ့ပါတယ်၊ သုံးနှစ်ကြာတော့ တခြားမိတ်ဆွေတစ်ယောက်ကို လက်ဆောင်ပေးလိုက်တယ်၊ ဲ . . . ဒီစောင်းကို စန်းစန်းကိုယ်တိုင် သဘောမကျဘူး၊ မကြိုက်ဘူးဆိုတာ မထင်ရှားပေဘူးလား"

ထိုအခါဝမ်မြောင်က . . .



"လက်ဆောင်ပေးပစ်လိုက်တာနဲ့ ဒီစောင်းကို မကြိုက်ဘူးလို့ ကောက်ချက်မချသင့်ပါဘူး၊ မြတ်နိုးလွန်းလို့၊ ကြိုက်လွန်းလို့ လက်ဆောင်ပေးတာမျိုးတွေလဲ ရှိတယ်"

ဆရာတော်စောင်းပိုက်က ခေါင်းညိတ်၏။

"မှန်တာပေါ့ ၊ လက်ဆောင်အပေးခံရတဲ့လူကို ကြည့်ရမယ်၊ ကျေးဇူးခံကျေးဇူးစားရှိတဲ့လူ၊ မြတ်နိုးလေးစားရတဲ့လူ ဖြစ်နေရင်တော့ ဒီစောင်းဟာ သိပ်ကောင်းတဲ့ စောင်းဖြစ်ကောင်းဖြစ်နေမှာပေါ့၊ သာမန် မိတ်ဆွေတစ်ယောက်ဆိုရင်တော့ ဒီစောင်းဟာ ထိပ်တန်းစောင်း မဖြစ်နိုင်တော့ဘူးပေါ့'

ဆရာတော်၏ ကောက်ချက်မှာ အများလက်ခံနိုင်စရာရှိသည့် ကောက်ချက်ပင်ဖြစ်ပါသည်။

ဝမ်မြောင်က. . .

"သိုင်းလောကမှာ နာမည်ကျော်ခဲ့တဲ့ 'ကွမ်လင်စန်း' ဆိုတဲ့ သီချင်းကို စန်းစန်း ရေးခဲ့တာပဲ၊ စန်းစန်းဟာ အဲဒီသီချင်းကို ဒီစောင်းနဲ့ သူကိုယ်တိုင် ဆိုတီးခဲ့တယ်လို့ အဆိုရှိတယ်၊ စန်းစန်းနဲ့ ဆရာတော်ပြိုင်ရင် ဘယ်လိုအခြေအနေမျိုး ရှိမလဲ မသိဘူးနော်"

ဆရာတော် အသံထွက်အောင် ရယ်မောလိုက်၏။

"ဒါကတော့ အတော့်ကို မတော်မတရားပြောလိုက်တဲ့ စကားပေပဲ"

ဝမ်မြောင်မျက်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ ဆရာတော်"

ဆရာတော်က. . .

"ရှေးရှေးတုန်းက သိုင်းလောကမှာ အင်မတန်ကျော်ကြားထင်ရှားခဲ့တဲ့ သိုင်း၊ ဂီတပညာရှင်ကြီး ခုနစ်ယောက်ရှိတယ်၊ သူတို့ဟာ ထိပ်တန်းဂီတပညာရှင် သိုင်းပညာရှင်တွေပဲ၊ အဲဒီခုနစ်ယောက်ထဲက ခေါင်းဆောင်ကတော့ စန်းစန်းပဲ၊ စန်းစန်းလို ပုဂ္ဂိုလ်ကြီးနဲ့ ကျုပ်ကို နှိုင်းယှဉ်မေးလိုက်တာတော့ မတန်မရာ မေးလိုက်တာပါဘဲ၊ မြင်းမိုရ်တောင်နဲ့ ဆီးစေ့ကို နှိုင်းယှဉ်မေးလိုက်သလိုဖြစ်နေတာပေါ့"

ထိုအခါဝမ်မြောင်က အနိုင်ရသူကဲ့သို့ ပြုံးပြီးပြောလိုက်လေ၏။

"အဲဒီလောက် ထင်ရှားကျော်ကြားတဲ့ ပညာရှင်ကြီးပြုလုပ်ခဲ့တဲ့စောင်းကို ဆရာတော် တစ်ခါမှမတီးခဲ့ဖူးဘဲနဲ့ မကောင်းဘူးလို့ ပြောတာကတော့ ဆရာတော်လွန်ရာကျသွားပြီပေါ့"

ဆရာတော်ကလည်းပြုံးလိုက်သည်။

"ကျုပ်မလွန်ပါဘူး ၊ ရှေးဟောင်း စောင်းပညာရှင်ကျမ်းမှာရေးထားတာရှိတယ်၊ စောင်းကောင်းဆိုတာ သီချင်းပေါင်းများစွာကို တီးနိုင်ရမယ်တဲ့၊ ဒီစောင်းဟာ သီချင်းပေါင်းများစွာမတီးနိုင်ဘူးတဲ့၊ ဒါကြောင့်လဲ စန်းစန်းဟာသူ့မိတ်ဆွေကို လက်ဆောင်ပေးခဲ့တာတဲ့၊ အဲဒီနောက်ပိုင်းမှာ စန်းစန်းဟာ သဘာဝပလွေကိုသာ သုံးခဲ့သတဲ့၊ စန်းစန်းကိုယ်တိုင် စောင်းကိုစိတ်ပျက်သွားသလား မသိပါဘူး"

နောက်ဆုံး၌ ဝမ်မြောင်သခင်မမှာ စောင်းပိုက်ဆရာတော်၏ ဗဟုသုတကို လက်မြောက်အရှုံးပေးလိုက်ရတော့၏။



"ဆရာတော်ရဲ့ စောင်းဗဟုသုတကတော့ တကယ့်ကို လက်ဖျားခါလောက်စရာပါပဲ၊ စောင်းအကြောင်းရော၊ စောင်းပညာရှင်တွေရဲ့ ရာဇဝင်ရော၊ အူးချေးအူခါးမကျန် အကုန်သိနေတဲ့ ဆရာတော်ကို ကျွန်မဘာမှ ယှဉ်မပြောရဲတော့ပါဘူး၊ ဆရာတော်ပြောသလို ဒီစောင်းဟာ အကောင်းဆုံးမဟုတ်နိုင်ပေမယ့် ကျွန်မတို့ရေနန်းတော်မှာ အကောင်းဆုံး ဖြစ်နေတဲ့အတွက် ဒီစောင်းနဲ့ပဲ ဆရာတော်အနေနဲ့ သီချင်းတစ်ပုဒ်လောက် တီးပြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်"

"ဖြစ်ပါတယ်၊ဖြစ်ပါတယ်၊ ကျုပ်ကလဲဘဝင်ကို နည်းနည်းလျှော့ပြီး ဒီစောင်းနဲ့ပဲ တီးပြရတော့မှာပေါ့"

ဆရာတော်၏ ရယ်ရယ်မောမော ပြောလိုက်သံကြောင့် အခန်းထဲရှိ လူအားလုံးပင် ရယ်မောမိကြလေ၏။ ခန်းမထဲ၌တင်းမာနေသည့် အရိပ်အယောင်လည်း ထိုတဒင်္ဂအတွင်း၌ ပျောက်ကွယ်သွားခဲ့ရသည်။

ဆရာတော်သည် စောင်းကိုဆွဲယူလိုက်ပြီး ရင်ခွင်၌ပိုက်လိုက်သည်။ လက်ချောင်းငါးချောင်းသည် ပန်းလိပ်ပြာကလေးများ လူးလာဆန်ခတ် ပျံသန်းသွားသကဲ့သို့ စောင်းကြိုးများအပေါ် လှုပ်ရှားသွားသောအခါ သာယာသောဂီတသံသည် ချက်ချင်းထွက်ပေါ်လာတော့သည်။

စောင်းသံမှာ လွန်စွာနားဝင်ပီယံရှိလှသဖြင့် ထိုတဒင်္ဂအတွင်းမှာပင် ညှို့ခန်းထဲရှိ လူအားလုံး စောင်းသံ၌ နစ်မြောသွားကြလေ၏။

သီးချင်းသံဆုံးသွားသည့်တိုင် လူများသည် မိန်းမောနေကြပြီး လက်ခုပ်တီး ဩဘာပေးရန်ပင် မေ့လျော့နေကြလေ၏။

အတန်ကြာမှာ အားလုံးပင် ဟင်းခနဲသက်ပြင်းချကာ လက်ခုပ်တီး ဩဘာပေးကြလေ၏။

"တယ်ကောင်းတဲ့ လက်သံပဲနော်၊ ဒီလိုဂီတသံမျိုးကို တစ်ခါမှ မကြားခဲ့ဖူးဘူး"

ရေနက်ချောက်ကမ်းပါးမှချက်ယင်စန်းလင်က လှိုက်လှိုက်လှဲလှဲ ချီးကျူးထောမနာ ပြုသည်။

အခြားသူများမှာ ချက်ယင်စန်းလင်ကဲ့သို့ နှုတ်မှ အတိအလင်း မချီးကျူးကြသော်လည်း ဝမ်းထဲမှမူ ကျိတ်၍ချီးကျူးကြသည်။ ထိုထက်ကောင်းသည့် လက်သံမျိုးကို အခန်းထဲရှိ မည်သူမျှ မကြားဖူးခဲ့ကြသည်မှာ အမှန်ပင်ဖြစ်တော့သည်။

ဝမ်မြောင်သခင်မသည် လက်ခုပ်သုံးချက် တီးလိုက်ပြီး အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟော့ . . . တတိယစောင်းတစ်လက် ယူခဲ့စမ်း"

ဝမ်မြောင်၏ ထိုအမိန့်သံကြောင့် ဆရာတော်မျက်မှောင်ကြုတ်သွား၏။

"နေပါဦး၊ ဝမ်မြောင် သခင်မဆီမှာ ဒီထက်ကောင်းတဲ့ စောင်းရှိနေသေးလို့လား"

ဝမ်မြောင်သခင်မက ရယ်မောလိုက်သည်။

"သည်းခံပါ ဆရာတော်၊ ဆရာတော် ငြင်းပယ်မှာစိုးလို့ ဒီစောင်းဟာ ၊ ကျွန်မမှာ အကောင်းဆုံးရှိတဲ့ စောင်းပါလို့ ပြောခဲ့တာပါ၊ ရည်ရွယ်ချက်ကတော့ဆရာတော်ကို လိမ်ဖို့ မဟုတ်ပါဘူး၊ ဆရာတော်ဟာ အပြောနဲ့အဟောညီလောက်အောင် လက်သံကောင်းရဲ့လားလို့ စမ်းသပ်ချင်လို့ လိမ်ခဲ့မိတာပါ"



ဆရာတော် မသိမသာ သက်ပြင်းချမိလေ၏။

"အင်း. . . ဆိုစမ်းပါဦး၊ ဝမ်မြောင်သခင်မမှာ စောင်းဘယ်နှစ်လက်တောင် ရှိနေလို့လဲ"

ဝမ်မြောင်သခင်မက သူမ၏လက်ချောင်းကလေးများကို အများမြင်သာအောင် ထောင်ပြ၏။ စုစုပေါင်း လက်ချောင်းပေါင်း ခုနှစ်ချောင်း ထောင်ထားလေ၏။

* * * * *

## အခန်း [၄၉]

## လျှို့ဝှက်စောင်းများ

စောင်းပိုက်ဆရာတော်သည် မျက်လုံးများ အရောင်တောက်ပစွာ ဖြင့် ဝမ်မြောင်သခင်မကို ကြည့်လေ၏။

"ဝမ်မြောင်သခင်မဆီမှာ နောက်ထပ် စောင်းခုနှစ်လက်တောင်ရှိသေးတယ် ဆိုပါတော့ ဟုတ်လား"

"ဟုတ်ပါတယ်၊ စောင်းခုနှစ်လက်တောင် ရှိပါသေးတယ်"

"ဒီအတိုင်းဆိုရင် ဝမ်မြောင်သခင်မဟာ စောင်းပညာဗဟုသုတမှာ ကျုပ်ထက်တော့ နိမ့်ကျမယ်မထင်တော့ဘူး၊ ချီပြောနေလို့သာ သခင်မဟာ စောင်းပညာမှာ နိမ့်ကျသယောင်ဖြစ်နေပုံပဲ၊ အဆင့်အတန်းရှိလှတဲ့ စောင်းတွေကို ထိန်းသိမ်းထားတယ်ဆိုတဲ့ စွမ်းရည်ကလဲ နည်းနည်းနောနော စွမ်းရည်မဟုတ်ပေဘူး"

ဝမ်မြောင်သခင်မသည် စောင်းပိုက်ဘုန်းတော်ကြီး၏



ချီးကျူးစကားများကို ကြားသောအခါ လွန်စွာပီတိ ဖြစ်ကြည်နူးသွားရလေ၏။

ဆရာတော်က ဆက်ပြောနေသည်။

"ကျုပ်ကိုပြတဲ့ စောင်းနှစ်လက်ဟာ ကျုပ်အဖို့သာ သာမညစောင်းဖြစ်တယ်၊ တခြားဂီတပညာရှင်တွေကို သွားပြရင်အသေအကြေ ဝိုင်းလုကြမှာ အမှန်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစောင်းတွေဟာ ရှေးဟောင်းအမွေအနှစ်တွေဖြစ်ပြီး စောင်းလောကမှာ ဂန္ထဝင်စောင်းတွေဖြစ်နေလို့ပါပဲ၊ ဒီထက်များရှေးကျပြီး ဒီထက်တန်ဖိုးရှိတဲ့ စောင်းငါးလက်ကို ဝမ်မြောင်သခင်မက ထိန်းသိမ်းထားနိုင်တယ်ဆိုတာကတော့ ကျုပ်လက်ဖျားခါသွားပါပြီ၊ တော်ပါပေတယ်၊ တော်ပါပေတယ်"

"ဆရာတော်ကိုတော့ ကျွန်မက ဘယ်မီမှာလဲ၊ စောင်းခုနှစ်လက်ကို ထိန်းသိမ်းထားနိုင်တယ်ဆိုတာကကုသိုလ်ကံကြောင့်ပါ"

"အင်း . . . ဝမ်မြောင်သခင်မလိုလူမျိုးနဲ့ စောင်းပညာအကြောင်းဆွေးနွေးရရင်တော့ ကျုပ်ဟာ ထမင်းမေ့ ဟင်းမေ့ဖြစ်တော့မှပဲ"

ဝမ်မြောင်သည် ရုတ်တရက် အရယ်ရပ်သွားပြီး စောင်းပိုက်ဘုန်းတော်ကြီးကို မသိမသာအကဲခတ်လေ၏။ သူမသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားမိသွား၏။

ဆရာတော်ကား အလွန်တရာပါးနပ်သူဖြစ်၍ စောင်းအကြောင်းကို ဆက်မပြောတော့ပေ။ စောင်းနှင့် ဆက်သွယ်ပြီး ဒုက္ခရောက်သူများ အကြောင်း၊ ရတနာသိုက်လိုက်သူများ အ

ကြောင်းသို့ အကြောင်းအရာကို ပြောင်းယူသွားပြီးပြောနေ၏။ ထိုမှ သိုင်းကျမ်းနောက်လိုက်ပြီး၊ သိုင်းကျမ်းအတုများရပုံ၊ အသက်များ အချည်းနှီး သေဆုံးရပုံတို့ကို ပြောပြနေလေ၏။

ဝမ်မြောင်သခင်မသည် ဆရာတော်အား မသိမသာ အကဲခတ်နေရာမှ ပြုံးပြလိုက်ပြီး . . .

"ကျွန်မ အခုတတိယစောင်းကို ယူခိုင်းလိုက်ပြီ၊ ဒီစောင်းဟာ ကျွန်မထိန်းသိမ်းထားတဲ့ စောင်းတွေထဲမှာ တန်ဖိုးရှိတဲ့စောင်း တစ်လက်ပါ"

"ကျုပ်ယုံပါတယ်၊ အညံ့ဆုံးဆိုတဲ့ စောင်းနှစ်လက်တောင် သိုင်းလောကနဲ့ ဂီတလောကမှာ အလောင်းချင်းထပ်လောက် အောင် လုယက်နိုင်တဲ့စောင်း ဖြစ်နေသေးတာပဲ မဟုတ်လား"

"ကျွန်မ အခုယူလာတဲ့စောင်းရဲ့ ရာဇဝင်ကို ဆရာတော် ပြောပြစမ်းပါ၊ ဒီစောင်းရဲ့ ရာဇဝင်ကိုသာ ဆရာတော်က ပြောပြနိုင် မယ်ဆိုရင် ဆရာတော်လိုချင်တဲ့ အရာကိုတောင်းပါ၊ ကျွန်မပေးမယ်၊ မဖြစ်ဖြစ်အောင် ပေးမယ်လို့ ကတိပေးပါတယ်"

ဆရာတော်၏ မျက်လုံးများသည် အရောင်တဖျပ်ဖျပ် တောက်ပလျှက်ရှိ၏။

သို့သော် ဆရာတော်က ပါးနပ်သည်။ သူ့စိတ်အားထက် သန်မှုကို မပေါ်အောင် ဖုံးကွယ်ထားလိုက်သည်။

"ကောင်းပြီလေ၊ ဝမ်မြောင်သခင်မက ကျုပ်ရဲ့ ဗဟုသုတကို စမ်းသပ်ချင်တယ်ဆိုမှတော့ ကျုပ်လဲ ငြင်းလို့ဘယ် ကောင်းတော့မှာလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အတွက် ဗဟုသုတလဲ



ရ အကျိုးလဲရှိစေနိုင်နေတာဆိုတော့ ကျုပ်ကြိုးစား အကဲခတ်ပါ့ မယ်"

နန်းတွင်းသူ ဝတ်စုံကို ဝတ်စားဆင်ယင်ထားသော မိန်းမ ပျိုကလေးတစ်ယောက်သည် ရွှေဟောင်းစောင်းကြီးမှန်း သိသာ လှသည့် စောင်းကြီးတစ်လက်ကို ပွေ့ပွေ့ပိုက်ပိုက် ယူဆောင်လာ လေ၏။

ဝမ်မြောင်သခင်မက တစ်ဆက်တည်း အမိန့်ပေးလိုက်၏။

"အဲဒီစောင်းကို ဆရာတော်ရှေ့မှာ ချပေးလိုက်၊ ဆရာ တော် စစ်ဆေးကြည့်လိမ့်မယ်"

မိန်းမပျိုကလေးက ဆရာတော်ရှေ့၌ စောင်းကိုချပေးပြီး ကိုယ်ကလေးယို့ကာ ပြန်ထွက်သွားတော့သည်။

စောင်း၏ ကိုယ်ပေါ်တွင် မီးအိမ်ရှင်ဟူသော စာတန်းကို ရေထိုးထားသည်။ ထင်ထင်ရှားရှားရှိသဖြင့် ထိုင်နေသူအားလုံးပင် မြင်နိုင်ကြပေသည်။

ဆရာတော်မှာ စောင်းကိုမြင်သည်နှင့် အကြီးအကျယ် စိတ်ပျက်သွားသည်။ အဘယ်ကြောင့်ဆိုသော် ယခုမြင်ရသော စောင်းမှာ တိမ်ဆက်တောင်မှ ပျောက်ဆုံးသွားသော 'ဘုရင်မ စောင်း' မဟုတ်သောကြောင့်တည်း။

ဆရာတော်အနေဖြင့် ဝမ်မြောင်သခင်မနှင့် လိုက်လိုက် လျောလျော ဆက်ဆံနေရခြင်းမှာ တိမ်ဆက်တောင်မှ စောင်း ဝမ်မြောင်ထံ၌ ရှိနေမနေကို သိလိုလှသောကြောင့်တည်း။ ယခု တတိယစောင်းသည်လည်း ဆရာတော်ကို စိတ်ပျက်စေပြန်လေပြီ။

ဆရာတော်က သူ့စိတ်ပျက်မှုကို ဖုံးကွယ်ပြီး ခေါင်းတယမ်းယမ်းလုပ်နေပြီးမှ. . .

"ဒီစောင်းဟာ ရှေ့ဟောင်းစောင်းတော့ ဟုတ်တယ်၊ ဒါပေမယ့် ရှေးဟောင်းရတနာတော့ မဟုတ်ပါသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစောင်းကို ကြည့်တာနဲ့ သဘာဝသံစဉ်ကုန်အောင် တီးခတ်နိုင်မယ့် စောင်း မဟုတ်ဘူးဆိုတာ သေချာနေလို့ပဲ"

ဝမ်မြောင်သခင်မက ရယ်မောလေ၏။

"အဲဒါတွေ ထားလိုက်ပါဦး၊ ဒီစောင်းဟာ ဘယ်သူ့စောင်းလဲဆိုတာ ဆရာတော်ပြောပါဦး၊ ကျွန်မသိချင်တဲ့ အဓိကအချက်က အဲဒါပဲ"

စောင်းပိုက်ဆရာတော်သည် ခေါင်းငုံ့ပြီး၊ ခေတ္တစဉ်းစားနေ၏။ ဆရာတော် ဘာစဉ်းစားနေသနည်းဟု ဝမ်မြောင်သခင်မတွေးနေ၏။ ယခုအချိန် ဖြစ်ပေါ်နေသည့် အခြေအနေမှာ မြောင်သခင်မနှင့် စောင်းပိုက် ဆရာတော်တို့ တစ်ယောက် ခြေတစ်ယောက် မမြင်အောင် ဝှက်ကွယ် အပြေးပြိုင်နေကြခြင်းသာ ဖြစ်သည်။

ဆရာတော် ရေနက်ချောက်ကမ်းပါးသို့ လိုက်လာခြင်းမှာ ဆံဖြူဘွားဘွားကွေ့မိန်၏ တပည့်များကို ကယ်တင်ရန်ချည်း မဟုတ်ပေ။ သူ၏ တိမ်ဆက်တောင်မှ စောင်းကို ရှာလိုခြင်းလည်း အကြောင်းတစ်ချက်ပါပေသည်။ ဆံဖြူဘွားဘွား ကိုယ်တိုင်ကပင် ရေနက်ချောင်းကမ်းပါး၌ စောင်းတစ်လက်ရှိနေသည်ဟု သတင်းပေးခဲ့သည် မဟုတ်ပါလား။



ဆရာတော်သည် ခေါင်းပြန်မော့လာပြီး ဝမ်မြောင်သခင်မကို မေးလိုက်လေ၏။

"ဒီစောင်းရဲ့ ရာဇဝင်ကို သခင်မ သိထားပြီးသားလား"

ဝမ်မြောင်က ဦးခေါင်းကိုညိတ်ပြသည်။

"သိတယ်၊ ကျွန်မသိထားတယ်"

"ကျုပ်စိတ်ထင်က တစ်မျိုးပဲ၊ ဒီစောင်းရဲ့ ရာဇဝင်ကို သိမထားလို့ ဝမ်မြောင်သခင်မက ကျုပ်ကို မေးတာလို့ ထင်နေတာ၊ သိလျက်နဲ့ မေးတာဆိုတော့. . ."

"ဟုတ်ပါတယ်၊ ဆရာတော်ရဲ့ ဗဟုသုတကို စမ်းသပ်တာပါပဲ၊ တခြားအကြောင်းတော့ မရှိပါဘူး"

ဆရာတော်၏ မျက်နှာ၌ စဉ်းစားတွေးတောနေသည့် အမူအရာမျိုးပေါ်လာ၏။ အတန်ကြာမှ. . .

"အတော်စဉ်းစားစရာတော့ကောင်းတယ်၊ ခေတ်အဆက်ဆက်က ရေးမှတ်ထားတဲ့ ရှေးဟောင်းစောင်း မှတ်တမ်းမှတ်ရာတွေထဲမှာ ဒီစောင်းအကြောင်း လုံးဝမပါဘူး၊ ရှေးဟောင်းစောင်းမှတ်တမ်းမှတ်ရာ အားလုံးနီးပါး ကျုပ်ဖတ်ဖူးတယ်၊ ဒီလိုပေါက်ပေါက်ရှာရှာ ပေါ်ထွက်လာတဲ့ စောင်းအကြောင်းကို ဝမ်မြောင်သခင်မက သိထားတယ်ဆိုတော့ အတော့်ကိုစဉ်းစားစရာကောင်းနေတာပေါ့"

ဝမ်မြောင်သခင်မက ဘာမျှမပြောဘဲ ပြုံးနေ၏။

ဆရာတော်က . . .

"ဝမ်မြောင်သခင်မအနေနဲ့ ဒီစောင်းအကြောင်းကို ဘယ်

လိုသိထားပါသလဲ"

"ကျွန်မသိထားတာလဲ အမှန်ဖြစ်ချင်မှ ဖြစ်မှာပေါ့၊ ဒါကြောင့် စောင်းဗဟုသုတအများကြီးရှိတဲ့ ဆရာတော်ရဲ့ဗဟုသုတကို မေးနေတာပေါ့၊ ဗဟုသုတချင်း ဖလှယ်တဲ့သဘောပေါ့၊ ဆရာတော် သိထားသမျှကို ကျွန်မ သိပါရစေ"

စောင်းပိုက်ဆရာတော်သည် စောင်းကို ကောက်ကိုင်လိုက်ပြီး စောင်းကြိုးများအပေါ် လက်တင်ခတ်လိုက်၏။ စောင်းသံမှာ စူးစူးရှရှတော့မဟုတ်လှပေ။

"ကောင်းပြီလေ. . . ဒီစောင်းကို စမ်းသပ်ကြည့်ရဦးမှာပေါ့၊ အရမ်းပြောတာထက် စမ်းသပ်ပြီးမှ ပြောတာ ပိုကောင်းတာပေါ့"

ဆရာတော်၏ ရှည်လျားသွယ်လျသော လက်ချောင်းများ စောင်းကြိုးများအပေါ် ပြေးလွှားနေတော့သည်။ ဆရာတော်သည် သီချင်းတစ်ပုဒ်ကို တီးခတ်သည်။ ထို့နောက် တစ်ပုဒ်ပြီးတစ်ပုဒ် တီးခတ်သည်။ နားထောင်သူအများစုမှာ စောင်းအကြောင်းနားမလည်လှသော်လည်း ဆရာတော်၏ လက်သံ ကောင်းလှသည်ကိုမူ နားလည်သဘောပေါက်ကြပေသည်။

အတန်ကြာသော် စောင်းသံရပ်သွား၏။ စောင်းသံ၌ နစ်မြောနေသူများ သတိပြန်ဝင်လာကြ၏။

ဝမ်မြောင်က ဆရာတော်အား စူးစမ်းသော မျက်လုံးများဖြင့် လှမ်းကြည့်သည်။

စောင်းပိုက်ဆရာတော်က အေးဆေးစွာပြော၏။



"တစ်ခါတလေကျတော့လဲ စောင်းကို တီးခတ်စမ်းသပ်ပြီးမှ ရာဇဝင်ကိုသိတယ်၊ ဒါကြောင့်ကျုပ်သီချင်းတွေကို တီးခတ်စမ်းသပ်နေရတာပါ"

ဝမ်မြောင်က. . .

"ပြောပါ ဆရာတော်. . . ဆရာတော် စမ်းသပ်သိရှိတဲ့ ဒီစောင်းရဲ့ ရာဇဝင်ကို"

"ပြောရမှာပေါ့၊ ဒီစောင်းဟာ တာန်မင်းဆက်တုန်းကပေါ်ပေါက်ခဲ့တဲ့ တေးခရီးသည် ဝမ်းမားကျစ်ရဲ့ စောင်းပဲ"

စောင်းပိုက်ဆရာတော်၏ စကားသည် ဝမ်းမြောင်သခင်မအားအကြီးအကျယ် အံ့အားသင့်သွားစေ၏။

အဘယ်ကြောင့်ဆိုသော် ထိုစောင်း၏ တစ်နေရာတွင် ရှေးဟောင်းလက်ရေးဖြင့် ဝမ်းမားကျစ်၏ စောင်းဖြစ်ကြောင်း ရေးသားထားသောကြောင့်ဖြစ်သည်။ ထိုစောင်း၌ ရေးသားထားသော တရုတ်စာမှာအလွန်တရာ ရှေးကျလှသဖြင့် တော်ရုံတန်ရုံပညာရှိပင် မဖတ်နိုင်ချေ။

ဝမ်မြောင်ကား ကံကောင်းခဲ့ပေသည်။ ထိုရှေးဟောင်းစာကို ဖတ်နိုင်စွမ်းရှိသည့် ပညာရှိကြီး တစ်ယောက်ကို တွေ့ဆုံခွင့်ရခဲ့ပေသည်။ ထိုပညာရှိကြီး ကို ရေနန်းတော်ရှိရာသို့ ခက်ခက်ခဲခဲ ပင့်ဆောင်ပြီး ထိုစောင်းမှ စာကို ဖတ်ခိုင်းခဲ့ရသည်။ ထိုစာတန်းကလေးဖတ်ခအတွက် ဥာဏ်ပူဇော်ခငွေ လျှံသုံးရာပေးခဲ့ရသည်။

ထိုစာရေးသားထားသည့်နေရာမှာ မြင်သာသည့်နေရာမဟုတ်သဖြင့် စောင်းကို သေသေချာချာမရှာဖွေဘဲ ထိုစာတန်း

ကို မတွေ့နိုင်ပေ။ စောင်းပိုက်ဆရာတော်သည် စောင်းကို သာမန်မျှ သာကြည့်ပြီး သီးချင်းကိုသာ တီးခတ်နေရာ ထိုရှေးဟောင်းစာကို မည်သို့မျှ မတွေ့နိုင်ပေ။ ထိုစာကို မတွေ့ဘဲ ဝမ်းမားကျစ်၏ စောင်းဖြစ်သည်ဟု ဒိဋ္ဌတိကျစွာ ပြောလိုက်နိုင်သည်မှာ စောင်းပိုက်ဆရာတော်အနေဖြင့် ရှေးဟောင်းစောင်းများ၌ မည်မျှ ကျွမ်းဝင်သည်ကို သက်သေပြခြင်းပင် မဟုတ်ပါလော။

* * * * *



## အခန်း [၅၀]

## ထူးခြားသော စောင်းတစ်လက်

ဝမ်ပြောင်သခင်မ ထိုအကြောင်းအရာများကို စောင်းပိုက်ဆရာတော်အားပြောပြလေ၏။

"ကျွန်မကတော့ ဆရာတော်ကို အတော် အထင်ကြီးသွားပါပြီ"

ဝမ်ပြောင်သခင်မက နှိဂုံးချုပ်လိုက်၏။

ဆရာတော်သည် ထိုအခါကျမှ ရှေးဟောင်းစာတန်းကို လိုက်ရှာကြည့်သည်။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အင်း. . . ဒီစာရှိတယ်ဆိုတာ ကျုပ်မသိတာကတော့ အတော်ကိုဆိုးရွားသွားတယ်၊ ဘာပဲဖြစ်ဖြစ် အခုဆိုရင် ဝမ်ပြောင်သခင်မရဲ့ကျေးဇူးနဲ့ ဒီစောင်းရဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျုပ်သိရပြီပေါ့"

မည်သို့ပင်ဖြစ်စေ ဝမ်ပြောင်သခင်မသည် စောင်းပိုက်ဆရာတော်ကိုကား လွန်စွာ လေးစားကြည်ညိုသွားခဲ့ရပေပြီ။

ဆရာတော်ကား စောင်းပညာ၊ စောင်းဗဟုသုတနှင့် တစ်ဖက်ကမ်းခပ်တတ်မြောက်သော စောင်းပါရဂူပေတည်း။

ဝမ်ပြောင်က စောင်းပိုက်ဆရာတော်အား လေးလေးစားစား မေးလိုက်လေ၏။

"ဆရာတော်. . အခုသိုင်းလောကမှာ ဘယ်စောင်းဟာ အကောင်းဆုံးဖြစ်ပါသလဲ ဆရာတော်"

ဝမ်ပြောင်၏ မေးခွန်းကား ကျယ်ပြန့်လှ၏။ အမေးနွားကျောင်းသား၊ အဖြေဘုရားလောင်းဆိုသည့် သဘောမျိုးတည်း။ မေးသူအဖို့ လွယ်ကူသလောက် ဖြေသူအဖို့ ခက်ခဲလှ၏။

သို့သော် စောင်းပိုက်ဆရာတော်ကား အကြံအစည်ရှိသဖြင့် စကားစကို အပြတ်မခံနိုင်ပေ။

"အင်း. . . ဖြေရမှာတော့ ခပ်ခက်ခက်ပဲ၊ကျုပ် ကြားဖူးတာကတော့ 'နတ်သစ်သား' ဆိုတဲ့စောင်းပဲ၊ ကြားဖူးတာပြောတာနော်၊ မြင်ဖူးတာမဟုတ်ဖူး၊ ဒီနတ်သစ်သားဆိုတဲ့ စောင်းကို မြင်ဖူးတဲ့လူဟာလဲ အင်မတန် ကံထူးတဲ့လူဖြစ်မှာပါ"

ဝမ်ပြောင်သခင်မက. . .

"စောင်းမှတ်တမ်းထဲမှာ ဒီစောင်းအကြောင်းရေးထားတာ ကျွန်မမဖတ်ဖူးဘူး"

"ဝမ်ပြောင်သခင်မက တကယ်ဗဟုသုတ ပြည့်စုံတာပဲ"

"ဆရာတော်ရဲ့ ခြေဖျားကိုတောင်မမီပါဘူး၊ ဒီစောင်းရဲ့



ရာဇဝင်ကိုတော့ ဆရာတော်သိတာပဲလား"

"ကြားဖူးရုံတော့ရှိပါတယ်"

"သိပါရစေ"

"ဒီစောင်းရဲ့ ကိုယ်ထည်ကို အင်မတန်ပေါ့ပါးတဲ့ သစ်သားတစ်မျိုးနဲ့ ပြုလုပ်ထားသတဲ့ ၊ သစ်သားတွေဟာ များသောအားဖြင့်တော့ ပေါ့ရင်မခိုင်ကြဘူး၊ ဒါပေမယ့် ဒီနတ်သစ်သားဆိုတဲ့ အသားကတော့ အင်မတန်ခိုင်သတဲ့ နတ်သစ်သားဆိုတာလဲ ကြားဖူးတာပဲရှိတာပါ၊ ဘယ်လို အသားမျိုးဆိုတာလဲ မသိကြပါဘူး၊ အဲဒီ နတ်သစ်သားစောင်းကိုရပြီး ဖွဲ့ရှုကြည့်နိုင်ရင်တော့ ဘယ်လို အသားမျိုးဆိုတာ သိကောင်းသိနိုင်မှာပေါ့၊ နောက် ထူးခြားချက်တစ်ခုကတော့ ဒီနတ်သစ်သားစောင်းဟာ ကြည့်မြင်ရုံနဲ့ ဘာမှအထင်ကြီးစရာမရှိဘူး ဆိုတဲ့အချက်ပဲ၊အဲ. . နောက်ထူးခြားချက်ကလဲ အဲဒီစောင်းမှာ စောင်းကြိုးကိုးကြိုးရှိသတဲ့"

စောင်းပိုက်ဆရာတော်သည် သူ၏စကားကို ရပ်လိုက်၏။ ဝမ်ပြောင်သခင်မက သူ့စကားကို စိတ်ဝင်စားမစား အကဲခတ်ကြည့်ရှုလေ၏။

ဝမ်ပြောင်ကား စောင်းပိုက်ဆရာတော်၏ စကားကိုအလွန်တရာ စိတ်ဝင်စားနေလေ၏။

ဆရာတော် ကျေနပ်သွားသည်။

ဝမ်ပြောင်က မျက်လုံးများ အရောင်တောက်ပလျက်မှ ပြန်လှန် မေးခွန်းထုတ်လိုက်သည်။

"စောင်းပေါ်မှာ ဘာအမှတ်အသားများ ရေးထားပါသ

လဲဆရာတော်၊ စောစောက စောင်းပေါ်မှာ ရေးထားသလိုပေါ့၊ တပဲဖြစ်ဖြစ် ၊ အမှတ်အသားပဲဖြစ်ဖြစ်"

ဆရာတော်က ခေါင်းခါလိုက်၏။

"အဲဒါတော့ ကျုပ်လဲ မသိပါဘူး၊ စောစောက အချက်အလက်တွေဟာလဲ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားခဲ့ရတာတွေပါ၊ ဖတ်မှတ်ထားရတာတွေ မဟုတ်ပါဘူး"

ဝမ်မြောင်သည် နှုတ်ခမ်းကို ကိုက်၍တွေးနေ၏။ ဝမ်မြောင်တစ်စုံတစ်ခုကို အလေးအနက်တွေးနေကြောင်း ဆရာတော်ရိပ်မိသဖြင့် အသာငြိမ်၍ စောင့်နေသည်။ ဝမ်မြောင်တွေးနေခြင်းကို ဝင်၍ အနှောင့်အယှက်မပေးပေ။

အတန်ကြာမှ ဝမ်မြောင်က. . .

"ဆရာတော်. . . ကျွန်မမှာ ရှေးဟောင်းစောင်းတစ်လက်ရှိတယ်"

ဆရာတော်က ရယ်လိုက်သည်။

"ဝမ်မြောင်သခင်မဆီမှာ ရှေးဟောင်းစောင်း ခုနှစ်လက်ရှိတယ်လို့ ကျုပ်သိထားပြီးပြီပဲ"

"မဟုတ်ပါဘူး၊ ဒီစောင်းက ဟိုစောင်းတွေနဲ့ မတူဘူး"

"ဘယ်လိုမတူတာလဲ"

"စောစောက ဆရာတော်ပြောသလိုပဲ၊ စောင်းက ပုံရိုးကြီး၊ ဘာမှ အထင်ကြီးစရာမရှိဘူး၊ လမ်းဘေး ချထားရင်တောင် ခြေနဲ့ ခတ်ပစ်ခဲ့မှာ စိုးရိမ်ရတယ်၊ လှပမှုလဲမရှိဘူး၊ စောင်းပညာရှင်တွေကို မပြောနဲ့၊ သာမာန်လူတွေကိုတောင် စိတ်ဝင်စားအောင် မလုပ်နိုင်



ဘူး"

စောင်းပိုက်ဆရာတော်မှာ အကြီးအကျယ် စိတ်လှုပ်ရှားသွားလေ၏။

ဆရာတော်သည် သူ့ကိုယ်သူ အတော် ထိန်းသိမ်းလိုက်ရသည်။

အသံကိုလည်း ထူးခြားမှုမပေါ်အောင် သတိနှင့်ထိန်းပြီး မေးလိုက်ရ၏။ အလေးအနက်မထားဘဲ ပေါ့ပေါ့ဆဆ မေးလိုက်သည့် ပုံသဏ္ဌာန်မျိုးဖြစ်အောင် ကြိုးစားမေးလိုက်ရသည်။

"ဟုတ်လား၊ လေ့လာလို့ရမလား မသိဘူး"

ဝမ်မြောင်မလှုပ်ချေ။

"စောစောက ဆရာတော်ပြောတဲ့ နတ်သစ်သားစောင်းကဘာမှ ထူးခြားချက်မရှိဘူးနော်"

"စောင်းကြိုးကိုးကြိုးပါတာက လွဲရင်ပေါ့လေ၊ဒီအချက်ကတော့ တခြားစောင်းတွေနဲ့ ကွဲပြားနေတယ် မဟုတ်လား၊ ဒါပေမယ့် တစ်ချက်စိုးရိမ်တာက တခြားထူးခြားတဲ့ စောင်းတွေမှာလဲ စောင်းကြိုးကိုးကြိုး ပါတတ်တာမျိုးတော့ ရှိခဲ့ဖူးတယ်"

ဝမ်မြောင် စဉ်းစားရခက်အောင် ဆရာတော်ကပြဿနာတင်လိုက်ခြင်းသာဖြစ်ပါသည်။ မှန်ပါသည်။ ဝမ်မြောင် သခင်မချီတုံချတုံ ဖြစ်နေပါသည်။ သူမ သိမ်းဆည်းထားသည့် စောင်းကို သိမ်းထားရကောင်းမည်လား၊ ထုတ်ပြရကောင်းမည်လား၊ သူမ ဝေခွဲမရအောင် ဖြစ်နေပေသည်။

ဆရာတော်၏ အသံပေါ်လာပြန်၏။

"တစ်ခုရှိတယ်၊ နတ်သစ်သားစောင်းဟာ စောင်းကြိုးကိုး ကြိုးရှိတဲ့အတွက် သဘာဝသံစဉ် အားလုံးကို ဖော်ထုတ်လို့ ရသတဲ့၊ သဘာဝသံစဉ်ဆိုတာကို ဝမ်မြောင်သခင်မကတော့ သိမှာပါ၊ တခြားလူတွေ သိချင်မှ သိမှာမို့လို့ ကျဉ်းအကြမ်းဖျဉ်းတော့ ပြောပါ့မယ်။ မိုးရွာသံ၊ လေတိုက်သံ၊ မိုးကြိုးပစ်သံစတာတွေဟာ သဘာဝ သံစဉ်တွေပေါ့၊ သံပြင်းတွေက ဖန်တီးရတာလွယ်ပေမယ့် သံပျော့ တွေက ဖန်တီးရတာခက်တယ်၊ ဥပမာ လေညှင်းတိုက်ခိုက်သံ၊ သစ်ရွက်ကြွေသံနဲ့ လေတိုက်လို့ သစ်ရွက်ကလေး တွေလှုပ်သံဟာ အင်မတန်ခက်တယ်၊ နတ်သစ်သားစောင်းဟာ သံပြင်းပဲဖြစ်ဖြစ်၊ သံပျော့ပဲဖြစ်ဖြစ် သဘာဝသံစဉ်မှန်သမျှ တီးခတ်လို့ရတယ်၊ ဖော် ထုတ်လို့ရတယ်၊ အဲဒါကတော့ မြင်ရုံနဲ့ သိနိုင်တာမျိုး မဟုတ်ပေဘူး၊ စမ်းသပ်တီးခတ်မှသာ သိနိုင်တဲ့ဟာမျိုးပဲ"

ဝမ်မြောင်သခင်မမှာ ဂီတနှင့်ပတ်သက်၍ လူပြိန်းမဟုတ် ပါ။ သူကိုယ်တိုင် ဂီတပညာရှင်ဖြစ်နေသဖြင့် ဆရာတော် ပြောပြသည့် သဘောတရားများကို သိပြီးဖြစ်ပါသည်။

ထိုအချက်ကို ဆရာတော်ကလည်း မသိမဟုတ်ပါ။ သိပါ သည်။ ဝမ်မြောင်က သူ့ရှေးဟောင်းစောင်းကို ထုတ်ပြချင်စိတ် ရှိလာအောင် မသိမသာ စကားမြှူလိုက်ခြင်းသာ ဖြစ်ပါသည်။

ဝမ်မြောင်သည် ရုတ်တရက် ထရပ်လိုက်၏။

"ဆရာတော်. . . ခဏစောင့်ပါဦး၊ အခု ကျွန်မပြောတဲ့ စောင်း ကို ကျွန်မသွားယူလိုက်ဦးမယ်"

ဆရာတော်သည် သူ့နှလုံးခုန်သံကို သူ့ဘာသာ ကြားလိုက်



ရသလိုရှိတော့၏။ ဤစောင်းသည် မည်မျှတန်ဖိုးကြီးသော စောင်း ဖြစ်သည်ကို ယခုအဖြစ်က သက်သေပြနေပါပြီ။ ဝမ်မြောင်သည် ယခင်က စောင်းများကို အစောင့်မိန်းမပျိုများကိုသာ ယူစေခဲ့သည်။ ယခုစောင်းကိုမူ အစောင့်မိန်းမပျိုများမှ တစ်ဆင့် မခိုင်းတော့ချေ။ သူမကိုယ်တိုင် သွားယူချေပြီတကား။

✻ ✻ ✻ ✻ ✻

## အခန်း [၅၁]

## အလျှို့ဝှက်ဆုံးစောင်း

ဆံဖြူဘွားဘွားကွေ့မိန်သည် မသိမသာ အလုပ်ရှုပ်နေလေ၏။ ဝမ်မြောင်သခင်မနှင့် စောင်းပိုက်ဆရာတော်၏ စောင်းဗဟုသုတများသည် ခန်းမဆောင်ထဲ၌ လူအားလုံးအတွက် လွန်စွာစိတ်ဝင်စားဖွယ်ရာ ဖြစ်၏။

စောင်းပိုက်ဆရာတော်၏ ထူးထူးခြားခြား နားဝင်ပီယံဖြစ်လှသော စောင်းလက်သံသည် ခန်းမဆောင်ထဲရှိ လူအားလုံး၏ စိတ်နှလုံးကို သိမ်ကျုံးညို့မြူလျက်ရှိခဲ့၏။

ထို့ကြောင့် ဝမ်မြောက်သခင်မမှ အစကျန်လူအားလုံး၏ အာရုံများသည် စောင်းပိုက်ဆရာတော်ဆီသို့သာ ရောက်ရှိနေကြ၏။

ထိုအခွင့်အရေးကို အပြည့်အဝယူသူမှာ ဆံဖြူဘွားဘွား



ကွေ့မိန်ပင်ဖြစ်တော့သည်။

သူမသည် သူမ၏ဘေး၌ရှိသော လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့ကို ပုံမှန်အတိုင်း နဂိုမူလအတိုင်းဖြစ်လာအောင် တိတ်တဆိတ် အကြောကိုင်ကုသလျှက်ရှိနေ၏။ ကုသပုံမှာလည်း ခက်ခဲမှုမရှိပါ။ လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့၏ လက်များကိုစားပွဲအောက်နား၌ ဝမ်မြောင်မမြင်တွေ့အောင် ဆွဲကိုင်ယူပြီး အကြောနှိပ် ကုသပေးနေခြင်းသာ ဖြစ်သည်။

ထိုအခန်းထဲ၌ သတိအရှိဆုံးလူမှာ ရေနက်ချောက်ကမ်းပါး၏ စောင့်ရှောက်ရေးမှူး ချက်ယင်စန်းလင်ပင် ဖြစ်၏။ သူသည်ပင်လျှင် စောင်းပိုက်ဆရာတော်၏ စောင်းလက်သံနှင့် စောင်းဗဟုသုတကို အလွန်တရာစိတ်ဝင်စားလျှက်ရှိနေရာ အခြားတာဝန်မရှိသူတို့မှာ ပြောဖွယ်ရာမရှိတော့ချေ။ ကွေ့မိန်၏ လှုပ်ရှားမှုကို မည်သူမျှ သတိမပြုမိကြတော့ပေ။

သခင်မ ဝမ်မြောင်ကိုယ်တိုင် ရှေးဟောင်းစောင်းကို သွားယူမည်ဆိုသောအခါ လူအားလုံး၏ မျက်လုံးများသည် ဝမ်မြောင်သခင်မ ထွက်သွားရာသို့သာ လိုက်ပါသွားကြတော့သည်။ကွေ့မိန်က အလွန်လျင်မြန်၏။ ထိုအချိန်ကလေးကို အခွင့်ကောင်း ယူကာ လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့အား ဒဏ်ကြေဆေးနှင့် အမှုးပြေဆေးများ တိုက်ကျွေးလိုက်လေတော့၏။

ကွေ့မိန်၏ ပြုစုကုသချက်များသည် လွန်စွာထိရောက်လှ၏။ အဘယ်ကြောင့်ဆိုသော် လူမမာတစ်ယောက်ကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် လီရှန်ရှန်၏ မျက်နှာသည် တဖြည်းဖြည်းသွေး

ရောင် လွှမ်းလာလျက်ရှိသောကြောင့်ပေတည်း။ သွေးလည်ပတ်မှုလည်း မှန်ကန်လာသည်။ ဦးနှောက်လည်း ကြည်လင်လာပြီး အဖြစ်အပျက်များကို တဖြည်းဖြည်း ဆန်းစစ်လာနိုင်ပြီဖြစ်သည်။

ရက်ချိန်းချိန်းကား လီရှန်ရှန်လောက် ဒဏ်မခံရသဖြင့် အမူးပြေလာသည်နှင့် မျက်လုံးများ ကြည်လင်လာသည်။ ဦးနှောက်များလည်း ကြည်လင်လာသည်။ လီရှန်ရှန်ကဲ့သို့ပင် အခြေအနေအရပ်ရပ်ကို ဆန်းစစ်လာနိုင်သည်။

လူအများကား ခန်းဆီးကာထားသည့် အပေါက်ဝသို့သာ မျှော်ကြည့်နေကြ၏။ ဝမ်မြောင်သခင်မကို စောင့်မျှော်နေကြခြင်းသာတည်း။

"လာ... လာပြီ"

တစ်ဦးတစ်ယောက်၏ အသံပေါ်လာ၏။

မှန်ပါသည်။ ဝမ်မြောင်သခင်မ ပြန်လည်ဝင်ရောက်လာပါပြီ။ သူမ၏ နောက်တွင် ဒေါင်းဖြူသည် ရွှေဟောင်းစောင်းတစ်လက်ကို ပိုက်လျက်ပါလာ၏။

စောင်းပိုက်ဆရာတော် အကြီးအကျယ် စိတ်လှုပ်ရှားလျက်ရှိသည်။ လှိုင်းများကဲ့သို့ ဘောင်ဘင်ခတ် လှုပ်ရှားနေသော သူ့စိတ်များကို ဆရာတော်သည် မနည်းတည်ငြိမ်အောင် ကြိုးစားနေရသည်။ ဆရာတော်၏ မျက်လုံးများကျရောက်နေသည့် အရာမှာ ဝမ်မြောင်သခင်မလည်း မဟုတ်။ ဒေါင်းဖြူလည်း မဟုတ်ချေ။ ဒေါင်းဖြူ၏ ရင်ဝယ်ပိုက်လျက်ရှိနေသော စောင်းကြီးပေတည်း။

သခင်မဝမ်မြောင်သည် ဒေါင်းဖြူ၏ ရင်ခွင်ထဲမှ စောင်း



ကြီးကို ယုယုယယယူငင်ပြီးသူ၏ စားပွဲပေါ် သို့တင်လိုက်၏။ ယခင်က စောင်းများကို သူမသည် ယခုကဲ့သို့ တယုတယ မကိုင်ခဲ့ချေ။

စောင်းပိုက်ဆရာတော်သည် မတ်တတ်ထရပ်လိုက်ပြီး လက်လှမ်းလိုက်လေ၏။

"ဝမ်မြောင်သခင်မပြောတာ ဒီစောင်းလား၊ ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်ခဏလောက် လေ့လာပါရစေ"

ဝမ်မြောင်သခင်မသည် စောင်းကို ဆရာတော်၏ လက်ထဲသို့ မပေးဘဲ သူမဘက်သို့ ဆွဲယူလိုက်သည်။

ထိုအပြုအမူကြောင့် အားလုံးပင် အံ့သြသွားကြ၏။ လက်လှမ်းနေသော စောင်းပိုက်ဆရာတော်ပင် ရှက်ဖွယ် ဖြစ်သွားရသည်။ သို့သော် ... ဆရာတော်က ဣန္ဒြေရရပင် သူ့ထိုင်ခုံ၌ ပြန်ထိုင်လိုက်၏။

ဝမ်မြောင်သခင်မသည် သူမ၏ ရွှေဟောင်းစောင်းကို ဆရာတော်လက်သို့ ပေးမကိုင်လိုသည်မှာ ထင်ရှားနေချေပြီ။

ဝမ်မြောင်သည် စောင်းကြီးကို ရင်ခွင်ထဲပွေ့ပိုက်ပြီး...

"ဆရာတော် စမ်းသပ်တီးခတ်နေတာတွေ များနေပါပြီ၊ ဒီတစ်ခါတော့ ဆရာတော့်ကိုယ်စား ကျွန်မကပဲ စမ်းသပ်တီးခတ်လိုက်ပါမယ်၊ ဆရာတော့်ကိုလဲ အားနာလှပါပြီလေ၊ ကျွန်မတီးခတ်နေချိန်မှာ ဘာတွေချို့ယွင်းတယ်၊ ဘာတွေလိုအပ်တယ်ဆိုတာ ဆရာတော်နားထောင်ပြီး သွန်သင်ပြုပြင်ပေးပါနော်"

ဆရာတော်က ပြုံးရယ်ပြီး ခေါင်းညိတ်လိုက်လေ၏။ ဆရာတော်သည် အတွေ့အကြုံရင့်ကျက်လှပြီဖြစ်၍ မည်သည့်အချိန်မျိုး၌

မည်သို့ မျက်နှာထားရမည်ကို ကောင်းစွာသိသည်။ ဝမ်မြောင်က သူမ၏ စောင်းကို သူ့လက်ထဲ ထည့်မပေးလိုခြင်း၏ သဘောရင်းကို ကောင်းစွာ သိလိုက်ပြီဖြစ်၍ ဆရာတော်က ထမ်မံမတောင်းတော့ပေ။

"ရပါတယ်. . . ရပါတယ်. . .၊ တီးပါ. . . တီးပါ၊ ကျုပ်နားထောင်ပြီး တတ်နိုင်သလောက် ကူညီပါ့မယ်"

ဝမ်မြောင်က ကျေကျေနပ်နပ်ပြုံးပြလိုက်ပြီး စောင်းကို စတင် တီးခတ်လေတော့၏။ သူမ၏ သွယ်ပျောင်းသော လက်များသည် စောင်းကြိုးများပေါ်၌ဟိုသည်ပြေးလွှားနေ၏။ စောင်းသံသည် ထွက်ပေါ်လာသည်။

ခန်းမဆောင်ထဲရှိ လူအားလုံး၏ မျက်နှာများသည် တအံ့တသြ ဖြစ်ကုန်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဝမ်မြောင် သခင်မ၏ လက်သံသည် ကပေါက်တိကပေါက်ချာရှိလှသောကြောင့်တည်း။ အံ့သြသူများကိုလည်း အပြစ်မဆိုသာချေ။ သူတို့သည် ဝမ်မြောင်သခင်မ၏ စောင်းပညာ စောင်းဗဟုသုတ များကို ထိုက်သင့်သမျှသိထားကြသူများဖြစ်၍ သခင်မ၏လက် သံသည် ဤသို့ ပုံပျက်ပန်းပျက် ဖြစ်နေလိမ့်မည်ဟု လုံးဝ ထင်မထားမိခဲ့ကြချေ။

စောင်းပိုက်ဆရာတော်မှာလည်း မျက်မှောင်ကြုတ်သွားရသည်။ ဝမ်မြောင်သခင်မ တီးခတ်ပုံကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ သခင်မသည် ဤမျှညံ့ဖျင်းရလေသလော။

ဆရာတော်ကား အပွေးမြင် အပင်သိသူဖြစ်၏။ မည်သည့်စောင်းမဆို သာမန်အားဖြင့် တီးခတ်လျှင် ထိုက်သင့်သမျှ



တော့ သာယာနာပျော်ဖွယ်ရာ ရှိသည်ချည်းသာ။ ယခုတော့ ဝမ်မြောင်သခင်မ၏ လက်သံမှာအားလုံးအတွက် နားမခံသာစရာ။

ဆရာတော်အနေနှင့် သိပြီးဖြစ်သောအချက်မှာ ဤစောင်းသည် စောင်းကြိုးကိုးကြိုးရှိသဖြင့် လျှို့ဝှက်ဂီတသံစဉ် ကိုးကွက်ဖြင့် တီးခတ်လျှင် အရှေ့ကျွန်းသိုင်းထိပ်သီးပလွေသံရှင်၏ ပလွေသံကဲ့သို့ လူတိုင်း၏ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်မည် ဆိုခြင်းကိုပင်။

ယခုကား လျှို့ဝှက်သံစဉ်ဖြင့်လည်းမတီး၊ သာမန်တီးခတ်၍လည်း နားထောင်မကောင်း ဖြစ်နေခြင်းကြောင့် ဆရာတော် မျက်မှောင်ကြုတ်မိခြင်း ဖြစ်တော့သည်။

ဝမ်မြောင်သခင်မကား ခန်းမထဲမှလူများ ဘာဖြစ်နေကြသည် ကို သတိမထားပေ။ သူမ၏စောင်းကိုသာ ဆက်လက်တီးခတ်နေသည်။ ဤသို့ဖြင့် သီချင်းတစ်ပုဒ် ပြီးဆုံးသွား၏။ အခန်းထဲမှ လူအားလုံး ဟင်းချကြသည်။ ယခုမှ နားသက်သာရသွားကြသည် မဟုတ်ပါလား။ မည်သူမျှ အားနာပါးနာ သြဘာမပေးကြပေ။ တစ်ခန်းလုံး တိတ်ဆိတ်နေကြသည်။

ဝမ်မြောင်သခင်မက ဆရာတော်အား လှမ်းကြည့်လိုက်ပြီး. . .

"ဆရာတော်. . . ဘယ့်နှယ်လဲ၊ ကျွန်မရဲ့ စောင်းပညာကတော့ နတယ်၊ ဆရာတော့်ကို မမီဘူး၊ ဆရာတော် ဘာများပြုပြင်စရာတွေ့ပါသလဲ"

ဆရာတော်က ခေါင်းကို ခါယမ်းလိုက်၏။

"စောင်းပညာနဲ့ မဆိုင်ပါဘူး၊ ကျုပ်စိတ်ထင်တော့ ဒါက

စောင်းရဲ့ ချို့ယွင်းချက်ပဲ"

ဝမ်မြောင်သခင်မ အံ့ဩသွား၏။

"စောင်းရဲ့ ချို့ယွင်းချက် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်နားထဲမှာ ထူးထူးခြားခြား ဒုက္ခပေးနေတဲ့အသံက အလယ်က စောင်းကြိုးနှစ်ချောင်းပဲ"

ဝမ်မြောင်သခင်မသည် စောင်းပိုက်ဆရာတော်ကို မမြင်ဘူးသကဲ့သို့ ငေးကြည့်မိလေ၏။

သူမသည် ဆရာတော်အား မချီးကျူးဘဲ မနေနိုင်တော့ပါ။ ယခင်ကလည်း စိတ်ထဲမှ ချီးကျူးခဲ့သည်သာ။ ယခုလည်း စိတ်ထဲမှ လှိုက်လှဲစွာ ချီးကျူးမိပြန်တော့သည်။

"ဆရာတော်ဟာ စောင်းပညာမှာ တုယှဉ်လို့ မရတဲ့ ပညာရှင်ကြီးပါပဲ၊ အဲဒီစောင်းကြိုးနှစ်ကြိုး ချို့ယွင်းနေတယ် ဆိုတာကို ဘယ်လိုသိပါသလဲ ဆရာတော်"

ဆရာတော်က ပြုံးလိုက်၏။

"ဝမ်မြောင်သခင်မက တကယ်ပဲ မသိလို့လား ၊ သိလျက်သားနဲ့ တမင်မသိချင်ယောင်ပြီး တီးခတ်နေသလားတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာကတော့ အခန်းထဲကလူတွေအားလုံး သခင်မတီးတဲ့ စောင်းလက်သံကို မသက်မသာ နားထောင်နေကြတယ် ဆိုတာပါပဲ'

ဝမ်မြောင်သခင်မသည် ဟက်ဟက်ပက်ပက် ရယ်မော လေတော့၏။

"ဆရာတော်က တကယ်ပွင့်လင်းတာပဲ"



"ဝမ်မြောင်သခင်မလိုလူမျိုး တီးခတ်ရင် ဘယ်စောင်းမဆို သာသာယာယာ အသံထွက်ရမှာပါ၊ အခု ရှေးဟောင်းစောင်းကျတော့ အသံမထွက်ဘူး၊ နားမခံသာတဲ့ အသံတွေ ထွက်နေတယ်၊ ဒါက သာမာန်လူပြိန်းတွေ သိနိုင်တဲ့အခြေအနေပါ၊ ကျုပ်နားထဲကျတော့ အလယ်ကစောင်းကြိုးနှစ်ချောင်း ဒုက္ခပေးနေတယ်ဆိုတာ နားကြောအာရုံနဲ့ပဲ သိလိုက်ပါတယ်"

ဝမ်မြောင်သခင်မသည် ဆရာတော်အား ဦးညွှတ်ဂါရဝပြုလိုက်၏။

"ချီးကျူးထိုက်ပါပေတယ်"

သူမသည် ဒေါင်းဖြူကို လှမ်းကြည့်လိုက်ရာ ဒေါင်းဖြူက သူမ၏ အတွင်းအိတ်ထဲမှ စောင်းကြိုးနှစ်ချောင်းကို ထုတ်ယူပြီး ဝမ်မြောင်သခင်မကို လှမ်းပေးလိုက်လေ၏။

ဝမ်မြောင်သခင်က စောင်းကြိုးနှစ်ချောင်းကို လှမ်းယူပြီး စောင်းမှ ကြိုးဟောင်းနှစ်ချောင်းကို ဖြုတ်ယူလိုက်သည်။ ထို့နောက် ဒေါင်းဖြူပေးသည့် ကြိုးနှစ်ချောင်းကို တပ်ဆင်လိုက်၏။

ဝမ်မြောင်က စောင်းပိုက်ဆရာတော်အား တောင်းပန်လိုက်၏။

"ကျွန်မကို ခွင့်လွှတ်ပါဆရာတော်၊ အလယ်က စောင်းကြိုးနှစ်ချောင်းကို ကျွန်မလဲထားလိုက်တာပါ၊ အခု မူလစောင်းကြိုးနှစ်ချောင်းကို ပြန်တပ်ဆင်လိုက်ပါပြီ"

ဆရာတော်က ပြုံးနေ၏။ ဝမ်မြောင်သခင်မသည် ဆရာတော်၏ စောင်းပညာကို စမ်းသပ်လိုက်ခြင်းသာဖြစ်ပါ၏။

"ကျွန်မ သီချင်းတစ်ပုဒ်တီးပါမယ်၊ ဆရာတော်နားထောင်ကြည့်ပါဦး"

ဝမ်မြောင်သခင်မသည် သီချင်းတစ်ပုဒ် တီးခတ်လေ၏။ သီချင်းသံသည် မြူးကြွနေ၏။ သခင်မ၏ ဖြူသွယ်သော လက်ချောင်းကလေးများသည် စောင်းကြိုးများပေါ်၌ လိပ်ပြာကလေးများ ပျံသန်းသည့်နှယ် လူးလာဆန်ခတ် ကူးသန်းနေ၏။ စောင်းသံကား သာယာလှ၏။ ဤသို့ဖြင့် သီချင်းတစ်ပုဒ်ဆုံးသွားလေ၏။

တစ်ခန်းလုံးက အုန်းအုန်းကျွက်ကျွက် လက်ခုပ်တီးအားပေးကြသည်။ စောင်းပိုက်ဆရာတော်ကလည်း လိုက်လှဲစွာ လက်ခုပ်တီးအားပေးသည်။

"ဝမ်မြောင်သခင်မရဲ့ စောင်းလက်သံဟာသာယာလှပါပေတယ်၊ စောင်းပညာကလဲ အဆင့်အတန်းမြင့်ပါပေတယ်"

ဆရာတော်က ရိုးရိုးသားသားပင်ချီးကျူးလိုက်ရာ ဝမ်မြောင်သခင်မက ဦးညွတ်ဂါရဝပြုလေ၏။

"ဒေါင်းမြူ . . ဒီစောင်းကိုဆရာတော်ရှေ့ ပို့ပေးလိုက်စမ်း"

ဒေါင်းမြူကစောင်းကိုဆရာတော်ရှေ့ ယူချပေးလိုက်သည်။

ဆရာတော်သည် စောင်းကို ယုယစွာပွတ်သပ်ကိုင်တွယ်ပြီး ဂီတပညာရှင် စန်းစန်း၏ ကွမ်းလင်စန်း တေးသီချင်းကို တီးခတ်လိုက်လေ၏။ တေးသံဆုံးသွားသောအခါ ဝမ်မြောင်သခင်မက တအံ့တသြ မေးမြန်းလေ၏။

"ဒီကွမ်းလင်စန်းသီချင်းဟာ စန်းစန်းနဲ့ အတူ ပျောက်ဆုံးသွားခဲ့တဲ့ သီချင်းမဟုတ်လား၊ ဆရာတော် ပြုလုပ်သမျှတွေဟာ



ကျွန်မအဖို့တော့ အံ့သြစရာချည်းဖြစ်နေပါပြီ"

စောင်းပိုက်ဆရာတော်က ခေါင်းညိတ်ပြ၏။

"မှန်တယ် . . . . ကွမ်းလင်စန်းသီချင်းဟာ တကယ်လဲ ပျောက်ဆုံးသွားခဲ့ပါတယ်၊ ကျုပ် ရလာခဲ့တာကတော့ ရှေနန်း တော်ထဲကမူပါ၊ ဒါတောင်အပြည့်အစုံမဟုတ်ပါဘူး၊ သံစဉ်အချို့ ပျောက်နေပါတယ်၊ဝမ်မြောင်သခင်မ သေသေချာချာ နားမထောင်လိုက်လို့ အဲဒီသံစဉ်ပျောက်နေတာကို သတိ မထားမိတာပါ"

"ကျွန်မတော့ ဘာချို့ယွင်းချက်မှ မတွေ့မိပါဘူး"

"ထားပါတော့လေ၊ ဒါဟာငြင်းစရာမဟုတ်ပါဘူး"

ဝမ်မြောင်သခင်မက ကျေနပ်အားရစွာ ပြောလိုက်၏။

"အင်း . . . အိုမေဂိုဏ်းချုပ်ကြီးဆီက အတွင်းအားပညာ သင်ပြီးရင်တော့ ဆရာတော်ဆီက စောင်းပညာဆက်သင်ရဦးမယ်၊ ဖြစ်ပါတယ်နော်"

"မဖြစ်စရာမရှိပါဘူး၊ ကျုပ် ဒီစောင်းကို နောက်ထပ် သီချင်းတစ်ပုဒ်နှစ်ပုဒ်လောက် တီးပါရစေဦးနော်"

ဝမ်မြောင်သခင်မကလည်း ခေါင်းညိတ်လိုက်၏။

"ဖြစ်ပါတယ် . . . ဆရာတော်လက်သံကိုလဲ သေသေချာချာ နားထောင်ချင်ပါသေးတယ်"

ဆရာတော်သည် သာယာ နာပျော်ဖွယ်ကောင်းလှသည့် သာမာန် တေးသီချင်းတစ်ပုဒ်ကို ဆက်တိုက်တီးခတ်ပြလေရာ အားလုံးပင် ငြိမ်သက်စွာ နားထောင်နေကြလေ၏။

* * * * *

## အခန်း (၅၂)

## သျှို့ငှက်သံစဉ် ကိုးကွက်

ဆရာတော်သည် သီချင်းနှစ်ပုဒ်ကို တီးပြီးသောအခါ ကွေ့မိန်အား မသိမသာကြည့်လိုက်၏။ ကွေ့မိန်မှာ ဆရာတော် အရိပ်အခြည်ကို ကြည့်နေသူဖြစ်ရာ ချက်ချင်းပင်အကြည့်ဖြင့် မေးခွန်းထုတ်လိုက်သည်။

ဆရာတော်သည် မျက်လုံးများဖြင့် တစ်စုံတစ်ခုကို ပြောနေသည်။ ဆရာတော် ဘာပြောသည်ကိုမူ ကွေ့မိန် နားမလည်ဘဲဖြစ်နေ၏။

ဆရာတော်မှာ နှုတ်မှဖွင့်ပြောရန် အခက်အခဲဖြစ်နေပုံရ၏။ ထိုအချက်ကို ဆံဖြူဘွားဘွားကွေ့မိန် ရိပ်မိသည်။

"ဆရာတော်. . . စောစောက ကွမ်းလင်စန်း တေးသီချင်းမူရင်းကို တပည့်တော်မကို ရေးပေးပါဘုရား"

"ဩော်. . . ကျုပ်က ဝမ်မြောင်သခင်မသာ ဒီသီချင်းကို



စိတ်ဝင်စားတယ်မှတ်နေတာ၊ ခင်ဗျားကလဲ ဒီသီချင်းကို စိတ်ဝင်စားနေတာကိုး"

"တပည့်တော်မ စိတ်ဝင်စားတာက ဂီတပညာရှုထောင့်က မဟုတ်ပါဘူး၊ သိုင်းပညာရှုထောင့်ကပါ၊ တကယ်တော့ ဒီသီချင်းဟာ မြုပ်ကွက်ဖြစ်နေတဲ့. . ."

"ဟား. . . ဟား. . . . ဟား"

ဆရာတော်က ကွေ့မိန်၏ စကားမဆုံးမီ တဟားဟားရယ်လေတော့၏။

"တားပါတော့၊ နောက်ဆက်တွဲ စကားကိုမပြောပါနဲ့တော့" ဆရာတော်က. . .

"ဝမ်မြောင်သခင်မလဲ ဒီတေးသီချင်းကို ယူဦးမလား၊ ယူမယ်ဆိုရင် မင်တံနဲ့ စာရွက်သုံးရွက်လောက် ပေးစမ်းပါ"

ဝမ်မြောင်သခင်မက ဝမ်းသာအားရပင် ဒေါင်းဖြူအား မင်တံနှင့် စာရွက်များယူခိုင်းလိုက်၏။

ဆရာတော်သည် စောင်းကို ဘေးချကာ သီချင်းစာရွက်နှစ်ရွက်ရေးပြီး တစ်ရွက်ကို ဝမ်မြောင်သခင်မအား ပေးလိုက်၏။ တစ်ရွက်ကို ကွေ့မိန်အားပေးလေ၏။

ကွေ့မိန်၏ သီချင်းစာရွက်ပေါ်တွင်ကား. . .

"တတ်နိုင်သမျှ နားကို ပိတ်ဆို့ထားပါ၊ လီရှုန်ရှုန်နဲ့ ရက်ချိန်းချိန်းတို့ရဲ့ နားကို တစ်ခုခုနဲ့ ပိတ်ဆို့ပေးပါ"

ကွေ့မိန်သည် အလွန်တရာ လျင်မြန်လှ၏။ ဝမ်မြောင်သခင်မနှင့် သူလူအားလုံး တေးသီချင်းစာရွက်ကို စိတ်ဝင်စားနေ

ခိုက် သူမ၏ အတွင်းအိတ်ထဲမှ အဝတ်စအချို့ကို ဆွဲထုတ်ယူကာ လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့၏ နားထဲသို့ တင်းကျပ်စွာပိတ်ဆို့ ထိုးသွင်းလိုက်သည်။

ဆရာတော်၏ စောင်းသံ ပြန်ထွက်ပေါ်လာသောအခါ ဝမ်မြောင်တို့အုပ်စု ခေါင်းပြန်မော့လာလေ၏။

"တချို့ သံစဉ်တွေ ကျုပ်တီးခတ်ပြပါဦးမယ်၊ ဝမ်မြောင် သခင်မ မှတ်ထားပါဦး"

ဆရာတော်သည် သူ၏ လျှို့ဝှက်သံစဉ် ကိုးကွက်ကို စတင် တီးခတ်တော့သည်။

ထိုလျှို့ဝှက်သံစဉ် ကိုးကွက်ကား သာမန်ဂီတသံစဉ် မဟုတ်ပေ။ အတွင်းအားပညာဖြင့် တွဲဖက်တီးခတ်ရသော ဂီတသံစဉ်များ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် သိုင်းပညာနှင့်ဂီတကို တွဲဖက်ထားသည့် သံစဉ် ဖြစ်ပေသည်။ ထိုလျှို့ဝှက်သံစဉ်များသည် စောင်းပိုက်ဆရာတော် ထုတ်သုံးမည့် လက်နက်များဖြစ်၏။ ထိုလက်နက်များ၏ဒဏ်ကို ကွေ့မိန်၊ လီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့ မခံရစေရန် ဆရာတော် သတိပေးခဲ့ရခြင်း ဖြစ်သည်။

ဆရာတော်၏ စောင်းသံသည် ပထမဦး သာယာနာပျော်ဖွယ် ကောင်းနေသည်။

သို့သော်. . . သို့သော် . . . .

အသံလှိုင်းဟူသည် အမျိုးမျိုးရှိလေ၏။ လက်ဖြင့်တီးခတ်သံဖြစ်သော်လည်း အတွင်းအားထုတ်၍ တီးခတ်ခြင်းဖြစ်၍ စောင်းကြိုးမှ တုန်ခါထွက်လာသော အသံလှိုင်းများသည် သာမာန် အသံများနှင့်မတူဘဲ တုန်ခါမှုများပြားသော အသံများ ထွက်ပေါ်လာ၏။

ထိုအသံများကို အတွင်းအားဖြင့် ထိန်းလိုက်ပြန်ရာ ထိုအသံလှိုင်းများ၏ အသံသည် ထွက်ပေါ်မလာဘဲ ငုပ်လျှိုးသွားသည်။ အသံမထွက်သည့် လှိုင်းများဖြစ်ပေါ်လာသည်။

လျှို့ဝှက်သံစဉ် ကိုးကွက်ဖြင့် တီးခတ်ဖော်ထုတ်လိုက်ရာ ထိုအသံလှိုင်းများသည် ကြောက်မက်ဖွယ်ရာ လက်နက်ဖြစ်လာတော့သည်။

ဝမ်မြောင်တို့ လူစုမှာ ဆရာတော်၏ ပရိယာယ်ကို မသိကြသဖြင့် အစွမ်းကုန်နားဖွင့် နားစွင့်နေကြ၏။ ထိုအချိန်မှာပင် ဆရာတော်က လျှို့ဝှက်သံစဉ်ကိုးကွက်ဖြင့် တိုက်ခိုက်တော့သည်။

ဝမ်မြောင်နှင့် သူမ၏ အဖော်ထိပ်တန်း သိုင်းပညာရှင်တို့မှာ အလစ်ထိုးနှက်ခံလိုက်ရသဖြင့် ဦးခေါင်းတစ်ခုလုံး ကိုက်ခဲလာသည်။ နားများအူကုန်သည်။ ရုတ်ခြည်းအားအင် ဆုတ်ယုတ်သကဲ့သို့ ခံစားလိုက်ရကာ ကြမ်းပြင်ပေါ်သို့ တဝုန်းဝုန်း လဲကျကုန်တော့သည်။

ဤကား အတွင်းအားကောင်းသော ခေါင်းဆောင်ပိုင်းမှ ခံစားရပုံ ဖြစ်သည်။ အတွင်းအားနည်းသော ငယ်သားပိုင်း ခံစားရပုံကား မသက်သာလှချေ။

ငယ်သားအားလုံးပင် နားစည်များပေါက်ကုန်၏။ နားထဲမှ သွေးများယိုစီးကျလာ၏။ အရူးသဖွယ် ပြေးလွှားကြပြီးမှ တဝုန်းဝုန်း လဲကျကုန်သည်။

ထိုစဉ် ဝမ်မြောင်သည် သတိကို ထိန်း၊ အတွင်းအားကို

စုစည်းကာ လဲကျနေရာမှ ဒယီးဒယိုင်ထလာ၏။

ဆရာတော်သည် စောင်းကြီးကို ပိုက်ရင်းမှ ကွေ့မိန်အား လက်ဟန်ခြေဟန်ဖြင့်ပြသည်။ ဂူထဲမှပြေးကြမည်ဟူလို။

ဝမ်မြောင်သခင်မသည် အခြေအနေကို ရိပ်မိသွားသည်။

"ရှင်တို့ ပြေးလို့ လွတ်မယ်ထင်သလားဟင်"

"ဘာဖြစ်လို့ မလွတ်ရမှာလဲ"

စောင်းပိုက်ဆရာတော်က အော်ဟစ်ရင်း ကြီရှန်ရှန်နှင့် ရက်ချိန်းချိန်းတို့အား ထိန်းမတ်ပေးလိုက်လေ၏။

ထိုစဉ်. . .

"ဝုန်း. . ."

ဒေါင်းရုပ်ပုံ ထွင်းထုထားသည့် ကုလားထိုင်နောက်မှ နံရံသည် ပေါက်ကွဲလွင့်စဉ်ကာ အုတ်အကျိုး အပဲ့များ ပျံလွင့်လာလေတော့၏။

ထိုပေါက်ကွဲသံကြောင့် ဆရာတော်၏ စောင်းတီးခတ်မှုလည်း ရပ်ဆိုင်းသွားရလေ၏။

ရပ်ကျန်နေသူအားလုံးပင် ထိုပွင့်ထွက်သွားသည့် အပေါက်ကြီးကို လှမ်းကြည့်မိကြသည်။

လူနှစ်ယောက်. . .

နှစ်ယောက်သော လူသားနှစ်ဦးသည် ထိုအပေါက်တွင် မားမားကြီး ရပ်နေကြလေ၏။

ထိုနှစ်ယောက်ကား ထိုက်ချင်နှင့် မုတ်ဆိတ်မွေးဖြူဖြူ အသက်ရှစ်ဆယ်ခန့်ရှိသော အဘိုးအိုကြီး တစ်ဦးတို့ပေတည်း။



ထိုက်ချင်သည် သူ့ဆရာတော်နှင့် လူဂုကွဲပြီး ဥမင်လိုဏ် ခေါင်းအတိုင်းလျှောက်သွားရာ နောက်ဆုံးတွင် လူထူးလူဆန်း အဘိုးအိုတစ်ယောက်နှင့် တွေ့ဆုံခဲ့ရပေသည်။

ထိုအဘိုးအိုမှာ လွတ်လပ်စွာနေခွင့် ရသူမဟုတ်ပေ။ ခြေထောက်နှင့် လက်များကို သံကွင်းသံကြိုးများဖြင့် ချိတ်ဆွဲထိန်းချုပ်ထားပြီး ခန္ဓာကိုယ်တစ်ပိုင်းကို ရေထဲရောက်နေစေရန် စီမံထားခြင်းခံရသူ အကျဉ်းသားတစ်ဦး ဖြစ်နေလေ၏။

ထိုလူထူးလူဆန်းအဘိုးအိုကား ရေနက်ချောက်ကမ်းပါး ရေနန်းတော်အဆောက်အအုံကို ဥမင်၊ လိုဏ်၊ ဂယ်ပေါက် အဆောင်ဆောင်တို့ဖြင့် အံ့ဩဖွယ်တည်ဆောက်ခဲ့သည့် ဗိသုကာပညာရှင်ကြီးပင် ဖြစ်လေတော့သည်။

ဝမ်မြောင်ကား ရုပ်ရည်ချောမောသလောက် စိတ်ထားကြမ်းကြုတ်ရက်စက်သူတစ်ဦးဖြစ်ပေသည်။

ရေနန်းတော်အဆောက်အအုံပြီးစီးသည်နှင့် ထိုဗိသုကာပညာရှင်ကြီးကို သတ်ပစ်မည်ဟု ဝမ်မြောင် စီစဉ်ခဲ့သည်။ သို့သော် နောက်ထပ်အဆောက်အအုံများ ဆောက်လုပ်ရန် စိတ်ကူးအကြံဉာဏ်ပေါ်လာသဖြင့် မသတ်သေးဘဲ ခေတ္တ ဆိုင်းငံ့ထားခြင်းဖြစ်ပေသည်။

ထိုပညာရှင်ကြီးသည် ရေနန်းတော်မှ ယန္တရားခလုတ်ဟူသမျှတို့ကို သူကိုယ်တိုင်ပြုလုပ်ခဲ့သူဖြစ်ရာ မည်သည့် နေရာတွင် မည်သည့်ခလုတ်ရှိကြောင်း အသေအချာ သိရှိသူဖြစ်ပေသည်။ ထိုက်ချင်သည် ထိုအကြောင်းများကိုသိသည်နှင့် အဘိုးအို၏

ခြေနှင့်လက်မှ သံကြိုးများကို ခက်ခဲစွာ ဖြတ်တောက်ပေးရတော့သည်။ သို့သော် လက်မှသံကွင်းများကိုကား မဖြတ်နိုင်ရှာပေ။ သို့ရာတွင် အဘိုးအိုအတွက် လက်မှသံကွင်းများကား အနှောင့်အယှက်ကြီး မဟုတ်လှပေ။

ထိုအဘိုးအို၏ လမ်းပြမှုဖြင့် ထိုက်ချင်သည် ယမ်းမှုန့်များထားရာ သိုလှောင်ခန်းသို့ ရောက်ခဲ့ပြီး ရေနန်းတော်ခန်းမဆောင် အဆောက်အအုံကို ထိုယမ်းမှုန့်များဖြင့် နှဖောက်ခွဲဝင်ရောက်လာနိုင်ခြင်းဖြစ်တော့သည်။ သူတို့ ရောက်လာသည့်အချိန်မှာလည်း တိုက်တိုက်ဆိုင်ဆိုင် အချိန်ကောင်းဖြစ်နေတော့သည်။

စောင်းပိုက်ဆရာတော်၏ စောင်းသံရပ်ဆိုင်းသွားသောအခါ ဝမ်မြောင်က မူလပကတိ အခြေအနေသို့ ရောက်ရှိသွားတော့၏။ သူမသည် အခွင့်အရေးကို လက်လွှတ်မခံပေ။ ချက်ချင်းပင် ဆရာတော်ဆီ ခုန်ပျံလာပြီး တိုက်ခိုက်လေ၏။

ထိုစဉ် ပေါက်ကွဲသံကြီးများ တဝုန်းဝုန်းဆက်တိုက်ကြားလိုက်ရကာ အဆောက်အအုံ၏ ခေါင်မိုးအချို့နှင့် ကျောက်တုံးကြီးများ ပြိုကျလာလေတော့သည်။

ခန်းမဆောင်အတွင်းသို့ ရောက်ရှိလာသည့် ဝမ်မြောင်၏ ဘက်တော်သားအချို့မှာ ဆရာတော်တို့ အုပ်စုကိုမတိုက်ခိုက်နိုင်တော့ပေ။ ပြိုကျလာသည့် ကျောက်တုံးများ မထိခိုက်စေရန် ကြောက်လန့်တကြားပြေးထွက် သွားကြတော့သည်။ သူတို့ကြောက်မည်ဆိုလျှင်လည်း ကြောက်လောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရေနန်းတော် ညှိခန်းဆောင်တစ်ခုလုံးမှာ



လျှော်လှုပ်ခါသကဲ့သို့ သိမ့်သိမ့်တုန်နေသောကြောင့်ပေတည်း။

ထိုအချိန်မှာပင် ရေနက်ချောက်ကမ်းပါး၏ အရှေ့ဘက်တံခါးမကြီး ပွင့်ထွက်သွားပြီး နေပြည်တော်မှ စစ်သည်ရဲမက်တော်များကို ဦးဆောင်လာသည့် စီအစ်ဖိန်းသည် ထိုတံခါးမှ ညာသံပေးအော်ဟစ် ဝင်ရောက်လာလေတော့သည်။

တကယ်တော့ ရေနက်ချောက်ကမ်းပါးရှိ ရေနန်းတော်သခင်မ ဝမ်မြောင်နှင့် သူမ၏ မိတ်ဆွေများမှာ ဆရာတော်စောင်းပိုက်၏ လျှို့ဝှက်သံစဉ်ကိုးကွက်ကြောင့်အထိ အနာကြီးနာခဲ့ကြရသည်။ ရေနက်ချောက်ကမ်းပါး၏ စောင့်ရှောက်ရေးမှူးမှာပင် ခန်းမကြီးထဲတွင် လဲကျသတိမေ့လျက်ရှိလေပြီ။

တစ်ဖန် ထိုက်ချင်နှင့် ဗိသုကာပညာရှင် အဘိုးအိုတို့၏ လက်ချက်ကြောင့် အရေးကြီးသည့် ဥမင်အခန်းတို့မှာလည်း တဝုန်းဝုန်းပေါက်ကွဲလျှက် ရှိနေလေပြီ။

အကယ်၍ ဦးစီးကွပ်ကဲမည့်သူများသာ ရှိနေလျှင် စီအစ်ဖိန်းနှင့် နေပြည်တော်မှ စစ်သည်ရဲမက်များသည် ဤသို့ လွယ်လွယ်ကူကူ ဝင်ရောက်နိုင်မည်မဟုတ်ချေ။

ယခုကား ရေနက်ချောက်ကမ်းပါး ရေနန်းတော်မှာ အပြိုပြိုအလဲလဲဖြင့် ပျက်စီးသွားရပေတော့သည်။

* * * * *

## အခန်း [၅၃]

## ကြေကွဲတစ်ခြမ်း ဝမ်းသာတစ်ဝက်

ရေနက်ချောက်ကမ်းပါး တိုက်ပွဲကြီးဖြစ်ပြီး နောက်ငါး ရက်မြောက်သောနေ့တွင် သူဌေးကြီး ရက်လျှံတန်း၏ နေအိမ်သို့ လူတစ်စု ရောက်ရှိလာကြ၏။ ထိုပျော်ပျော်ရွှင်ရွှင် ရောက်ရှိလာ သော လူစုတွင် ပုဂ္ဂိုလ်တစ်ဦး ယုတ်လျော့နေသည်။ ထိုသူမှာ စောင်းပိုက်ဆရာတော်ပင် ဖြစ်ပါတော့သည်။

ရက်လျှံတန်းသည် ထိုလူစုကို အိမ်တံခါးမကြီးဖွင့်လျက် ကြိုဆိုလေ၏။

"ဖေဖေ. . . မေမေ"

"သမီး. . . . သမီး"

ရက်ချိန်းချိန်းသည် သူ့ဖခင်နှင့် မိခင်တို့ကို ပြေး၍ပွေ့



ဖက်လေ၏။

မိဘနှင့် သားသမီးတို့၏ ဝမ်းသာအားရတွေ့ဆုံပွဲကို ကြည့် ပြီး ထိုက်ချင်ရင်ထဲ ဆို့နင့်လာသည်။ သူမှာ မိဘမဲ့တစ်ကောင် ကြွက်ဖြစ်နေခဲ့သည် မဟုတ်ပါလော။

ထိုအုပ်စု အိမ်ထဲဝင်လာရာ၌ ထိုက်ချင်မှာ နောက်ဆုံးမှ ဖြစ်သည်။ ထိုက်ချင်သည် ရက်ချိန်းချိန်းနှင့်သူမိဘများ ဝမ်းသာ ရွှင်မြူးစွာ တွေ့ဆုံပွဲကို တွေ့ရသောအခါ စိတ်ထိခိုက်ပြီး နောက် ပြန်ဆုတ်သွားရာ သူ့ကို မည်သူမျှသတိမပြုမိကြချေ။ အားလုံးက သတိပြု ကြည့်ရှုနေကြသည်မှာ ရက်ချိန်းချိန်းတစ်ယောက်တည်း သာ ဖြစ်သည်မဟုတ်ပါလော။

ထိုက်ချင်လွန်စွာ ဝမ်းနည်းနေ၏။

သူ့ဘဝဆိုသည်မှာ သူတစ်ယောက်တည်းပင်ဖြစ်တော့ သည်။

သူ့ဆရာ စောင်းပိုက်ဆရာတော်မှာ ဝမ်မြောင်နှင့် တိုက် ခိုက်ရင်း လျှို့ဝှက်လိုဏ်ခေါင်းထဲလိမ့်ကျသွားသည်။နှစ်ယောက် စလုံး ပြန်ပေါ်မလာတော့ပေ။

သူတို့နှင့်အတူ စောင်းပိုက်ဆရာတော်သည် သူပြန်ရပြီ ဟု ထင်ထားသည့် တိမ်ဆက်တောင်မှ ပျောက်ဆုံးသွားသည့် စောင်းကြီးလည်း ဆရာတော်၊ ဝမ်မြောင်တို့နှင့်အတူ လျှို့ဝှက် လိုဏ်ခေါင်းအတွင်းကျရောက် ပျောက်ကွယ်သွားခဲ့ပေသည်။

ယခင်က သူ့အားကိုးရာ၊ မှီခိုရာမှာ စောင်းပိုက်ဆရာ တော်ဖြစ်သည်။ ယခုသော် သူ့အားကိုးရာ ဆရာတော်မရှိတော့

ပြီ။ တိမ်ဆက်တောင်ပြန်သွား၍လည်း သူ့အဖို့ အကျိုးမရှိတော့ပေ။ သူ၏ပညာသင်ဘက် ညီအစ်ကိုများ၏ နှိပ်စက်မှုကိုသာ သူခံရပေတော့မည်။

ထိုက်ချင် မျက်ရည်ဝဲရလေပြီ။ သူသည်ဝမ်းနည်း ကြေကွဲသောစိတ်၊အားငယ်သော အငိုကျန်သော စိတ်များဖြင့် ခေါင်းငုံ့ပြီး ခြံဝမှ ထွက်လာခဲ့လေ၏။

ခြံအပြင်တွင် သူသည် လူတစ်ယောက်နှင့် ပခုံးချင်း တိုက်မိလေ၏။ ထိုက်ချင်မှာ အတော်အခြေပျက်သွားသည်။ သို့သော် ခေါင်းငုံ့လျှောက်မိ၍သာဝင်တိုက်မိခြင်းဖြစ်ရာ သူ့အပြစ်ဟူ၍ ခံယူသည်။

သူသည် လက်နှစ်ဘက်ကိုဆုပ်ကိုင်ပြီး ကပျာကယာ တောင်းပန်လိုက်လေ၏။

"မတော်မဆတိုက်မိတာကို ခွင့်လွှတ်ပါခင်ဗျာ"

သူသည် အကြိမ်ကြိမ် ဦးညွှတ်ပြီး ဆက်လက်ထွက်ခွာလာလေ၏။

"နေစမ်းပါဦး သူငယ်ရာ"

ထိုလူကြီးက ထိုက်ချင်၏ လက်မောင်းကို လှမ်းဆွဲလိုက်သည်။ စုတ်ပြတ်နေသည့် တိုက်ပွဲပြန်အင်္ကျီကို ဆွဲလိုက်မိခြင်းကြောင့် ထိုက်ချင်၏ ပခုံးတစ်ဘက်မှာ ထင်းထင်းကြီးပေါ်လာလေတော့သည်။

ထိုလူကြီး အဘယ်ကြောင့် ထိုက်ချင်အား လှမ်းဆွဲရပါသနည်း။



ထိုက်ချင်တို့ အုပ်စုသည် ရေနက်ချောက်ကမ်းပါးမှ တိုက်ရိုက်ပြန်လာသူများဖြစ်၍ အင်္ကျီများ စုတ်ပြတ်နေပေသည်။ စုတ်ပြတ်ဟပြနေသော အင်္ကျီအတွင်း ရင်ဘတ်ပေါ်မှ အမှတ်အသား တစ်ခုကို အမှတ်မထင်တွေ့လိုက်မိသောကြောင့် ထိုလူကြီးက လှမ်းတားလိုက်ခြင်းသာ ဖြစ်ပါတော့သည်။

လက်မောင်း အင်္ကျီစကိုဆွဲမိပြီး လက်မောင်းနှင့် ရင်ဘတ်တစ်ပိုက်ပေါ်မတတ် ဖြစ်သွားသောအခါ ထိုလူကြီး တွေ့လိုက်သည့် အမှတ်အသားသည် ထင်ထင်ရှားရှားကြီး ပေါ်ထွက်လာလေတော့သည်။

ထိုလူကြီးသည် ထိုက်ချင်၏ ရင်ဘတ်အမှတ်အသားကို ကြည့်ပြီး တုန်တုန်ယင်ယင်ပြောနေတော့၏။

"သား. . ငါ့သား. . ငါ့သားကိုတွေ့ပြီ၊ သား. . . သား. . လူကလေး"

ထိုအချိန်မှာပင် ရက်လျှံတန်းတို့ လူအုပ်စုကြီးသည် ထိုက်ချင်ကို ရှာဖွေရန် ထွက်လာကြသည်နှင့် တစ်စုလုံးတစ်အုပ်လုံး တွေ့သွားကြတော့သည်။

ရက်လျှံတန်းသည် ထိုလူကြီး၏ စကားကိုကောင်းကောင်းကြီး ထကြားလိုက်သဖြင့် လူအုပ်စုထဲမှ ရှေ့သို့ ထိုးထွက်လာလေ၏။

"အစ်ကိုကြီး စိရောင်ကျူ၊ ဒါအစ်ကိုကြီး လွန်ခဲ့တဲ့ဆယ့်ခုနှစ်နှစ်ဆယ့်ရှစ်နှစ်လောက်က ပျောက်ဆုံးခဲ့တယ်ဆိုတဲ့ သားလား"

ထိုက်ချင်အား မလွတ်တမ်း ဆုပ်ကိုင်ထားပြီး သွေးရူးသွေးတန်း လှုပ်ယမ်းနေသူကား စိရောင်ကျူပင် ဖြစ်ပါလေ၏။

"ဟုတ်တယ်. . . ဟုတ်တယ်. . . ငါ့သားကို တွေ့ပြီ၊ ငါတို့ရွာရေကြီးတုန်းက ပျောက်ဆုံးခဲ့တဲ့ ငါ့သားကို တွေ့ပြီ၊ သားသား မင်းကို အဖေရှာနေတာ ကြာလှပါပြီကွယ်။'

ရက်လျှံတန်းက. . .

"အစ်ကိုကြီး စိ. . . သေသေချာချာ စစ်ဆေးပါဦးလား၊ လူမှားချင် မှားနေဦးမှာပေါ့"

စိရောင်ကျူက ရက်လျှံတန်းအားလှမ်းကြည့်ပြီး ဒေါသနှင့် အော်သည်။

"ရက်လျှံတန်း. . . မင်းကအဖေလား၊ ငါက အဖေလား၊ ငါ့သားကို ငါမှတ်မိတာပေါ့ကွ၊ ဟောဒီ ရင်ဘတ်က အမှတ်နီကို ကြည့်စမ်း၊ ဒါဟာ ငါ့သားရဲ့ မွေးရာပါအမှတ်ကွ။

ရိုးရိုးအမှတ်လဲ မဟုတ်ဘူး။ ကြယ်သဏ္ဍာန်အမှတ်အသား၊ အခုနည်းနည်း ကလေးပိုကြီးလာတာပဲရှိတယ်၊ ဒီလောကမှာ ကြယ်သဏ္ဍာန် အမှတ်အသားရှိတဲ့ ကလေး ဘယ်နှစ်ယောက်များ မင်း တွေ့ဖူးလို့လဲ၊ ငါ့သားမှ ငါ့သားအစစ်၊ ဟို အမူးကောင်က ငါ့သားပြန်ရမယ်ဆိုလို ငါလိုက်သွားသေးတယ်၊ သူ့အိမ်ရောက်တော့ သူ့မိန်းမက ဘုန်းကြီးတစ်ပါးကို ငွေတုံးတစ်တုံးနဲ့ ရောင်းပစ်ခဲ့သတဲ့၊ သူတို့ကလဲ ဒီကြယ်အမှတ်အသားကို သေသေချာချာပြောခဲ့တာပဲ။ ဒါဟာ ငါ့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရဦးမှာလဲ"

ထိုက်ချင်မှာ မူးမေ့မတတ်ဖြစ်သွားရသည်။



"ဘုန်းကြီးတစ်ပါးကို ငွေတုံးတစ်တုံးနဲ့ **ရောင်းပစ်ခဲ့သတဲ့၊** ဒါဆိုရင် ငါပေါ့၊ ဆရာတော်က အဲဒီအပ်ချုပ်**သည်** **မိန်းမ**ကြီးကို ရှာတွေ့နိုင်ရင် ငါ့အဖေကို ပြန်ခြေရာကောက်**လို့** **ရ**နိုင်တယ်လို့ ပြောခဲ့တာပဲ"

"အဖေ. . အဖေ၊ အဲဒီမိန်းမကြီးက တကယ်ပဲဘုန်းကြီးတစ်ပါးကို ရောင်းပစ်ခဲ့သတဲ့လား"

"သား. . . သား၊ ဟုတ်တယ်၊ သူတို့လင်မယားသတ်ရင်းပုတ်ရင်း အဲ့ဒီလို ပြောနေကြတာပဲ၊ နောက်ပြီး အဲဒီဘုန်းကြီးက မြို့ပေါ်က ဘုန်းကြီးပုံစံမျိုး မဟုတ်ဘူးလို့လဲ ပြောကြသေးတယ်"

ထိုက်ချင် မျက်ရည်တွေတွေကျဆင်းလာရှာ၏။

မှန်ပါပြီ။ တိမ်ဆက်တောင်ပေါ်၌ နေထိုင်သောဘုန်းတော်ကြီးမှာ အဘယ်မှာလျှင် မြို့ပုံပေါက်**ပါမည်နည်း**။

"အ. . အဖေ. . အဖေ၊ ကျွန်. . . **ကျွန်တော့်** ဆရာဟာ တိမ်ဆက်တောင်ကဘုန်း. . ဘုန်းတော်ကြီးပါအခု. . ဆရာဘုန်း. . ဘုန်းတော်ကြီး ကျွန်တော့်ကျွေးသဖခင် ကျေးဇူးရှင်ကြီး ပျံလွန်သွားရှာပါပြီ"

"သား. . သား. . ငါ့သား ဘာမှ အားမငယ်နဲ့၊ ငါ့သားဆိုတာ ငါသိတယ်၊ ဟိုတစ်ခါ ဒီခြံဝမှာ တွေ့လိုက်ဖူးကတည်းက ငါ့စိတ်ထဲမှာ ဟာစ်မျိုးကြီးခံစားခဲ့ရတယ်၊ ငါ့သားကို ဘုရားကိုယ်တော်မြတ်ကြီးက ငါ့ဆီ ပြန်ပို့ပေးလိုက်ပါပြီ'

သားအဖနှစ်ယောက် ဖက်၍ ငိုကြသောမြင်ကွင်းကို ကြည့်ကာ အားလုံးပင် မျက်ရည်ကျကြရလေ၏။

"အစ်ကိုကြီး ငရောင်ကျူးနဲ့က လူကလေးထိုက်ချင်၊ လာပါ. . . အိမ်ထဲဝင်ကြပါဦး၊ ဖြည်းဖြည်းဆေးဆေးအနား ယူကြပါဦး၊ ဒီသားအဖနှစ်ယောက်ကို ဘယ်ကံကြမ္မာကမှ ထပ်ခွဲနိုင်မှာ မဟုတ်တော့ပါဘူးခင်ဗျာ"

ရေနက်ချောက်ကမ်းပါးကြီး ပျက်စီးသွားပြီးနောက် တစ်နှစ်ပြည့်မြောက်သည့် လပြည့်ညတိုင်းတွင် ထူခြားမှုတစ်ခုကို တောင်ခြေရွာသားများ သတိပြုမိလာကြ၏။

ထိုထူးခြားချက်မှာ ချောက်ကမ်းပါးထိပ်၌ ဝတ်စုံဖြူဝတ်ဆင်ထားသည့် လူတစ်ယောက် စောင်းတစ်လက်ဖြင့် အလွမ်းတေးများ တီးခတ်နေတတ်သည့် ထူးခြားချက်ပင်ဟည်း။

သို့သော်. . . ထိုလူမည်သူမည်ဝါဖြစ်သည်ကို ထိုတောင်ခြေက ရွာသူရွာသားများ မစုံစမ်းရဲကြချေ။ သရဲတစ္ဆေ ကြောက်တတ်သည့် ကျေးရွာသူကျေးရွာသားများမလေ့ အတိုင်းအဝေးမှသာ ကြည့်ရှုရဲကြပေသည်။

ထိုသတင်းသည်လည်း တစ်စတစ်စ သိုင်းလောကသို့ ပျံ့နှံ့လာသည်။

ထိုသူကား ရေနက်ချောက်ကမ်းပါး ရေနန်းတော်သခင် မဝမ်မြောင်၏ချစ်သူ ပိုင်လီချောင်ပင် ဖြစ်ပါတော့သတည်း။

**ပြီးပါပြီ။**

**စာရှုသူများ၏ မေတ္တာကို ခံယူလျက်**
**တက္ကသိုလ် နေလင်းအောင်**